
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ချစ်မင်းသို့

## မော်ဝင်ကျားနှင့်ဂမ္ဘီရဝတ္ထုတိုများ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၄၄၀၂၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၄၄၀၂၀၈
၂၀၀၈ ခုနှစ် ၊ ဧပြီလ ။
အုပ်ရေ - ၁၀၀၀
ပထမအကြိမ်
တန်ဖိုး-၈၀၀ကျပ်
**မျက်နှာဖုံးပန်းချီ** - ပန်းချီထွန်းအောင်
**ကွန်ပျူတာစာစီ** - နန်းသီတာထွေး

**မျက်နှာဖုံးဖလင်**
စိန်နဂါး

**အတွင်းဖလင်**
အောင်မင်းလွင်
အမှတ်-၂၀၅၊ ၃၂(အထက်)လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်မြို့

**ထုတ်ဝေသူ**
ဦးမောင်ကလေး (မြ-၀၀၆၅)
သောကြာစာပေ၊ အမှတ်(၁၅)၊ ဩဘာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့

**ပုံနှိပ်သူ**
ဒေါ်မို့မို့ဆန်း၊တွတ်ပီပုံနှိပ်တိုက် (၀၈၄၄၈)
အမှတ်(၄/က)၊ အဝေရာလမ်း၊ ဘောက်ထော်၊ ရန်ကုန်မြို့

BURMESE CLASSIC .com

မိုးယံစာပေ
၂၅၂ (က)၊ သမိန်ဗရမ်းလမ်း၊
(၇)ရပ်ကွက်၊ ရွှေပြည်သာမြို့၊

# မရည်မွန် (ကျုံပျော်)
# စီစဉ်သည်။

www.burmeseclassic.com

www.burmeseclassic.com

စိုးစာပေမှ တစ်ပြည်လုံး ဖြန့်ချိသည်။

စိုးစာပေ

၅၅(E)၊ အနော်ရထာဘမြင်းပြိုင်ကွင်းလမ်း၊
ဗဟန်း၊ ရန်ကုန်မြို့။

Ph: ၅၅၄၃၅၂

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# ချစ်မင်းသူ

မှော်ဝင်ကျားနှင့် ဂမ္ဘီရဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| ❁ | တောက်တဲ့ကျိန်စာ | - ၉ |
| ❁ | အန္တရာယ်လက်ဝါးကြီး | - ၃၂ |
| ❁ | ဒဏ္ဍာရီထဲကဝိညာဉ် | - ၆၇ |
| ❁ | ကယ်တင်ရှင်မြွေမင်းသမီး | - ၉၅ |
| ❁ | မှော်ဝင်ကျား | - ၁၁၃ |
| ❁ | ကလပ်တောင်မှ မေတ္တာလက်ဆောင် | - ၁၅၀ |
| ❁ | မနုဿမဟုတ်သော မနုဿ | - ၁၇၂ |
| ❁ | ကိုးသိန်းကိုးသန်းမှ ပွဲကြိုက်သူ | - ၂၀၇ |


BURMESE CLASSIC .com

# တောက်တဲ့ကျိန်စာ

တစ်ခါသ၌ ကျွန်ုပ်တို့ဇနီးမောင်နှံတည်ထောင်သော 'ပန်းကမ္ဘာ'ဇာတ်ပွဲသည် ဟင်္သာတမြို့နယ်အပိုင်ရှိ နဂိုကုန်းကျေးရွာ၌ ကပြရလေ၏။ နဂိုကုန်းကျေးရွာရှိ ကိုးတောင်ပြည့်စေတီဘုရားပွဲတော်ရက်ဖြစ်၏။ ထိုဘုရားပွဲတော်မှာ နှစ်စဉ်ကျင်းပလေ့ရှိသော ဘုရားပွဲတော်ဖြစ်၏။

ကျွန်ုပ်တို့ ပန်းကမ္ဘာဇာတ်ပွဲသည် ဧရာဝတီတိုင်း၌ လိုက်လံကပြခဲ့လေရာ အထူးအောင်မြင်သော ဇာတ်ပွဲတစ်ပွဲဖြစ်၏။ ထို့ကြောင့် ပန်းသတင်း လေညင်းဆောင်၊ လူ့သတင်း လူချင်းဆောင် ဟူသောစကားပမာ ကျွန်ုပ်တို့၏ဇာတ်ပွဲကောင်းသတင်းမှာ ဧရာဝတီတိုင်းအတွင်း၌ ပျံ့နှံ့ကျော်ကြားခဲ့ရ၏။ နဂိုကုန်းကျေးရွာသားအချို့မှာ ကျွန်ုပ်တို့ဇာတ်ပွဲကို ကြည့်ခဲ့ဖူးကြလေရာ ဇာတ်ပွဲကောင်းသတင်းကို ဘုရားဂေါပကအဖွဲ့အား ပြန်လည်ပြောကြားခဲ့ဟန်တူ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ဇာတ်ပွဲ ဒူးယားရွာ၌ကပြနေစဉ် နဂျိကုန်းကျေးရွာ ဘုရားဂေါပကအဖွဲ့ဝင်လူကြီးများလိုက်လာကာ ကျွန်ုပ်တို့ဇာတ်ပွဲအား ငှားရမ်းသွားခဲ့ခြင်းဖြစ်၏။ ကျွန်ုပ်တို့၏ဇာတ်ပွဲမှာ ဇာတ်တည်ထောင်သည့်ကာလ (၂)နှစ်မျှသာရှိသေးရာ မြို့ရွာအနှံ့လိုက်လံကပြဖူးခြင်း သိပ်မရှိသေးချေ။ ထို့ကြောင့် ကျွန်ုပ်တို့မရောက်ဘူးသေးသောအရပ်ဒေသ၌ ဇာတ်ပွဲကပြရမည်ကို အထူးပင်စိတ်ဝင်စားကာ တက်ကြွလျက်ရှိကြလေ၏။

ဒူးယားရွာ၌ (၃)ညဆက်၍ ဇာတ်ပွဲကပြီးသည့်နောက် ဟင်္သာတမြို့နယ်၊ နဂျိကုန်းကျေးရွာသို့ ဇာတ်ကူးခဲ့ကြ၏။ ဇာတ်ကူးခဲ့သည်ဆိုသော်လည်း ဇာတ်ပွဲကရက်မှာ (၃)ရက်မျှလိုနေသေးသည်ဖြစ်ရာ နဂျိကုန်းရွာ၌ ကြိုတင်ရောက်ရှိ၍ အေးဆေးစွာအနားယူရန်စိတ်ကူးဖြင့် လာခဲ့ကြခြင်းဖြစ်၏။ ကျွန်ုပ်တို့ဇာတ်ပွဲရောက်သည့်ရက်မှာပင် နဂျိကုန်းရွာသားများ ဇာတ်စင်စဆောက်နေချိန်ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့ဇာတ်အဖွဲ့အား ဇာတ်စင်နှင့် ကိုက်(၅၀၀)မျှဝေးသော ကျေးရွာမူလတန်းကျောင်းလေး၌ နေရာထိုင်ခင်းပေး၏။ ကျေးရွာမူလတန်းကျောင်းလေးမှာ (၁၀)ပေခန်း (၅)ခန်းပါသော ပျဉ်ထရံကာ၊ သွပ်မိုး၊ အင်္ဂတေခင်းလေးဖြစ်သည်။ အခန်းတစ်ခန်းနှင့်တစ်ခန်း ခန်းဆီးကာရံထားခြင်းမရှိသောကြောင့် ကျွန်ုပ်တို့ဇာတ်အဖွဲ့သားများ လဲလျောင်းနားနေရန် အဆင်ပြေကြ



ရ၏။ ထိုအချိန်ကား နွေရာသီကျောင်းပိတ်ရက်ဖြစ်၏။

ကျွန်ုပ်မှာကား ဇာတ်ဆရာဖြစ်သောကြောင့် ဇာတ်သူဇာတ်သားအားလုံး နေထိုင်စားသောက်ရေးမှာ ကျွန်ုပ်တာဝန်ဖြစ်သည်။ ကျွန်ုပ်နှင့်အတူ ကျွန်ုပ်ဇနီး ဒေါ်ရင်ဆွေမှာလည်း ဇာတ်နောက်သို့ အမြဲလိုက်ပါလာလေရာ ကျွန်ုပ်တို့ဇနီးမောင်နှံမှာ ဆောင်ရွက်ရမည့်ကိစ္စများကို နှစ်ယောက်သားခွဲဝေ၍ လုပ်ဆောင်ကြ၏။ ယခု နဂျိကုန်းရွာ၌ ဇာတ်ကနေစဉ်အတွင်း ကျွန်ုပ်က လုံခြုံရေးတာဝန်ယူ၍ ဇနီးသည်က ဇာတ်သူဇာတ်သားများစားသောက်ရန် စီစဉ်ချက်ပြုတ်ရမည့်တာဝန်ကို ခွဲဝေယူခဲ့ကြ၏။

ထို့ကြောင့် နဂျိကုန်းရွာသို့ရောက်၍ ကျွန်ုပ်တို့နေထိုင်နားခိုရမည့် မူလတန်းကျောင်းသို့ ဇာတ်ကားထိုးဆိုက်သည်နှင့် ကျွန်ုပ်မှာ ဇာတ်ပစ္စည်းများကို စုပုံထားရှိရခြင်း၊ ဇာတ်သူဇာတ်သားတို့အား နားနေရန် အသီးသီးနေရာထိုင်ခင်းပေးရခြင်းများကို စီစဉ်ဆောင်ရွက်ရ၏။ ဇနီးသည်မှာကား အဖွဲ့သားများစားသောက်ရန် မီးဖို၍ ချက်ပြုတ်နေတော့၏။ ယိမ်းသမကလေးမအချို့ကား ဇနီးသည်နှင့် ဝိုင်းကူ၍လုပ်ပေးနေကြလေ၏။

ဇာတ်မင်းသား၊ မင်းသမီး၊ လူရွှင်တော်၊ ဆိုင်းဆရာ၊ တီးဝိုင်းခေါင်းဆောင်တို့မှာ သူတို့နားရမည့်နေရာအသီးသီး၌ လဲလျောင်း၍ အနားယူနေကြ၏။ အချို့သူတို့ကား ဝိုင်းဖွဲ့၍ စကားပြောဆို

www.burmeseclassic.com

www.burmeseclassic.com



နေကြ၏။ တချို့မှာကား ကျားကွက်ထိုးနေကြ၏။ ကားဆွဲလူငယ် သုံးလေးယောက်သာလျှင် ကျွန်ုပ်နှင့်အတူ ဇာတ်ပစ္စည်းများ သိမ်းဆည်းခြင်းကို ဝိုင်းကူလုပ်ပေးနေကြ၏။

မကြာမီ ဇာတ်ပစ္စည်းများ စုပုံသိမ်းဆည်းခြင်းကိစ္စ ပြီးဆုံးသွားပြီဖြစ်သဖြင့် ကျွန်ုပ်တို့နားနေကြရသည့်ကျောင်းအတွင်းသို့ ကျွန်ုပ်ဝင်လာခဲ့၏။ သူ့ကိစ္စနှင့်သူ အာရုံစိုက်လုပ်ကိုင်နေကြသောကြောင့် ကျွန်ုပ်ကို မည်သူမှဂရုမပြုကြပေ။ ထို့ကြောင့် ကျွန်ုပ်မှာ သူတို့အာရုံစိုက်လာအောင် လက်ဝါးနှစ်ဘက်ကို အသံမြည်အောင် တီးလိုက်၏။

"ဖြောင်း. . ဖြောင်း. . ဖြောင်း"

ကျွန်ုပ်လက်ခုပ်သံကြားမှ ကျောင်းတွင်းရှိ ဇာတ်အဖွဲ့သားများခေါင်းထောင်ကာ ကျွန်ုပ်ထံ အာရုံစိုက်ကြည့်လာကြ၏။ ထိုအခါမှ ကျွန်ုပ်မှာ ကျွန်ုပ်ပြောရမည်ဟု ရည်မှန်းထားသောစကားအချို့ကို စတင်ပြောကြားလိုက်၏။

"ကဲ. . ကျွန်တော်ပြောမယ့်စကားကတော့ ရှေးသရောအခါ ဗာရာဏသီပြည်ပါပဲ၊ ကြားနေကျ စကားတစ်ခုပါပဲ၊ ဒါပေမယ့် လူတွေဟာ အသိရှိကြပေမယ့် သတိနဲ့ အမြဲကင်းဝေးနေတတ်ကြလို့ ထပ်ဆင့်သတိပေးတာပါ၊ ကျွန်တော်တို့ဇာတ်အဖွဲ့ ဒီရွာမှာ ဇာတ်ပွဲ(၃)ညကရမယ်၊ သို့သော်လည်း ဇာတ်ပွဲကဖို့ (၃)ရက်လိုသေးတာမို့ ကျွန်တော်တို့ဇာတ်အဖွဲ့က ခေါင်းဆောင်ပိုင်းတွေဟာ အပြင်ကိုမထွက်ကြဘဲ ဟောဒီနားနေကြရမယ့်နေရာမှာသာ အေးအေးဆေးဆေးနားကြပါလို့ ကျွန်တော်မေတ္တာရပ်ခံပါတယ်၊ ဒီစကားကလည်း ရွာတစ်ရွာရောက်တိုင်း၊ ဇာတ်ပွဲနားနေရတဲ့ရက်တိုင်း ကျွန်တော်ပြောနေကျပါ၊ အဓိကကတော့ ကျွန်တော်တို့ဇာတ်အဖွဲ့ကို မကြည့်ရသေးတဲ့ဒီရွာမှာ ကျွန်တော်တို့ဇာတ်အဖွဲ့က မင်းသား၊ မင်းသမီးတွေနဲ့ ခေါင်းဆောင်ပိုင်းတွေကို ကြိုတင်ပြီး မျက်နှာမပြချင်သေးတဲ့သဘောပါ၊ တစ်ခုတော့ရှိပါတယ်၊ သိပြီးသား၊ ခင်ပြီးသား ပရိသတ်တစ်ချို့ ဒီနေရာကိုလာပြီး နှုတ်ဆက်တယ်ဆိုရင်တော့ ကျွန်တော်မပိတ်ပင်ပါဘူး၊ ကျွန်တော်ပြောချင်တာကတော့ ဒါပါပဲ၊ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ်နေကြပါ"

စကားအဆုံးသတ်ပြီးသည့်နောက် ကျွန်ုပ်လည်း ကျွန်ုပ်၏ အိပ်ရာသို့လာကာ အညောင်းပြေလှဲအိပ်နေပြီး ကျွန်ုပ်လုပ်ဆောင်ရမည့်ကိစ္စများကို စဉ်းစားနေလိုက်၏။ ဇာတ်ပွဲတည်ထောင်သူ ကျွန်ုပ်တို့ဇာတ်ဆရာမှာ ကိုယ်အားဖြင့်မပင်ပန်းလှသော်လည်း စိတ်အားဖြင့် ပင်ပန်းကြသူများဖြစ်၏။

ဇာတ်တည်ထောင်ပြီဆိုကတည်းက ငွေအရင်းအနှီးကို မ,တည်ဆောင်ရွက်ရသည်ဖြစ်ရာ ငွေကြေးများဆုံးရှုံးမသွားရလေအောင်နှင့် ဇာတ်အဖွဲ့အောင်မြင်အောင် ဆောင်ရွက်ရသည့်ကိစ္စမှာ အလွန်စိတ်ပင်ပန်းရသောကိစ္စဖြစ်၏။ ထို့ပြင် ဇာတ်အဖွဲ့သားများ



www.burmeseclassic.com

www.burmeseclassic.com



စည်းလုံးညီညွတ်စေရန်ကိုလည်း အမြဲသတိပြုဆောင်ရွက်နေရသေး၏။ ဇာတ်ဖွဲ့တစ်ဖွဲ့အောင်မြင်ခြင်းမှာ တစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့်မရနိုင်။ မင်းသား၊ မင်းသမီး၊ ခေါင်းဆောင်ပိုင်းမှစ၍ လူရွှင်တော်၊ ယိမ်းသမ၊ ကားဆွဲအထိ အားလုံးညီညွတ်မှသာရနိုင်၏။

ထို့ကြောင့် ကျွန်ုပ်တို့ဇနီးမောင်နှံမှာ ဇာတ်သူဇာတ်သားများ စည်းလုံးညီညွတ်စေရန် ကြိုးစားဆောင်ရွက်ပေးခဲ့၏။ ထို့ပြင် ဇာတ်ဆရာနှင့် ဇာတ်အဖွဲ့သားများလည်း စိတ်ဝမ်းကွဲပြားမှုမရှိစေရန် အပြောအဆို အနေအထိုင်မှစ၍ အစားအသောက်ကျွေးမွေးသည်အထိ ဇာတ်အဖွဲ့သားများနှစ်သက်ဖွယ်ဖြစ်အောင် ကြိုးစားပေးခဲ့သည်ချည်းပင်ဖြစ်၏။ ထို့ကြောင့်ပေလားမပြောတတ်။ ကျွန်ုပ်တို့ ပန်းကမ္ဘာဇာတ်အဖွဲ့သည် စည်းလုံးညီညွတ်စွာဖြင့် ဇာတ်ပွဲကလာခဲ့ကြရာ အောင်မြင်ကျော်ကြား လူကြိုက်များသော ဇာတ်ပွဲတစ်ပွဲအဖြစ် မြို့ရွာအနှံ့ ထင်ပေါ်ကျော်စောခြင်းဖြစ်ခဲ့ရတော့၏။

"တောက်တဲ့. . တောက်တဲ့. . တောက်တဲ့"

တောက်တဲ့အော်သံကြောင့် ကျွန်ုပ်၏အတွေးများ လွင့်စင်ပျောက်ကွယ်သွားရာ တောက်တဲ့မြည်သော ကျွန်ုပ်၏မျက်နှာအပေါ်ရှိ သွပ်မိုးတန်းဆီသို့ အကြည့်ရောက်သွား၏။ သွပ်မိုးအောက် ကြွက်တန်းသစ်သားပေါ်တွင် ကြီးမားသောတောက်တဲ့တစ်ကောင်ကို ကျွန်ုပ်လှမ်းမြင်လိုက်ရ၏။ ကျွန်ုပ်နည်းတူ ဇာတ်သူဇာတ်သားအချို့



လည်း ထိုတောက်တဲ့ကြီးကို လှမ်း၍ကြည့်နေကြလေ၏။ ကျွန်ုပ်စိတ်ထဲ ကြွက်သီးမွေးညင်းထသွားသည်ကိုမူ ကျွန်ုပ်မှလွဲ၍ မည်သူမျှမသိလိုက်ကြချေ။

နဂါးကုန်းကျေးရွာသို့ ဇာတ်အဖွဲ့ရောက်ခဲ့သည်မှာ (၂)ရက်မြောက်ခဲ့လေပြီ။ ဇာတ်ပွဲကရန် (၁)ရက်သာလိုတော့၏။ ဇာတ်သူဇာတ်သားတို့မှာ အိပ်ရေးဝအောင်အိပ်၍ အနားယူနေကြရသဖြင့် စိတ်ရွှင်လန်းကာ မျက်နှာများလန်းဆန်းကြည်လင်နေကြ၏။ ကျွန်ုပ်တို့ ဇာတ်ဆရာဇနီးမောင်နှံမှာလည်း ဇာတ်ပွဲနားနေရသည်ဖြစ်၍ အဖွဲ့သားများ စားသောက်ရေးကိစ္စသာလျှင် လုံးပန်းရ၏။ ပွဲခွင်အတွက်ကား စိတ်ပင်ပန်းခြင်းမရှိလှပေ။ ထို့ကြောင့် အေးချမ်းစွာနေရ၏။

ကံထရိုက်ပွဲဖြစ်သောကြောင့် ဇာတ်ဆရာတို့မှာ အေးအေးဆေးဆေးနားနေ၍ရ၏။ သို့သော် မိမိတို့ကပြရမည့်အရပ်ဒေသမှလူတို့ကြိုက်နှစ်သက်မည့် ဇာတ်ထုပ်ဇာတ်လမ်းများ ကပြနိုင်စေရန်ကိုမူကား ခေါင်းဆောင်မင်းသား၊ မင်းသမီးများနှင့် ခေါင်းချင်းရိုက်၍ တိုင်ပင်ကြရ၏။ ကြိုးစားကပြရန် ညှိနှိုင်းဆွေးနွေးကြရ၏။

ဤသို့ ကျွန်ုပ်နှင့် ခေါင်းဆောင်မင်းသား၊ မင်းသမီးတို့စုပေါင်း၍ ဇာတ်ကပြရေးအစီအစဉ်များ ရေးဆွဲတိုင်ပင်နေချိန်တွင် ထမင်းဝေသောနေရာမှ ပူညံဆူညံအသံများကို ရုတ်တရက်ကြားလိုက်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါလာလည်း ဘူးသီးနဲ့ ကန်စွန်းရွက်ချဉ်ရေဟင်း၊ တစ်ခါလာလည်းဒါပဲ၊ ငါးဖတ်လေးတွေပါရင် မပြောပါဘူး၊ ဟင်းအိုးထဲ ရေငုပ်ရှာတာတောင် ငါးဖတ်အစအနရှာမတွေ့ဘူး၊ ဇာတ်နားတော့လည်း ဒီဟင်း၊ ဇာတ်မနားတော့လည်း ဒီဟင်း၊ ဒီချဉ်ရည်ရေကျဲကို ဇာတ်ရာသီတစ်လျှောက် ကံထရိုက်များဆွဲထားသလား မသိဘူး"

"ဟော့. . နင်တို့က စေတနာကို စော်ကားကြတယ်ပေါ့. . ဟုတ်လား၊ ကြက်သားဟင်းစားရတဲ့အချိန်ကတော့ ဒီလိုအံသံမျိုးတွေ ဘယ်မှာရောက်နေသလဲ. . ဟင်၊ ဒီအရပ်ဒေသမှာ သားငါးရှားလို့ ဖြစ်သလိုချက်ကျွေးရတာမျိုးကျတော့ အသံက ခုနစ်သံချီတက်လာတယ်၊ စားချင်ရင်စား၊ မစားချင်ရင်နေ၊ ဒီနေရာမှာတော့ ဒါအကောင်းဆုံးဟင်းပဲ"

"ကျုပ်တို့ကတော့ ဒီဟင်းမျိုးမစားနိုင်ဘူးဗျို့၊ ဒီဟင်းနဲ့စားမယ့်အစား ရေဆမ်းပြီး ဆားဖြူးစားလိုက်မယ်"

အသံကြားရတည်းက မည်သူနှင့် စကားများနေသည်ကို ကျွန်ုပ်ကောင်းစွာသိ၏။ ထို့ကြောင့် စကားဝိုင်းမှထကာ ထမင်းဝေနေရာသို့ လာလိုက်၏၊ ကျွန်ုပ်၏ဇနီးသည်မှာ ထမင်းဝေသည့်နေရာတွင် မတ်တပ်ရပ်လျက် ဒေါသထွက်နေသောမျက်လုံးတို့ဖြင့် လှမ်းကြည့်နေ၏။ ယိမ်းသမလေးတစ်ဦးက ဇာတ်အဖွဲ့သားများကို ထမင်းဟင်းများ ခူးခပ်ကာဝေပေးနေ၏။



လူရွှင်တော်မဲတူးတစ်ယောက်ကား ယူထားပြီးထမင်းပန်းကန်ထဲမှ ထမင်းများကို ထမင်းအိုးထဲပြန်သွန်ပြီးနောက် လှည့်ထွက်လာ၏။

"မဲတူး. . စိတ်မကောင်းမဖြစ်ပါနဲ့ကွာ၊ ဒီအရပ်ဒေသကတို့ဇာတ်အဖွဲ့ တစ်ခါမှမရောက်ဘူးသေးတဲ့အရပ်ကွ၊ ပြီးတော့ သားငါးရှားတာ မင်းလည်းသိပါတယ်၊ တစ်ခါတလေ ဒီလိုဖြစ်တာ အချင်းချင်း စိတ်ဝမ်းမကွဲပါနဲ့ကွာ၊ တစ်ခါတလေ ဖြစ်သလိုစားလိုက်စမ်းပါ၊ နောက်ဇာတ်ရုံကျတော့ မင်းတို့ကြိုက်တဲ့ဟင်းမျိုး ငါတို့ချက်ကျွေးပါ့မယ်. . ကြားလား"

ကျွန်ုပ်က မဲတူးအား စကားနည်းရန်စဲသဘော မဖျောင်းဖျောင်းဖျဖျပြောဆိုလိုက်မှ မဲတူးတစ်ယောက် စိတ်လျှော့ကာ ထွက်သွားလိုက်၏၊ ပြီးနောက် ကျွန်ုပ်လည်း ဇနီးသည်ကို လက်တို့ခေါ်ကာ ဇာတ်သူဇာတ်သားတို့နှင့် အဆင်ပြေစွာ ပြောဆိုနေထိုင်ရန် ထပ်မံသတိပေးစကားဆိုလိုက်ရ၏။ ထို့ကြောင့် နံနက်စာစားပြီးသည်နှင့် ကျွန်ုပ်မှာ နဂါကုန်းရွာထဲသို့ ထွက်လာခဲ့မိ၏၊ အကြောင်းမှာ ဟင်းစားအတွက် သားငါးရလိုရငြား ဝယ်ယူရန်ကိစ္စဖြစ်လေ၏။

နဂါကုန်းရွာမှာ ဟသ်ာတမြို့နှင့်ဝေးသည့်အပြင် ချောင်းတို့နှင့်လည်းဝေးသည့် အရပ်ဒေသဖြစ်လေရာ သားငါးရှားပါး၏။ ဝက်၊ ကြက်၊ အမဲတို့သာလျှင် တစ်ခါတရံပေါ်မှရတတ်၏။ ကျွန်ုပ်တို့ဇာတ်အဖွဲ့၌ ဝက်၊ အမဲ မစားသုံးသည်ဖြစ်ရာ ဟင်းစားမှာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ဇာတ်အတွက် အသုံးမတည့်ချေ။ ကြက်သားကမူ ဈေးကြီးပေး၀ယ်ရသည်ဖြစ်ရာ လူပေါင်း(၅၀)ကျော်ပါရှိသော ဇာတ်အဖွဲ့ကို နေ့စဉ်ကျွေးရန်မှာ ကျွန်ုပ်တို့ဇာတ်ဆရာအတွက် လွန်စွာခက်ခဲသောကိစ္စဖြစ်ပါချေ၏။

ကျွန်ုပ်မှာ နဂါးကုန်းရွာထဲ၌ သားငါးရှာဖွေခဲ့ရာ နောက်ဆုံးတွင် ငါးခြောက်များကိုသာတွေ့ရှိသဖြင့် ၀ယ်ယူကာ ဇာတ်အဖွဲ့နားရာ ကျောင်းဆီသို့ပြန်လာခဲ့၏။ မူလတန်းကျောင်းနှင့် မလှမ်းမကမ်းသို့ရောက်သည်တွင် ကျောင်း၀င်းအပြင်၌ မဲတူးတို့အုပ်စု လှုပ်လှုပ်ရွရွဖြစ်နေသည်ကို အဝေးမှလှမ်းမြင်လိုက်ရသဖြင့် သူတို့အနီးသို့ အလျှင်အမြန်သွားကာ လေ့လာကြည့်လိုက်၏။

မဲတူး၊ ဆိုင်းဝိုင်းမှ ပတ်မတီးမောင်ချစ်နှင့် ဂ[illegible]ဆွဲကရင်ကြီးတို့သုံးဦးသား ခေါင်းချင်းဆိုင်ကာ ခေါင်းငုံ့အလုပ်လုပ်နေကြသည်။ ကျွန်ုပ် သူတို့အနီးသို့ရောက်လာမှန်းပင် မသိလိုက်ကြချေ။ ကျွန်ုပ်က ချောင်းသံပေးလိုက်တော့မှ သူတို့သုံးဦးသား ကျွန်ုပ်အား အံ့သြစွာငေးမောကြည့်ကြ၏။ ကျွန်ုပ်က သူတို့အား ဘာမှမပြော။ သူတို့လုပ်ကိုင်နေသည့်အလုပ်ကိုသာ စူးစမ်းစွာကြည့်လိုက်၏။

သူတို့သုံးဦးသည် တောက်တဲ့ကြီးတစ်ကောင်ကို ရေနွေးဖျောကာ အရေခွံဆုတ်ရန် ကြိုးစားနေကြခြင်းဖြစ်၏။ ကျွန်ုပ်မျက်စိထဲတွင် မနေ့က ကျွန်ုပ်လှမ်းမြင်ခဲ့ရသည့် ခေါင်မိုးပေါ်မှ တောက်တဲ့ကြီးကို ပြေး၍မြင်ယောင်နေမိလေ၏။ မဲတူးကား ကျွန်ုပ်ဆူမည်ကို



စိုးသောကြောင့် ကျွန်ုပ်အနီးမှထွက်သွားရန် ဟန်ပြင်လိုက်သည်။ ထို့ကြောင့် ကျွန်ုပ်က သူတို့အားလုံးကိုရည်စူးကာ စကားစပြောလိုက်၏။

"အေးကွာ. . မင်းတို့လုပ်ကိုင်ပြီးနေတော့လည်း ပြောရခက်သားပဲ၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ မင်းတို့ ငါတို့တစ်တွေက နယ်တကာလှည့်သွားပြီး အနုပညာလုပ်ငန်းနဲ့ လုပ်ကိုင်စားသောက်နေရသူတွေ၊ တို့တစ်တွေသွားလေရာ၊ ရောက်လေရာ ဘေးဥပါဒ်အန္တရာယ်အသွယ်သွယ်ကင်းဝေးအောင် သွားကြ လာကြတယ်၊ နေကြ ထိုင်ကြ ဆုတောင်းကြတယ်၊ ဒီလိုပဲ ကျန်တဲ့သတ္တဝါတွေကိုလည်း ဘေးဥပါဒ်အန္တရာယ်ကင်းဝေးအောင် ဆုတောင်းပေးကြရမယ်၊ ကိုယ်[illegible]စာ ညာတာရမယ်လေ၊ တစ်ဦးမေတ္တာ တစ်ဦးစေတနာဆိုသလိုပေါ့ကွာ၊ ကိုယ့်အတွက်ကြောင့် သူတစ်ပါးဒုက္ခမရောက်စေချင်ဘူး၊ ဒုက္ခရောက်အောင်လည်း မလုပ်သင့်ဘူး၊ ဒီစိတ်ထားဟာ မင်းတို့ ငါတို့ အနုပညာသမားတွေထားသင့်တဲ့ စိတ်ဓာတ်ပဲ၊ အေးလေ. . ခုတော့ မင်းတို့တစ်တွေ လက်လွန်သွားပြီကိုး၊ ငါဘာမှမတတ်နိုင်တော့ဘူး၊ ငါပြောနေလို့လည်း တောက်တဲ့ကြီးက ပြန်ရှင်လာတော့မှာမှမဟုတ်တာ၊ သဗ္ဗေသတ္တာ ကမ္မသကာပေါ့ကွာ၊ ဘယ်တတ်နိုင်မလဲ"

စကားဆုံးသည်နှင့် ကျွန်ုပ် ထိုနေရာမှလှည့်ထွက်လာခဲ့၏။ မဲတူးတို့သုံးဦးသား ငြိမ်ကုပ်၍ ကျန်ရစ်နေခဲ့ကြ၏။ နောက်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သို့ ကျွန်ုပ်လုံးဝဖြန့်လှည့်မကြည့်တော့၊ ကျွန်ုပ်စိတ်ထဲတွင် တောက်တဲ့ကြီးအတွက် များစွာသောစိတ်မကောင်းဖြစ်ခြင်းက စိုးမိုးနေလေ၏။ ထို့အတူ မဲတူးတို့သုံးဦးသားအတွက်လည်း သူတို့ကျူးလွန်မိသော အကုသိုလ်အတွက် စိုးရိမ်သောကတစ်ခု ဖြစ်တည်ခဲ့သည်ကိုတော့ မဲတူးတို့သုံးဦး သိနိုင်လိမ့်မည်မဟုတ်ချေ။

ကျွန်ုပ်တို့ဇာတ်ပွဲ စတင်ကရမည့်ညဖြစ်၏၊ ညနေပိုင်း နေဝင်ရီတရောအချိန်ကတည်းကပင် ဇာတ်ရုံရှေ့မြေကွက်လပ်တွင် နွားလှည်းများ စုရုံးရောက်ရှိနေကြ၏။ ပွဲဈေးတန်းတစ်လျှောက်တွင်လည်း ဈေးသည်များစုံလင်လျက် ဈေးသွားဈေးလာများ မပြတ် စည်ကားလျက်ရှိနေ၏။ ကျွန်ုပ်တို့ဇာတ်ပွဲကရန် ကြိုတင်ကြေငြာထားပြီးဖြစ်ရာ နဂိုကုန်းရွာ၏ဘေးပတ်လည် ရွာနီး ချုပ်စပ်ရွာတို့မှ ပွဲလာကြည့်သည့် နွားလှည်းတန်းကြီးများမှာ တဖွဲဖွဲရောက်လာနေဆဲရှိ၏။

※

ထို့ကြောင့် ကျွန်ုပ်တို့ဇာတ်အဖွဲ့မှ အမှောင်လွှမ်း၍ ဇာတ်ရုံထဲမီးလင်းပြီဆိုသည်နှင့် ဆိုင်းဝိုင်းကို ညှိခံပေးရန် ကြိုတင်မြင်ဆင်ခိုင်းထားရ၏။ ဇာတ်သူဇာတ်သားတို့ကိုလည်း မိတ်ကပ်များ လိမ်းခြယ်ခိုင်းထားရ၏။ အနောက်တိုင်းတေးဂီတအဖွဲ့ကိုလည်း ဆိုင်းဝိုင်း ညှိခံပြီးပါက တစ်ကျော့ညှိခံတီးပေးရန် ကြိုတင်မှာကြားကာ အဆင်သင့်ပြင်ဆင်ခိုင်းထားရ၏။ ကျွန်ုပ်ထို့ဇာတ်ဆရာအနေနှင့် အုန်းရှိုး (Own Show) ပွဲမဟုတ်သောကြောင့် လက်မှတ်ရောင်းချ



စရာမလိုလေရာ အားနေသဖြင့် ဇာတ်ရုံအတွင်းအပြင်သို့လျှောက်ကာ အေးအေးလူလူ လှည့်လာကြည့်ရှုခွင့်ရနေ၏။

ဘုရားဂေါပကအဖွဲ့မှ လက်မှတ်ရောင်းနေသည်ဖြစ်ရာ ပွဲကြည့်ပရိသတ်မှာ လက်မှတ်များကို အလုအယက် ဝယ်ယူအားပေးနေကြ၏၊ မကြာမီ ကျွန်ုပ်တို့ဇာတ်အဖွဲ့ထံမှ ဆိုင်းဝိုင်းညှိခံသံထွက်ပေါ်လာရာ ပွဲလာပရိသတ်တို့မှာ ဆိုင်းဝိုင်းအနီးသို့ ပြေးသွားကာ စုရုံးကြည့်ရှုနေကြ၏။ လက်မှတ်ရောင်းဆဲကာလမို့ ဇာတ်ရုံကိုဖွင့်ထားပေးရာ ဇာတ်ရုံထဲ ဝင်သူထွက်သူတို့မှာ အချင်းချင်းတိုက်မိကြသည်အထိ ပရိသတ်အဝင်အထွက်မှာ ပို၍ပို၍ များပြားလာလေ၏၊ ကျွန်ုပ်မှာ ပွဲခွင်ကိုကြည့်ကာ အလွန်အားရနေမိရင်း ဇာတ်ရုံအဝန်း ငေးမောကြည့်ရှုနေမိ၏။ ထိုစဉ်. . .

"ဇာတ်ဆရာ. . ဇာတ်ဆရာကို ဘုန်းတော်ကြီးကတွေ့ချင်လို့ ရှာခိုင်းနေတာကြာပြီ၊ ဘုန်းတော်ကြီးနဲ့ သွားတွေ့လိုက်ပါဦး"

ကားဆွဲဖိုးကတုံးလာပြောသဖြင့် ဘုရားပွဲဖြစ်မြောက်ရေးနာယကရွာဦးကျောင်းဆရာတော်ကြီးနှင့်တွေ့ဆုံရန် ကျွန်ုပ်ထွက်လာခဲ့၏။ ဆရာတော်ကြီးထံရောက်သောအခါ ဆရာတော်ကြီးမှ ပျာပျာသလဲဆီးကြို၍ မိန့်တော်မူသည်။

"ကဲ. . ဇာတ်ဆရာဒကာကြီးရေ့ ကျုပ်တို့ကို ကူညီပေးပါဦး၊ ကျုပ်က အသက်အရွယ်ကလည်းကြီးတော့ နေရာတကာလိုက်ပြီး ဦးမဆောင်နိုင်ဘူး၊ ဒီဘုရားပွဲက နှစ်စဉ်ကျင်းပနေကျမို့ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဘုရားပွဲဖြစ်စေချင်တာပဲသိတာ၊ ကျုပ်ကျောင်းက ဦးပဥ္စင်းကို ဇာတ်ဆရာတို့ ပွဲကိုထည့်ဖို့နဲ့ ပွဲမိန့်ယူဖို့ တာဝန်ပေးထားပြီးထား၊ အခုကျတော့ မြို့က တာဝန်ရှိသူတွေက ပွဲမိန့်မပေးဘဲ ပွဲကလို့မရဘူးဆိုပြီး ကျုပ်ဆီမှာ ပွဲလာပိတ်ခိုင်းနေတယ်၊ အဲဒါ ကျုပ်တို့ ဘယ်လိုစီစဉ်ပြီး ဆက်လုပ်ကြမလဲဆိုတာ အကြံဉာဏ်ပေးပါဦး၊ ကျုပ် ဦးပဥ္စင်းလေးကတော့ ပွဲမိန့်ယူရအောင် မြို့တက်သွားတာ အခုထိပြန်မလာသေးဘူး"

ဆရာတော်ဘုရား၏မိန့်မှာချက်ကို ကျွန်ုပ်ကြားရစဉ်ခဏ ဘာပြန်ဖြေရမှန်းမသိဖြစ်သွားကာ ကျွန်ုပ်မှာ ငေးငိုင်သွားမိ၏။ အတန်ကြာစဉ်းစားပြီးမှ. . .

"တပည့်တော်က ဒီရွာနေမဟုတ်ပါဘူးဘုရား၊ ဧည့်သည်ပါဘုရား၊ ပွဲမိန့်ရဖို့ကိစ္စအတွက် တပည့်တော် ဘယ်လိုမှမစွမ်းဆောင်နိုင်ပါဘူးဘုရား၊ တပည့်တော်ဘက်ကတော့ ဆရာတော်က ပွဲကပေး ပါဆိုရင် တပည့်တော်ကပေးဖို့ အဆင်သင့်ပါပဲဘုရား၊ ဒါမှမဟုတ် မကနဲ့တော့ဆိုရင်လည်း အခုပဲ တပည့်တော် ဇာတ်အဖွဲ့တွေကို သွားပြီးရပ်နားခိုင်းပေးပါ့မယ်ဘုရား"

"အေးကွယ်. . ကျုပ်လည်း ဘယ်လိုဆုံးဖြတ်ရမှန်းတောင် မသိတော့ပါဘူး"

ဆရာတော်ကြီးက ညည်းညည်းညူညူပြောရင်း နှုတ်ဆိတ်နေလိုက်သဖြင့် ကျွန်ုပ်မှာ ထိုအနီးမှ ထပြန်လာခဲ့၏။ ဇာတ်ရုံ



အတွင်းအပြင်၌မူ ပရိသတ်မှာ ကြက်ပျံမကျစည်ကားလျက်ရှိနေလေ၏။ ကျွန်ုပ်၏ဇာတ်အဖွဲ့မှ ဆိုင်းဝိုင်းတစ်လှည့်၊ အနောက်တိုင်းတေးဂီတတစ်လှည့် ဧည့်ခံဖျော်ဖြေနေလေရာ ဇာတ်ရုံထဲတွင် ပွဲကြည့်ပရိသတ်မှာ တစ်ရုံးရုံးဖြင့် တိုးမပေါက်အောင် များပြားနေ၏။

ဤသို့ဖြင့် ဇာတ်ထွက်ရန် ည(၉)နာရီကျော်အချိန်သို့ ရောက်လာ၏။ ပွဲမိန့်သွားယူသည့် ဦးပဥ္စင်းကား ပြန်မရောက်သေး။ ဇာတ်ပွဲကရေး မကရေးကို မည်သို့ဆုံးဖြတ်ရမည်မှန်း ခက်နေ၏။ ဇာတ်ပွဲဖျာလက်မှတ်များရောင်းချထားသည်မှာလည်း လက်မှတ်တုန်နေပြီဖြစ်၏။ ပွဲကြည့်ပရိသတ်မှာလည်း ပွဲထွက်ချိန်ကို မျှော်လင့်ကာ စောင့်စားနေကြ၏။

"ပွဲက ဘယ်အချိန်ကမှာလဲဟေ့"

"ဒီည ပွဲကဖြစ်ပါဦးမလားဟေ့"

"ပွဲမြန်မြန်ထွက်ပါတော့ဟေ့"

ပွဲကြည့်ပရိသတ်ထံမှ အော်သံဟစ်သံများ တစ်စတစ်စ များပြားလာသဖြင့် ကျွန်ုပ်မှာ ဆရာတော်ကြီးထံပြေးကာ အကျိုးအကြောင်းပြောပြရ၏။ ထိုအခါ ဆရာတော်ကြီးကိုယ်တိုင် ဇာတ်စင်ပေါ်သို့ကြွကာ ပရိသတ်ထံသို့ မိန့်တော်မူလေ၏။

"ကဲ. . ဒကာ၊ ဒကာမတို့ နှစ်စဉ်ကျင်းပတဲ့ ဒီဘုရားပွဲတော်ကို ဘုန်းကြီးအနေနဲ့လည်း ဖြစ်စေချင်လွန်းလို့ စီမံပေးခဲ့တာပါပဲ၊ ဒါပေမယ့် ဘုန်းကြီးတို့ဆီက နှောင့်နှေးကြန့်ကြာမှုကြောင့် ပွဲကခွင့်

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမပေးဘူးဖြစ်နေတယ်၊ ဒီတော့ ဘုန်းကြီးမေတ္တာရပ်ခံချင်တာက ဒီနေ့ပွဲမကြည့်ရပေမယ့် စိတ်ပျက်မှု၊ ဒေါသဖြစ်မှုတွေ မရှိကြစေဘဲ နောက်နေ့တွေမှာ အားပေးကြည့်ရှုနိုင်တဲ့စိတ်တွေကို မွေးမြူနိုင်ကြပါလို့ ဘုန်းကြီးမေတ္တာရပ်ခံပါတယ်"

ဆရာတော်ကြီးမှ ဩဝါဒမိန့်တော်မူပြီးနောက် ကျောင်းသို့ ပြန်ကြွသွား၏၊ ဆရာတော်စကားအရ ယနေ့ညပွဲမကဖြစ်သည်ကို သိရှိသွားသော ပွဲကြည့်ပရိသတ်မှာ ဆူညံပူညံဖြစ်လာကြလေ၏၊ ပွဲမကဖြစ်မှန်းသိသော ကျွန်ုပ်၏ဇာတ်အဖွဲ့သားဆိုင်းဝိုင်းနှင့် အနောက်တိုင်းတေးဂီတဝိုင်းတော်သားတို့မှာလည်း ညှိခံဖျော်ဖြေမှုကို ချက်ချင်းပင် ရပ်နားလိုက်ကြ၏။

ဤသို့ ဆိုင်းဝိုင်းနှင့် အနောက်တိုင်းဝိုင်းတို့မှ ဖြေဖျော်မှု ရပ်ဆိုင်းလိုက်သဖြင့် ပရိသတ်မှာ ပိုမိုအုံကြွလာကာ ဇာတ်စင်ပေါ်သို့ ပြောင်းဖူးရိုး၊ ကြံချောင်းများဖြင့် ပစ်ပေါက်လာကြ၏၊ ထို့ကြောင့် ကျွန်ုပ်တို့ဇာတ်အဖွဲ့သားများမှာ ဇာတ်မှုံနောက်ဘက်သို့ ထွက်ပြေး တိမ်းရှောင်ကြရ၏။ ထိုစဉ် လူရွှင်တော်မဲတူးမှာ ပရိသတ်ကို တောင်းပန်ရန် ဇာတ်စင်ရှေ့သို့ ရဲရဲတင်းတင်းပင် ထွက်သွားလိုက် ၏။

မိုက်ခရိုဖုန်းရှေ့တွင် မတ်တပ်ရပ်လျက် ပရိသတ်ကို တောင်းပန်ရန် စကားစပြောင်လိုက်သည့်ခဏမှာပင် ပရိသတ်ထဲမှ ပစ်လိုက်သော ခဲလုံးနှစ်လုံးက မဲတူး၏နဖူးတည့်တည့်မှန်ကာ မဲတူး



တစ်ယောက် မင်းထိုင်လဲကျသွားရရှာလေ၏။ ထို့ကြောင့် ကျွန်ုပ်မှာ ဇာတ်စင်ပေါ်သို့ အပြေးအလွှားတက်ကာ မဲတူး၏ကိုယ်အား ကားလိပ်နောက်သို့ အမြန်သွင်းကာ မ,သယ်ယူ၍ ဇာတ်စင်အောက်သို့ ဆင်းခဲ့ရ၏၊ မဲတူးခေါင်းတွင် သွေးများယိုစီးကျကာ ရဲရဲနီနေ၏။

မကြာမီ လုံခြုံရေးဝန်ထမ်းများရောက်ရှိလာ၍သာလျှင်တော်တော့၏၊ သို့မဟုတ်ပါက ကျွန်ုပ်၏ဇာတ်အဖွဲ့မှာ မီးရှို့ခံရမည့်ကိန်းဆိုက်တော့မည့်ပုံရှိ၏၊ ဆရာတော်ကိုယ်တိုင် ဇာတ်စင်ပေါ်သို့လာ၍ ဒုတိယပိမေတ္တာရပ်ခံပါမှ ပရိသတ်မှာငြိမ်၍ အလျှိုလျှိုပြန်သွားကြလေ၏၊ ထိုညက ကျွန်ုပ်ရင်တစ်ခုလုံးပူလောင်ကာ အိပ်၍မရနိုင်ဖြစ်ခဲ့ရ၏၊ ကျွန်ုပ်နည်းတူ လူရွှင်တော်မဲတူးတစ်ယောက် ခေါင်းကွဲသွားသောကြောင့် အစိမ်းချုပ်ဝါးချက်ချုပ်လိုက်ရလေရာ တစ်ညလုံး ညည်းညည်းညူညူဖြင့် မိုးလင်းသွားခဲ့ရပါလေ၏။

◆ ◆ ◆

ပွဲမိန့်လိုက်သောဦးပဥ္စင်းငယ်၏ပေါ့လျော့မှုကြောင့် အာကာပိုင်အဖွဲ့အစည်းသို့ ပွဲမိန့်လျှောက်လွှာမှာ အချိန်မီမရောက်ရှိသည်ဖြစ်ရာ နောက်ရက်များတွင်လည်း ပွဲကခွင့်မရတော့ပေ။ တာဝန်မှတ်ကွက်သူ၊ ပေါ့လျော့သူမှာ ပွဲမိန့်ရရှိရေးဆောင်ရွက်သူ ဦးပဥ္စင်းငယ်၏အပြစ်သာလျှင်ဖြစ်တော့၏။

ဇာတ်ပွဲကခွင့်မရသဖြင့် မကြည့်လိုက်ရသူ ရွာသူရွာသားတို့၏ မကျေမနပ်ပြောဆိုသံတို့မှာ ခေတ္တခဏအတွင်း ပျောက်ကွယ်

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့သော်ငြား ကျွန်ုပ်တို့ဇာတ်အဖွဲ့မှာ ဤဘုရားပွဲတော်၌ ဇာတ်ပွဲသုံးညကရန် စာချုပ်ချုပ်ဆိုပြီး တစ်ညစာစရံယူထားပြီးဖြစ်၏။ ဇာတ်ပွဲကရသည်ဖြစ်စေ၊ မကရသည်ဖြစ်စေ ဇာတ်ပွဲကမည့်ဇာတ်ရုံသို့ ဇာတ်အဖွဲ့အနေဖြင့် အချိန်မီရောက်ရှိပါက စာချုပ်ပါအတိုင်း ဇာတ်ငှားသူမှ ဇာတ်ကြေးငွေပေးချေရမည်သာဖြစ်၏။

သို့သော် ကျွန်ုပ်တို့ဇာတ်ကရမည့် နဂိုကုန်းရွာဘုရားပွဲတော်၌ ကျွန်ုပ်တို့ဇာတ်အဖွဲ့အား လာရောက်ငှားကြသူများမှာ ဇာတ်ပွဲလုပ်စားကြသည့် ကံထရိုက်များမဟုတ်ကြပေ။ ဘုရားပွဲတော်ဖြစ်မြောက်ရေးဂေါပကအဖွဲ့ နဂိုကုန်းရွာသားများသာဖြစ်ကြ၏။ အကြောင်းကြောင်းကြောင့် ဇာတ်ပွဲမကရသည်ဖြစ်စေကာမူ နဂိုကုန်းရွာသူရွာသားတို့၏စေတနာမှာ ကျွန်ုပ်တို့ဇာတ်အဖွဲ့အပေါ်တွင် မသေးလှချေ။ ကျွန်ုပ်တို့ဇာတ်အဖွဲ့ရောက်သည့်အချိန်မှစ၍ နေမှု၊ ထိုင်မှု၊ စားမှု၊ သောက်မှုမှအစ တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သူများဖြစ်၏။ ထို့ပြင် ဆရာတော်ကိုယ်တိုင် ကျွန်ုပ်တို့ဇာတ်အဖွဲ့အပေါ် ဂရုတစိုက်ရှိလှ၏။ ထို့ကြောင့် ဆရာတော်၏စေတနာနှင့် ရွာသူရွာသားတို့၏မေတ္တာကို တုန့်ပြန်သောအားဖြင့် ယူထားပြီးသောစရံငွေနှင့်သာလျှင် ကျွန်ုပ်တို့ကျေနပ်ခဲ့ရ၏။

သို့သော် ကျွန်ုပ်တို့ဇာတ်အဖွဲ့မှာ ရှေ့ခွင်သို့ဆက်ကရန် ပွဲကူးမရှိသေးသည်ဖြစ်ရာ ထိုရွာမှာပင် ဆက်လက်၍နားနေရန် အကြောင်းပေါ်လာပြန်၏။ ဤသို့ဖြင့် ကျွန်ုပ်တို့ဇာတ်ဆရာ လင်မယားမှာ ရရှိထားသောစရံငွေလေးနှင့် လူပေါင်း(၅၀)ကျော် နေ့စဉ်ထမင်းစားရန်အတွက် ကြံဖန်စိတ်ပူနေခဲ့ရပါ၏။ ထိုရက်များအတွင်း ဇာတ်၏ရှေ့ပြေး မန်နေဂျာကိုတင်ဦးအား ရှေ့ဆက်ကမည့်ခွင်များကို ကြိုတင်လွှတ်၍ စေခိုင်းလိုက်၏။ ဦးတင်ဦးကား သုံးရက်နှင့်လည်း ပြန်မလာ။ တစ်ပတ်နှင့်လည်း ပြန်မလာဘဲရှိနေရာ ကျွန်ုပ်မှာ မည်သည့်နေရာသို့ လိုက်ရမည်မှန်းမသိအောင် ဦးနှောက်ခြောက်ရပြန်၏။

ဤသို့ဖြင့် ကျွန်ုပ်တို့ဇာတ်အဖွဲ့ နဂိုကုန်းရွာ၌နားနေရသည်မှာ (၁၀)ရက်ကျော်လွန်၍သွား၏။ ကျွန်ုပ်၌ရှိသော စရံငွေမှာလည်း ပြောင်သလင်းခါသွား၏။ ရှေ့ခရီးသို့မဆက်မီ အဖွဲ့၏စားသောက်ရေးကိုစီစဉ်ရန် ကျွန်ုပ်မှာ အခက်တွေ့ရတော့၏။ ထိုအကြောင်းကို ဇာတ်ပွဲငှားသူ ဂေါပကအဖွဲ့အားပြောပြရာ ဂေါပကအဖွဲ့လူကြီးများနှင့် ရွာသူရွာသားများက ကျွန်ုပ်တို့ဇာတ်အဖွဲ့အပေါ် မေတ္တာသက်သွားကြ၏။ ထို့ကြောင့် ရွာသူရွာသားအချို့မှာ မိမိတို့တတ်နိုင်သမျှ တစ်နိုင်တစ်ပိုင် ဆန်၊ ပဲ၊ ငါးခြောက်၊ ငရုတ်၊ ကြက်သွန်၊ ဆီ၊ ဆားတို့ကို ကျွန်ုပ်တို့ဇာတ်အဖွဲ့ထံ လာရောက်ပေးကမ်းကြ၏။

ဤသို့ဖြင့် ကျွန်ုပ်မှာ ဇာတ်သူဇာတ်သားတို့၏ စားသောက်ရေးကို ဖြေရှင်းပေးနိုင်ခဲ့၏။ သို့သော် ကျွန်ုပ်စိတ်ထဲတွင် နဂိုကုန်းရွာမှ အမြန်အဆန်ထွက်ခွါသွားချင်နေမိ၏။ စိတ်ထဲတွင်လည်း စနိုး



www.burmeseclassic.com

www.burmeseclassic.com



စနောင့်ဖြစ်နေမိ၏။ ထို့ကြောင့် ကျွန်ုပ်မှာ သောကစိတ်ဖြင့် ညစဉ်ညတိုင်း ကောင်းကောင်းအိပ်မပျော်နိုင်ခဲ့ပေ။ တစ်နေ့ညတွင် ကျွန်ုပ်သည် မောမောပန်းပန်းဖြင့် ခေတ္တအနားယူလဲလျောင်းရာ ချက်ချင်းပင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွား၏။

ထိုအချိန်တွင် ကျွန်ုပ်သည် အိပ်မက်တစ်ခုကို ထင်ထင်ရှားရှားမြင်မက်ရ၏။ အိပ်မက်ထဲတွင် ကျွန်ုပ်ထင်ထင်ရှားရှားမြင်တွေ့ရသည်မှာ ကျောင်းခေါင်မိုးပေါ်၌မြင်တွေ့ခဲ့ရပြီး မဲတူးတို့အုပ်စု သတ်ဖြတ်လိုက်သည့် တောက်တဲ့ကောင်ကြီးပင်ဖြစ်သည်။ ထိုတောက်တဲ့ကောင်ကြီးမှ ကျွန်ုပ်အား မျက်လုံးစိမ်းဖြင့်ကြည့်၍ ပြောကြားသည်မှာ. . .

"မင်းတို့ကို ငါက မေတ္တာပို့ပေးနေတာကို မင်းတို့က ငါ့ကို မေတ္တာပျက်အောင်လုပ်တဲ့အပြင် ငါ့အသက်ကိုပါ ရန်ရှာခဲ့တယ်၊ အဲဒါကြောင့် ငါမသေခင် မင်းတို့ကို မကျေမနပ်ဖြစ်လွန်းလို့ ကျိန်စာဆိုခဲ့တယ်၊ ငါ့ဘဝကို ထိခိုက်နာကျင်ပျက်စီးစေရသလို မင်းတို့အဖွဲ့လည်း ထိခိုက်နာကျင်ကြရပြီး အစိတ်စိတ်အမွှာမွှာ ပြိုကွဲပျက်စီးပါစေလို့ ငါကျိန်စာဆိုခဲ့တယ်၊ ဘယ့်နှယ့်လဲ. . အခု မင်းတို့ ဒုက္ခကြုံနေပြီမဟုတ်လား၊ အေး. . ဒါအစပဲရှိသေးတယ်၊ နောက်ဆိုရင် မင်းတို့တစ်တွေ သည့်ထက်ဒုက္ခရောက်ကြရမယ်သိလား၊ ငါက တောက်တဲ့၊ မင်းတို့ကို ဒုက္ခပေးမယ်ဆိုတာ သေသေချာချာမှတ်ထား၊ တောက်တဲ့. . တောက်တဲ့၊ ငါသေသလို မင်းတို့လည်းသေစေရမယ်"



စကားပြောရုံပင်မက တောက်တဲ့အသံကြီးကိုပင် ကျယ်လောင်စွာ မြည်တွန်လိုက်လေရာ ကျွန်ုပ်မှာ အိပ်မက်မှ ချက်ချင်းလန့်နိုးခဲ့ရ၏။ အိပ်မက်မှနိုးနိုးချင်း ကျွန်ုပ်၏ရင်အစုံမှာ ကြောက်ရွံ့မိသည်ဖြစ်ရာ တဆတ်ဆတ်တုန်ခါနေ၏။ ထိုအကြောင်းကို မဲတူးတို့အုပ်စုအား အသိပေးပြောကြားရန် ခေါ်ခိုင်းလိုက်ရာတွင် မဲတူးတို့အုပ်စုမှာ ဇာတ်ထဲမှ အပြီးအပိုင်ထွက်ပြေးသွားပြီဖြစ်ကြောင်း သိရတော့၏။

အကျိုးအကြောင်းမေးကြည့်သောအခါ မဲတူးတို့အုပ်စုနှင့် ရွာမှလူငယ်အချို့ စကားများရန်ဖြစ်ကြရာမှ မဲတူးတို့အုပ်စု အရိုက်ခံရသောကြောင့် ကြောက်လန့်၍ ထွက်ပြေးသွားရကြောင်းသိရ၏။ မဲတူးတို့အုပ်စုမှာ အရက်သောက်လျှင် သွေးဆိုးသူများဖြစ်ရာ ရွာလူငယ်တို့မှ မခံမရပ်နိုင်ဖြစ်လွန်း၍ ရိုက်ရသည်အထိဖြစ်ကြရသည်ဟုဆို၏။ ကျွန်ုပ်အနေဖြင့် မဲတူးတို့အုပ်စု ဇာတ်ထဲမှထွက်ပြေးသွားခြင်းအတွက် စိတ်ချမ်းမြေ့ရခြင်းဖြစ်မိသော်လည်း ရှေ့ပွဲခွင်အတွက် မဲတူးတို့အုပ်စုအစားမှာ လူထပ်ရှာရမည့်ကိစ္စ ခေါင်းနားပန်းကြီးမိရပြန်၏။

သို့သော် ကျွန်ုပ်အနေဖြင့် ထိုကိစ္စကို ခေါင်းထဲမှထုတ်ကာ တောက်တဲ့၏ကျိန်စာ ပြေပျောက်နိုင်မည့်ကိစ္စကိုသာလျှင် ခေါင်းထဲမှာတွေးနေမိ၏။ နောက်တစ်နေ့တွင် ကျွန်ုပ်မက်ခဲ့သော တောက်တဲ့အိပ်မက်အကြောင်းကို ဆရာတော်အား သွား၍လျှောက်ကာ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



တော်မိန့်မှာချက်ကို နာယူမိ၏။

"ဘာမှမစိုးရိမ်ပါနဲ့ ဒကာကြီးရယ်၊ မေတ္တာရှိသူထံကို မေတ္တာလာပါတယ်၊ မေတ္တာမဲ့သူထံကိုသာ မေတ္တာမလာဘဲနေတာပါ၊ ဘယ်သူမပြု မိမိမှုဆိုသလိုပဲ၊ ကိုယ်လုပ်ရင် ကိုယ်ခံရမှာပဲ ဒကာကြီး၊ ကံ ကံ၏အကျိုးကို မြတ်ဗုဒ္ဓဟောကြားထားတယ်မဟုတ်လား၊ ဒီကိစ္စမှာ ဒကာကြီးက စိတ်နဲ့လည်းမပါဝင်ခဲ့ဘူး၊ ကိုယ်နဲ့လည်း မပတ်သက်ခဲ့ဘူးဆိုတာ ပြုသူရော၊ ဖြစ်သူရော သိပြီးသားပဲ၊ ပြုသူတွေပဲ ပြုတဲ့အပြစ် ခံသွားကြပါလိမ့်မယ်၊ ဒကာကြီးအနေနဲ့ စိတ်ဖြောင့်သွားအောင်တော့ ဘဝပြောင်းသွားတဲ့တောက်တဲ့ကြီးကို ဒကာကြီးပြုတဲ့ ကောင်းမှုကုသိုလ်တွေကို အမျှအတန်းပေးဝေလိုက်ပါ၊ ဒကာကြီးတို့ ကောင်းကျိုးချမ်းသာရပါလိမ့်မယ်"

ဆရာတော်၏တရားကိုနာယူပြီးမှ ကျွန်ုပ်မှာ စိတ်ချမ်းသာရလေ၏။ ထို့ကြောင့် ဆရာတော်မှာကြားသည့်အတိုင်း နဂိုကုန်းရွာကိုးတောင်ပြည့်စေတီတော်သို့ ညစဥ်သွားရောက်တာ ဆီမီးရေချမ်းအမွှေးနံ့သာများလှူဒါန်း၍ ငါးပါးသီလဆောက်တည်၊ ဘာဝနာပွားများပြီးနောက် တောက်တဲ့ကိုရည်မှန်း၍ ပြုသမျှ ကုသိုလ်အစုစုတို့အား အမျှပေးဝေခဲ့၏။ သုံးရက်မြောက်သောနေ့တွင် ကျွန်ုပ်တို့ဇာတ်အဖွဲ့အား လာရောက်ငှားရမ်းသည့် ဇာတ်ပွဲငှားများရောက် လာကြ၏။

ကျွန်ုပ်မှာ အံ့ဩနေမိသော်လည်း တကယ်ပင် ဇာတ်ပွဲ



သုံးညကရန် စာချုပ်ချုပ်ဆိုလိုက်ရ၏။ မဲတူးတို့အုပ်စုအစား ဇာတ်တရန် ဝါသနာပါလှသည့်လူငယ်သုံးဦးကိုလည်း ယိုရွာမှပင် အသင့်ရလိုက်၏။ ထိုရွာမှထွက်လာပြီးနောက် ကျွန်ုပ်တို့ဇာတ်အဖွဲ့မှာ မနားမနေကပြနေကြရရာ ဇာတ်ရာသီကုန်မှပင် ရန်ကုန်သို့ ပြန်နားခွင့်ရတော့၏။

ရန်ကုန်ပြန်ရောက်၍ ဇာတ်ပွဲနားနားချင်းမှာပင် မဲတူး၏အမင်္ဂလာသတင်းကို စတင်ကြားလိုက်ရ၏။ မဲတူးတစ်ယောက်အရက်အလွန်အကျွံသောက်၍ သွေးအန်ကာ သေဆုံးရခြင်းသတင်းဖြစ်၏။ ပတ်မတီးမောင်ချစ်နှင့် ကရင်ကြီးတို့နှစ်ဦးလည်း မကြာခဏရန်ဖြစ်သောကြောင့် ခေါင်းကွဲ၊ ခြေကျိုး၊ လက်ကျိုးဖြင့် ဒုက္ခတဘဝရောက်နေကြောင်းသိရ၏။ ထိုအခါတွင် ကျွန်ုပ်ကိုယ်တိုင်မြင်မက်ခဲ့သော အိပ်မက်ထဲမှ တောက်တဲ့၏ကျိန်စာကို သွား၍သတိရတာ ကြားယောင်နေမိပါလေ၏။

ထိုအခါ မဲတူးသေဆုံးရခြင်းသည်လည်းကောင်း၊ ပတ်မတီးမောင်ချစ်နှင့် ကရင်ကြီးတို့နှစ်ဦး ဒုက္ခတဘဝရောက်သွားရခြင်းသည်လည်းကောင်း တောက်တဲ့ကျိန်စာကြောင့်ပေလားဟု ကျွန်ုပ်စိတ်ထဲ သံသယဝင်မိကာ ကျွန်ုပ်တစ်ကိုယ်လုံး ကြက်သီးတဖျန်းဖျန်းထနေမိတော့၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အန္တရာယ်လက်ဝါးကြီး

ပန်းကမ္ဘာဇာတ်အဖွဲ့ကို တည်ထောင်ပြီးမီသည်မှစ၍ ကျွန်ုပ်မှာ ဇာတ်ပွဲကရာသို့ တကောက်ကောက်လိုက်ခဲ့ရတော့၏၊ ဇာတ်ပွဲငှားရာသို့ လိုက်လံကပြရလေရာ မြန်မာပြည်တနံ့တပြားသို့ ရောက်ခဲ့ရ၏၊ ကျွန်ုပ်ရောက်ခဲ့ဖူးသော အရပ်ဒေသများထဲမှ ကျွန်ုပ်ကိုယ်တိုင် ကြက်သီးမွေးညင်းထလောက်အောင် ထူးဆန်းအံ့ဩဖွယ် အဖြစ်အပျက်များနှင့် ဆုံတွေ့ခဲ့ရသည့်အရပ်မှာ မင်းတစုကျေးရွာဖြစ်သည်၊

မင်းတစုကျေးရွာမှာ ပန်းတနော်မြို့နယ်အတွင်း၌တည်ရှိ၍ ပန်းတနော်မှ ရေမိုင် (၁၇)မိုင်ခန့်ဝေး၍ ကားလမ်း (တုန်းကြောင်း)ဖြင့်မူ သွား၍မရပေ၊ ဓနုဖြူလမ်းဘက်မှမူ ကျုံတနီး ကားဖြင့်သော်လည်းကောင်း၊ မော်တော်ဖြင့်သော်လည်းကောင်း သွား၍ရ၏၊ သို့သော် မင်းတစုသို့ တိုက်ရိုက်မရောက်ချေ၊ မင်းတစု



တစ်ဘက်ကမ်း သံလွန်ငူရွာမှ ကူးတို့ဖြင့်ကူးမှ မင်းတစုသို့ရောက်၏၊

သံလွန်ငူ၊ မင်းတစု၊ ရွှေလှေ့ရွာတို့မှာ အင်းချောင်းဘေးရှိ တမ်းရွာလေးများဖြစ်ကြ၏။ ရွာသုံးရွာ ခေါင်းချင်းဆိုင်ထား၏။ မင်းတစု၏ အရှေ့ဘက်ကမ်းတစ်ခြမ်းတွင် ပန်းတနော်ပိုင် ရွှေလှေ့ရွာရှိ၍ တစ်ဘက်ခြမ်းတွင်မူ ဓနုဖြူပိုင် သံလွန်ငူရွာတည်ရှိနေ၏။ ချောင်းမှာ ရေသေဖြစ်၍ အင်းတစ်ခုပမာဖြစ်နေ၏။ သားငါးလွန်စွာပေါ၏။

ထိုအရပ်နေ ဒေသခံလူတို့မှာ သားငါးရှာစားခြင်း၊ အင်းလုပ်ခြင်းနှင့် စပါး၊ ပဲ၊ ပြောင်းစသည့် လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းများလုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်းပြုကြ၏။ မင်းတစုဟူသောရွာအား အချို့က မင်းခရုဟုလည်းခေါ်ကြ၏။ မင်းတစုရွာမှာ အင်းချောင်းဘေး၌ကပ်လျက် မြောက်မှ တောင်သို့တန်းလျက် အိမ်စဉ်တည်ထားသောရွာဖြစ်၏။ ရွာလမ်းမတစ်ခုတည်းသာရှိ၏။

မင်းတစုရွာအိမ်စဉ်တန်းသည် အရှေ့ဘက်ကမ်းနှစ်ခြမ်းရှိ ရွှေလှေ့နှင့် သံလွန်ငူရွာတို့အား လက်ဆန့်တားထားသကဲ့သို့ရှိ၏။ ရွှေလှေ့နှင့် သံလွန်ငူရွာတို့အား ချောင်းက ထပ်မံ၍ဖြတ်သန်းကာဆီးထားပြန်၏။ ထိုချောင်းဆုံကျရာနေရာနှင့်တည့်သော မင်းတစုရွာ၏ တောင်နှင့်မြောက်အလယ်တွင်မူ ကျိုက်ဇနိမ်စေတီတည်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုကျိုက်ခနိမ်စေတီ၏ အရှေ့ဘက်ကမ်းနဖူး ရေဆင်းတံတားအဆင်းအတက်မုခ်ဝတွင် ခြင်္သေ့ရုပ်ကြီးနှစ်ကောင်မှာ ကြွားဝင့်စွာရှိလေ၏။ ပန်းပုဆရာတို့၏ လက်ရာပြောင်မြောက်မှုများက ထိုခြင်္သေ့ကြီးနှစ်ကောင်အား အသက်သွင်းပေးထားသည့်နှယ် ထင်ရ၏။ အဝေးမှကြည့်သော် တကယ့်ခြင်္သေ့ကြီးနှစ်ကောင်ရပ်နေသည်ဟု ထင်မှတ်မှားလောက်၏။

ကျွန်ုပ်တို့ဇာတ်အဖွဲ့သည် ထိုခြင်္သေ့ကြီးနှစ်ကောင်ရှိရာ မုခ်ဝမှနေ၍ မင်းတစုရွာသို့တက်ရ၏။ ဇာတ်ကရမည့်ဇာတ်ရုံသည် ကျိုက်ခနိမ်စေတီတော်၏အနောက်ဘက် ဘုရားဝင်းအတွင်း၌ရှိ၏။ ကျွန်ုပ်တို့ဇာတ်အဖွဲ့မှ ဇာတ်သူဇာတ်သားများနှင့် ဇာတ်ပစ္စည်းများ ဇာတ်ရုံသို့သယ်ဆောင်ပြီးသောအချိန်မှာ မှောင်စပျိုးနေပြီဖြစ်၏။ ထိုစဉ်. . .

"အောင်မယ်လေး. . လုပ်ကြပါဦး"

ဇာတ်ထဲမှ မိန်းကလေးတစ်သိုက်အော်သံနှင့်အတူ ဇာတ်ရုံအပြင်ဘက်သို့ ထွက်ပြေးလာကြသည်ကို အဝေးမှ ကျွန်ုပ် မြင်ရကြားရလေရာ ထိုကလေးမများအနီးသို့ အပြေးသွားကာ မေးလိုက်ရ၏။

"ဟေ့. . အလန့်တကြားနဲ့ ဘာဖြစ်ကြတာတုန်း"

"ဟို. . ဟိုမှာ"

ကြောက်ကြောက်ရွံ့ရွံ့ဖြစ်ကာ ကျွန်ုပ်အား ဇာတ်ရုံထဲသို့



သတ်ညွှန်းထိုး၍ပြောနေသောကြောင့် ကျွန်ုပ်ဇာတ်ရုံထဲသို့ အလျင်စလိုဝင်လိုက်၏။ ဇာတ်ရုံအလယ်၌ ယောကျ်ားလေးတစ်သိုက်နှင့် မိန်းကလေးတစ်သိုက် ရှုပ်ယှက်ခတ်နေကာ ဝိုင်းအုံနေသည်ကို လှမ်းမြင်ရ၏။

"ပြောနေကြတယ်. . သတ်ပစ်လိုက်ဟာ"

"မသတ်ကြနဲ့နော်၊ သူ့ဟာသူသွားပါစေ"

"ဘယ်ဖြစ်မလဲ၊ တော်ကြာ ဒုက္ခထပ်ပေးရင် ဘယ်နှယ့်လုပ်မလဲ"

တစ်ယောက်တစ်ခွန်းစကားသံများက ညံနေ၏။ ငြင်းခုန်နေကြပြီး ယောက်ယက်ခတ်နေသော လူအုပ်ကြားထဲသို့ ကျွန်ုပ် အတင်းတိုးဝှေ့ကာဝင်လိုက်ရင်း. . .

"ကဲ. . ပြောကြစမ်းပါဦး၊ ဘာဖြစ်နေကြတာလဲ"

မေးရင်း လူအုပ်ကြားထဲသို့ ကျွန်ုပ်ရောက်သည်နှင့် လူအုပ်မှာရွဲ့သွား၏။ ငြင်းခုန်စကားသံများလည်း တိတ်ဆိတ်သွား၏။ ထိုခဏအတွင်း မိန်းကလေးအချို့နှင့် ယောကျ်ားလေးအချို့မှာ အလျှိုသို့ထွက်သွားကြ၏။

ကျွန်ုပ်တို့ဇာတ်အဖွဲ့မှ စန္ဒယားဆရာ ကိုလှမြင့်တစ်ယောက်သာ ကျွန်ုပ်အနား၌ကျန်ရစ်ခဲ့၏။ ကျွန်ုပ်က နားမလည်သော အကြည့်ဖြင့် ကိုလှမြင့်အားမေးမည်ပြုစဉ် အကင်းပါးသော ကိုလှမြင့်က. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒီလို ဇာတ်ဆရာရေ၊ ဟောဒီ ဇာတ်ရုံထုပ်တန်းပေါ်က မြွေနှစ်ကောင်ပြုတ်ကျလာတာတွေ့ပြီး လန့်နေကြတာ"

ဇာတ်ရုံခေါင်မိုးပေါ်သို့ လက်ညှိုးထိုးပြရင်းမှ ဖြစ်ပျက်ပုံကို ရှင်းပြ၏။ ထို့ကြောင့် ကျွန်ုပ်မှာ ပြုံးပြုံးပျာပျာဖြစ်သွားမိကာ. . .

"ဒါဆိုရင် ကျုပ်အဖွဲ့ကလူတွေ ဘာဖြစ်သွားကြသေးလဲ"

ကိုလှမြင့်အား အလျင်စလိုမေးမိလိုက်၏။ ထိုအခါ ကိုလှမြင့်ကလည်း အလျင်အမြန်ပင် ပြန်၍ဖြေလေ၏။

"ကံကောင်းလို့ပေါ့၊ ယိမ်းသမလေးတွေ ဒီနားကဖြတ်အသွားမှာ မြွေနှစ်ကောင်က သူတို့ဘေးပြုတ်ကျလို့ပေါ့၊ သူတို့ခေါင်းပေါ် တည့်တည့်သာပြုတ်ကျခဲ့ရင် စဉ်းစားလို့မရဘူး"

"မြွေက ဘာမြွေတွေမို့လဲ"

"သံကွင်းစွပ်မြွေတွေ"

ကျွန်ုပ်မှာ သံကွင်းစွပ်မြွေဟုကြားရရုံဖြင့် ကြက်သီးမွေးညင်းထမိကာ ထိုနေရာ၌ရပ်နေရခြင်းကိုပင် မလုံမလဲဖြစ်ကာ ဟိုကြည့်ဒီကြည့်ဖြစ်နေမိလေ၏။ မြွေများကိုမြင်ရသည်တော့မဟုတ်ချေ။ ထိုမြွေနှစ်ကောင်မှာ ဇာတ်ရုံထဲမှ ဇာတ်ရုံအပြင်ဘက် ခြုံပုတ်ထဲသို့ ဝင်သွားကြောင်းသိရ၏။ ထိုစဉ် ရွာသားတစ်ဦးရောက်လာကာ ထိုနေရာ၌ မြွေဆိုးများပေါများ၍ သတိထားရန်မှာကြားပြီး ပြန်ထွက်သွား၏။

ကျွန်ုပ်တို့အား သတိပေးသွားသည့်ရွာသားကိုပင် မည်သူ



မည်ဝါမှန်း ထိုလူ၏ရုပ်ကိုပင် မမှတ်မိနိုင်ပေ။ အမှောင်ထုမှာ အချိန်အနည်းငယ်အတွင်း စွန်းနစ်ဝင်ရောက်လာပြီဖြစ်ရာ ဇာတ်ရုံတစ်ရုံလုံး မဲမှောင်နေပြီဖြစ်၏။ ထို့ကြောင့် ရပ်နေသည့် ကျွန်ုပ်၏ခြေသလုံးများကို ရှေ့သို့လှမ်းရန်အတွက်ပင် ကျွန်ုပ်မှာ ဝန်လေးနေမိသေးရာ စိတ်၌အလိုရှိတိုင်းရွတ်ဆိုလေ့ရှိသော 'ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံပူဇေမိ' တူသော ကိုးကွယ်ရာအစစ်ကို တမ်းတပူဇော်ရင်း ဇာတ်ရုံနောက်ဘက်သို့ အမြန်လျှောက်ခဲ့မိတော့၏။

◆ ◆ ◆

ကျွန်ုပ်တို့ ပန်းကမ္ဘာဇာတ်ပွဲကြီးသည် မင်းတစုကျေးရွာ ကိုးတက်ခနိမ်ဘုရားပွဲ၌ ဇာတ်ကရန်အတွက် နှစ်ရက်ကြိုတင်၍ လာခဲ့ရသည်ဖြစ်ရာ ဇာတ်ပစ္စည်းများ ပြောင်းရွှေ့ရသည်နှင့်ပင် တစ်နေကုန်သွားခဲ့ရ၏။ နောက်တစ်နေ့နံနက်တွင် ကျွန်ုပ်ကိုယ်တိုင် အိပ်ရာမှ စောစီးစွာထ၏။ ဇာတ်အဖွဲ့သူ၊ အဖွဲ့သားတို့ကိုလည်း စောစီးစွာထစေ၏။ ပြီးနောက် ဇာတ်ပွဲကရန် ကားခွင်၊ မီးခွင်များဆင်ရန် စေခိုင်းပြီး ကျွန်ုပ်ကိုယ်တိုင်ကမူ ဇာတ်အဖွဲ့သားများ ထမင်းစားရန်အတွက် ဟင်းချက်စရာဝယ်ယူရန် မင်းတစုရွာထဲသို့ထွက်ခဲ့၏။

ရွာလယ်လမ်းမ၌ အဆင်သင့်ပင်တွေ့ရသော ငါးသည်ထံမှ ငါးအချို့ကိုဝယ်ကာ ဇာတ်ရုံသို့ပြန်ခဲ့၏။ ဇာတ်ရုံသို့ရောက်သော် ထမင်းချက်အား ငါးဟင်းစားပေးကာ ချက်ခိုင်းလိုက်၏။ ငါးမစားသော ကျွန်ုပ်အတွက်မူ ကန်စွန်းရွက်ကြော်ပေးရန် ပြီးဇာတ်မင်း

www.burmeseclassic.com

www.burmeseclassic.com



သမီးလေးနှင်းရီအား လုပ်ခိုင်းလိုက်၏။ ပြီးနောက် ဘုရားဝတ်ပြုရန် ဇာတ်ရုံအရှေ့ဘက်ရှိ ကျိုက်ခနိမ်စေတီရင်ပြင်သို့ ထွက်လာမိလေ၏။

ကျွန်ုပ် ဘုရားရှိခိုး တရားထိုင်ပြီး ဇာတ်ရုံသို့ပြန်ဝင်လာသောအချိန်တွင် အဖွဲ့သားအချို့မှာ ထမင်းစားနေကြပြီဖြစ်၏။ ကျွန်ုပ်ကိုလှမ်းမြင်သော မင်းသမီးနှင်းရီက ကျွန်ုပ်ကြော်ခိုင်းထားသော ကန်စွန်းရွက်ကြော်ပန်းကန်ကိုယူကာ ကျွန်ုပ်ထံလာပေး၏။ ကျွန်ုပ်လှမ်းယူလိုက်စဉ်. . .

"အောင်မယ်လေး"

နှင်းရီမှာ ငယ်သံပါအောင်အော်လိုက်၏။ နှင်းရီတစ်ကိုယ်လုံး တုန်ယင်နေကာ လက်တစ်ဘက်ကိုခါ၍ လက်တစ်ဘက်ကို ရင်ဘတ်တွင်ဖိထားပြီး ဆောင့်ကြောင့်ထိုင်လိုက်၏။ ကျွန်ုပ်ရှေ့၌ပင်ဖြစ်ပျက်နေသည့်တိုင် ကျွန်ုပ်မှာ ဘာမှနားမလည်နိုင်သေးပေ။ ထို့ကြောင့်. . .

"ဟဲ့. . နှင်းရီ၊ ဘာဖြစ်လို့တုန်း၊ ငါ့ကိုပြောပြစမ်းပါဦးဟာ"

ကျွန်ုပ်က နှင်းရီနည်းတူ လိုက်ထိုင်၍ မေးမြန်းလိုက်ရ၏။ နှင်းရီမှာ စကားပြန်မပြောနိုင်သေးဘဲ လက်ညှိုးထိုးကာပြနေလေ၏။ ထို့ကြောင့် နှင်းရီလက်ညှိုးထိုးပြရာသို့ကြည့်လိုက်ရာ ဇာတ်စင်ဆောက်ထားသော သစ်သားတိုင်တစ်တိုင်ဖြစ်နေ၏။ ကျွန်ုပ်မှာ နားမလည်စွာ တွေဝေ၍ နှင်းရီအား တစ်ချက်ပြန်ကြည့်ရာ နှင်းရီက



သစ်သားတိုင်၏အလယ်ဗဟိုကို လက်ညှိုးထိုးပြနေသဖြင့် ထိုနေရာသို့ သေချာစွာစူးစမ်းကြည့်လိုက်၏။

ထိုအခါမှ ထိုသစ်သားတိုင်၏အလယ်ဗဟိုတွင် ထွင်းထုထားသည့်သဏ္ဍာန်ရှိသော သစ်သားခေါင်းပေါက်ကလေးတစ်ခုရှိ၏။ ထိုသစ်သားခေါင်းပေါက်ထဲတွင် မြွေတစ်ကောင်ခွေပတ်လျက်ရှိနေ၏။ ထိုမြွေကို သေချာစွာ ထပ်မံကြည့်သောအခါ သံကွင်းစွပ်မြွေဖြစ်မှန်းသိရ၏။ ကျွန်ုပ်မှာ သံကွင်းစွပ်မြွေမှန်းသိရသည်နှင့် နောက်သို့ ခြေတစ်လှမ်းဆုတ်မိလေ၏။

ထိုစဉ် အသက်ခုနစ်ဆယ်ကျော်အရွယ်ရှိ ရွာလူကြီးတစ်ဦး ရောက်လာ၏။ ကျွန်ုပ်တို့၏အခြေအနေကို ခေတ္တမျှအကဲခတ်လေ့လာပြီး အနီးရှိ တုတ်ချောင်းတစ်ခုကိုကောက်ယူ၍ သစ်ခေါင်းပေါက်ထဲမှမြွေကိုတို့၏။ မြွေမှာ တိုင်မှ မြေသို့လျှောကျသွား၏။ ကျသွားသည့်နေရာ၌ ပါးပြင်းထောင်ရင်း အတန်ကြာသည်အထိ ရပ်တန့်နေလေရာ ရွာလူကြီးက တုတ်ချောင်းကလေးဖြင့် တို့ကာ ခြောက်ကာဖြင့် ဇာတ်ရုံအပြင်ဘက်သို့ မောင်းထုတ်နေ၏။

ရွာလူကြီး၏နှုတ်မှလည်း တလှုပ်လှုပ်တရွရွဖြင့် ဂါထာမန္တာန်တစ်ခုခုကို ရွတ်ဆိုနေဟန်ရှိ၏။ ထိုအခါမှ မြွေမှာ ရှောရှောရှူရှူဖြင့် ဇာတ်ရုံအပြင်ဘက်သို့ ထွက်သွားလေ၏။ သို့တိုင် ကျွန်ုပ်နှင့် မနှင်းရီတို့မှာ မြွေများနှင့် ထပ်မံတွေ့ရှိမည်ကို တွေးကြောက်နေဆဲမို့ရာ နေရာမှာပင် မတုန်မလှုပ်ရပ်နေမိ၏။ ထိုစဉ်. . .

www.burmeseclassic.com

www.burmeseclassic.com



"ဇာတ်ဆရာ. . ဇာတ်ဆရာ ဟောဟိုမှာ ရန်တွေဖြစ်နေကြတယ်၊ ဇာတ်ဆရာကိုယ်တိုင်သွားပြီး ရှင်းပေးပါဦး"

"ဘာဖြစ်တာလဲ ဦးတင်ဦး"

"ဘုရားရင်ပြင်တော်ပေါ်မှာ မိုးမိုးတို့လင်မယားတွေ သတ် မှတ်နေကြတာ မြင်လို့လည်းမကောင်းဘူး၊ ဆွဲလို့လည်းမရဘူး၊ အဲဒါ ကြောင့် ဇာတ်ဆရာကိုလာခေါ်တာ၊ တော်ကြာ ကျွန်တော်တို့ ဇာတ် နာမည်ပျက်လိမ့်မယ်"

ဇာတ်မန်နေဂျာဦးတင်ဦးက ဇာတ်ရုံအရှေ့ဘက်သို့ လက်ညှိုးထိုးပြရင်းမှ ကျွန်ုပ်အားပြောပြနေ၏။ ထို့ကြောင့် ကျွန်ုပ်စိတ်ထဲ၌ မြွေကိုကြောက်၍ လမ်းမလျှောက်ဝံ့သော စောစောကစိတ်မှာ လွင့်ပျောက်သွားပြီး အလျှင်အမြန်နှင့်ပင် ဇာတ်ရုံအပြင်ဘက်သို့ ထွက်လာလိုက်မိလေ၏။

ဇာတ်ရုံရှေ့ ဘုရားရင်ပြင်တော်မြေကွက်လပ်၌ မိုးမိုးနှင့် ထင်ကျော်တို့လင်မယားစုံတွဲ လူးလိမ့်ကာ လုံးထွေးသတ်ပုတ်နေကြသည်ကို လှမ်းမြင်နေရ၏။ ပုဆိုးကျွတ်သူကျွတ်နှင့် ထမီကျွတ်သူကျွတ်ကာ ကြည့်မကောင်းအောင်ဖြစ်နေ၏။ သူတို့ဘေး၌ ဝိုင်းအုံကြည့်နေသောလူတို့မှာ ထိုလင်မယားကို တစ်ဦးစီဝင်ဆွဲနေသော်လည်း မည်သို့မျှဝင်ဆွဲလို့မရချေ။

တစ်ခါတရံ ထိုလူများပင် အထိုးခံ၊ အရိုက်ခံနေကြရ၏။ ထို့ကြောင့် ကျွန်ုပ်မှာ လင်မယားနှစ်ဦးအနီးသို့ အပြေးအလွှားသွား



ကာ ကျွန်ုပ်လက်ဝါးဖြင့် တစ်ယောက်တစ်ချက်စီရိုက်ပုတ်ကာ ထိုနှစ်ဦးကို ခွဲပစ်လိုက်ရ၏။ ထိုအခါမှ အနီးရှိလူများက သူတို့နှစ်ဦး၏ အဝတ်အစားများကို ကောက်ယူပစ်ပေးကာ သူတို့ကိုဝတ်စေလိုက်၏၊ တစ်ဆက်တည်းမှာပင် မိုးမိုးတို့လင်မယားအား ဇာတ်ရုံထဲသို့ဝင်သွားရန် ကျွန်ုပ်ကပင် အမိန့်ပေးလိုက်ရ၏။

"နင်တို့လင်မယားရန်ဖြစ်တာ ဒါနောက်ဆုံးအကြိမ်ဖြစ်ပါစေနော်၊ ဇာတ်ရုံထဲမှာထပ်ဖြစ်ရင်တော့ နင်တို့ကို ဒီရွာက လူကြီးတွေလက်အပ်ပြီး ထားခဲ့မယ်. . ကြားလား"

ဇာတ်ရုံဆီသို့သွားနေသော မိုးမိုးတို့လင်မယားကို လှမ်းအော်ပြောပြီးနောက် ဘုရားရင်ပြင်တော်ဘက် ဆက်လျှောက်ကာ အရိပ်ကောင်းသောနေရာတစ်ခုတွင် ခေတ္တဝင်ထိုင်၍ အမောဖြေလိုက်၏၊ ထိုခဏ မန်နေဂျာ ဦးတင်ဦးရောက်လာကာ ကျွန်ုပ်အား စကားဆိုလိုက်၏။

"မိုးမိုးတို့လင်မယားရန်ဖြစ်တာ ဘာကြောင့်လို့ ဇာတ်ဆရာထင်လဲ"

ဦးတင်ဦးစကားကြောင့် ကျွန်ုပ်က သူ့အား မျက်လုံးပင့်ကြည့်ကာ ပြုံး၍မေးလိုက်ရ၏။

"နေပါဦး. . လင်မယားရန်ဖြစ်တာ ဘာဆန်းတာမှတ်လို့လဲဗျာ လင်နဲ့မယား လျှာနဲ့သွားလေဗျာ"

"ဇာတ်ဆရာပြောတာမှန်ပါတယ်၊ ဒါပေမယ့် သူတို့လင်မယား

www.burmeseclassic.com

www.burmeseclassic.com



က ရိုးရိုးရန်ဖြစ်တာမဟုတ်ဘူး၊ ပယောဂကြောင့်ဖြစ်ကြတာ"

"ဘယ်လို. . ပယောဂ ဟုတ်လား"

ဦးတင်ဦးစကားကြောင့် ကျွန်ုပ်က အံ့အားသင့်စွာ အလန့်တကြား ထပ်၍မေးလိုက်မိပြန်၏။

"ဟုတ်တယ် ဇာတ်ဆရာ၊ ဒီနယ်မြေက အရမ်းကြမ်းတယ်လို့ ရွာလူကြီးတွေကပြောတယ်၊ မြွေဆိုးတွေကလည်း ပေါမှပေါ၊ ပြီးတော့ လက်ဝါးကြီးက သည်းမခံတတ်ဘူးလို့ပြောတယ်"

"နေပါဦး. . ခင်ဗျားစကားက ပြောလေရှုပ်လေဖြစ်နေပြီ၊ ဘယ်က လက်ဝါးကြီးလဲဗျ၊ ကျုပ်ကိုနားလည်အောင် ရှင်းပြစမ်းပါဦး"

"အင်း. . ကျွန်တော်လည်း ဒီရွာကိုစရောက်တည်းက ပြောမလို့ပဲ၊ ဒါပေမယ့် ဇာတ်ဆရာနဲ့ ကျွန်တော်နဲ့က အေးအေးဆေးဆေး စကားပြောချိန်မရတာနဲ့ မပြောဖြစ်ခဲ့ဘူး၊ ဒီလိုဇာတ်ဆရာရေ၊ လက်ဝါးကြီးဆိုတာက ဒီနယ်မှာ အတော့်ကို နာမည်ကြီးတာ၊ ပြောရရင် ကွင်းပိုင်ဆိုမလား၊ နယ်ပိုင်ဆိုမလား၊ အင်းပိုင်ဆိုမလားပဲ၊ အဓိကကတော့ ဒီနယ်မှာ သူ့ဝိညာဉ်ရှိနေပြီး သူ့ကိုရိုသေတဲ့လူတွေဆို သူကစောင့်ရှောက်တယ်လို့ကြားတယ်၊ အဲ. . သူ့ကို မလေးမစားလုပ်လို့ကတော့ သူက လုံးဝသည်းမခံဘဲ တစ်ခုခုပြန်လုပ်လေ့ရှိတယ်တဲ့၊ အင်း. . အတော်တော့ ကြောက်စရာကောင်းတယ်"



ဦးတင်ဦးက ရှည်ရှည်လျားလျား စကားပြောလိုက်ရသဖြင့် မောသွားဟန် စကားစကို ခေတ္တဖြတ်ကာ သူ့အိတ်ကပ်ထဲမှ ဆေးပေါ့လိပ်တစ်လိပ်ကိုထုတ်ယူ၍ မီးညှိကာဖွာရှိုက်နေလေ၏။ ကျွန်ုပ်မှာ ဆန့်တငံ့ငံ့နားထောင်နေရသောကြောင့် စိတ်မရှည်နိုင်ဖြစ်တာ. . .

"ကဲ. . ဦးတင်ဦး၊ ခင်ဗျားက စကားဆက်ပြောမှာလား၊ အိုက်တင်ဆက်ထုတ်နေမှာလား"

ဟူ၍ ခပ်ဆတ်ဆတ်ပြောလိုက်တော့မှ ဦးတင်ဦးက ဆေးလိပ်ဖွာရှိုက်ခြင်းကို ခေတ္တရပ်ကာ စကားဆက်၍ပြောလေ၏။

"ဇာတ်ကြောင်းကတော့ ရာဇဝင်လိုလို၊ ပုံပြင်လိုလိုဖြစ်နေတယ်၊ ဇဟာဒီက ကျိုက်ခနိမ်စေတီတော်နဲ့ လက်ဝါးကြီးနဲ့ကလည်း ဆက်စပ်နေတယ်၊ ဒီကျိုက်ခနိမ်စေတီတော်ကြီးတည်ခဲ့တဲ့ ဘုရားဒကာက ဥမ္မာဒန္တီမင်းသမီးလို့ပြောတယ်၊ မှတ်တမ်းမှတ်ရာနဲ့ ခုနှစ်သက္ကရာဇ်အပြည့်အစုံကို ပြောပြနိုင်တဲ့ ရှေးလူကြီးသူမတွေကလည်း ဒီရွာမှာ တစ်ယောက်မှမရှိတော့ဘူး၊ ကျောက်စာရေးထွင်းထားတာသည်းမရှိတော့ ရာဇဝင်ကြောင်းက အဆက်အစပ်မဲ့ပြီး လမ်းစပျောက်နေတယ်၊ ကျွန်တော်သိခဲ့ရတာကတော့ အရပ်သားတွေ မိသမျှ သိသမျှပြောတဲ့ အရပ်ဇာတ်ကြောင်းပေါ့ဗျာ"

ဦးတင်ဦးက စကားစကို ခေတ္တဖြတ်လျက် ဆေးလိပ်တိုကို မီးညှိကာ တစ်ဖွာနှစ်ဖွာ အမြန်ဖွာရှိုက်လျက် စကားဆက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဥမ္မာဒန္တီတည်ခဲ့တဲ့စေတီဘုရားတွေကတော့ မြစ်ရိုးတစ်လျှောက်မှာ အတော်များများရှိတာကို ကျွန်တော်ဖူးမြော်ခဲ့ဖူးတယ်၊ တချို့ရာဇဝင်ကြောင်းတွေထဲမှာလည်း ဥမ္မာဒန္တီမင်းသမီး ပြေးရင်းလွှားရင်းနဲ့ ဘုရားတည်ခဲ့တဲ့အကြောင်းတွေ ကျွန်တော်ဖတ်ဖူးပါတယ်၊ ဟောဒီ မင်းတစုမှာတည်တဲ့ရာဇဝင်ကြောင်းတော့ မဖတ်မိခဲ့ဘူး၊ ဒါပေမယ့် ဒီကျိုက်ခနိမ်စေတီတော်ကြီးကို ဥမ္မာဒန္တီမင်းသမီးတည်ခဲ့တာတော့အမှန်ပဲ၊ ဘာကြောင့်လဲဆိုရင် အရပ်ကပြောတဲ့ရာဇဝင်ကြောင်းရယ်၊ ပြီးတော့ စေတီတော်ကြီးရဲ့ဖောင်းရစ်မှာ ထုထားတဲ့ ဘီလူးရုပ်တွေဟာ ဥမ္မာဒန္တီမင်းသမီးတည်ခဲ့တာကို သက်သေပြနေလို့ပဲ၊ ဥမ္မာဒန္တီမင်းသမီးတည်ခဲ့တဲ့စေတီဘုရားတိုင်းဖောင်းရစ်မှာ ဟောဒီဘီလူးရုပ်တွေ အမြဲပါတယ်"

ဦးတင်ဦးက ထိုင်ရာမှထကာ စေတီတော်ကြီး၏ဖောင်းရစ်ကို လက်ညှိုးထိုးပြနေသဖြင့် ကျွန်ုပ်လည်း ထိုင်ရာမှထကာ သူညွှန်ပြသည့်နေရာသို့ လိုက်လံကြည့်ရှုမိ၏။ မှန်သည်၊ စေတီတော်ကြီး၏ဖောင်းရစ်ပတ်လည်တွင် ဘီလူးရုပ်ခေါင်းပိုင်းများ ထွင်းထုထားသည်ကို လှမ်းမြင်ရ၏။

"ကဲ . . ဆက်ပါဦး၊ ခင်ဗျားပြောတဲ့ဇာတ်ကြောင်းက ပိုပြီးစိတ်ဝင်စားစရာကောင်းလာပြီ"

ကျွန်ုပ်က ဦးတင်ဦးစကားဆက်ပြောရန် လမ်းခင်းပေးပြီးယခင်နေရာမှာပင် ပြန်ထိုင်လိုက်၏။ ဦးတင်ဦးကလည်း ကျွန်ုပ်



ဘေး၌ဝင်ထိုင်၍ ဇာတ်ကြောင်းကို ဆက်ပြောလေ၏။

"အဲဒီ ဥမ္မာဒန္တီမင်းသမီးနောက်ကို မင်းညီမင်းသားတွေလိုက်ရာမှာ ဥမ္မာဒန္တီမင်းသမီးဟာ ပြေးရင်းလွှားရင်း ဒီနယ်ကိုရောက်လာတယ်၊ သူရောက်ခဲ့တဲ့နေရာတိုင်းမှာလည်း စေတီဘုရားတည်ခဲ့သလို ဒီနေရာမှာလည်း စေတီတစ်ဆူတည်ဖို့ စီမံတော်မူတယ်၊ အဲဒီအခါမှာ ဘယ်လိုမှတည်လို့မရဘူးဖြစ်နေတယ်၊ နောက်ဆုံး မင်းသမီးကို အိပ်မက်ပေးတယ်၊ အိပ်မက်ထဲမှာ မင်းသားတစ်ပါးကိုစတေးပြီးမှ ဒီနေရာမှာ ဘုရားတည်ရမယ်လို့ဆိုတယ်၊ ဒီလိုနဲ့ နောက်ကလိုက်လာတဲ့ မင်းညီမင်းသားတွေမမီခင် ဘုရားအမြန်တည်လို့ရအောင် သူနဲ့အတူပါလာတဲ့ မင်းလက်ဝါးဆိုတဲ့မင်းသားကို စတေးလိုက်ရတယ်၊ ဒီတော့မှ ဘုရားတည်လို့ရတယ်၊ အဲဒီစေတီဘုရားကို ကျိုက်ခနိမ်စေတီတော်လို့ ဘွဲ့တော်မှည့်ခေါ်ပြီး စတေးခံခဲ့တဲ့မင်းလက်ဝါးကို ဒီစေတီတော်ကြီးနဲ့ ဒီနယ်တစ်ဝိုက်မှာ ထိန်းသိမ်းစောင့်ရှောက်ဖို့ အပိုင်စားပေးသနားတော်မူတယ်လို့ အရပ်ပြောစကားအရသိရတာပဲ ဇာတ်ဆရာရေ"

ဦးတင်ဦးက စကားစကိုဖြတ်လျက် နေရာမှထရပ်ရင်း ဆေးလိပ်မီးညှိကာ ဖွာရှိုက်နေပြန်၏။ ကျွန်ုပ်မှာလည်း ဦးတင်ဦးပြောသည့်ဇာတ်ကြောင်းကို ထိုင်၍နားထောင်နေခဲ့ရာ ညောင်းညာလိုဖြစ်လာသဖြင့် ထိုင်နေရာမှ ဦးတင်ဦးနည်းတူ ထရပ်ကာ အညောင်းအညာဆန့်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဇာတ်ဆရာ. . ဟောဟိုဘက်နားကို လိုက်ခဲ့ပါဦး၊ ဇာတ်ဆရာကို လက်ဝါးကြီးနဲ့ပတ်သက်နေတာလေးတွေပြချင်လို့၊ ပြီးတော့ ဇာတ်လမ်းကမဆုံးသေးဘူး"

ဦးတင်ဦးက ပြောပြောဆိုဆို ရှေ့ဘက်သို့လျှောက်သွားလိုက်၏။ ထို့ကြောင့် ကျွန်ုပ်လည်း ဦးတင်ဦးနောက်မှ ခေါင်းတညိတ်ညိတ်လုပ်ရင်း လိုက်သွားမိလေ၏။ ကျိုက်ခနိမ်စေတီတော်ကြီး၏ အရှေ့မြောက်ဘက် တနင်္ဂနွေထောင့်အရောက်တွင် ဦးတင်ဦးက ခြေစုံရပ်လျက် နောက်မှလိုက်လာသောကျွန်ုပ်ကို လှမ်းကြည့်ကာ သူ့ရှေ့မလှမ်းမကမ်းရှိ ခရေပင်ကြီးအား လက်ညှိုးထိုးလျက် လှမ်းပြော၏။

"ဟောဒါ လက်ဝါးကြီးစောင့်တဲ့ ခရေပင်ညီနောင်ပဲ"

ကျွန်ုပ်က ဘာစကားမျှမဆိုဘဲ ဦးတင်ဦးရှင်းပြသမျှ နားထောင်ရင်း သေချာစွာလိုက်လံကြည့်ရှုနေမိ၏။ ခရေပင်ကြီးနှစ်ပင်မှာ ရှင်သန်ကြီးမားစွာရှိနေ၏၊ ထိုခရေပင်ကြီးနှစ်ပင်၏အရှေ့တွင် နတ်ကွန်းတစ်ခုရှိ၏။ နတ်ကွန်းစင်တွင် ပန်း၊ ရေချမ်း၊ အမွှေးနံ့သာများနှင့် ဖယောင်းတိုင်တို့ကို ထွန်းညှိပူဇော်ထား၏။

"ဒီခရေပင်ဟာ ဟိုတုန်းကရှိခဲ့တဲ့ မူလလက်ဟောင်း ခရေပင်နေရာပဲ၊ ဒါပေမယ့် (၁၃၃၇)ခုနှစ်က မုန်တိုင်းဒဏ်နဲ့ အဲဒီခရေပင်ကြီးဟာ ပင်ခြေကပြတ်ပြီး မုန်တိုင်းထဲပါသွားခဲ့တယ်၊ အဲဒါကြောင့် ဒီရွာကလူတွေက ဟောဒီခရေပင်ကို အသစ်ထပ်မံစိုက်ခဲ့



ကြတယ်၊ ဟောဒီမှာ အသစ်ထပ်စိုက်တဲ့ခရေပင် လူတစ်ရပ်စာ ထွက်တဲ့အချိန်မှာတော့ ဟောဒီခရေပင်ဟောင်းငုတ်တိုကနေပြီး ခရေပင်လေးထပ်ပေါက်လာတယ်၊ နောက် အခုမြင်တွေ့ရတဲ့ အတိုင်းပဲ၊ အဲဒါ လက်ဝါးကြီးရဲ့စောင့်ရှောက်မှုကြောင့်လို့ ဒီရွာက လူတွေ အလေးအနက် ယုံကြည်လက်ခံထားကြတယ်ဇာတ်ဆရာ"

"အင်းပေါ့ဗျာ. . ယုံကြည်မှုဆိုတာ လူတစ်ယောက်ရဲ့ ကိုယ်ပိုင်အခွင့်အရေးပဲဟာ၊ ဒါနဲ့နေပါဦး၊ မိုးမိုးတို့လင်မယားရန်ဖြစ်တာ နဲ့ လက်ဝါးကြီးနဲ့ ဘယ်လိုပတ်သက်နေလို့လဲ၊ ခင်ဗျားပြောတဲ့ ပယောဂဆိုတာက. . "

"ဟုတ်တယ် ဇာတ်ဆရာ၊ ပယောဂဆိုတာ ရိုးရိုးသားသား ဖြစ်တာမဟုတ်ဘူးလေ၊ အကြောင်းတစ်ခုခုကြောင့် တစ်စုံတစ်ယောက် အနှောင့်အယှက်ပေးခြင်းခံရတဲ့ရောဂါ ဒါမှမဟုတ် အဖြစ်အပျက်ကိုဆိုလိုတာ ဇာတ်ဆရာသိပါတယ်၊ အခု မိုးမိုးတို့ဖြစ်တဲ့ ကိစ္စဟာ ပယောဂလို့ ကျွန်တော်ပြောတာ လက်ဝါးကြီးလုပ်လိုက်တာ ပဲလို့ ဒီရွာကလူကြီးတွေပြောလို့ ကျွန်တော်လည်းပြောရတာ"

ဦးတင်ဦးက စကားစကိုဖြတ်ကာ ကျွန်ုပ်ကို အကဲခတ်ကြည့် လိုက်၏၊ ကျွန်ုပ်ကလည်း ဦးတင်ဦးပြောစကားများကို ပြန်လည် စဉ်းစားကြည့်လိုက်၏၊ ကျွန်ုပ်ကလည်း ဦးတင်ဦးပြောစကားများကို ပြန်လည်စဉ်းစားသုံးသပ်ကြည့်ရာ ခေါင်းထဲရှုပ်လာသဖြင့် ခေါင်းကို ခါယမ်းလိုက်၏၊ ထိုအပြုအမူကြောင့်. . .

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ. . ဇာတ်ဆရာက ကျွန်တော်ပြောတာ မယုံလို့လား"

ဦးတင်ဦးက အလျှင်အမြန်မေးလိုက်၏။ ကျွန်ုပ်က ဦးတင်ဦး ကို မျက်လုံးပင့်ကြည့်ရင်းမှ တည်ငြိမ်စွာပြန်ပြောလိုက်၏။

"လောကမှာ ကိုယ်တိုင်မကြုံတွေ့ မခံစားရတာနဲ့ သူများတွေ ဖြစ်ပျက်တာကို မယုံဘူးလို့ ဘယ်ပြောလို့ရမှာလဲဗျာ၊ ထူးခြား ဆန်း ကြယ်တဲ့ဖြစ်ရပ်တွေက ဖြစ်ပျက်နေတာ လောကမှာအများကြီး ဥစ္စာ"

"ဒီလိုဇာတ်ဆရာရေ၊ မိုးမိုးတို့လင်မယား ရန်မဖြစ်ခင်တုန်းက မိုးမိုးတစ်ယောက် ဟောဟိုမုခ်ဦးကမ်းစပ်မှာ ရေသွားချိုးတယ်လေ ရေချိုးပြီးတော့ ရေလဲမပါလို့ဆိုပြီး ထမိရင်လျားရေစိုကြီးနဲ့ ဟော ခရေပင်နတ်ကွန်းရှေ့ကဖြတ်ပြီး ဇာတ်ရုံကိုပြန်တာ ဘုရားရင်ပြ တော်ပေါ်မှာလည်း သူ့ထမိက ရေစက်တွေကျနေခဲ့တာပေါ့။ သ ဇာတ်ရုံကိုပြန်ရောက်ပြီး အဝတ်အစားလဲရုံရှိသေးတယ်၊ ထင်ကျေ ကခေါ်လို့ ဘုရားရင်ပြင်ပေါ်လိုက်အသွားမှာ လမ်းခုလတ်တ စကားများပြီး သတ်ကြပုတ်ကြဖြစ်တော့တာပါပဲ"

"အင်း. . အဲဒီလိုဆိုရင်တော့ ဖြစ်နိုင်တယ်၊ အေးဗျာ. . ဇာတ် ဆောက်ထားတာကလည်း ဘုရားရင်ပြင်တော်နဲ့ တစ်ဆက်တည် ဖြစ်နေတယ်၊ ပြီးတော့ ကျုပ်တို့ဇာတ်သမားတွေအတွက် အဝ အထွက်ပေါက်ကလည်း ဇာတ်ရုံရှေ့ပေါက်တစ်ခုတည်းရှိတာရယ်



ရေသုံးစွဲဖို့ကလည်း ဘုရားမုခ်ဦးကမ်းစပ်ကိုပဲ သွားရတာဆိုတော့ တော်ခက်တာပဲ၊ အင်း. . ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ထမိ င်လျားကြီးနဲ့ ဒီအပေါ်ဖြတ်လျှောက်တာတော့ ဘယ်ကောင်းမလဲ ဒါကြောင့်လည်း ပိုင်ရာဆိုင်ရာတွေက ဆုံးမလိုက်တာဖြစ်နိုင် တယ် ဒီအတိုင်းဆို ကျန်တဲ့ဇာတ်အဖွဲ့သားတွေကိုလည်း ဒီအကြောင်း ပြောထားမှဖြစ်မယ်"

"မှန်တယ်. . ဇာတ်ဆရာ၊ ဟောဒီ ကျိုက်ခနိမ်စေတီတော်ရဲ့ တ်ဝန်းကျင်မှာ ညစ်ညမ်းတဲ့အမူအရာနဲ့ ကြမ်းတမ်းတဲ့စကား တွေ လုံးဝပြောလို့မရဘူး၊ အဲဒီလိုပြုမူတဲ့သူဆိုရင် လက်ဝါးကြီးက ဒသည်းမခံဘူးတဲ့၊ လက်ဝါးကြီးကျိန်စာက ကြောက်ဖို့ကောင်း တယ် ဘုရားသာသနာတော်ကို စော်ကားသူတွေနဲ့ စေတီဘုရားကို တ်ဆီးတဲ့သူတွေမှန်သမျှ အသက်ဇီဝိန်ကြွေပျက်သည်ထိ စွမ်း ောင်နိုင်ရပါစေသားလို့ လက်ဝါးကြီးက သစ္စတေးခံ့ရစဉ်မှာ ကျိန်စာဆိုသွားတဲ့အကြောင်း ဒီနယ်ကလူတွေပြောတာ ကြားခဲ့ဖူး ယ် အဲဒီ လက်ဝါးကြီးရဲ့ကျိန်စာက ဒီနေ့အထိ တည်နေတာမို့ နေရာမှာ လုံးဝအမှားမခံဘူးတဲ့"

"အေးဗျာ. . ခင်ဗျား အခုလို ကျုပ်ကိုသတိပေးတာ ကျုပ် ူးတင်ပါတယ်၊ အကြောင်းထူးရှိရင် ကျုပ်ကိုပြောပြပါဦး၊ တ်သမားတွေကိုလည်း လက်ဝါးကြီးအကြောင်း ခင်ဗျားလည်း ပြော တချုပ်လည်းပြောမယ်. . ဟုတ်ပြီလား၊ ဒါမှ ဆောင်ရှင်

www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံပေါ့ဗျာ"

ကျွန်ုပ်က ပြောပြောဆိုဆို ဇာတ်ရုံထဲသို့ဝင်ရန် ခြေလှမ်းပြင် လိုက်စဉ် ဦးတင်ဦးက ခေါင်းညိတ်ပြလျက်ရှိ၏။ မကြာမီ စေတီ ရင်ပြင်နှင့် မနီးမဝေး မလှမ်းမကမ်းရှိ ဇာတ်ရုံထဲသို့ ကျွန်ုပ်ပြန်ဝင် လာခဲ့မိတော့၏။ ဇာတ်သူဇာတ်သားအချို့မှာ သူတို့၏နေရာများ၌ အိပ်မောကျလျက်ရှိ၏။ မီးခွက်ကိုင်သော ဘဘဦးလှမောင်ကြီး တစ်ယောက်သာလျှင် မီးကြိုးမီးခွက်များကို တကုတ်ကုတ်ဖြင့် တပ်ဆင်နေပါလေ၏။

နောက်တစ်နာရီမျှကြာသောအချိန်တွင် ကျွန်ုပ်မှာ ဇာတ်အဖွဲ့သူအဖွဲ့သားများကို အစည်းအဝေးခေါ်ယူကာ လက်ဝါးကြီး အကြောင်းနှင့် မိုးမိုးတို့လင်မယားဖြစ်ပျက်ပုံအကြောင်းတို့ကို ပြောပြ ရ၏။ ပြီးနောက် ဤနေရာမှ ဇာတ်မထွက်ခွာမီ အနေအထိုင် အပြော အဆိုဆင်ခြင်၍ နေထိုင်ပြောဆိုကြရန်နှင့် မြွေအန္တရာယ်ကိုပါ သတိ ထားရှောင်ရှားရန် မှာကြားရလေ၏။ ထိုညက ကျွန်ုပ်ကိုယ်တိုင် သတိကြီးစွာထားလျက် ဘုရားရှိခိုး မေတ္တာပို့၊ အမျှအတန်းဝေပြီးမှ အိပ်ယာဝင်မိလေ၏။

◆ ◆ ◆

ထိုနေ့ညသန်းခေါင်ယံအချိန်တွင် ရွာဘက်မှလူတစ်စု၏ ဆူဆူညံညံအသံများကို ကြားလိုက်ရ၏။ ကျွန်ုပ်ဇာတ်ရုံအရှေ့ဘက် ဆီမှ အော်ဟစ်ပြောဆိုနေသောအသံများကို ကြားရလေ၏။ ကျွန်ုပ်



မှာ ဇာတ်ရုံအပြင်ဘက်သို့ထကြည့်ကာ စူးစမ်းချင်စိတ်ရှိသော်လည်း မှောင်မဲနေသောဇာတ်ရုံထဲသို့ လမ်းမလျှောက်ဝံ့သဖြင့် အသာပင် ငြိမ်နေလိုက်ရ၏။

နံနက်မိုးလင်းသောအခါမှ ရွာထဲသို့လျှောက်ကာ ညက ဆူဆူ ညံညံအဖြစ်အပျက်ကို စုံစမ်းကြည့်ရာ အလုံးစုံသိရတော့၏။ အကြောင်းစုံမှာ ဇာတ်ရုံအပြင်ဘက် ဘုရားရင်ပြင်တော်တစ်ခြမ်း တွင် ပွဲဈေးတန်းရှိ၏။ ထိုပွဲဈေးတန်းတွင် လက်ဖက်ရည်ဆိုင်၊ အကြော်ဆိုင်၊ ဘိန်းမုန့်၊ ကောက်ညှင်းထုပ်၊ ကွမ်းယာ၊ ကြံရည်ဆိုင် စသည်ဖြင့် အမည်မျိုးစုံသောဈေးဆိုင်များ ခင်းကျင်းကာ ရောင်းချ လျက်ရှိ၏။

ထိုဈေးဆိုင်တန်းနှင့် မလှမ်းမကမ်း အရှေ့ဘက်တွင်မူ လက်ဝါးကြီးနတ်ကွန်းရှိရာ ခရေပင်ကြီးနှစ်ပင်ရှိ၏။ ထိုခရေပင်နှင့် မနီးမဝေးဈေးဆိုင်မှာ အကြော်ဆိုင်ဖြစ်၏။ ထိုညက အကြော်ဆိုင်မှ မခင်တုတ်ဟူသောအမျိုးသမီးသည် အကြော်ကြော်နေရင်း အပေါ့ အပါးသွားချင်လာ၍ ဈေးဆိုင်အနီး၌ပင် ကိစ္စကိုပြီးစေ၏။ မခင်တုတ် အပေါ့အပါးသွားရာနေရာမှာ သတိမထားမိ၍လားမသိ၊ လက်ဝါး ကြီး၏ ခရေပင်အကိုင်းအခက်တို့ အုပ်မိုးထားရာနေရာဖြစ်နေ၏။

မခင်တုတ် အပေါ့အပါးသွားပြီး အကြော်ဆိုင်၌ အကြော် ပြန်ကြော်နေစဉ် သူမဝမ်းဗိုက်မှအောင့်တက်လာကာ ရုတ်ချင်း သတိလစ်မေ့မြောသွားသဖြင့် အနီးအနားရှိလူများက ဇရပ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



ခေါ်တင်သွားကြရ၏။ ဇရပ်ပေါ်ရောက်သည့်အချိန်တွင် မခင်တုတ်မှာ. . .

"အံမယ်လေး. . ကြောက်ပါပြီ၊ ကြောက်ပါပြီ၊ နောက်မလုပ် တော့ပါဘူး၊ တောင်းပန်ပါတယ်၊ ခွင့်လွှတ်ပါ"

တစာစာအော်ရင် ရှန်းရင်းကန်ရင်းဖြင့် အသက်ထွက်သွားကြောင်းသိရလေ၏။ ကျွန်ုပ်မှာ စိတ်မကောင်းကြီးစွာဖြစ်ရသည့်အပြင် ကျွန်ုပ်ဇာတ်အဖွဲ့မှလူများအတွက်လည်း ပူပန်သောကဖြစ်မိရလေ၏။ ရွာသားများပြောဆိုနေသည့်စကားသံများမှာ ကျွန်ုပ်၏နားဝ၌ပဲ့တင်ထပ်ကာ ကြားယောင်နေမိကာ ကျွန်ုပ်ကိုယ်မှာကြက်သီးတဖြန်းဖြန်းထလျက်ရှိလေ၏။

"လက်ဝါးကြီးကို မရိုမသေလုပ်ရင် အသက်ဆုံးရှုံးရတဲ့အထိဒုက္ခရောက်တတ်တယ်"

ထိုနေ့ ထိုအချိန်မှစ၍ ကျွန်ုပ်မှာ ကိုးလုံးပုတီးကို လက်မှမပြတ်ကိုင်ရင်း သမ္ဗုဒ္ဓေဂါထာတော်ကြီးကို မရပ်မနားရွတ်ဆိုနေလေရာ မည်မျှအကြိမ်အရေအတွက်ထိ ရွတ်ဆိုနေမိသည်ကိုပင်သတိမထားမိနိုင်ရှာပေ။

◆ ◆ ◆

မင်းတစုရွာသို့ ကျွန်ုပ်တို့ဇာတ်အဖွဲ့ (၂)ရက်မျှ ကြိုတင်ရောက်နေခဲ့ကြ၏။ သုံးရက်မြောက်ညတွင် ဇာတ်ပွဲစတင်ကပြရမည်ဖြစ်ရာ ထိုသုံးရက်မြောက်နေ့နံနက်ပိုင်းတွင် ညပိုင်းပွဲခင်းလုံခြုံ



ရေးအတွက် အကူအညီတောင်းခံရန် ရွာလူကြီးဦးစံသွယ်၏အိမ်သို့ ကျွန်ုပ်ထွက်လာလိုက်၏။ ဦးစံသွယ်၏အိမ်သို့မရောက်မီ လမ်းခုလတ်၌ ပြည့်စုံကဖီး၌ ဦးစံသွယ်နှင့် ကိုဖိုးဆောင်းတို့နှစ်ဦးကို တွေ့လိုက်ရရာ ထိုလက်ဖက်ရည်ဆိုင်သို့ဝင်၍ အကျိုးအကြောင်းပြောရ၏။ ဦးစံသွယ်၊ ကိုဖိုးဆောင်းတို့နှင့် အလ္လာပသလ္လာပစကားများပြောနေစဉ် ဦးစံသွယ်မှ. . .

"ကဲ. . ဇာတ်ဆရာ၊ ခင်ဗျားတို့က ခုမှ ဒီရွာကိုရောက်ဖူးတော့ ဒီဒေသရဲ့အလေ့အထနဲ့ အထာတွေကို သိပုံမရသေးဘူး၊ ခင်ဗျားတို့ကလည်း အစောကြီးတည်းက စုံစမ်းလေ့လာခြင်းမရှိဘူး၊ ကျုပ်တို့ကလည်း ခင်ဗျားတို့ကိုပြောပြထားဖို့ အချိန်မရဘူးဖြစ်နေတယ်၊ အမှန်က ဒီရွာကိုဝင်ဖို့ ကျိုက်ခနိမ်စေတီကို ဦးခိုက်တာနဲ့ စည်တော်တီးပြီး ဦးခိုက်ရမှာ၊ ဟိုးတုန်းကဇာတ်တွေဆိုရင်လည်း ဒီရွာဝင်တာနဲ့ စည်တီးပြီးဝင်ကြတာ၊ လက်ဝါးကြီးက စည်တီးပြီးဝင်မှကြိုက်တာ၊ အဲဒီလိုကြိုက်မှုလည်း ခင်ဗျားတို့ကို သူစောင့်ရှောက်မှာဗျ"

ဦးစံသွယ်ရှင်းပြမှ ကျွန်ုပ်မှာ ခေါင်းနဘမ်းကြီးသွားမိ၏။ ကျွန်ုပ်တို့ဇာတ်အဖွဲ့မှာ ဤမင်းတစုကျေးရွာ၌ တစ်ခါဘူးမျှ ဇာတ်သာကခဲ့ခြင်းမရှိပေ။ ဇာတ်သမားတစ်ဦးစ နှစ်ဦးစသာလျှင် အခြားဇာတ်အဖွဲ့နှင့် ဤရွာသို့လာခဲ့ဖူးကြောင်းသိရ၏။ ထိုကဲ့သို့ တစ်ခါဘူးမျှ ရောက်ခဲ့ခြင်းမရှိသောအရပ်ဒေသဖြစ်၍ ဤရွာ၏ဓလေ့

www.burmeseclassic.com

www.burmeseclassic.com



ထုံးစံကို ကျွန်ုပ်မှာ ဘာမှမသိခဲ့မိချေ။ ထို့ကြောင့် စည်တော်တီးပြီး ကျိုက်ခနိမ်စေတီတော်ကြီးကို ဦးမတိုက်ခဲ့မိခြင်းကို ကျွန်ုပ်မှာ နောင်တကြီးစွာရနေမိ၏။

ထို့ကြောင့် ကျွန်ုပ်၏စိတ်ထဲမှ လက်ဝါးကြီးကိုရည်မှန်းကာ ကြိတ်၍တောင်းပန်နေမိ၏။ ထိုစဉ် . . .

"ကဲပါဗျာ . . မသိလို့လုပ်မိတာပဲ၊ တောင်းပန်ရင် ကျေနပ်မှာပါ၊ အဲ . . တစ်ခုတော့ရှိတယ်၊ ဒီညဇာတ်ကရမှာဆိုတော့ ဒီနေ့နေမွန်းမတည့်ခင် လက်ဝါးကြီးနတ်ကွန်းသွားပြီး ငှက်ပျောပွဲ၊ အုန်းပွဲနဲ့တိုင်တည်ဗျာ၊ ပြီးတော့ ခင်ဗျားတို့လိုရာဆုတောင်းပေါ့၊ တစ်ခုတော့ရှိတယ်၊ ကန်တော့တဲ့အခါမှာ ခြောက်စုံပိုင်းတော့ပါဖို့လိုတယ်နော်"

ကိုဖိုးဆောင်းက ဝင်၍ရှင်းပြ၏။ ထို့ကြောင့် ကျွန်ုပ်ကလည်း အခက်အခဲကိုပြောပြရ၏။

"ခြောက်စုံပိုင်းကတော့ ဇာတ်ထဲမှာပါပြီးသားမို့ မခက်ခဲပါဘူး၊ ခက်ခဲနေတာက အုန်းပွဲ ငှက်ပျောပွဲပြင်ဖို့ ဘယ်မှာဝယ်ရမလဲဆိုတာပဲ၊ ဒီရွာမှာတ ဈေးမရှိတော့ . ."

"ကဲ . . ကဲ အုန်းပွဲ ငှက်ပျောပွဲအတွက်တော့ ခင်ဗျား ဘာမှမပူနဲ့၊ ကျုပ်တို့ရွာမှာ အဲဒီလိုကန်တော့ပွဲကိစ္စ လုပ်တတ်တဲ့သူရှိတယ်၊ ကျွန်တော် မကြာခင် ဇာတ်ရုံကိုလွှတ်ပေးလိုက်မယ်၊ ဇာတ်ဆရာဘက်ကသာ ခေါင်းဆောင်ပိုင်းမင်းသား၊ မင်းသမီးနဲ့ ခြောက်စုံ



ပိုင်းတို့ အဆင်သင့်ပြင်ထားလိုက်ပါ၊ အချိန်သိပ်မရှိတော့ဘူး၊ အခုပဲ ဆိုးနာရီကျော်နေပြီ၊ ဇာတ်ဆရာ သွားပြီးပြင်ဆင်တော့၊ သွား . . သွား"

ကျွန်ုပ်လက်မှ နာရီကိုငုံ့ကြည့်ပြီးနောက် ဦးစံသွယ်နှင့် ကိုဖိုးဆောင်းတို့ကိုနှုတ်ဆက်၍ ပြည့်စုံလက်ဖက်ရည်ဆိုင်မှ ဇာတ်ရုံဆီသို့ သုတ်ခြေတင် ပြန်ပြေးခဲ့ရလေတော့သည်။

◆ ◆ ◆

ခရေပင်ကြီးနှစ်ပင်ရှေ့ရှိ နတ်ကွန်းရှေ့၌ စားပွဲခုံတစ်ခုခင်းတာ ထိုစားပွဲခုံပေါ်၌ အုန်းပွဲ ငှက်ပျောစုံလင်သော ကန်တော့ပွဲလေးပွဲအား တင်ထား၏။ နတ်ကွန်း၌ ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိထားပြီး ကန်တော့ပွဲတိုင်းရှိ အုန်းသီးများပေါ်တွင်လည်း ဖယောင်းတိုင်တစ်တိုင်စီ ထွန်းညှိထား၏။

ထိုကန်တော့ပွဲပြင်ထားရာ စားပွဲဝိုင်းအနီး ဘေးပတ်လည်၌မူ မိန်းမကြီးသုံးဦးနှင့် ယောက်ျားကြီးတစ်ဦးရပ်နေ၏။ ထိုသူတို့မှာ အားလုံး အသက်ငါးဆယ်ကျော်အရွယ်ရှိကြ၏။ ကျွန်ုပ်နှင့် မင်းသား၊ မင်းသမီးများအပါအဝင် ဇာတ်သူဇာတ်သားတို့မှာ နတ်ကွန်းရှေ့ကန်တော့ပွဲတင်ထားရာ စားပွဲခုံကို မျက်နှာမူထိုင်နေရင်း ထိုသူတို့၏လှုပ်ရှားမှုများကို အာရုံမပြတ်ကြည့်နေရလေ၏။

"ကဲ . . လူစုံရင် စကြရအောင်၊ ဆိုင်းဝိုင်းက အမည်ခေါ်ရာ စည်တော်ယွန်းစေဗျား"

www.burmeseclassic.com

www.burmeseclassic.com



ကန်တော့ပွဲပြင်ပေးသည့်လူကြီးက ကျွန်ုပ်တို့ဘက်လှည့်ကာ လှမ်းပြောလိုက်၏။ ပြီးနောက် သူ့ရှေ့မှကန်တော့ပွဲကို မယူလိုက်၏။ ပွဲမြှောက်သူလူကြီးမှာ လက်ထဲမှကန်တော့ပွဲအား မြင့်ချည် နိမ့်ချည် လုပ်လျက် ပင့်မြှောက်နေ၏။ ကျန်အမျိုးသမီးကြီးနှစ်ဦးက ထိုလူကြီး၏ဘယ်ညာတွင် အသီးသီးရပ်လျက်မှ ရေမွှေးဖျန်းသူဖျန်း၊ သပြေခက်နှင့် ရိုက်သူရိုက်ကာ နှုတ်မှလည်း တတွတ်တွတ်ပြောနေကြ၏။

"လက်ဝါးကြီးကို ပင့်ဖိတ်ပါတယ်၊ ဤနေရာ ဤဌာနသို့ ကြွရောက်တော်မူပါ၊ ဟောဒီက ဇာတ်အဖွဲ့သူ အဖွဲ့သားများက ရိုသေသမှုနဲ့ ဂါရဝပြုပါတယ်၊ ဆုန်းပွဲ ငှက်ပျောပွဲနဲ့လည်း တင်မြှောက်ပါတယ်၊ အမိုက်အမှားများရှိရင် ခွင့်လွှတ်တော်မူပါ"

ပင့်မြှောက်သူလူကြီးက ဆုန်းပွဲ ငှက်ပျောပွဲကို စားပွဲခုံပေါ်သို့ ပြန်တင်ထားပြီး မျက်စိကိုမှိတ်လျက် လက်အုပ်ချီကာ သူ၏နဖူးကို ရိုက်နေလေ၏။ ထို့ပြင် ဆိုင်းဝိုင်းသံနှင့်အတူ သူ၏ခန္ဓာကိုယ်မှာလည်း ဘယ်ညာယိမ်းလျက် စည်းချက်ညီစွာ ကခုန်နေဟန်ရှိ၏။ အတန်ကြာသည်ထိ ပုံစံမပျက်လှုပ်ရှားနေရင်းမှ ယိမ်းကခြင်းကို ရပ်လျက် သူ၏မျက်စိကိုပွင့်သပ်ကာ. . .

"အင်း. . ခင်များတို့ဇာတ်အဖွဲ့က လိုအပ်ချက်တွေ၊ အနှောင့်အယှက်တွေရှိနေပြီထင်တယ်၊ လက်ဝါးကြီးကို ဘယ်လိုမှ ပင့်မြှောက်လို့မရဘူးဖြစ်နေတယ်"

ကျွန်ုပ်တို့ဘက်လှည့်ကာ ပြောလိုက်၏။ ကျွန်ုပ်မှာ ထိုလူကြီး၏စကားကြောင့် စိတ်ရှုပ်သွားမိပြန်၏။ ထိုစဉ် ကန်တော့ပွဲပြင်ပေးသူ‌ခိန်းမကြီးတစ်ဦးမှာ ရုတ်ချည်းခုန်ပေါက်ကာ ကျွန်ုပ်တို့ရှေ့လာရပ်ပြောပြန်လေ၏။ သူမ၏တစ်ကိုယ်လုံး တုန်ခါနေ၏။ သူမ၏မျက်လုံးကြီးများမှာလည်း ပြူးထွက်နေ၏။



"မင်းတို့အားလုံး သေကုန်တော့မယ်. . ဟင်း. . တောက်"

အသံကျယ်လောင်စွာဖြင့် ကျွန်ုပ်တို့အဖွဲ့အား လက်ညှိုးထိုးကာ 'တောက်'ခေါက်လိုက်သောကြောင့် ကျွန်ုပ်တို့အားလုံး လန့်သွားကြ၏။ ထို့ကြောင့် ကျွန်ုပ်တို့အဖွဲ့သားအားလုံးမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဘာမှနားမလည်နိုင်သလိုရှိနေကြ၏။

ကျွန်ုပ်ဘေး၌ ကပ်လျက်ထိုင်နေသော မင်းသားကြီးဦးသိန်းနိုင်တမူ ကျွန်ုပ်အားလက်တို့၍ မတ်တပ်ထရပ်ခိုင်းနေ၏။ သူ၏ခေါင်းကိုလည်း ရှေ့သို့ထိုးပြနေ၏။ ကျွန်ုပ်နားလည်သည်မှာ နတ်ဝင်နေသူအား ထ၍မေးမြန်းပြောဆိုစေချင်ပုံရ၏။ ထို့ကြောင့် ကျွန်ုပ်မှာ နတ်ဝင်နေသူအမျိုးသမီးကြီးနှင့် မျက်နှာချင်းဆိုင်ကာ ထစ်ထစ် ငေါ့ငေါ့ဖြင့်မေးရပြန်၏။

"ကျွန်တော်တို့မှာ ဘာအပြစ်များရှိပါသလဲခင်ဗျာ၊ ရှိရင်ပြောပါ"

ကျွန်ုပ်၏စကားကြောင့် နတ်ဝင်သူအမျိုးသမီးကြီးမှာ မျက်လုံး အပြူးသားဖြင့် ကျွန်ုပ်၏မျက်နှာရှေ့သို့ထိုးလာကာ. . .

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့က ငါ့ကိုပေါ့ပေါ့ဆဆနဲ့လုပ်ကြတာပေါ့ ဟုတ်လား. . ဟား. . ဟား. . ဟား၊ မင်းတို့ဆိုင်းဝိုင်းမှာ ဒါဘာဖြစ်လို့ မပါတာလဲကွ. . ပေား ငါ့ကိုစမ်းကြတာပေါ့. . ဟုတ်လား၊ တောက်. . ငါကွာ. . မင်းတို့ကို လုံးဝမကျေနပ်ဘူး"

နတ်ဝင်သူအမျိုးသမီးကြီးက သူမ၏နှုတ်ခမ်းဝ၌ လက်ဆယ်ချောင်းတိုလှုပ်၍ နှုတ်သည့်ဟန်ပြကာ ကြိမ်းမောင်းပြောဆိုနေပြန်၏၊ ကျွန်ုပ်တို့အားလုံးမှာမူ ဘာမျှပြန်မပြောနိုင်အောင်ဖြစ်လျက် ကျွန်ုပ်တို့ဆိုင်းဝိုင်းကို အကဲခတ်ကြည့်သောအခါမှ ဆိုင်းဝိုင်း၌ နဲ့သမားမပါသည်ကို သတိပြုမိတော့၏။ ထိုစဉ် ပွဲကြည့်ပရိသတ်ထဲမှ ရွာလူကြီးတစ်ဦးက ဝင်၍တောင်းပန်ပေး၏၊

"လက်ဝါးကြီးရယ်. . သူတို့ခမျာမှာလည်း ဒီအရပ်ကို မရောက်ဖူးသေးကြတဲ့အတွက် လိုအပ်ချက်လေးတွေရှိရင် ခွင့်လွှတ်ပေးလိုက်ပါ၊ ဒီလောက်နဲ့ပဲ ကျေနပ်ပေးပါ၊ သူတို့အားလုံးက လက်ဝါးကြီးကို ရိုသေကြပါတယ်၊ သူတို့ဇာတ်ပွဲကို လူများများဝင်အောင်လည်း ကူညီစောင့်ရှောက်ပေးပါ၊ တောင်းပန်ပါတယ်"

"ဟုတ်ပါတယ် လက်ဝါးကြီးရယ်၊ ကျွန်တော်တို့သားသမီးတွေအပေါ်မှာ ငွေမယူပါနဲ့၊ ကျွန်တော်တို့အားလုံး လက်ဝါးကြီးကို ရိုသေလေးစားလို့ အခုလို ဂါရဝပြုကြတာပါ၊ နဲ့ဆရာကလည်း ညနေပိုင်းမှပြန်ရောက်မှာမို့ ခုလိုဖြစ်သွားရတာကို ခွင့်လွှတ်ပေးပါ၊ သားတော်တို့ရဲ့ဇာတ်ပွဲကို လူများများလာကြည့်အောင်လည်း ကူညီ



စောင့်ရှောက်ပေးပါ၊ ပိုးမွှားအန္တရာယ်ကလည်း ကာကွယ်ပေးပါ"

အာဝဇ္ဇာန်းရွှင်သော ဦးသိန်းနိုင်ကြီးကလည်း ဝင်၍တောင်းပန်နေပြန်ရာ. . .

"အေးပေါ့လေကွာ. . မင်းတို့ကတောင်းကြတယ်လို့မှတ်၊ ငါ့အလိုဆိုရင် မင်းတို့မလွယ်ဘူး၊ တောက်. . ခုတော့ ငါ့မယ်တော်က ဝင်ပြီး တောင်းပန်နေလို့ မင်းတို့သက်သာသွားတယ်လို့မှတ်ကြ. . ယင်း. . ဟင်း"

ကျွန်ုပ်မှာ ရိုသေသမှုနှင့် ဦးခေါင်းကိုငုံ့လျက် ငြိမ်နေ၏၊ အသံတိတ်သွား၍ ကျွန်ုပ်၏ဦးခေါင်းကို မော့ကြည့်မိသောအခါတွင် စောစောကနတ်ဝင်သူအမျိုးသမီးကြီးမှာ လူကောင်းပကတိအတိုင်း ပြန်ဖြစ်နေသည်ကိုတွေ့ရ၏။

"ကဲ. . တဲ ဒါဆိုရင် လက်ဝါးကြီးက ကျေနပ်ပါတယ်၊ ညပိုင်းဆိုင်းဝိုင်းစပြီးညှိခံတာနဲ့ စည်တော်ယွန်းပေးဖို့သာ မမေ့နဲ့၊ အားလုံး အဆင်ပြေသွားမှာပါ၊ လက်ဝါးကြီးကလည်း စောင့်ရှောက်ပေးမှာပါ"

ကန်တော့ပွဲများသိမ်းဆည်းနေရင်းမှ ကျွန်ုပ်တို့အားပြောကြားနေသည်ဖြစ်ရာ ကန်တော့ပွဲအစီအစဉ်ပြီးစီးသွားပြီမှန်း သိလိုက်၏။ ထို့ကြောင့် ကျွန်ုပ်တို့အဖွဲ့သားအားလုံး ထိုနေရာမှထကာ ဇာတ်ရုံဆီသို့ ပြန်လာခဲ့ကြတော့၏၊

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ညနေ (၅)နာရီထိုးသည်နှင့် ထုံးစံအတိုင်း ဆိုင်းဝိုင်းမှ ပတ်မ နှင့် လင်ကွင်းသံပေးလေ၏။ ယနေ့ည ဇာတ်ကမည်ဆိုသည့် အကြောင်း ကြိုတင်အသိပေးကြေငြာခြင်း အထိမ်းအမှတ်တစ်ခု ဖြစ်၏။ ထိုအရပ်မှာ လျှပ်စစ်မီးမရှိသောအရပ်ဖြစ်၍ မီးစက်မောင်း၍ မီးထွန်းရမည်ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်မှာ မီးစက်ကို ကြိုတင်စမ်းသပ်ထားရန် ဇာတ်ရုံအပြင်ဘက် မီးစက်ထားရာဆီသို့ထွက်လာခဲ့၏။

မီးစက်မောင်းသူ ကိုသိန်းဖေအား မီးစက်ကိုနှိုးစေ၏။ ဇာတ်ရုံထဲမှ အသံချဲ့စက်ကိုလည်းကောင်း၊ မီးခွင်များကိုလည်းကောင်း လာမလာ၊ ကောင်းမကောင်း စစ်ဆေးစေ၏။ အားလုံးစိတ်ချရပြီဆိုသောအခါမှ မီးစက်ကို ခေတ္တပြန်ပိတ်ထားလိုက်၏။ ထို့နောက် ဖျော်လက်မှတ်၊ ရုံဝင်လက်မှတ်များရောင်းရန် စီစဉ်ရပြန်၏။ ဤသို့ ဟိုပြေးသည်ပြေးနှင့်ပင် အချိန်မှာ ကုန်မှန်းမသိကုန်သွား၏။

မှောင်ရီပျိုးသည်နှင့် မီးစက်မောင်းကာ ဇာတ်ရုံအား မီးလင်းစေ၏။ ဆိုင်းဝိုင်းမှလည်း ဧည့်ခံတီးလုံးစတီးပေး၏။ လူတချို့ ဇာတ်ရုံထဲသို့ဝင်ကာ လေ့လာသယောင်ရှိကြ၏။ အချို့လူတို့ကမူ ဆိုင်းဝိုင်းဘေး၌ဝိုင်းအုံကာ ဆိုင်းလက်သံကို နားထောင်နေကြ၏။

ကျွန်ုပ်တို့ဇနီးမောင်နှံကမူ ရုံဝင်လက်မှတ်ရောင်းရန် ဇာတ်ရုံအရှေ့ဘက်ရှိ လက်မှတ်ရုံသို့လာခဲ့ကြ၏။ ကျွန်ုပ်တို့နှင့်အတူ လက်မှတ်ဝိုင်းရောင်းပေးရန် ပြဇာတ်မင်းသား တိုစိမ်းအောင်လည်း လိုက်



လာ၏။ ဇာတ်ရုံအရှေ့ဘက်ရှိ ပွဲဈေးတန်း၌မူ လူများတဖြည်းဖြည်း စည်ကားလာနေသည်ကို မြင်တွေ့ရ၏။ ထို့ကြောင့် ရုံဝင်လက်မှတ်ကို စတင်ရောင်းချလိုက်၏။

လက်မှတ်ဝယ်သူများပြားသောကြောင့် ကျွန်ုပ်တို့သုံးဦးမှာ လက်မလည်နိုင်အောင်ရှိ၏။ ဇာတ်ရုံထဲမှ ဆိုင်းဝိုင်းသံကလည်း ပို၍ မြိုင်ဆိုင်စွာ ထွက်ပေါ်နေလေရာ ပွဲဈေးတန်းလျှောက်သူတို့အား ရုံထဲသို့ဝင်ရန် မြူဆွယ်နေသယောင်ရှိ၏။ တကယ်လည်း ဇာတ်ရုံထဲသို့ လူများကြိတ်ကြိတ်တိုးဝင်လျက်ရှိနေ၏။ ထိုစဉ် ဧည့်ခံဆိုင်းဝိုင်းသံမှာ တိတ်ဆိတ်သွား၏။ အတန်ကြာသည့်တိုင် အသံပြန်မထွက်လာသောကြောင့် ကျွန်ုပ်မှာ ဇာတ်ရုံထဲသို့ အပြေးသွားရပြန်လေ၏။

ဇာတ်ရုံထဲဝင်မည်ပြုစဉ် ဇာတ်ရုံထဲ၌ မဲမှောင်နေသည်ကို လှမ်းမြင်ရသဖြင့် ကိုယ်ရှိန်သတ်ကာ ဇာတ်ရုံပေါက်ဝမှ မီးစက်မောင်းနေရာသို့ လှမ်းကြည့်အကဲခတ်လိုက်မိ၏။ မီးစက်ကို မောင်းမြဲမောင်းထားသဖြင့် ဇာတ်ရုံအပြင်ဘက်၌ မီးချောင်းများဖြင့် လင်းထိန်နေလေ၏။ ထို့ကြောင့် မီးစက်ဆရာကိုခေါ်၍ ဇာတ်ရုံထဲမှ မီးလိုင်းများကို စစ်ဆေးခိုင်းရ၏။

အတန်ကြာ၍ မီးစက်ဆရာ ဇာတ်ရုံထဲမှပြန်ထွက်လာသော အခါတွင် ဇာတ်ရုံထဲမှမီးလိုင်းများ အကောင်းပကတိရှိကြောင်း၊ မည်သည့်အပြစ်မှမရှိကြောင်းပြော၏။ ကျွန်ုပ်မှာ ဘာမှနားမလည်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ဖြစ်ကာ စိတ်ညစ်ရပြန်လေ၏။ မီးစက်ဆရာကိုယ်တိုင်လည်း မည်သို့မျှအဖြေရှာမရနိုင်ဖြစ်ကာ ခေါင်းတကုတ်ကုတ်ဖြင့် စိတ်ညစ်နေပုံရလေ၏။

ကျွန်ုပ်မှာ ယနေ့ည ဇာတ်ပွဲစတင်ကပြမည်ဖြစ်သောကြောင့် ရုံဝင်လက်မှတ်နှင့် ဖျာလက်မှတ်တို့ကို ကြိုတင်ရောင်းချပြီးဖြစ်ရာ မည်သို့ဆက်လုပ်ရမည်မှန်းမသိအောင် စဉ်းစားရခက်နေလေ၏။ ခေါင်းကိုတွင်တွင်ကုတ်၍ ဇာတ်ရုံရှေ့၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေစဉ် ရွာလူကြီးဦးစံသွယ်ရောက်လာကာ. . .

"ဒီမှာ ဇာတ်ဆရာ၊ ခင်ဗျားစိတ်ညစ်နေလို့ ဘာမှဖြစ်လာမှာ မဟုတ်ဘူး။ ကျွန်တော်ပြောမယ်၊ ချက်ချင်း အုန်းငှက်ပျောပွဲပြင်ပြီး ခင်ဗျားနဲ့ ခင်ဗျားဇာတ်ထဲက ခေါင်းဆောင်ပိုင်းလူတွေခေါ်ပြီး လက်ဝါးကြီးဆီမှာ သွားတောင်းပန်လိုက်၊ ဆိုင်းဝိုင်းကိုလည်း စုံစုံညီညီ မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ စည်တော်တီးလုံးကိုပြန်တီးခိုင်း၊ ကဲ. . သွား. . သွား အချိန်မရှိဘူး။ ဒီလိုမှမလုပ်ရင် ဒီည ခင်ဗျားဇာတ်ပွဲကလို့မရဘဲ ပွဲပျက်သွားလိမ့်မယ်"

ပျာပျာသလဲပြောသောကြောင့် ကျွန်ုပ်မှာ ရွာသူအမျိုးသမီးကြီးတစ်ဦးကို အုန်းငှက်ပျောပွဲ အတူအညီတောင်းပြီးနောက် လက်ဝါးကြီးကိုသွားကန်တော့ရန် အမြန်စီစဉ်ရလေ၏။ ဇာတ်ရုံထဲ၌ မှောင်မဲနေသည်ဖြစ်ရာ ဆိုင်းဝိုင်း၌ ဖယောင်းတိုင်မီးများ ထွန်းညှိပြီး စည်တော်တီးလုံးကို ကျွန်ုပ်ပြန်မလာမချင်း တီးပေးနေရန်



အတွက် ဆိုင်းဆရာကိုပြောရန် ဇာတ်ရုံထဲသို့ လက်နှိပ်ဓာတ်မီး အားကိုးဖြင့် ဝင်လာလိုက်၏။

"အောင်မယ်လေး. . လုပ်ကြပါဦး၊ မြွေတွေ. . မြွေတွေ"

"ဘုန်း"

"ဝုန်း"

"အောင်မယ်လေးဗျ"

ကျွန်ုပ်ဇာတ်ရုံထဲဝင်လိုက်စဉ်မှာပင် ဇာတ်ရုံထဲမှပြေးထွက်လာသူတို့နှင့် မျက်နှာချင်းဆိုင်ဝင်တိုက်မိကာ ကျွန်ုပ်နောက်သို့ ပက်လက်လန်လဲကျသွားရ၏။ ကျွန်ုပ်နည်းတူ ဇာတ်ရုံထဲမှလူအချို့လည်း မြွေဆိုသောအသံကြောင့် အလန့်တကြားထပြေးကြလေရာ အချင်းချင်းဝင်တိုက်၍ လဲကျသံ၊ အော်ဟစ်သံများ ဆူညံစွာထွက်ပေါ်လာ၏။

ကျွန်ုပ်မှာမူ လဲကျနေသည့်အပြင် လူတစ်ဦးကပါ ကျွန်ုပ်၏ ကိုယ်ပေါ်သို့ ထပ်ဆင့်လဲကျလာလေရာ အသက်ထွက်လုမတတ်ပင် ခံစားလိုက်ရ၏။ သို့သော်စိတ်ကိုတင်း၍ ကျွန်ုပ်ကိုယ်ပေါ်မှ လဲကျသူကို အားယူ၍ဖယ်ချပြီး ကျွန်ုပ်ကိုယ်ကို ပြန်ထရန် ကြိုးစား၍ လှုပ်ရှားလိုက်မိ၏။

"အား. . ကျွတ်. . ကျွတ်"

မှောင်မဲနေသောကြောင့် ကျွန်ုပ်အပေါ်လဲကျသူသည် မည်သူမည်ဝါမှန်းမသိရချေ။ သို့သော် ထိုလူတပင် ကျွန်ုပ်၏ကိုယ်ကို ဖေးမ

www.burmeseclassic.com

www.burmeseclassic.com



၍ အလိုက်သင့်ထူပေး၏။ ထိုအခါမှ ကျွန်ုပ်၏ခါး အတော်နာသွားကြောင်း သတိပြုမိ၏။

"ဇာတ်ရုံထဲမှာ မြွေတွေရှိတယ်ဟေ့၊ ဇာတ်ရုံထဲမလာကြနဲ့"

"အောင်မယ်လေး. . ကယ်ကြပါဦး"

ထိုအချိန်ထိ အော်ဟစ်သံ၊ ပြေးသံ၊ ချော်လဲသံများမှာ မှောင်မည်းမည်းဇာတ်ရုံကြီးထဲ၌ ထွက်ပေါ်နေဆဲရှိ၏။ ကျွန်ုပ်မှာ ခါးနာသွား၍ လမ်းကောင်းကောင်းမလျှောက်နိုင်သော်လည်း အားယူ၍ လျှောက်ကာ ဆိုင်းဝိုင်းထံအရောက်သွား၍ပြောရ၏။ ထို့နောက် မှောင်မှောင်မည်းမည်းဇာတ်ရုံထဲမှ မြွေမကြောက် ကင်းမကြောက်နိုင်ဘဲ လက်ဝါးကြီးထံသွားကန်တော့ရန် ခေါင်းဆောင်မင်းသား၊ မင်းသမီးတို့နှင့်အတူ ဇာတ်ရုံအပြင်သို့ စမ်းတဝါးဝါးထွက်ခဲ့ရပြန်လေ၏။

လက်ဝါးကြီးနတ်ကွန်းရှေ့၌ အုန်းပွဲ ငှက်ပျောပွဲများပြင်ဆင်ပြီး ဖယောင်းတိုင်၊ အမွှေးတိုင်များထွန်းညှိကာ ကျွန်ုပ်တို့အဖွဲ့သားများထိုင်၍ ကန်တော့လိုက်ကြ၏။ ဇာတ်ရုံထဲရှိ ဆိုင်းဝိုင်းမှလည်း စည်တော်တီးသံသဲ့သဲ့ကြားနေရ၏။ ခေါင်းဆောင်မင်းသား၊ မင်းသမီးများ လက်ဝါးကြီးနတ်ကွန်းရှေ့ လာရောက်ကန်တော့နေကြသည်ဖြစ်ရာ ပွဲကြည့်ပရိသတ်မှာ ကျွန်ုပ်တို့ဘေး၌ ဝိုင်းအုံနေကြ၏။

တချို့မှာ တိုးဝှေ့ကြည့်ကြသောကြောင့် မှောက်လဲကျကာ



ရန်ဖြစ်သံများလည်း ကြားနေရ၏။ ကျွန်ုပ်တို့အုပ်စုကိုယ်ပေါ်သို့ ယိုင်လဲကျလာသူအချို့လည်းရှိ၏။ မင်းသား၊ မင်းသမီးတို့မှာ ခိတ်တပ်လိမ်းခြယ်ထားပြီးဖြစ်နေ၍ ပရိသတ်မှာ ပို၍တိုးဝှေ့ကြည့်ကြ၏။ ထို့ကြောင့်. . .

"လက်ဝါးကြီးကျေနပ်သည်ထိ ရှိရှိသေသေနဲ့ ကျွန်တော်တို့အားလုံး တောင်းပန်ပါတယ်၊ အမှားများရှိရင် ခုချိန်ကစပြီး ခွင့်လွှတ်ပေးပါ၊ ကျွန်တော်တို့ပြုခဲ့သမျှ ကောင်းမှုအဖို့ဘာဂကိုလည်း ကျွန်တော်တို့နဲ့ ထပ်တူထပ်မျှ အမျှပေးဝေပါတယ်၊ ယူတော်မူပါ အမျှ. . အမျှ. . အမျှ"

ကျွန်ုပ်တို့အားလုံး ညီညီညာညာဆိုကာ တောင်းပန်မှုပြုကာ အမျှအတန်းပေးဝေလိုက်ကြ၏။ ပြီးနောက် ဇာတ်ရုံသို့ပြန်ရန် နောက်သို့လှည့်စဉ် ပွဲကြည့်ပရိသတ်ထံမှ ကျယ်လောင်သောအသံတစ်ခု ထွက်ပေါ်လာ၏။

"ဇာတ်ရုံထဲမှာ မီးပြန်လာပြီဟေ့"

"ဇာတ်ရုံထဲသွားကြမယ်"

ပွဲကြည့်ပရိသတ်မှာ ပြောပြောဆိုဆို ဇာတ်ရုံရှိရာသို့ အပြေးသွားနေကြလေ၏။ ဇာတ်ရုံအဝင်ဝ လော်စပီကာဆီမှလည်း စည်တော်ယွန်းသည့်ဆိုင်းသံက ကျယ်လောင်စွာထွက်ပေါ်လာနေသည်ကို ကြားရရာ ထိုအခါမှ ကျွန်ုပ်ရင်ထဲ၌ဆို့နေသော အပူလုံးကြီးမှာ ပျောက်သွားရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ . . လက်ဝါးကြီးကိုတောင်းပန်ပြီးပြီ သူကျေနပ်သွားလို့ ဇာတ်ရုံထဲမှာ မီးတောင်ပြန်လာနေပါပြီအေ၊ နောက်ထပ် ဘာအန္တရာယ်မှမဖြစ်တော့ပါဘူး၊ ညည်းတို့ မြွေကိုမြင်ချင်ပါတယ်ဆိုရင်တောင် မြင်ရမှာမဟုတ်တော့ဘူး၊ ကဲ . . လာ . . လာ ဖွဲ့ကဖို့ပြင်ဆင်ကြရဦးမှာမဟုတ်လား"

ပြောပြောဆိုဆိုဖြင့် ရုံထဲသို့ဝင်သွားရာ အမျိုးသမီးကြီးနောက် ကျွန်ုပ်အပါအဝင် အားလုံးလိုက်ဝင်ကြတော့၏။ ရုံထဲ၌မီးလင်းနေပြီး ဆိုင်းဝိုင်းမှလည်း သူလက်သံ လက်စွမ်းပြတီးခတ်နေသည်မှာ မြိုင်ဆိုင်လှသောကြောင့် မကြာမီ ပွဲကြည့်ပရိသတ်တဖွဲဖွဲဝင်ရောက်လာတော့၏၊ ထိုညက ပရိသတ် ရုံပြည့်ရုံလျှံအားပေးကြည့်ရှုကြသောကြောင့် ကျွန်ုပ်၏ဇာတ်ပွဲ မိုးစင်စင်လင်းသည်ထိ ကပြခဲ့ရ၏။

ကျွန်ုပ်မှာကား ရင်တဖိုဖိုနှင့်ပင် မိုးလင်းခဲ့ရပါ၏။ နောက်ညများတွင်လည်း ရင်တမမနှင့်ပင် ဇာတ်ပွဲကပြပြီးစီးခဲ့ရ၏၊ ထိုရွာမှာ ကျွန်ုပ်တို့ဇာတ်အဖွဲ့မပြောင်းရသေးမီအတွင်း ကျွန်ုပ်ရင်မှာစိုးရိမ်ပူပန်မှုများနှင့်သာ နပန်းလုံးခဲ့ရ၏။ ဇာတ်ပွဲသုံးညကပြီးမင်းတစုရွာမှ ဇာတ်မော်တော်ထွက်ခွါတော့မှပင် ကျွန်ုပ်ရင်မှာအေးချမ်းလျက် သက်ပြင်းချနိုင်ပါတော့သည်၊

◆ ◆ ◆

# ဒဏ္ဍာရီထဲကဝိညာဉ်

ကျွန်ုပ်လိုက်ပါသောဇာတ်အဖွဲ့သည် ပုသိမ်မြို့အနောက်ဘက်ရှိ ကံရွာသို့ ဇာတ်ပွဲကရန် သွားရောက်ခဲ့ကြရလေ၏။ ထိုကံရွာ၌ ဇာတ်ပွဲသုံးညကရန်ဖြစ်သည်။ ဘုရားပွဲဖြစ်သည့်အပြင် ကံထရိုက်ငှားပွဲဖြစ်သောကြောင့် ဇာတ်သူဇာတ်သားတို့မှာ ပျော်ရွှင်နေကြလေ၏။ ကံရွာမှာ ရွာကြီးတစ်ရွာဖြစ်၍ အိမ်ခြေပေါင်းထောင်ကျော်ရှိသောရွာဖြစ်သည်။

မြစ်၏ကမ်းနံဘေးတွင်ရှိ၍ လယ်ယာကိုင်းကျွန်းလုပ်ကိုင်စားသောက်နေထိုင်ကြသူများ၏။ ရွာ၏အရှေ့ဘက်နှင့် မြောက်ဘက်၊ တောင်ဘက်တို့တွင် လယ်ကွင်းများ တစ်မျှော်တစ်ခေါ်ရှိ၍ ရွာ၏အနောက်ဘက်ပိုင်းကိုကား ဧရာဝတီမြစ်မှခွဲထွက်လာသည့် ချောင်းရိုးက ရွာရိုးတစ်လျှောက် ဖြတ်သန်းစီးဆင်းနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ချောင်း၏ဟိုဘက်ကမ်းတွင်မူ အိမ်ခြေအနည်းငယ်ရှိသော ရွာတန်းရှိ၍ ထိုရွာတန်း၏အနောက်ဘက်တွင် လယ်မြေများ တမျှော်တခေါ်ကြီး လှမ်းမြင်နေရ၏။

ကျွန်ုပ်တို့အဖွဲ့ ကပြရမည့်ဓာတ်ရုံမှာ ရွာလယ်ရှိ ဘုန်းကြီးကျောင်းဝင်း၌ရှိ၏။ ထို့ကြောင့် ဓာတ်မော်တော်ဆိုက်သည်နှင့် ဓာတ်ငှားအဖွဲ့မှ ရွာသူရွာသားအချို့ကိုဆော်ဩ၍ ဓာတ်ပစ္စည်းများကို သယ်ကြလေ၏။ မြစ်ချောင်းအတွင်း၌ ရေကျချိန်ဖြစ်သောကြောင့် မော်တော်မှ ကမ်းနဖူးသို့ ဓာတ်ပစ္စည်းများသယ်ယူကြရသည်မှာ ဇင်ပန်းလှ၏။ မကြာမီ ဓာတ်ပစ္စည်းအားလုံး ဓာတ်ရုံသို့ရောက်သွားကြ၏။ ဓာတ်သူဓာတ်သားများလည်း မိမိတို့နေထိုင်ရမည့်နေရာတို့၌ခင်းကျင်း၍ တရေးတမောအိပ်စက်အနားယူနေကြလေ၏။

ကျွန်ုပ်တို့ဓာတ်ဆရာနှင့် ခေါင်းဆောင်မင်းသမီးတို့ကား စာချုပ်ပါအတိုင်း အိမ်တစ်အိမ်သီးခြားပေးရမည်ဖြစ်ရာ ကျွန်ုပ်တို့ နေထိုင်ရမည့်အိမ်သို့ ကျွန်ုပ်တို့အားခေါ်သွားကြ၏။ ကျွန်ုပ်တို့ နေထိုင်ရမည့်အိမ်ကြီးမှာ နှစ်ဆောင်ပြိုင်အိမ်မည်းကြီးဖြစ်ပြီး လေးပင်အိမ်ကြီးဖြစ်၏။ ထိုအိမ်ကြီးသည် ယခင်က လူနေဟန်မတူပေ။ ကျွန်ုပ်မှာ စပ်စပ်စုစုမရှိသောကြောင့် စပ်စုခြင်းမပြုတော့ဘဲ အနားယူရမည့်နေရာကိုခင်းကျင်းကာ ခေတ္တလှဲအိပ် အနားယူလိုက်၏။ ကျွန်ုပ်၏ဇနီးသည်မှာလည်း အေးဆေးသူဖြစ်ရကား ကျွန်ုပ်အတိုင်းပင် ခပ်ဆိတ်ဆိတ်နေ၍ အနားယူလေ၏။



ခေါင်းဆောင်မင်းသမီး နှင်းဝတ်ရည်နှင့် မိခင်တို့မှာကား ဓွဲငှားကံထရိုက်အဖွဲ့နှင့် ထွေရာလေးပါး စကားများပြောလျက် ဟားတိုက်ရယ်မောနေကြ၏။ ကျွန်ုပ်တို့ဇနီးမောင်နှံမှာ လမ်းတစ်လျှောက်လုံး ပင်ပန်းခဲ့ကြသည်ဖြစ်ရာ မကြာမီမှာပင် နှစ်ဦးသား အိပ်ပျော်သွားခဲ့ကြလေ၏။ ကျွန်ုပ်တို့ဇနီးမောင်နှံ မည်မျှအိပ်ပျော်သွားခဲ့သည်မသိလိုက်ကြ။ ကျွန်ုပ်တို့ဇနီးမောင်နှံ အိပ်ရာမှနိုးသောအချိန်တွင် ထိုအိမ်ကြီးထဲတွင် ကျွန်ုပ်တို့ဇနီးမောင်နှံနှစ်ယောက်သာ ကျန်ရှိတော့၏။ မင်းသမီး နှင်းဝတ်ရည်တို့သားအမိနှင့် ကံထရိုက်တို့မှာ ပျောက်ချင်းမလှ ပျောက်သွားကြလေ၏။ ထို့ကြောင့် မင်းသမီးတို့သားအမိ ရွာထဲလျှောက်လည်သည်ထင်၍ မင်းသမီးတို့သားအမိ ခင်းကျင်းနေရာယူထားသောနေရာသို့ တစ်စေ့တစ်စောင်း အကဲခတ်ကြည့်ရာတွင် သူတို့၏အသုံးအဆောင်များကိုလည်း အစအနပင် မတွေ့ရတော့ချေ။

ကျွန်ုပ်တို့နေထိုင်သောအိမ်မည်းကြီးနှင့် ဓာတ်ရုံမှာ တစ်ခေါ်သာလျှင်ဝေး၏။ ကျွန်ုပ်တို့နေထိုင်ရာအိမ်မှ ဓာတ်ရုံသို့ အတိုင်းသား လှမ်းမြင်နေရ၏။ ကျွန်ုပ်တို့ဓာတ်အဖွဲ့မှာ ဓာတ်မကမီ တစ်ရက်ကြိုတင်၍ ဤကံ့ရွာသို့ရောက်ရှိလာခဲ့ကြရာ တစ်ရက်မျှ အနားယူခွင့်ရကြလေ၏။ နောက်တစ်နေ့ကျမှ ဓာတ်ပွဲစတင်ကပြမည်ဖြစ်ရာ ဓာတ်အဖွဲ့ကိုလည်း အေးဆေးစွာနေရန် အနားပေးထားရ၏။ ကျွန်ုပ်တို့ ဓာတ်ဆရာဇနီးမောင်နှံမှာ ယခင်ဓာတ်ရုံများ

www.burmeseclassic.com

www.burmeseclassic.com



၌မှု ဇာတ်ရုံထဲ၌သာလျှင် နေကြသည်ကများ၏။ ယခု ကံရွာဇာတ်ရုံသည်ကား အလွန်ကျဉ်းမြောင်းသောကြောင့် လူစေ့ နေရာစေ့နေ၍မရပေ။ အချို့ဇာတ်သူဇာတ်သားများမှာ ဇာတ်ခုံအောက်၌ပင် ဝင်၍အိပ်ကြရသဖြင့် ကျွန်ုပ်တို့ ဇာတ်ဆရာဇနီးမောင်နှံမှာ မင်းသမီးနှင့်အတူ လိုက်နေရခြင်းဖြစ်၏။

ကျွန်ုပ်တို့ဇာတ်အဖွဲ့မှ ခေါင်းဆောင်မင်းသမီး နှင်းဝတ်ရည်ကား မည်သည့်ဇာတ်ရုံ၌ကရသည်ဖြစ်စေ သူ့အတွက် အိမ်တစ်လုံး သီးခြားရှာဖေးရ၏။ နှင်းဝတ်ရည်မှာ ဗီဒီယိုသရုပ်ဆောင်မင်းသမီးဖြစ်၍ အခြားဇာတ်မင်းသမီးများကဲ့သို့ ဇာတ်ရုံ၌ မနေနိုင်ကြောင်းကို ကျွန်ုပ်တို့ဇာတ်ဆရာနှင့် ကျွန်ုပ်တို့ ဇာတ်အဖွဲ့၌ကရန် စတင်ကမ်းလှမ်းစဉ်ကတည်းက ကျွန်ုပ်တို့အား ပြောထားပြီးဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့မှာ နှင်းဝတ်ရည်နှင့် အဖော်ပါလာသူ သူမ၏ မိခင်ကြီးတို့အတွက် အိမ်တစ်လုံးသီးသန့်ရှာပေးရခြင်းအလုပ်မှာ ဇာတ်ပွဲကတိုင်း မဖြစ်မနေစီစဉ်ပေးရသောကိစ္စဖြစ်ပေ၏။

ကံရွာ၌ကပြမည့်ဇာတ်ပွဲ၌လည်း ထုံးစံအတိုင်း နှင်းဝတ်ရည်အတွက် အိမ်တစ်လုံးသီးသန့်ပေးရန် ပွဲငှားကံထရိုက်ကို ကြို၍ ပြောထားပြီးဖြစ်ရာ ယခု ကျွန်ုပ်တို့နားနေရသည့်အိမ်မည်းကြီးကို မင်းသမီးတို့သားအမိနေထိုင်ရန် စီစဉ်ပေးခဲ့ခြင်းဖြစ်၏။ ကျွန်ုပ်တို့ဇနီးမောင်နှံကသာလျှင် မင်းသမီးတို့သားအမိနှင့် လိုက်၍ကပ်နေခြင်းဖြစ်၏။ ကျွန်ုပ်တို့ဇနီးမောင်နှံ အိပ်ရာမှနိုးလာသောအချိန်တွင်



မင်းသမီးတို့သားအမိမှာ ထိုအိမ်မည်းကြီးတွင်မရှိတော့။ သူတို့၏ အသုံးအဆောင်ပစ္စည်းများပါ မရှိတော့သည်ဖြစ်ရာ တစ်နေရာသို့ ထပ်မံပြောင်းရွှေ့သွားကြပြီမှန်း ကျွန်ုပ်ရိပ်စားမိလိုက်၏။

ထိုနေ့တစ်နေ့လုံး ကျွန်ုပ်တို့ဇနီးမောင်နှံမှာ အိမ်မည်းကြီး၌အနားယူလိုက်၊ ဇာတ်ရုံသို့သွားလိုက်နှင့်ပင် ညနေစောင်းသွားခဲ့ရ၏။ ဇာတ်အဖွဲ့သားများ ညနေစာစားသောက်ရန်အတွက်လည်း စီစဉ်ထားခဲ့ပြီးဖြစ်ရာ ကျွန်ုပ်တို့ဇာတ်ဆရာအတွက် စီစဉ်စရာကိစ္စတို့မှာ ပြီးပြတ်သလောက်ဖြစ်သွား၏။ ထို့ကြောင့် ကျွန်ုပ်တို့နားနေရသည့် အိမ်မည်းကြီးသို့ပြန်၍ အနားယူနေစဉ် ဇာတ်အဖွဲ့ထဲမှ တီးဝိုင်းခေါင်းဆောင် စန္ဒရားဦးနီထွေးနှင့် သက်တင်တို့နှစ်ဦး ကျွန်ုပ်ထံရောက်လာခဲ့ကြ၏။

"ဇာတ်ဆရာ. ဇာတ်ရုံမှာ နေရာအရမ်းကျပ်နေတယ်၊ ကျွန်တော်တို့နှစ်ယောက် နေဖို့၊ အိပ်ဖို့ နေရာမရှိတော့ဘူး၊ အဲဒါ ကျွန်တော်တို့နှစ်ယောက် ဇာတ်ဆရာတို့နဲ့ အတူနေမှရတော့မယ်"

စန္ဒရားဦးနီထွေးက သူတို့၏အခက်အခဲကို ကျွန်ုပ်အား ပြောပြနေ၏။ သူတို့နှစ်ဦးထံတွင် အိပ်ရာလိပ်များ ကိုယ်စီကိုယ်ငှ ပါလာကြသည်ကိုတွေ့ရ၏။

"ရှင်တို့ ဒီမှာနေမယ်၊ အိပ်မယ်ဆိုရင်တော့ နေလို့ အိပ်လို့ ရပါတယ်၊ ဒါပေမယ့် ဒီမှာအရက်သောက်လို့တော့ မရဘူးနော်၊ ပြီးတော့ မင်းသမီး ဒီမှာပြန်လာအိပ်ချင်အိပ်ဦးမှာ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ဇနီးသည်က ဝင်၍ပြောလိုက်၏။ ကျွန်ုပ်၏ဇနီးသည်စကားကြောင့် ဦးနီထွေးနှင့် သက်တင်တို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ မျက်လုံးချင်းတိုင်ပင်ပြီးပါမှ ပြန်ပြော၏။

"စိတ်ချပါ ဇာတ်ဆရာကတော်ရယ်၊ ကျွန်တော်တို့ ဒီအိမ်မှာ အရက်မသောက်ပါဘူး၊ နေ့ခင်းပိုင်းအိပ်လို့ရရင် တော်ပါပြီ၊ ဒီနေ့ကတော့ ဇာတ်မကရတဲ့အတွက် ဒီညတော့ ဒီမှာပဲ ကျွန်တော်တို့နှစ်ယောက် အိပ်ပါရစေ၊ မင်းသမီးက ဒီအိမ်မှာ လာပြန်ပြီး မအိပ်တော့ပါဘူး၊ ရွာထဲမှာ အိမ်တစ်လုံးစီစဉ်ပေးထားလို့ ငြိမ့်နေပါပြီ"

"ကဲ. . ကဲ. . ခင်ဗျားတို့နှစ်ယောက် ဟောဟိုနားမှာ အိပ်ကြ၊ ကိုယ့်ပစ္စည်းတော့ ကိုယ်ဟာကိုယ် သတိထားသိမ်းဆည်းနော်၊ ကျုပ်တို့လိုက်မကြည့်နိုင်ဘူး"

"စိတ်ချပါဇာတ်ဆရာရယ်"

ကျွန်ုပ်၏စကားဆုံးသည်နှင့် ဦးနီထွေးနှင့် သက်တင်တို့နှစ်ဦးသားမှာ ကျွန်ုပ်ညွှန်ပြသော သူတို့အိပ်ရမည့်နေရာ၌ သူတို့၏အိပ်ရာခင်းများကိုချခင်းကာ အနားယူလိုက်ကြလေ၏။ ဤသို့ဖြင့် အချိန်များကုန်ဆုံးသွားကာ မိုးစုန်းစုန်းချုပ်သည့်အချိန်သို့ ရောက်လာလေ၏။ မလှမ်းမကမ်းရှိ ဇာတ်ရုံထဲတွင် ဖယောင်းတိုင်မီးများ ကွက်တိကွက်ကျားထွန်းထားကြသည်ကို လှမ်းမြင်နေရ၏။



အိမ်မည်းကြီးထဲ၌ ကျွန်ုပ်တို့ဇနီးမောင်နှံလည်း ဖယောင်းတိုင်ထွန်းကာနေကြရ၏။ ဦးနီထွေးနှင့် သက်တင်တို့နှစ်ဦးကား မှောင်စပျိုးသည့်အချိန်မှစ၍ ပျောက်ချင်းမလှ ပျောက်သွားကြ၏။ ကျွန်ုပ်တို့ဇနီးမောင်နှံကို ပြောသွားခြင်းလည်းမရှိပေ။ သို့သော် ကျွန်ုပ်ကား သူတို့နှစ်ဦးအကြောင်းကို သိပြီးဖြစ်ရကား ခေါင်းတညိတ်ညိတ်သာလျှင် လုပ်နေလိုက်မိ၏။

လဆန်း (၁၃)ရက်ဖြစ်သောကြောင့် အိမ်မည်းကြီး၏ အပြင်ဘက်တွင် လရောင်ကြောင့် အလင်းဖြာလျက်ရှိ၏။ ရွာလယ်လမ်းကို အထင်းသားမြင်တွေ့နေရ၏။ သို့သော် အိမ်မည်းကြီးထဲ၌ကား မှောင်မှောင်မည်းမည်းဖြစ်ကာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိလေ၏။ ကျွန်ုပ်၏လက်မှနာရီကိုကြည့်လိုက်ရာ (၉)နာရီထိုးလုထိုးခင်ဖြစ်နေသည်ကိုသိရ၏။ ထိုအချိန်ထိ ဦးနီထွေးနှင့် သက်တင်တို့နှစ်ဦးမှာ ပြန်၍ရောက်မလာကြသေးပေ။

"ကဲ. . ကျွန်မတော့ ဘုရားရှိခိုး ပုတီးစိပ်ပြီး အိပ်တော့မယ်၊ ရှင်ကော. ."

"ငါလည်း ခဏနေအိပ်မှာပါကွာ၊ ကဲ. . ကဲ. . မင်းလုပ်စရာရှိတာလုပ်၊ ပြီးရင် အိပ်နှင့်"

ကျွန်ုပ်၏စကားအဆုံးတွင် ဇနီးသည်မှာ ဘုရားရှိခိုးရန် ဟန်ပြင်ရင်း ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိနေလေ၏။ ကျွန်ုပ်မှာ အိမ်မည်းကြီး၏အပြင်ဘက် လှမ်းမြင်နေရသော ရွာလမ်း

www.burmeseclassic.com

www.burmeseclassic.com



ကိုငေးမောကြည့်ရင်း ပျင်းပျင်းရှိသည်နှင့် ဆေးလိပ်ကို ဖွာရှိုက်နေမိလေ၏။

မြင်နေရသည့်ရွာလမ်းတွင် လူရိပ်လူခြေဟူ၍ တစ်ဦးတစ်ယောက်မျှပင်မတွေ့ရသည့်အပြင် တိရစ္ဆာန်ဟူ၍လည်း တစ်ကောင်တစ်မြီးမှ မတွေ့ရပေ။ အချိန်အတန်ကြာသည့်တိုင် ထိုင်ငေးကြည့်ရင်းမှ ကျွန်ုပ်မှာ အိပ်ချင်စိတ်ဖြစ်ကာ မျက်လုံးများ မှေးစင်းလာပြီဖြစ်၍ အိပ်ရန်ဟန်ပြင်လိုက်၏။ ထို့ကြောင့် ဦးနီထွေးနှင့် သက်တင်တို့ပြန်လာပါက အိမ်ထဲသို့ အလွယ်တကူဝင်နိုင်ရန် တံခါးမကြီးကို ကျက်မထိုးဘဲ စေ့ရုံစေ့ထားလိုက်၏။ ပြီးနောက် ဘုရားဝတ်ပြု မေတ္တာပို့ အမျှပေးဝေပြီး အိပ်ရာထဲသို့ဝင်ကာ အိပ်လိုက်တော့၏။ ကျွန်ုပ်ဇနီးသည်ကား အိပ်ရာထဲတွင် အိပ်ပျော်လျက် ဟောက်၍ပင်နေချေ၏။ မကြာမီ ကျွန်ုပ်လည်း အိပ်ပျော်သွားလေ၏။

◆ ◆ ◆

"အောင်မယ်လေး. . လုပ်ကြပါဦး"

"အောင်မယ်လေး. . လုပ်ကြပါဦး"

ကျွန်ုပ်၏နားထဲတွင် ဆူဆူညံညံအသံများကြားသောကြောင့် အိပ်ရာမှလန့်နိုးလာ၏။ ထို့ကြောင့် အိပ်ရာမှမထသေးဘဲ အိပ်ရာထဲမှနေ၍ အသံကိုနားစွင့်ထောင်ရင်း လေ့လာနေလိုက်၏။



"အောင်မယ်လေးဗျ. . ကျွန်တော့်ခြေထောက်ကို လာလာဆွဲနေတယ်၊ ကယ်ကြပါဦးဗျာ"

အော်နေသံကိုကြားရရုံဖြင့် သက်တင်၏အသံမှန်း ကျွန်ုပ်သိလိုက်၏။ ထို့ကြောင့် လှဲအိပ်နေရာမှ ထထိုင်လိုက်၏။ ခြင်ထောင်အပြင်ဘက်တွင် မည်းမည်းမှောင်နေသောကြောင့် မီးခြစ်နှင့် ဖယောင်းတိုင်ကိုစမ်းကာ မီးထွန်းညှိလိုက်၏။

ဖယောင်းတိုင်မီးအလင်းရောင်ကြောင့် သက်တင်တစ်ယောက် သူ့တို့အိပ်ရာအနီးတွင် ငုတ်တုတ်ထထိုင်နေသည်ကို လှမ်းမြင်လိုက်ရ၏။ ဦးနီထွေးကား ခြင်ထောင်ထဲတွင်အိပ်ပျော်လျက် တခေါခေါဖြင့် ဟောက်နေလေ၏။ ထို့ကြောင့် ကျွန်ုပ်မှာ သက်တင်ကို လှမ်း၍ ဆူပြောပြောရ၏။

"သက်တင်. . ဘာဖြစ်လို့ ထအော်နေတာလဲကွာ၊ အချိန်မတော်ကြီးကွ၊ ပတ်ဝန်းကျင်ကို အားနာဖို့ကောင်းတယ်၊ ဒါ ကိုယ့်အရပ်ဒေသမဟုတ်ဘူးလေကွာ"

"ဟာ. . ဇာတ်ဆရာကလည်း၊ ကျွန်တော့်ဟာကျွန်တော်အိပ်နေတာ ခြေထောက်ကို လာလာပြီးဆွဲနေလို့ ကျွန်တော်ကြောက်လို့ ထအော်တာပါ၊ ကျွန်တော် ဘယ်သူ့ကိုမှ ဒုက္ခပေးတာမဟုတ်ပါဘူး"

"မင်းကလည်းကွာ. . မင်းအကြောင်း ငါမသိရင်ခက်မယ်၊ မင်းဟာမင်း ရှုကြောင်မူးကြောင်ဖြစ်ပြီး ထအော်တာက အရေး

www.burmeseclassic.com

www.burmeseclassic.com



မကြီးဘူးကွ၊ ကျန်တဲ့လူတွေ အိပ်ရေးပျက်တယ်၊ ငြိမ်ငြိမ်ဆိမ်ဆိမ် ပြန်အိပ်တော့"

ကျွန်ုပ်က သက်တင်၏စကားကို မယုံကြည်စွာငြင်းပယ်ရင်းမှ သူ့အား အေးဆေးစွာပြန်အိပ်ရန် အမိန့်ပေးပြောလိုက်၏။

"ဟာ. . ကျွန်တော် ဒီနေရာမှာ မအိပ်ရဲတော့ဘူး၊ ဇာတ်ဆရာတို့နားမှာ လာအိပ်ပါရစေ"

"ဘယ်ဖြစ်မလဲကွ၊ မင်းတို့အိပ်ဖို့ နေရာပေးထားတာပဲ၊ ကိုယ့်နေရာမှာ ကိုယ်အိပ်ပေါ့"

"ကျွန်တော်မအိပ်ရဲလို့ပါ ဇာတ်ဆရာရယ်၊ ကျွန်တော် ခြေထောက်ကို တကယ်လာလာပြီးဆွဲနေတာပါ၊ ဇာတ်ဆရာမယုံရင် ဒီမှာလာအိပ်ကြည့်ပါ"

သက်တင်၏စကားကြောင့် ကျွန်ုပ်မှာ ခေတ္တမျှတွေဝေသွားမိ၏။ ထို့ကြောင့် သက်တင်၏အနီးသို့ ထလျှောက်သွားလိုက်၏။ သက်တင်ထံမှ အရက်နံ့တထောင်းထောင်းရသဖြင့် ကျွန်ုပ်မှာ နှာခေါင်းရှုံ့သွားမိရ၏။ သက်တင်ငုတ်တုတ်ထိုင်လျက် ဒူးခေါင်းနှစ်ဘက်ကို သူ့လက်များဖြင့်ထွေးပိုက်လျက် တဆတ်ဆတ်တုန်နေ၏။ ထို့ကြောင့် ခြင်ထောင်ထဲတွင် အိပ်ပျော်နေသော ဦးနီထွေးတို လှုပ်နှိုးလိုက်၏။

ဦးနီထွေးတစ်ယောက် အိပ်ချင်မူးတူးဖြင့်ထထိုင်ကာ ကျွန်ုပ်နှင့် သက်တင်ကို နားမလည်စွာကြည့်ရင်းမှ လေးတွဲ့စွာ



ပြောလိုက်၏။ သူ့ထံမှ စကားသံနှင့်အတူ အရက်နံ့ကလည်း တထောင်းထောင်းထွက်လာနေ၏။

"ဇာတ်ဆရာနဲ့ သက်တင် ဘာဖြစ်ကြလို့လဲ၊ စကားများရန်ဖြစ်ကြပြန်ပြီလား၊ ကျွန်တော်တို့က ဒီအိမ်မှာအရက်မသောက်ရဘူးဆိုလို့ တခြားမှာသွားသောက်ပြီး ပြန်လာခဲ့တာပါဇာတ်ဆရာရယ်၊ ဇာတ်ဆရာတို့စည်းကမ်းကို မချိုးဖောက်ပါဘူး၊ သူကလည်း ကျွန်တော်အဖော်ခေါ်လို့ လိုက်သောက်ဖြစ်တာပါ"

"ဟာဗျာ. . ခင်ဗျားကလည်း ဘာမှမသိဘဲ ထင်ရာလျှောက်ပြောနေတယ်"

ဦးနီထွေး၏စကားမှာ လိုရင်းမရောက်သောကြောင့် ကျွန်ုပ်စိတ်မရှည်စွာ သူ့စကားကို ကြားဝင်ဖြတ်ပြောလိုက်သဖြင့် ဦးနီထွေးတစ်ယောက် ခေါင်းတခါခါဖြစ်သွားလေ၏။ ပြီးလျှင် နားမလည်စွာ ကျွန်ုပ်နှင့် သက်တင်အား မျက်မှောင်ကြုတ်ကြည့်လျက် ငြိမ်နေ၏။

"ဒီမှာ ဦးနီထွေး၊ သက်တင်က သူ့ခြေထောက်ကို လာဆွဲနေလို့ အပြင်မှာမအိပ်ရဲဘူးဖြစ်နေတယ်၊ ဒီကောင့်ဆီမှာ ခြင်ထောင်ကလည်းမရှိဘူးဆိုတော့ ခြင်ကလည်းကိုက်တယ်၊ အဲဒါ ခင်ဗျားခြင်ထောင်ထဲမှာထည့်သိပ်လိုက်ပါဗျာ၊ ခင်ဗျားတို့နှစ်ယောက်က ပုလင်းတူ ဘူးဆို့ အတူတူတွေပဲဟာ"

"ဟော့ကောင် သက်တင်၊ ဇာတ်ဆရာပြောတာ အမှန်ပဲလား"

www.burmeseclassic.com

www.burmeseclassic.com



ဦးနီထွေးက ကျွန်ုပ်၏စကားအဆုံးတွင် သက်တင်ကို သေချာစွာ အကဲခတ်ကြည့်လျက်ဆိုလိုက်၏။

"ဟုတ်တယ်. . ကျွန်တော့်ကို သရဲခြောက်တာထင်တယ်၊ ဆံပင်ရှည်ရှည်နဲ့ အမျိုးသမီး ကျွန်တော့်ခြေထောက်ကို လာဆွဲတာ တော့အမှန်ပဲ၊ တစ်ခါတည်းဆို ကျွန်တော်မပြောဘူးနော်၊ အခုဟာက ခဏခဏ လာလာဆွဲနေတာ၊ သုံးလေးငါးခါမကဘူးဗျာ၊ ကျွန်တော်တော့ ခြင်ထောင်အပြင်ဘက်မှာ ထွက်မအိပ်ရဲတော့ဘူး"

"မင်းကလည်းကွာ. . သူ့ရဲ့ဘောကြောင်လိုက်တာ၊ လာစမ်းပါ၊ ဘယ်ကလာ သရဲခြောက်ရမှာလဲ၊ ငါနဲ့များ လဲလိုက်ချင်တယ်၊ ကဲ. . လာ. . မင်း ငါနဲ့အတူတူလာအိပ်"

"ကဲ. . သက်တင် ဦးနီထွေးက သူနဲ့လာအိပ်ဆိုတော့ မင်းအဲဒီမှာ သူနဲ့အတူတူ ဝင်အိပ်ပေတော့၊ ရှူးကြောင်မှုးကြောင်တော့ ထထမလုပ်ပါနဲ့ကွာ"

ကျွန်ုပ်မှာ စကားစကိုဖြတ်လျက် မိမိအိပ်ရာသို့ပြန်လာကာ အိပ်လေ၏။ ဖယောင်းတိုင်မီးကို ချက်ချင်းမငြိမ်းသေးဘဲနေလျက် သက်တင်နှင့် ဦးနီထွေးတို့နှစ်ဦးသား ခြင်ထောင်ထဲဝင်၍အိပ်တော့မှ မီးတိုင်ကိုလှမ်း၍ငြိမ်းကာ ကျွန်ုပ်လည်း အိပ်ပျော်ရန် မျက်စိကို မှိတ်ထားလိုက်လေ၏။

"ရှပ်. . ရှပ်. . ရှပ်"

မျက်စိကိုမှိတ်ထားသော်လည်း ကျွန်ုပ်၏နားထဲတွင် တရှပ်



ရှပ်ဟူသောအသံမှာ အတိုင်းသားကြားနေရလေ၏။ အိမ်မည်းကြီးတစ်ခုလုံး မှောင်မည်းနေရုံမျှမက တိတ်ဆိတ်ငြိမ်သက်နေလေရာ လူတစ်ယောက်လမ်းလျှောက်လာသောခြေသံမှာ အတိုင်းသားကြားနေရ၏၊ ထို့ကြောင့် ဦးခေါင်းကိုထောင်၍ နားစိုက်ထောင်ကြည့်ရာ ကျွန်ုပ်တို့နေထိုင်ရာ အိမ်မည်းကြီးထဲမှဖြစ်နေမှန်း သတိထားမိပြန်၏။

ထပ်မံ၍ သတိထားမိသောအခါ ကျွန်ုပ်တို့အိပ်နေသော အိမ်အောက်ထပ်မှမဟုတ်ဘဲ အပေါ်ထပ်မှဖြစ်ကြောင်းသိရ၏။ ထိုအခါ ကျွန်ုပ်စိတ်ထဲတွင် ကြက်သီးမွေးညင်းထသလိုဖြစ်သွား၏။ ထို့ကြောင့် အနီးရှိ ဇနီးသည်အား လက်တို့လှုပ်နှိုးလိုက်မည်ဟု စဉ်းစားလိုက်မိ၏၊ သို့သော် ကျွန်ုပ်သည် ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါးကို သွားလေရာ ရောက်လေရာ မမေ့မလျော့ဆည်းကပ်သူဖြစ်သောကြောင့် မိမိကိုအနှောင့်အယှက်ပေးခြင်း မဖြစ်တန်ရာဟု စိတ်ကူးမိကာ ဘုရား၊ တရားစာကို ရွတ်ဆိုနေလိုက်မိပေ၏။

တရားစာကို စိတ်ထဲမှ အသံတိတ်ရွတ်ဆိုနေသော်လည်း ကျွန်ုပ်၏အာရုံများမှာ အိမ်မည်းကြီး၏အပေါ်ထပ်သို့သာ ရောက်ရှိနေသဖြင့် အပေါ်ထပ်မှ တရှပ်ရှပ်လမ်းလျှောက်သံမှာ ကျွန်ုပ်စိတ်ထဲ၌ ကြီးစိုးနေလေ၏။ ကျွန်ုပ်တို့နှင့် မလှမ်းမကမ်း ခြေရင်းဘက်တွင် အိမ်အောက်ထပ်မှ အပေါ်ထပ်သို့တက်သော လှေကားတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ရှိ၏။ ထိုလှေကားခြေရင်းနှင့် မနီးမဝေးတွင် သက်တင်နှင့် ဦးနီထွေးတို့အိပ်သောနေရာရှိ၏။

အိမ်မည်းကြီးမှာ အရှေ့ဘက်သို့ မျက်နှာမူဆောက်ထားသဖြင့် ကျွန်ုပ်တို့ဇနီးမောင်နှံက အိမ်အလယ်ခန်းတွင် ဘုရားစင်ရှိရာတောင်ဘက်သို့ လှေကားဘက်သို့ခြေဆင်းကာအိပ်၏။ ဦးနီထွေးနှင့် သက်တင်တို့နှစ်ဦးကား အိမ်ရှေ့ဦးခန်းခြေရင်းဘက်တွင် အိမ်အရှေ့ဘက်သို့ခေါင်းပြု၍ လှေကားဘက်သို့ ခြေဆင်း၍အိပ်ကြ၏။ ထို့ကြောင့် ကျွန်ုပ်တို့အားလုံးမှာ လှေကားသို့ ခြေဆင်းထားကြပုံခြင်း အတူတူဖြစ်နေကြ၏။ ကျွန်ုပ်ကြားနေရသော ခြေလှမ်းလျှောက်သံသည် အပေါ်ထပ်မှ အောက်ထပ်သို့ တစ်လှမ်းချင်းဆင်းလာနေပြီး လှေကားအဆုံးတွင် ရပ်တန့်သွားနေမှန်း စိတ်ထဲကတွေးဆ၍ သိနေ၏။

ထို့ကြောင့် မျက်စိကိုမှိတ်လျက် ရွတ်လက်စတရားစာကို ဆက်၍ရွတ်လိုက်၏။ ပြီးလျှင် တိုးမှျင်သောအသံဖြင့် ဝေနေယျများစွာ သတ္တဝါအနန္တတို့နှင့် ဤအိမ်မည်းကြီး၌ရှိနေကြသော မမြင်အပ် မြင်အပ်သောပုဂ္ဂိုလ်အပေါင်းအား ကျွန်ုပ်ပြုခဲ့သော ကောင်းမှုအစုစုတို့၏အဖို့ဘာဂကို အမျှပေးဝေလိုက်၏။ ကျွန်ုပ်၏အမျှပေးဝေသံဆုံး၍ မကြာမီမှာပင် ခြေလှမ်းလျှောက်သံမှာ ကွယ်ပျောက်သွားလေသည်။ ထို့ကြောင့် ကျွန်ုပ်မှာ စိတ်ချမ်းသာစွာဖြစ်ကာ ပြန်၍အိပ်ပျော်ရန်ကြိုးစားရင်း မျက်စိကိုမှိတ်လျက် မှိန်းနေလိုက်၏။



"ဘယ်သူလဲကွ၊ ဘာဖြစ်လို့ ခြင်ထောင်ကို ခဏခဏ လာဖြတ်နေရတာလဲ၊ ငါ့ကိုမစနဲ့နော်၊ ငါက ငြိမ်ခံနေမယ့်ကောင်မဟုတ်ဘူး. . တောက်"

ကျွန်ုပ်အိပ်ပျော်လုဆဲဆဲတွင် ဦးနီထွေးအသံက ပေါ်လာပြန်သဖြင့် ကျွန်ုပ်မှာ အိပ်၍မရအောင်ဖြစ်ရပြန်၏။ အသံမှာ မှတ်တရက်ပေါ်လာသောအသံဖြစ်လေရာ ဦးနီထွေးယောင်ရမ်း၍ အော်ခြင်းဖြစ်လိမ့်မည်ဟု ကျွန်ုပ်စိတ်ထဲ တွေးထင်မိလိုက်၏။ ထိုစဉ်. . .

"ငါ့ခြေထောက်ကို ဘယ်ကောင်လာဆွဲတာလဲကွ၊ ငါအိပ်နေတာ လာမနှောက်နဲ့နော်၊ သက်တင်. . မင်းဟာမင်း ကောင်းကောင်းအိပ်နော်၊ ငါ့ကိုလာမနှောက်နဲ့၊ ငါသည်းသည်းမခံဘူးနော်"

စကားသံနှင့်အတူ ခြေထောက်ဆောင့်ကန်သည့် တဒုန်းဒုန်းအသံပါ ဆက်တိုက်ပေါ်လာပြန်ရာ ကျွန်ုပ်မှာ ဦးခေါင်းကိုထောင်၍ကြည့်မိ၏။ သို့သော် ခြင်ထောင်အပြင်ဘက်၌ မီးအလင်းရောင်မရှိသောကြောင့် မှောင်မှောင်မည်းမည်းဖြစ်နေကာ ဘာကိုမှ သဲကွဲစွာ မတွေ့မမြင်ရချေ။

"ဒုန်း. . ဒုန်း. . ဒုန်း"

မကြာမီ အသံများ ဆူညံစွာထွက်ပေါ်လာလေရာ ကျွန်ုပ်မှာ ခြင်ထောင်ထဲမှထွက်၍ ဖယောင်းတိုင်မီးထွန်းညှိ၍ ကြည့်ရပြန်လေ၏။ ဦးနီထွေး၏ခြင်ထောင်မှာပြုတ်ကျနေပြီး ဦးနီထွေးက

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာပေါ်တွင် မတ်တပ်ရပ်လျက် ဟိုသည်ကြည့်နေ၏။ သက်တင်က ထိုအိပ်ရာထက်တွင် မှောက်လျက်အိပ်ပျော်နေဆဲရှိ၏။ ထို့ကြောင့်. . .

"ဦးနီထွေး. . ဘာတွေဖြစ်နေပြန်ပြီလဲ၊ ညကြီးအချိန်မတော်ဗျာ"

"ဘာဖြစ်ရမှာလဲ၊ ကျုပ်ခြင်ထောင်ကို လာလာပြီးဖြတ်ချတယ်၊ ပြီးတော့ ကျုပ်ခြေထောက်ကိုလည်း လာလာပြီးဆွဲနေတယ်၊ ကောင်းရကောင်းကိုမအိပ်ရဘူးဗျာ၊ ဒီကောင် သက်တင်နှောက်တယ်လို့ ကျုပ်ကထင်တာ၊ ဒီကောင်က ဒီမှာ မသာကြီးကျနေတာပဲ၊ အိပ်ပျော်နေလိုက်တာ၊ ကျုပ်လည်း ဘာမှမစဉ်းစားတတ်အောင်ဖြစ်နေပြီ"

ဦးနီထွေးက ကျွန်ုပ်အား လှမ်း၍ရှင်းပြပြီး ဟိုသည်သို့ဝေ့ကြည့်လိုက်၏။ သူ့အိပ်ရာဘေးတွင်ရှိသော ဖယောင်းတိုင်တစ်တိုင်ကို ထွန်းညှိလိုက်၏။ ဖယောင်းတိုင်နှစ်တိုင်အားကြောင့် အိပ်ခန်းအတွင်း၌ အလင်းရောင်မှာ ပို၍တောက်ပလာလေသည်။

"နေပါဦး. . ဦးနီထွေးတို့က အရက်သောက်ထားကြတာဆိုတော့ အရက်ကြောင်,ကြောင်တာရော မဖြစ်နိုင်ဘူးလား"

"ဟာ. . ဇာတ်ဆရာကလည်း ကျုပ်တို့အရက်သောက်တာမှန်ပါတယ်၊ ဒါပေမယ့် ကြောင်တောင်တောင်တော့မဖြစ်ပါဘူးဗျာ၊ အရက်သောက်ပြီး တရေးတမောနားလိုက်ရင် လူလန်းဆန်းသွားတာများပါတယ်၊ ခုဟာက သရဲခြောက်တာဗျ၊ မူးတာလေးတောင်ဘယ်ရောက်မှန်းမသိတော့ဘူး"



"ဗျာ. ."

ဦးနီထွေးစကားကြောင့် ကျွန်ုပ်မှာ အံ့အားသင့်သွားကာခေါင်းနပန်းကြီးသွားလေ၏။ ထို့ကြောင့် ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါးဂုဏ်တို့ကို ဆင်ခြင်အောက်မေ့ကာ နှုတ်မှလည်း တရားစာကို တီးတိုးရေရွတ်လိုက်မှ ကြောက်စိတ်မှာ လွင့်ပြယ်သွားရလေ၏။

"နို့. . နေပါဦး၊ ခင်ဗျားတို့က သရဲခြောက်တယ်လို့ပြောရအောင် ဘာတွေသက်သေရှိလို့လဲ"

ကျွန်ုပ်က ဦးနီထွေး၏အဖြစ်အပျက်ကို သိလိုသဖြင့်စကားစရင်း ဖယောင်းတိုင်မီးကိုကိုင်လျက် သူတို့အိပ်ရာအနီးသို့သွားထိုင်လိုက်၏။ သူတို့အနီးသို့ ကျွန်ုပ်ရောက်လာသဖြင့် ဦးနီထွေးက သက်တင်ကိုလှုပ်နှိုးလိုက်ရာ သက်တင်မှာ မြူးတူးကြောင်တောင်ဖြင့် အိပ်ရာမှထထိုင်ပြီး ကျွန်ုပ်နှင့် ဦးနီထွေးတို့အား ငေးကြည့်နေရှာ၏။

"ဒီကောင် သက်တင်ကတော့ ဘယ်လိုဖြစ်တယ် ကျုပ်မသိဘူး၊ ကျုပ်ကတော့ သေသေချာချာကိုမြင်လိုက်တာ၊ စောစောသက်တင်ကြောင့် လန့်နိုးပြီး တော်တော်နဲ့ပြန်အိပ်လို့မရဘူးလေဗျာ၊ အဲဒီမှာ ကျုပ်ခြင်ထောင်ကို လာလာပြီးဖြတ်ချတယ်၊ ပထမတော့

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လည်း သက်တင်လိုမ့်လို့ ခြင်ထောင်ပြုတ်ကျတယ်ထင်တာပေါ့။ အဲဒါနဲ့ ပြုတ်ကျတဲ့ခြင်ထောင်ကို ပြန်ဆွဲထောင်ပါတယ်၊ ခြင်ထောင်ထောင်ပြီး ပြန်အိပ်တော့လည်း ပြန်ပြီးဖြုတ်ပြန်တယ်၊ တစ်ခါ၊ နှစ်ခါ၊ သုံးခါဆိုတော့ ကျုပ်စိတ်မရှည်တာနဲ့ ထပြီး ဟိုကြည့်သည်ကြည့်လုပ်တော့ ဒီငနဲသားသက်တင်က အိပ်ပျော်ကောင်းတုန်း၊ အဲဒီအချိန်မှာ ဟောဟိုလှေကားရင်းမှာ ဆံပင်ရှည်ရှည်နဲ့ မိန်းမပျိုတစ်ဦးရပ်နေတာ တွေ့လိုက်ရတယ်"

"ဗျာ. . ဟောဟိုလှေကားရင်းမှာ မိန်းမပျိုတစ်ယောက်ရပ်နေတယ်. . ဟုတ်လား"

ကျွန်ုပ်မှာ ဒံ့ညြသွားမိကာ ဦးနီထွေးကို ပြန်၍မေးလိုက်မိ၏။ သက်တင်လည်း လှုပ်လှုပ်ရွရွဖြစ်လာကာ ဝင်၍ပြောပြန်၏။

"ဟုတ်လိမ့်မယ်. . ကျွန်တော့်ခြေထောက်ကို လာလာပြီးဆွဲတာ အဲဒီမိန်းမပဲနေမှာ၊ ကျွန်တော်တို့ကြားခဲ့တာမှန်နေပြီ၊ ဒီအိမ်မည်းကြီးဟာ သရဲခြောက်တယ်လို့ ဘယ်သူမှမနေရဲဘူးလို့ ရွာထဲက ကျွန်တော်တို့ကိုပြောလိုက်တယ်"

"ဘယ်လို. . အိမ်မည်းကြီးက သရဲခြောက်တယ်. . ဟုတ်လား၊ ဆက်ပြောစမ်းပါဦး"

ကျွန်ုပ်မှာ သက်တင်စကားကြောင့် ပို၍ပင် အံ့ညြသွားရပါ၏။ ထို့ကြောင့် ဦးနီထွေးကိုကြည့်ကာ ဆက်၍မေးလိုက်သည်။

"ဟုတ်တယ်. . ဇာတ်ဆရာ၊ ကျုပ်တို့ ရွာထဲမှာ အရက်



သွားသောက်ရင်း ဒီသတင်းကိုကြားခဲ့ရတာ၊ ဒီအိမ်မည်းကြီးဟာ အရမ်းသရဲခြောက်လို့ ဘယ်သူမှမနေရဲကြဘူးတဲ့၊ ဒီအိမ်ကြီးကိုပိုင်ဆိုင်တဲ့ ဆွေမျိုးအသိုင်းအဝိုင်းနဲ့ ဒီရွာခံတွေတောင် ဒီအိမ်မှာမနေရဲကြဘူးတဲ့၊ မင်းသမီးက ဒီအကြောင်းကိုသိသွားလို့ ဒီအိမ်မှာ ဇာတ်ဆရာတို့ကိုထားရစ်ခဲ့ပြီး သူက တစ်နေရာပြောင်းသွားတာ၊ ကျုပ်တို့ကတော့သိတယ်၊ ဒါပေမယ့် သရဲဆိုတာကို ကျုပ်က သိပ်လက်မခံဘူးလေဗျာ၊ ဒါကြောင့် အရက်သွားသောက်ပြီး တမင်လာအိပ်တာဗျ ခုတော့ သူတို့ပြောတာ ယုံရမလိုဖြစ်နေပြီ"

"အင်း. . ကျွန်တော့်ခြေထောက်ကို လာလာပြီးဆွဲတဲ့ လက်ကြီးက အေးစက်နေတယ်ဗျာ၊ ဒီကြားထဲ ရယ်သံကိုပါကြားရသေးတယ်၊ ကျွန်တော်တို့ကို ဒီအိမ်မှာမနေနိုင်အောင် တမင်လာလုပ်တာပဲဖြစ်မယ်"

ဦးနီထွေးနှင့် သက်တင်တို့၏ပြောစကားများကို သေချာနားထောင်ရင်း ကျွန်ုပ် ခေတ္တမျှငြိမ်သက်စွာ တွေးတောစဉ်းစားနေလိုက်မိ၏။ အတန်ကြာမှ. . .

"အင်း. . ခင်ဗျားတို့က မျက်မြင်တွေ့တဲ့လူတွေဆိုတော့ မဟုတ်ဘူးလို့ဆိုရမှာခည်း ခပ်ခက်ခက်ပဲဗျာ၊ ကျွန်တော်ကတော့ ဘာတိုမှမတွေ့မိဘူး၊ ဒါပေမယ့်ပေါ့ဗျာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အညှို့ရတယ်ဆိုတဲ့ မကောင်းဆိုးဝါးဘုံတွေရှိနေတယ်ဆိုတာတွေဘုရားဟောစာတွေထဲမှာ ကျွန်တော်ဖတ်ဖူးပါတယ်၊ ဒီတော့ရှုချင်လည်း

www.burmeseclassic.com

www.burmeseclassic.com



ရှိမှာပေါ့၊ သူတို့မကျွတ်လွတ်သေးလို့ အမျှတောင်းခဲ့တာမျိုးလည်း ဖြစ်နိုင်တယ်လေ၊ အဲဒီတော့ အယုတ္တအနတ္တတွေ ပြောဆိုနေမယ့်အစား ခင်ဗျားတို့ပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုတစ်ခုခုကို ရည်စူးပြီး အမျှအတန်းပေးဝေလိုက်ပေါ့ဗျာ၊ ဒါဆိုရင် သူတို့က ခင်ဗျားတို့ကို ကျေးဇူးတင်ပြီး အနှောင့်အယှက်ပေးတော့မှာမဟုတ်ဘူး"

ကျွန်ုပ်၏စကားကို ဦးနီထွေးက သေချာစွာနားထောင်ပြီးနောက် ခေါင်းတညိတ်ညိတ်ပြုရင်း ထောက်ခံနေလေ၏။ ဦးနီထွေးရော၊ သက်တင်ပါ အရက်မူးသည့်အရှိန်မှာ ပြေလျော့သွားပြီမှန်း ကျွန်ုပ်သတိထားမိ၏။

"ဟော. . ဟိုမှာ. . ဟိုမှာ. . သူပဲ. . သူပဲ"

"ဟုတ်တယ်. . အဲဒီမိန်းမပဲ"

ကျွန်ုပ်တို့ စကားစပြတ်သွားချိန်တွင် ဦးနီထွေးနှင့် သက်တင်တို့နှစ်ဦး၏အကြည့်မှာ လှေကားရင်းသို့ရောက်သွားရင်းမှ အလန့်တကြားအသံများ ထွက်လာခြင်းဖြစ်၏၊ ထို့ကြောင့် သူတို့လက်ညှိုးညွှန်ရာ လှေကားရင်းသို့လှမ်းကြည့်ရာ ကျွန်ုပ်မှာ ဘာကိုမျှမတွေ့ရချေ။ သက်တင်မှာ ကြောက်အားလန့်အားဖြင့်အော်ရင်း ကျွန်ုပ်နှင့် ဦးနီထွေးတို့၏နှစ်ဦးကြားသို့ ခေါင်းလျှိုဝင်ကာပုန်း၏။ ထို့ကြောင့် ကျွန်ုပ်မှာ ဒုတိယံမိ လှေကားရင်းသို့ ထပ်မံ၍လှမ်းကြည့်ရာ မိန်းမပျိုတစ်ဦးမှ ကျွန်ုပ်အားလှမ်းကြည့်နေသည်ကို တွေ့လိုက်ရ၏။ သို့သော် ထိုအကြောင်းကို ကျွန်ုပ်မှာ မျိုသိပ်ထားရင်းမှ. . .



"ကဲပါ. . ခင်ဗျားတို့စိတ်ကစွဲနေလို့ မြင်နေတာပါ၊ ကျုပ်တော့ ဘာကိုမှမမြင်ရဘူး၊ ဒီတော့ ခင်ဗျားတို့ အိပ်ချင်လည်း ပြန်အိပ်၊ မအိပ်ချင်လည်းနေ၊ ကျုပ်တော့ မေတ္တာပို့ အမျှပေးဝေလိုက်ဦးမယ်၊ တော်ကြာဆို မိုးလင်းတော့မှာ ဘာကိုမှကြောက်မနေနဲ့တော့"

ကျွန်ုပ်က ပြောပြောဆိုဆို သူတို့အနီးမှထကာ ကျွန်ုပ်၏အိပ်ရာဘေးတွင်ထိုင်၍ ဘုရားရှိခိုး၊ ပုတီးစိပ်ကာ အမျှအတန်းပေးဝေနေလိုက်၏။ မကြာမီ ရွာဦးဘုန်းကြီးကျောင်းမှ အုန်းမောင်းခေါက်သံ (၅)ချက်ကြားလိုက်ရ၏။

ကျွန်ုပ်ဘုရားရှိခိုးပြီးချိန်တွင် ဦးနီထွေးနှင့် သက်တင်တို့နှစ်ဦးမှာ အိမ်ထဲတွင်မရှိကြတော့ပေ။ ထို့ကြောင့် အိမ်ရှေ့တံခါးမကြီးကိုဖွင့်၍ အကဲခတ်ကြည့်လိုက်ရာ အရှေ့ယွန်းယွန်းဆီတွင် ရောင်နီလာစပြုနေပြီကို တွေ့လိုက်ရပေတော့သည်။

◆ ◆ ◆

နံနက်မိုးလင်းသောအခါ ရွာထဲသို့ ခေတ္တခဏအလည်သွားရင်းမှ ထိုအိမ်မည်းကြီးအကြောင်းကို စုံစမ်းမေးမြန်းကြည့်မိလေသည်။ ထိုအခါ ရွာထဲမှ ရှေ့မီနောက်မီဖြစ်သော အသက်(၇၀)ကျော် အဘဦးထွန်းလူက ဤသို့ရှင်းပြလေ၏။

"အင်း. . အဘာကတော့ ဒီရွာသားမဟုတ်ဘူးကွယ့်၊ အညာသား၊ ဒီရွာသူနဲ့အိမ်ထောင်ကျပြီး ဒီရွာကိုရောက်လာတာ၊ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



အချိန်က ကျုပ်အသက်က နှစ်ဆယ်ပဲရှိသေးတာ၊ ကျုပ် ဒီရွာကို ရောက်တော့ အင်္ဂလိပ်ပြေးပြီး ဂျပန်တွေရောက်စဆိုပါတော့၊ ဒီတော့ အဲဒီအိမ်မည်းကြီးက တကယ့်အဖြစ်အပျက်တွေကို အဘအနေနဲ့ မမြင်လိုက်ရပါဘူး၊ ဒါပေမယ့် အဘ ဒီရွာကိုမရောက်ခင် အင်္ဂလိပ်တွေပြေးကာနီးမှဖြစ်တာဆိုတော့ ဒီအိမ်မည်းကြီးနဲ့ ပတ်သက်ပြီး အကျိုးအကြောင်းကိုတော့ ပူပူနွေးနွေးသိလိုက်ရတယ်၊ ဒါကလည်း အဘဇနီးက ဒီရွာသူဆိုတော့ သူက အဘကို အားလုံးပြန်ပြောပြတာပေါ့"

အဘဦးထွန်းလူက စကားစကို ခေတ္တရပ်ကာ ရေနွေးကြမ်းကို တစ်ငုံငုံသောက်လိုက်၏။ ပြီးမှ. . .

"ဒီလိုကွယ့်. . အဲဒီအိမ်မည်းကြီးဟာ အင်္ဂလိပ်နယ်ပိုင်ဝန်ထောက်မင်း ဒီရွာဘက်ကို အလည်လာတဲ့အချိန်မှာ နားနေတဲ့အိမ်ပေါ့ကွယ်၊ နယ်ပိုင်ဝန်ထောက်မင်းဆိုပေမယ့် လူကြီးတော့မဟုတ်ဘူး၊ အသက်ငယ်ငယ်ရွယ်ရွယ်ပဲရှိတယ်၊ သူ့မှာ အိမ်ထောင်ရှိတယ်၊ သူ့အိမ်ထောင်ကိုတော့ ပုသိမ်မြို့ပေါ်မှာထားတယ်ဆိုပါတော့၊ အဲဒီအချိန်က ဒီရွာမှာ အင်မတန်ဆင်းရဲပြီး သူများလယ်မှာ သူရင်းငှားလုပ်စားနေတဲ့ မောင်မြတို့မိသားစုရှိတယ်၊ သူတို့မွေးထားတဲ့ သားသမီးသုံးယောက်ထဲမှာ မစပါယ်ဆိုတဲ့ ကလေးမလေးက အတော်ချောဆိုပဲ၊ ကလေးမလေးက အပျိုပေါက်ကလေးဆိုပါတော့၊ အဲဒီမှာ နယ်ပိုင်ဝန်ထောက်မင်းက ဒီကလေးမလေးကိုမြင်သွားပြီး



သူနဲ့လက်ထပ်ဖို့ သူ့အဖေနဲ့ အမေဆီမှာ ခွင့်တောင်းတယ်၊ အဲဒီအချိန်က နယ်ပိုင်ဝန်ထောက်မင်းဆိုတဲ့ ဘုန်းအရှိန်အဝါဟာ သေးတဲ့အရှိန်အဝါမှမဟုတ်တာ၊ အဲဒီတော့ ရွာသူကြီးကလည်း မစပါယ်အဖေနဲ့ အမေကိုနားချပြီးတော့ ကလေးမလေးကိုလည်း နားချပေါ့ကွယ်၊ သူတို့ဘဝ ဆင်းရဲတွင်းကလွတ်အောင် ဝိုင်းဝန်းပြောဆိုကြတော့ မစပါယ်ရဲ့မိဘတွေက ခေါင်းညိတ်သဘောတူလိုက်တယ်၊ မစပါယ်ကတော့ ခေါင်းမညိတ် ခေါင်းမခါနေတယ်လို့ သိရတယ်၊ အင်း. . ပြောရရင် သနားစရာပါကွယ်၊ အဲဒီအချိန်ရဲ့ ခေတ်ကာလကလည်း နိုင်လိုမင်းထက်အချိန်ဆိုတော့ သူတို့ဆင်းရဲသားဘဝတွေခမျာ အလူးအလဲခေါင်းငုံ့ခံရတာပေါ့"

အဘဦးထွန်းလူက စကားစကိုဖြတ်ကာ ကွမ်းတစ်ယာကို ကိုယ်တိုင်ယာ၍ ပါးစပ်ထဲမြုံထားလိုက်၏။ ကျွန်ုပ်မှာကား စိတ်ဝင်စားလွန်းရှိလေရာ အဘဦးထွန်းလူ ဆက်ပြောလာမည့်စကားများကို နားစွင့်ထောင်နေလိုက်၏။

"နောက်ဆုံးတော့ နယ်ပိုင်ဝန်ထောက်မင်းလေးက မစပါယ်ကို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားနဲ့၊ ရွှေငွေအပြည့်နဲ့တင်တောင်းပြီး မင်္ဂလာဆောင်ကို ဒီရွာမှာပဲ စီစဉ်လိုက်ကြတယ်၊ နယ်ပိုင်ဝန်ထောက်မင်းရဲ့ မင်္ဂလာဆောင်ဆိုတော့ လာလိုက်ကြတဲ့သူတွေ၊ ပေးလိုက်ကြတဲ့ လက်ဆောင်တွေဘဏ္ဍာတွေကို မစပါယ်ရဲ့ အမိအဖတွေကို ပေးတယ်လို့ဆိုပါတော့။ မစပါယ်တို့မိသားစု

www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ဝမ်းသာကြတာပေါ့၊ ဒါပေမယ့်. ."

အဘဦးထွန်းလူက စကားစကိုဖြတ်လျက် အရှေ့ရပ်ဝန်းဆီကို ခေတ္တမျှငေးမောကြည့်နေလိုက်၏။ အဘဦးထွန်းလူ၏မျက်နှာ ရိပ်တွင် ဝမ်းနည်းကြေကွဲမှုများ ရောယှက်နေသည်ဟု ကျွန်ုပ်ထင်မိ၏။ အတန်ကြာတိတ်ဆိတ်နေပြီးမှ အဘဦးထွန်းလူက လေးတွဲ့စွာ ဆက်၍ပြောရှာလေ၏။

"အဲဒီနယ်ပိုင်ဝန်ထောက်မင်းနဲ့ မစပါယ်တို့မင်္ဂလာဆောင်တဲ့သတင်းက မြို့ပေါ်မှာရှိတဲ့ နယ်ပိုင်ဝန်ထောက်မင်းရဲ့ ပထမအိမ်သူထံ ရောက်သွားတယ်ထင်ပါတယ်၊ ဒီရွာမှာ တကယ့်ကို ခမ်းခမ်းနားနားကြီး မင်္ဂလာယူနေတဲ့အချိန်မှာ နယ်ပိုင်ဝန်ထောက်မင်းကတော်က ပေါက်ချလာတယ်၊ ဝန်ထောက်မင်းလို အင်္ဂလိပ်လူမျိုးပါပဲ၊ အတိုချုံးပြောရရင်တော့ သူတို့လင်မယားနှစ်ယောက် စကားများကြတယ်ပေါ့ကွယ်၊ ဝန်ထောက်မင်းကတော်က မစပါယ်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ရန်တွေ့သွားလို့ အဲဒီအချိန်တစပြီး မစပါယ်ဟာ အိပ်ခန်းထဲက အိမ်ပြင်ကိုမထွက်တော့ဘူးတဲ့၊ ဝန်ထောက်မင်းလည်း လူပုံအလယ်မှာ အရှက်တကွဲ အကျိုးနည်းဖြစ်ရတော့ အမဲသာက်အစားဖက်ပြီး ဖြေတာပေါ့ကွယ်၊ မစပါယ်ရဲ့ မိဘများမှာလည်း ခြေလွန်လက်လွန်ကိစ္စတွေဖြစ်ပြီးမှဆိုတော့ ဘယ်လိုမှ နောက်ဆုတ်လို့မရတော့တဲ့ အခြေအနေကိုပဲ လက်ပိုက်ကြည့်နေတယ်ဆိုပါတော့၊ ဒီလိုနဲ့ မင်္ဂလာဆောင်တဲ့ညဘက်မှာတော့



ဝန်ထောက်မင်းက မစပါယ်ကို တွေ့ခွင့်တောင်းတယ်၊ ဘယ်လိုမှ တွေ့ခွင့်လည်းမရ၊ အသံလည်းမကြားတော့ စိတ်ပူပြီး မစပါယ်နေတဲ့အခန်းကို ရိုက်ချိုးဖွင့်ကြည့်ကြတော့ မစပါယ်ဟာ သူ့ကိုယ်သူ အဆုံးစီရင်သွားရှာပြီကွယ့်၊ ဝန်ထောက်မင်းခမျာလည်း သူ့ရဲ့အိမ်ခြေကိုတောင်မထိန်းနိုင်ရှာဘူး၊ မျက်ရည်တွင်တွင်ကျပြီး မူးမူးရူးရူးနဲ့ သူ့ကိုယ်သူ သေနတ်နဲ့ပစ်ပြီး အဆုံးစီရင်သွားခဲ့တယ်၊ အဲဒီနောက်ပိုင်း မစပါယ်ရဲ့မိဘတွေကလည်း မစပါယ်ရဲ့စိတ်နဲ့ပဲ အဲဒီအိမ်ကြီးမှာ ကွယ်လွန်သွားခဲ့ရရှာတယ်၊ အဲ. . မစပါယ်ရဲ့ညီအစ်ကိုမောင်နှမတွေက ဆက်ပြီး အဲဒီအိမ်ကြီးမှာ ခေတ္တခဏနေကြသေးတယ်၊ နောက်ပိုင်းတော့ သူတို့လည်း အဲဒီအိမ်ကြီးမှာမနေကြတော့ဘူးဆိုပြီး ပြောင်းသွားကြတာပဲ၊ အဲဒီနောက်ပိုင်းတော့ အဲဒီအိမ်ကြီးကို ဒီအတိုင်းပဲ ပစ်ထားခဲ့ကြတယ်၊ မစပါယ်တို့ မင်္ဂလာဆောင်တုန်းက လက်ဆောင်ဘဏ္ဍာဖြစ်တဲ့ ခုတင်၊ မှန်တင်ခုံ၊ ဘီရိုအစရှိတဲ့ အသုံးအဆောင်တွေတောင် အဲဒီအိမ်ကြီးရဲ့အပေါ်ထပ်မှာ အခုထက်ထိရှိနေသေးတယ်ကွယ့်၊ အပေါ်ထပ်ကို တက်ကြည့်သွားကြပါလား"

"အဘပြောပြတာကြားရတာ မစပါယ်အတွက် စိတ်မကောင်းဖြစ်ရပါတယ်အဘရယ်၊ ဒါနဲ့ သရဲခြောက်တယ်ဆိုတာက. ."

ကျွန်ုပ်က စကားစကိုဖြတ်ရင်း အဘဦးထွန်းလူကို အကဲခတ်ကြည့်လိုက်၏။ ထို့ကြောင့် အဘဦးထွန်းလူက ကျွန်ုပ်၏ဆိုလို

www.burmeseclassic.com

www.burmeseclassic.com



ရင်းအမိဝှါယ်ကို သဘောပေါက်စွာ ဆက်ရှင်းပြ၏။

"သရဲခြောက်တယ်ဆိုတာကတော့ အဘလည်း တစ်ခါမှ အဲဒီအိမ်ကြီးမှာ သွားမနေတော့မသိဘူးပေါ့ကွယ်၊ ဒါပေမယ့် တို့ရွာက ပေပေတေတေလူငယ်လေးတချို့တော့ အရက်သောက်စား မူးရူးပြီး အဲဒီအိမ်ကြီးမှာ သွားအိပ်ဖူးကြတယ်၊ အဲဒီကနေ သရဲခြောက်တယ်ဆိုပြီး နာမည်ကြီးလာတာပဲ၊ သူတို့တွေကတော့ မစပါယ်ရဲ့ ဝိညာဉ်ဟာ ဒီအိမ်ကြီးထဲမှာရှိနေပြီး ဘယ်သူမှမလာရဲအောင် ခြောက်လှန့်တာ သူတို့ကိုယ်တိုင် တွေ့ရတယ်လို့ပြောတယ်၊ အေးလေ. . လူတွေဟာ စိတ်အစွဲအလမ်းနဲ့ သံသရာလည်ကြရတာ မဟုတ်လား၊ ဒါကြောင့် သေခါနီးမှာ ကောင်းတာတွေပြုပြီး ကောင်းတဲ့ နိမိတ်တွေမြင်ဖို့ အရေးကြီးတာပေါ့ကွယ်၊ ကဲ. . ကဲ. . မင်းတို့လည်း ပျင်းလောက်ရောပေါ့၊ ရော့. . ဟောဒီမှာ ရေနွေးကြမ်းနဲ့ လက်ဖက် အမြည်းလေးစားကြပါဦး"

အတန်ကြာမျှ အဘဦးထွန်းလူအိမ်၌နေပြီးနောက် ကျွန်ုပ်တို့နားခိုနေရသည့် အိမ်မည်းကြီးသို့ ကျွန်ုပ်တို့ဇနီးမောင်နှံ ပြန်လာခဲ့ကြ၏။ နေ့လယ်ပိုင်းဖြစ်သောကြောင့် အလင်းရောင်တို့ဖြာထွက်ကာ အရာရာကို ပြတ်သားစွာမြင်တွေ့နေရလေ၏။ ထို့ကြောင့် ဗဟုသုတအဖြစ် အပေါ်ထပ်သို့ တက်ကြည့်ချင်စိတ်ဖြစ်မိကာ ကျွန်ုပ်တို့ဇနီးမောင်နှံမှာ အိမ်မည်းကြီးအပေါ်သို့ တက်ခဲ့ကြ၏။

"ကျွီ. . ကျွီ. . ကျွီ"



အပေါ်ထပ်သို့ခြေချမိသည်နှင့် လင်းနို့သုံးကောင် ဖြတ်သန်းသွားလေရာ ကျွန်ုပ်တို့မှာ လှေကားရင်းသို့ ပြန်ဆင်းပြေးမည့်ဟန်ပြုမိကြ၏။ သို့သော် နေ့လယ်ပိုင်းဖြစ်နေသည်ကတစ်ကြောင်း၊ ဗဟုသုတရချင်သည်ကတစ်ကြောင်းမို့ ကြောက်စိတ်မှာ လွင့်ပြယ်သွားလျက် အိမ်ပေါ်ထပ်သို့တက်ခဲ့ကြလေ၏။

အပေါ်ထပ်တွင် လူနေနည်းပါးကြောင်းကို ပိုးချည်မျှင်များ၊ ပင့်ကူအိမ်များ ရောထွေးယှက်တင်ရှိနေခြင်းနှင့် ဖုံများပေလူးနေခြင်းများက သက်သေပြလျက်ရှိ၏။ ခုတင်၊ မှန်တင်ခုံ၊ ဘီရိုကြီးများမှာ ရှေးလက်ရာဟောင်းများဖြစ်ကြောင်း တွေ့ရလေ၏။ မစပါယ်နေသွားခဲ့သောအခန်းမှာ သည်အတိုင်းပင် ပစ်ထားခဲ့ဟန်ရှိ၏။

အပေါ်ထပ်တစ်ခုလုံးရှိ ပစ္စည်းအထားအသိုများမှာ ဖုန်တက်နေပြီး ပင့်ကူမျှင်များ တွဲလွဲခိုနေသည်မှလွဲ၍ ယခင်ထားရှိခဲ့သည့်လက်ရာအနေအထားအတိုင်း နှစ်ပေါင်းများစွာ ပုံစံမပျက်ထားခဲ့ဟန်ရှိ၏။ ထူးခြားသည်မှာ မစပါယ်၏အခန်း၌ချိတ်ဆွဲထားသော ဖုန်အလူးလူးပေကပ်နေသည့်ဓာတ်ပုံမှာ မိန်းမပျိုတစ်ဦး၏ ဓာတ်ပုံပင်ဖြစ်သည်။

ထိုဓာတ်ပုံပိုင်ရှင်မှာ မစပါယ်ဖြစ်လိမ့်မည်ဟု ကျွန်ုပ်စိတ်ထဲမှတွေးလိုက်မိ၏။ တစ်ဆက်တည်း လွန်ခဲ့သောညက ဦးနှောက်သွေး၊ သက်တင်နှင့် ကျွန်ုပ်ကိုယ်တိုင်မြင်တွေ့လိုက်ရသည့် ဆံပင်ရှည်ရှည်နှင့် လှေကားရင်းမှ မိန်းမပျိုရုပ်ကိုလည်း ကျွန်ုပ်ပြန်၍တွေးမြင်မိ

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ ထိုခဏ ကျွန်ုပ်တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထသွားလေ၏။ ထို့ကြောင့် ဇနီးသည်၏လက်ကိုဆွဲကာ အပေါ်ထပ်မှ အောက်ထပ်သို့ အလျင်အမြန်ပင်ဆင်းခဲ့မိ၏။

အဘယ်ကြောင့်ဆိုသော် လွန်ခဲ့သောညက ကျွန်ုပ်တို့သုံးဦး မြင်တွေ့လိုက်ရသည့်မိန်းမပျိုမှာ အပေါ်ထပ်အခန်း၌ချိတ်ဆွဲထားသော မစပါယ်၏ရုပ်ပုံလွှာနှင့် တစ်ထပ်တည်း ခွဲမရအောင်တူနေခြင်းကြောင့်ပင်ဖြစ်ပေ၏။ ထိုနေ့မှစ၍ ဇာတ်ပွဲကပြီးသည်အထိက ထိုအိမ်ကြီး၌ ကျွန်ုပ်တို့မနေကြတော့၊ နောက်ရက်များတွင် ဇာတ်ရုံထဲ၌သာလျှင် ပြန်၍နေခဲ့ကြတော့သည်။

◆ ◆ ◆

# ကယ်တင်ရှင်မြွေမင်းသမီး

ကျွန်ုပ်တည်ထောင်သော ပန်းကမ္ဘာဇာတ်အဖွဲ့ကြီးမှာ သီတင်းကျွတ်လဆန်း (၁၃)ရက်နေ့မှစ၍ ရန်ကုန်မှထွက်ခွာလာပြီးနောက် ဧရာဝတီတိုင်းအတွင်း တစ်မြို့ဝင်တစ်မြို့ထွက်ကပြလာခဲ့ရာ ပွဲချီ(၅၀)ကျော် ကခဲ့ပြီးဖြစ်၏။ သို့ရာတွင် ကျွန်ုပ်ဇာတ်ဆရာမှာ အရှုံးကြီးရှုံးနေဆဲဖြစ်၏။ ဇာတ်သမားတို့မှာကား ဇာတ်ပွဲမပြတ်ကနေရသောကြောင့် အူစိုကာ အဆင်ပြေနေကြလေ၏။

ကျွန်ုပ်၏ဇာတ်အဖွဲ့တွင် အဖွဲ့သား(၅၀)နီးပါးခန့်ရှိ၏။ ခေါင်းဆောင်မင်းသား၊ မင်းသမီး၊ ယိမ်း၊ လူရွှင်တော်မှအစ ဆိုင်းဝိုင်း၊ တီးဝိုင်းအပါအဝင် ကားဆွဲမီးထိုးမှအဆုံး အဖွဲ့သားအားလုံးမှာ သူ့နေရာနှင့်သူ အံဝင်ခွင်ကျလူများချည်းဖြစ်၏။ ထိုဇာတ်သား

www.burmeseclassic.com

www.burmeseclassic.com



အားလုံးကိုလည်း ကျွန်ုပ်ဇာတ်ဆရာအနေဖြင့် ဇာတ်ရာသီမတိုင်ခင် မှစ၍ စပေါ်ငွေကြိုတင်ပေးကာ ခေါ်ယူငှားရမ်းခြင်းဖြစ်၏။

ဇာတ်စတင်မထွက်မီကပင် ထိုငှားရမ်းထားပြီး ဇာတ်သမားတို့နှင့် ဇာတ်ထုပ်ဇာတ်လမ်း၊ ကကွက်၊ တီးကွက်တို့ကို ကြိုတင်တိုက်ခဲ့ကြပြီးဖြစ်၏။ ကျွန်ုပ်၏ဇာတ်အဖွဲ့ကြီးအား ဇာတ်ငှားရမ်းသည့်ကိုယ်စားလှယ်မထားဘဲ ကျွန်ုပ်ကိုယ်တိုင် ပွဲငှားရမ်းခြင်း၊ ဇာတ်ပွဲသွင်းခြင်းကိုပြုလုပ်၏။ ထို့ကြောင့် ကျွန်ုပ်၏ဇာတ်အဖွဲ့မှာ ရန်ကုန်မှစတင်ထွက်ခွာပြီးသည်နှင့် ဇာတ်ရာသီတစ်လျှောက် ရန်ကုန်ကိုပြန်၍နားခြင်းမရှိတော့ပေ။

တစ်နေရာမှ တစ်နေရာသို့ ဇာတ်ပွဲငှားရမ်းသည့်အတိုင်း လိုက်လံကပြ၍ တစ်ခါတရံ ဇာတ်ပွဲငှားရမ်းသူမရှိပါက ရောက်သည့်အရပ်၌ ဇာတ်ရုံရှိလျှင် ကိုယ်ပိုင် (အုန်းရှိုး၊ ဇာတ်ဆရာသွင်းသောပွဲ)ရုံဆင်၍ ဝင်ကလေ့ရှိ၏။ ထိုအခါ ဇာတ်ကြေးရှုံးခြင်းမှာ ဇာတ်ဆရာနှင့်သာပတ်သက်၍ ဇာတ်သမားတို့မှာမူ ညကြေးမလျှော့မပေါ့ အပြည့်အဝရပြီးသားဖြစ်ကြ၏။

ဇာတ်ဆရာအနေဖြင့် အုန်းရှိုးပွဲကတိုင်း အရှုံးဖြင့်သာ ရင်ဆိုင်ရလေ့ရှိ၏။ ပွဲမိန့်လိုက်ရခြင်း၊ ရုံခပေးရခြင်းနှင့် ဇာတ်ရုံဝင်ပေါက် ထွက်ပေါက်တို့ကို စနစ်တကျမစီစဉ်နိုင်ခြင်း ဟာကွက်တို့ကြောင့် ကုန်ကျစရိတ်နှင့် လူဝင်ခရသည့်ငွေမှာ မမျှတဘဲ အရှုံး



တွဲရသည်သာများ၏။ သို့သော် ဇာတ်သမားတို့ ပွဲချိမ်းများများကရပြီး ဇာတ်၏ကောင်းသတင်းကိုကြားရသည့်အခါတွင်မူ အရှုံးထဲကအမြတ်ထွက်သည်ဟူ၍ပင် ကျွန်ုပ်စိတ်၌မှတ်ယူကာ အပျော်ကြီးပျော်နေမိ၏။

အိမ်မဲမြို့ဇာတ်ရုံသို့ ကျွန်ုပ်တို့ဇာတ်အဖွဲ့ရောက်လာခဲ့သည်မှာလည်း ကံထရိုက်ပွဲမဟုတ်ချေ။ ကံရွာ၌ ကံထရိုက်ပွဲသုံးညကပြီးနောက် ပွဲငှားမရှိဖြစ်နေရာ ပုသိမ်သို့ပြန်၍ ဇာတ်နားနေရမည့်အစား ဇာတ်ရုံရှိ၍ ပွဲမိန့်လည်းအလွယ်တကူရသော အိမ်မဲသို့ အုန်းရှိုးပွဲကရန် ဇာတ်ကူးလာခဲ့ခြင်းဖြစ်၏။ ဇာတ်သမားတို့ကမူ ဇာတ်မနားဘဲ ဇာတ်ဆက်ကနေရမည်ဖြစ်၍ ဝမ်းသာနေကြ၏။ ကျွန်ုပ်မှာသာ ပူပင်ကြောင့်ကြမှုတို့ဖြင့် အိမ်မဲဇာတ်ရုံသို့ (၂)ရက်ကြို၍ရောက်နှင့်နေ၏။

အိမ်မဲဇာတ်ရုံမှာလည်း ကျွန်ုပ်တို့ဇာတ်အဖွဲ့ကိုသာလျှင် ...စွာငှားရမ်းခဲ့ခြင်းဖြစ်ရာ ကျွန်ုပ်တို့ဇာတ်အဖွဲ့ရောက်ရှိနေချိန်ထိ ...တ်ရုံအမိုးများ မိုးနေဆဲရှိ၏။ ဇာတ်စင်ဘေးနှင့် အနောက်ဘေး ...က်လည်ရှိ ကျွန်ုပ်တို့ဇာတ်သမားများနားနေရသည့် မြေနေရာမှာ ...ည်း ကန်သင်းရိုးအတိုင်းသာရှိ၏။ စပါးရိုးပြတ်များပင် သည် ...တိုင်းရှိနေကာ မြေမှာ မညီမညာရှိလှ၏။

ထို့ကြောင့် ကျွန်ုပ်တို့ဇာတ်သမားများမှာ ယူဆောင်လာ ...ည့် ခုတင်ဂတ်ပြားများကိုခင်း၍အိပ်မှ အဆင်ပြေ...။ ခုတင်

www.burmeseclassic.com

www.burmeseclassic.com



ကတ်ပြားများမပါသူတို့မှာကား မညီမညာကန်သင်းရိုးမြေပေါ်တွင် အခင်းခင်း၍ ဖြစ်သလိုသာ နေရအိပ်ရ၏။ ခုတင်ကတ်ပြားမှာလည်း ဇာတ်ထဲမှ ခေါင်းဆောင်မင်းသား၊ မင်းသမီးနှင့် လူကြီးပိုင်းလောက်သာလျှင် ယူခွင့်ပေးထားရာ ကျန်သည့်အဖွဲ့သားတို့မှာ အခင်းအဖြစ် ကောဇော (ဖယောင်းပုဆိုး)နှင့် ဖျာတို့သာပါရှိတတ်ကြ၏။

ကျွန်ုပ်မှာ အိမ်မဲသို့ (၂)ရက်ခန့် ကြိုတင်ရောက်ရှိလာခဲ့ရလေရာ ရောက်သည့်နေ့မှာပင် ဇာတ်ကမည့်အကြောင်း ကြိုတင်ကြော်ငြာလှည့်ရ၏။ ဇာတ်ရုံဆောက်သူတို့နှင့်ပူးပေါင်း၍ ပွဲမီနိုင်ရန် အဆင်ပြေအောင်လိုက်ရ၏။ ထို့ကြောင့် ပထမရောက်သည့်နေ့တွင် ကျွန်ုပ်မှာ ဇာပါရုံသို့ မိုးစုန်းစုန်းချုပ်မှပင်ပြန်ရောက်၏။ ဇာတ်ရုံမှာ ဇာတ်ကရက်မဟုတ်သောကြောင့် မီးပေးထားခြင်းမရှိပေ။ ဖယောင်းတိုင်မီးများထွန်း၍သာ နေကြရ၏။ ထို့ကြောင့် ကျွန်ုပ်မှာ ဇာတ်ရုံသို့ပြန်ရောက်သည်နှင့် ထမင်းစားပြီးနောက် အိပ်စက်အနားယူလေတော့၏။

♦ ♦ ♦

"ရှီ. . ရှီ. . ရှီ"

ကျွန်ုပ် မည်မျှကြာအောင်အိပ်ပျော်သွားသည်မသိချေ။ ကျွန်ုပ်နားထဲ၌ အသံတစ်သံကြားမိကာ ကျွန်ုပ်မှာ လန့်နိုးလာ၏။ ဇာတ်ရုံထဲ၌ မှောင်မဲနေသည်ဖြစ်ရာ ဘာကိုမျှသဲကွဲစွာမမြင်ရချေ။



သို့သော် ကြားနေရသောအသံကို သတိပြုမိသဖြင့် ထိုအရာကို ကျွန်ုပ်သိရှိပြီးဖြစ်နေ၏။ ထို့ကြောင့် ကျွန်ုပ်မှာ ကြောက်ရွံ့ကာ ဂါထာတစ်ပုဒ်ကို ရွတ်ဆိုနေလိုက်၏။ ထိုဂါထာမှာ မြွေများနှင့်တွေ့တိုင်း ကျွန်ုပ်ရွတ်ဆိုနေကျဂါထာဖြစ်၏။

"ပစ္ဆိမ သိဝ် ဒိသာဘာဂေ၊ သန္တိနာဂါ မဟိဒ္ဒိကာ၊ တေပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေနစ"

ဂါထာကိုလည်း အထပ်ထပ်အခါခါရွတ်ဆိုနေရင်းမှ ထိုဂါထာ၏အနက်ကိုလည်း စိတ်ထဲ၌ဖော်ကျူးကာ မျက်စိအာရုံ၌ ထိုသတ္တဝါတို့ကိုမြင်စေ၏။ ထို့မှတစ်ဖန် ဂါထာ၏ပါဠိနှင့် အနက်ကိုပူးတွဲလျက်ရွတ်ဆိုမိပြန်၏။

"ပစ္ဆိမ သိဝ် ဒိသာဘာဂေ- အနောက်မျက်နှာအဖို့၌၊ မဟိဒ္ဒိကာ- ကြီးသောတန်ခိုးရှိကုန်သော၊ နာဂါ- နဂါးတို့သည်၊ သန္တိ ရှိကုန်၏၊ တေပိ- ထိုနဂါးတို့သည်လည်း၊ အရောဂေနစ- အနာမရှိသဖြင့်လည်းကောင်း၊ သုခေနစ- ချမ်းသာခြင်းဖြင့်လည်းကောင်း အမှေ- ငါတို့ကို၊ နုရက္ခန္တု- စောင့်ရှောက်စေကုန်သတည်း"

ရှင်းလင်းသောအဓိပ္ပါယ်ရှိ၍ အာရုံ၌လည်း နဂါးနွယ်ဝင်မြွေတို့၏ပုံသဏ္ဍာန်ကိုမြင်ရကာ ထိုသတ္တဝါတို့အား တိုက်ရိုက်ပြောဆိုနေဘိအလား စိတ်မှာထင်မိ၏။ ထိုဂါထာကို အခေါက်ခေါက်အခါခါရွတ်ဆိုနေရာမှ ကျွန်ုပ်မျက်လုံးများ မှေးစင်းလာ၏။ ထို့ကြောင့် သတိမပြတ်စေရန် ဂရုစိုက်ထားလျက်မှ. . .

www.burmeseclassic.com

www.burmeseclassic.com



"အို. . ကျွန်ုပ်နှင့် ဘဝပေါင်းက၊ ဘဝအဆက်ဆက်က တစ်နည်းတစ်ဖုံတော်စပ်ခဲ့ကြသော အမိအဖ၊ ညီအစ်ကိုမောင်နှမ၊ ဆွေတော်မျိုးတော်အပေါင်းတို့ သင်တို့သည် ကျွန်ုပ်ရောက်နေရာ ဤအိမ်မဲမြို့အရပ်ဒေသ၌ အကြောင်းအကျိုးတစ်ခုခုကြောင့်ရှိနေမည်ဆိုလျှင် ကျွန်ုပ်ပြုခဲ့သမျှသော အဖို့ဘာဂကို ကျွန်ုပ်မှ ထပ်တူထပ်မျှ အမျှ. . အမျှ. . အမျှပေးဝေပါတယ်၊ ကျွန်ုပ်ကိုလည်း ဘေးဥပါဒ်အန္တရာယ်မှကင်းဝေးအောင် ကျွန်ုပ်ပြုလုပ်နေသောလုပ်ငန်းများအဆင်ပြေအောင် ကူညီစောင့်ရှောက်ပေးကြပါ. . သာဓု. . သာဓု. . သာဓု"

မေတ္တာပို့ အမျှအတန်းပေးဝေနေမိ၏။ ထိုခဏမှာပင် ကျွန်ုပ်၏မျက်လုံးအစုံမှာ မည်သို့မျှဖွင့်မရတော့ဘဲ မှေးစင်း၍သွားလေ၏။ ထိုအခါ ကျွန်ုပ်ကိုယ်၌ကပ်နေသော ကြောက်စိတ်သည်လည်း အိပ်ပျော်သွားလေသည်။

သို့သော် ကျွန်ုပ်မျက်ဝန်း၌ ထင်ထင်ရှားရှားကြီးပေါ်လာပြန်သည်မှာ လွန်စွာလှပကျော့ရှင်းသော ရှေးမူရှေးဟန် နန်းဆန်ဆန်အဝတ်အစားများ ဝတ်ဆင်ထားသည့် အသက်နှစ်ဆယ်ကျော်မိန်းမပျိုလေးတစ်ဦးဖြစ်၏။ ထိုမိန်းမပျိုလေးသည် ကျွန်ုပ်အား ပြုံးပြကာ နှုတ်ဆက်စကားဆိုလေ၏။

"အစ်ကိုတော်. . ဒီက နှမတော်ကိုမမှတ်မိတော့ဘူးလားဟင်၊ လူ့ဘဝတစ်ခုမှာတုန်းက အစ်ကိုတော်နဲ့ နှမတော်က မောင်နှမ



တွေ တော်စပ်ခဲ့ဖူးတယ်လေ၊ ဒီတုန်းက အစ်ကိုတော်ရဲ့ကျေးဇူးတွေ နှမတော်အပေါ်မှာ အများကြီးပဲရှိခဲ့ဖူးပါတယ်၊ ဒီအတွက် အခုလို အစ်ကိုတော်နဲ့ တိုက်တိုက်ဆိုင်ဆိုင်လာဆုံကြတဲ့အခါမှာ အစ်ကိုတော်ကျေးဇူးကိုဆပ်ချင်လို့ အစ်ကိုတော်ကို လာပြီးနှုတ်ဆက်တာပါ၊ အစ်ကိုတော်နဲ့ ဘဝတွေအများကြီးခြားသွားခဲ့ပေမယ့်လည်း ခုလို အစ်ကိုတော်နဲ့ပြန်ဆုံတွေ့ရပြီး အစ်ကိုတော်ရဲ့ မေတ္တာပေးဝေသံ၊ အမျှပေးဝေသံကိုကြားရတဲ့အခါမှာ အစ်ကိုတော်ရဲ့ကျေးဇူးတရားကို ပြန်ပြီးသတိရမိပါတယ်အစ်ကိုတော်၊ အစ်ကိုတော်ကို တစ်လှည့်ပြန်ကူညီပါရစေ၊ အစ်ကိုတော် တစ်ခုခုတောင်းဆိုပါ"

မိန်းမပျို၏အသံမှာ ချိုသာနူးညံ့သိမ်မွေ့ကာ ပြတ်သားစွာကြားနေရ၏။ သူမကိုယ်တိုင်လည်း ကျွန်ုပ်၏မျက်ဝန်းရှေ့တည့်တည့်တွင် ကျိုးနွံစွာရပ်နေလျက်ရှိလေ၏။ ကျွန်ုပ်မှာ အံ့ဩခြင်းကြီးစွာဖြစ်လျက် ငေးကြောင်စွာကြည့်နေမိ၏။

ပြောပြောဆိုဆိုဖြင့် မိန်းမပျိုမှာ ကျွန်ုပ်၏မျက်ဝန်းမှ ပျောက်ကွယ်သွား၏။ ထိုအချိန်တွင် ကျွန်ုပ်မှာ အိပ်ရာမှ အလိုအလျောက် လန့်နိုးလာရ၏။ သို့သော် စောစောကအဖြစ်အပျက်နှင့် စကားသံတို့မှာ ကျွန်ုပ်မျက်ဝန်းနှင့် နားနှစ်ဘက်တို့တွင် စွဲ[illegible]ကျန်နေ၏။ သို့ရာတွင် ကျွန်ုပ်၏အနီးပတ်ဝန်းကျင်၌မူ အ[illegible]ရောင်ဟူ၍ လုံးဝတင်းမဲ့ကာ မှောင်မှောင်မည်းမည်းဖြစ်နေ[illegible]။ ထိုအခါမှ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နား၌ကြားယောင်၍ ကျွန်ုပ်၏အာရုံ၌စွဲထင်နေသော အဖြစ်အပျက်မှာ အိပ်မက်တစ်ခုသာဖြစ်ကြောင်း ကောက်ချက်ချမိတော့လေ၏။

◆ ◆ ◆

ညဦးက မြွေနှင့်ပတ်သက်၍တစ်ကြိမ်၊ အိပ်မက်မက်၍တစ်ကြိမ်ဖြင့် အကြိမ်ကြိမ် အိပ်ရာမှလန့်နိုးခဲ့ရသည်ဖြစ်၍ ကျွန်ုပ်မှာ အိပ်ရာမှ စောစောမထနိုင်ခဲ့ချေ။ ကျွန်ုပ်အိပ်ရာမှနိုးသောအချိန်တွင် နံနက်(၉)နာရီကျော်မျှရှိလေပြီ။

ကျွန်ုပ်အိပ်ရာမှထ၍ မျက်နှာသစ်ပြီးနောက် နံနက်အဆာပြေ လက်ဖက်ရည်နှင့် မုန့်တို့ကိုစားပြီးသောအချိန်တွင် မြို့ထဲသို့ ကြော်ငြာလှည့်သွားရန် ပြင်ဆင်ရ၏။ ထိုအချိန်တွင် ဇာတ်မန်နေဂျာဦးတင်ဦးမှ မိန်းမပျိုတစ်ဦးခေါ်လာကာ ကျွန်ုပ်နှင့်တွေ့ဆုံပေးလေ၏။ ထိုမိန်းမပျိုပုံသဏ္ဌာန်မှာ မြွေအလမ္မာယ်ဆရာနှင့်တူ၏။

"ဇာတ်ဆရာ. . ဟောဒီမိန်းကလေးက ဇာတ်ဆရာနဲ့တွေ့ချင်လို့တဲ့"

ကျွန်ုပ်နှင့် မိတ်ဆက်ပေးနေသော ကျွန်ုပ်ရှေ့မှ မိန်းမပျိုအား ကျွန်ုပ်သေချာစွာကြည့်လိုက်၏။ ကျွန်ုပ်စိတ်ထဲတွင် ထိုမိန်းမပျိုကို မြင်ဖူးပြီးသားဖြစ်နေ၏။ ခဏအတွင်းမှာပင် မိန်းမပျိုနှင့် ကျွန်ုပ် မည်သို့ပတ်သက်တွေ့ဆုံခဲ့သည်ကို စဉ်းစားလိုက်၏။ ဦးတင်ဦးကမူ ကျွန်ုပ်တို့နှစ်ဦးအား ငေးကြည့်နေ၏။ ထိုစဉ်. . .



"ကျွန်မက ဒီရွာကမဟုတ်ပါဘူးရှင်၊ ဧည့်သည်ပါ၊ ဒီက ဇာတ်ပွဲကိုတွေ့လို့ ဝါသနာတူချင်း မိတ်ဆက်ရအောင် ဝင်လာခဲ့တာပါ"

မိန်းမပျိုက ဦးစွာပြော၍ မိတ်ဖွဲ့၏။ သူမ၏ရုပ်ဆင်းအင်္ဂါမှာ လှပလွန်း၏။ ကိုယ်လုံးကိုယ်ထည်မှာလည်း မြင်သူငေးမောချင်စဖွယ် ပြေပြစ်ချောမော၏။ သူမ၏လက်ထဲတွင်မူ မကြီးမငယ် ပခြုပ်တစ်ခုကိုဆွဲထား၏။ သူမ၏စကားသံမှာ ချိုသာယဉ်ကျေးလှ၏။ ထိုစကားသံကြောင့် ကျွန်ုပ်မှာ တစ်ခုခုကို သတိရသလိုရှိသွား၏။ ထိုအခိုက်. . .

"ကျွန်မက တစ်ပင်တိုင်အကလည်း ကောင်းကောင်းကတတ်ပါတယ်၊ ပြီးတော့ မြွေအကကိုလည်း လူတွေကောင်းကောင်းသဘောကျလောက်အောင် ကတတ်ပါတယ်ရှင်၊ ဒါ့အပြင် ကျွန်မနဲ့အတူ မြွေကတွဲကမယ့် ဟောဒီ ကျွန်မရဲ့အဖော်လည်းပါပါတယ်၊ အစ်ကိုတော်ဇာတ်ဆရာနဲ့ ကျွန်မကိုသာ ဒီဇာတ်ပွဲမှာ ကခွင့်ပေးမယ်ဆိုရင် အစ်ကိုတော် အိမ်အပြန် ငွေထုပ်ပိုက်ပြီး ပြန်ရမှာမလွဲပါဘူးရှင်၊ ကျွန်မပြောတာယုံပါနော်"

မိန်းမပျိုက သူမလက်ထဲမှ ပခြုပ်ကိုပြ၍ ချိုသာယဉ်ကျေးစွာပြောနေ၏။ ကျွန်ုပ်မှာ မိန်းမပျိုကိုတစ်လှည့်၊ သူ၏လက်ထဲမှ ပခြုပ်ကိုတစ်လှည့်ကြည့်၍ ကြောက်လန့်သလိုဖြစ်နေမိ၏။ ဤသို့ ကျွန်ုပ်ကြောက်လန့်နေသည်ကိုကြည့်၍ မိန်းမပျိုက ပခြုပ်ထဲမှ

www.burmeseclassic.com

www.burmeseclassic.com



မြွေကို ရုတ်တရက်ဆွဲထုတ်ကာ. . .

"သူက ကျွန်မအမိန့်ပေးမှ ဘာမဆိုလုပ်တာ၊ ကြောက်စရာ မလိုပါဘူး"

ကျွန်ုပ်၏မျက်နှာအနီးသို့ကပ်၍ မြွေကိုတိုးပြရင်းပြော လိုက်ရာ ကျွန်ုပ်နှင့် ဦးတင်ဦးမှာ ကြောက်လန့်သဖြင့် နောက်ဘက် သို့ ခြေလှမ်းဆုတ်လိုက်မိ၏။ မိန်းမပျိုကမူ ရှောက်သီးလုံးခန့် လုံးပတ်ရှိ၍ နှစ်လံမျှရှည်သောမြွေကြီးကို သူမ၏လက်နှစ်ဘက်ဖြင့် ဆုပ်ကိုင်ထားလျက် မိကြောက်မရွံ့ဖြင့် သူမ၏ကိုယ်ပေါ်သို့ ပတ်တင် ပြလျက်ရှိ၏။ ကျွန်ုပ်ဘေးရှိ ဦးတင်ဦး၏မျက်နှာရိပ်တွင်လည်း ကြောက်စိတ်လွှမ်းမိုးနေဟန်ရှိ၏။

"မကြောက်ပါနဲ့ အစ်ကိုတော်ဇာတ်ဆရာရယ်၊ သူက မေတ္တာကိုတန်ဖိုးထားတဲ့သတ္တဝါပါ၊ သူ့ကို အန္တရာယ်မပေးသမျှ သူကလည်း ဘယ်သူ့ကိုမှ အန္တရာယ်မပေးတတ်ပါဘူး၊ ဒါ့အပြင် သူက ကျွန်မနည်းတူ အကကောင်းကောင်းကတတ်ပါသေးတယ်၊ ကဲ. . ညီမတော်လေးရေ၊ မင်းရဲ့တစ်ပင်တိုင်အကလေး ကပြလိုက် စမ်းပါဦး"

မိန်းမပျိုက ပြောပြောဆိုဆို သူမ၏ကိုယ်ပေါ်မှမြွေကို အလိုက်သင့် လက်ဖြင့်မ,ယူ၍ ကျွန်ုပ်ရှေ့ရှိ မြေကွက်လပ်ပေါ်သို့ ချပေးလိုက်၏။ ထိုမြွေကြီးမှာ အမြီးပိုင်းတစ်ခြမ်းကိုခွေထားလျက်မှ ဦးခေါင်းပိုင်းကထောင်ထားလျက် ပါးပျဉ်းခွက်ထား၏။ ထိုသို့



ပါးပျဉ်းခွက်ထားသည့်ဦးခေါင်းပိုင်းမှာ ရှေ့တိုးနောက်ငင်လုပ်၍ တစ်မျိုး၊ ဘယ်ညာသို့ယိမ်း၍တစ်နည်းဖြင့် လူတို့ယိမ်းကသည့်နှယ် လှုပ်ရှားပြနေလေ၏။

ကျွန်ုပ်မှာ မြွေကြီး၏လှုပ်ရှားနေမှုကို ကြည့်ကောင်းကောင်း ဖြင့်ကြည့်နေမိရာ ကြောက်စိတ်ပင် ဘယ်သို့ရောက်သွားသည်မှန်း မသိတော့ချေ။ ကျွန်ုပ်ဘေးမှ ဦးတင်ဦးကလည်း ကျွန်ုပ်နည်းတူ မြွေကြီးကနေသည်ကို စူးစိုက်စွာကြည့်လျက် သဘောအကျကြီး ကျနေလေ၏။ ခဏကြာသောအခါတွင်. . .

"ဇာတ်ဆရာ. . မိန်းကလေးပြောတာဖြစ်နိုင်တယ်၊ သူ့ရဲ့ မြွေက လိမ္မာတဲ့အပြင် လူတစ်ယောက်လိုကတတ်တာဆိုတော့ ဒီမိန်းကလေးပြောသလို သူ့ကို ကျွန်တော်တို့ဇာတ်နဲ့ပေါင်းပြီး တစ်ခန်းတစ်ကဏ္ဍ စင်တင်ပေးလိုက်ရင် ကျွန်တော်တို့အဖွဲ့ နာမည် ကြီးသွားမယ်၊ ပြီးတော့ ဇာတ်ဆရာလိုချင်တဲ့ငွေလည်း ဖြစ်လာနိုင် တယ်"

ဦးတင်ဦးက ကျွန်ုပ်၏အနားသို့ကပ်လျက် တိုးတိုးပြော၏။ မိန်းမပျိုကမူ သူမ၏မြွေကို ဖမ်းယူကိုင်တွယ်ပြီးနောက် ပခြုပ်ထဲ သို့ ပြန်ထည့်နေ၏။ ပြီးနောက် ပခြုပ်ကိုဆွဲမကာ အနီးမှထွက်သွား ရန် ဟန်ပြင်နေသည်မို့ ကျွန်ုပ်က. . .

"ဒီမှာ တလေးမ၊ မင်းကို ငါတို့အဖွဲ့နဲ့အတူ ကပြဖို့ ငါ သဘောတူလိုက်ပြီ၊ အဲဒီတော့ ခုချိန်ကစပြီး မင်း ဒီဇာတ်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



နေပေတော့၊ တစ်ခုတော့ရှိတယ်၊ မင်းဟာကြီးကို သေသေချာချာ လုံလုံခြုံခြုံထားပါ"

အလျင်အမြန်ပြောကာ ပခြုပ်ကို လက်ညှိုးထိုးပြလိုက်၏၊ ကျွန်ုပ်၏စကားကြောင့် မိန်းမပျိုက သွားတက်ကလေးများပေါ် အောင်ပြုံး၍ ကျွန်ုပ်အားပြန်ပြော၏၊

"ကျွန်မအတွက် နေစရာမလိုပါဘူး အစ်ကိုတော်ဇာတ်ဆရာ၊ ကရမယ့်နေ့ကျမှ ကျွန်မအချိန်မီရောက်အောင်လာခဲ့ပါ့မယ်၊ ခုလို ကျွန်မကိုကခွင့်ပေးတဲ့ အစ်ကိုတော်ကို ကျွန်မကလည်း အကူအညီပြန်ပေးမှာပါ၊ တဲ. . ကျွန်မကိုခွင့်ပြုပါဦးရှင်"

မိန်းမပျိုက အေးဆေးစွာပြောဆိုပြီးနောက် ကျွန်ုပ်တို့ရှေ့မှ ဖြည်းညင်းစွာထွက်သွား၏။

◆ ◆ ◆

ယနေ့ည ဇာတ်ကမည်ဖြစ်သောကြောင့် မှောင်ရီသန်းသည်နှင့် ဇာတ်ရုံကို မီးလင်းစေ၏။ ပြီးနောက် ဆိုင်းဝိုင်းကို စောစီးစွာ ညှိခံတီးမှုတ်စေ၏၊ ထိုအချိန်မှာပင် ရုံအဝင်မှနေ၍ ကျွန်ုပ်တို့ဇနီးမောင်နှံမှာ ဖျာလက်မှတ်နှင့် ရုံဝင်လက်မှတ်တို့ကို စတင်ရောင်းချနေမိ၏၊

ညကိုးနာရီခွဲတွင် ပွဲစတင်ထွက်မည်ဖြစ်ရာ ရှစ်နာရီထိုးနေသည့်တိုင် ပွဲကြည့်ပရိသတ်မှာ ကျိုးတိုးကြဲတဲသာရှိနေသေး၏၊ ကျွန်ုပ်မှာ ရင်တမမနှင့် ပရိတ်တရားများကိုရွတ်ဆိုရင်း စိတ်ထဲမှလည်း မြွေက,ကမည်ဆိုသောမိန်းမပျိုလေးအား မျှော်နေမိ၏။ ကျွန်ုပ်၏ဇနီးသည်မှာလည်း တရားစာဆိုရင်း ပရိသတ်ကိုမျှော်နေရှာ၏။



ထိုစဉ် ကျွန်ုပ်ထိုင်နေရာ လက်မှတ်ရုံပေါက်ဝသို့ လူရှင်တော်ရေမွှေးရောက်ချလာ၏။ သူ့ဘေးတွင် ကျွန်ုပ်မျှော်လင့်နေသော မိန်းမပျိုလည်း အတူပါလာ၏။ ထို့အတူ သူမ၏လက်ထဲတွင်လည်း သူမ၏လက်ဆွဲတော်ပခြုပ်ပါလာပြန်၏။

"ဘယ်လိုလဲ အစ်ကိုတော်ဇာတ်ဆရာ၊ လူမဝင်လို့ စိတ်ညစ် နေပြီလား"

ကျွန်ုပ်က သူမကိုငေးကြည့်နေစဉ်မှာပင် သူမက သူ့လက်ထဲမှပခြုပ်ကို ကျွန်ုပ်ဘေး၌ချထားရင်းမှ ထပ်ပြောပြန်၏။

"စိတ်အေးအေးထားပါ အစ်ကိုတော်ဇာတ်ဆရာ၊ မကြာခင် လူတွေရောက်လာပါလိမ့်မယ်၊ ကဲ. . ညီမတော်က လူခေါ်ပေးလိုက်ပါဦးကွယ်"

မိန်းမပျိုက ပြောပြောဆိုဆိုဖြင့် ပခြုပ်ကိုလှမ်းဖွင့်လိုက်၏။ ထို့ကြောင့် ပခြုပ်တွင်းမှမြွေက ခေါင်းပြူထွက်လာ၏။ ကျွန်ုပ်မှာ ကြောက်လန့်လွန်းသောကြောင့် လက်မှတ်ရုံထဲမှ လှမ်းထွက်မည်ပြုစဉ်. . .

"အစ်ကိုတော် ဒီလောက်တောင်ကြောက်လန့်နေရင်လည်း သူ့ကို ဒီအတိုင်းပြန်ထားလိုက်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုက မြွေဦးခေါင်းကိုပုတ်ကာ ပခြုပ်ထဲပြန်ထည့်၍ အဖုံးဖုံးထားလိုက်၏။ ထိုအခါမှ ကျွန်ုပ်မှာ နေရာ၌ မရဲတရဲပြန်ထိုင်လိုက်မိ၏။ ထိုစဉ် လက်မှတ်ရုံပေါက်ဝ၌ လူများတိုးဝှေ့ကာ လက်မှတ်ဝယ်ယူနေကြသောကြောင့် ကျွန်ုပ်မှာ လက်မှတ်ရောင်းရပြန်ရာ မြွေကြောက်သည့်စိတ်မှာ လွင့်စင်သွားရပြန်၏။

ထိုအချိန်မှစ၍ ရုံဝင်လက်မှတ်ဝယ်သူနှင့် ဖျာလက်မှတ်ဝယ်သူတို့မှာ ဝင်လာမစဲ တဖွဲဖွဲဖြစ်သောကြောင့် ကျွန်ုပ်၏လက်နှစ်ဘက်မှာ နားနေမရအောင် အလုပ်ရှုပ်နေရ၏။ ကျွန်ုပ်နှင့်အတူ ကျွန်ုပ်ဘေး၌ လက်မှတ်ကူရောင်းပေးနေသော ဇနီးသည်မှာလည်း လက်မှတ်ရောင်းကောင်းသောကြောင့် ပြုံးရွှင်နေ၏။

"ကဲ . . အစ်ကိုတော်ဇာတ်ဆရာ၊ ဘယ့်နှယ်လဲ၊ ကျွန်မပြော တာယုံပြီမဟုတ်လား"

ကျွန်ုပ်က ခေါင်းညိတ်အဖြေပေးကာ ဇာတ်ရုံအတွင်းသို့ အကဲခတ်ကြည့်လိုက်ရာ ဇာတ်ရုံအတွင်း၌ ပွဲကြည့်ပရိသတ်များ ဖွေးဖွေးလှုပ်နေသည်ကို လှမ်းမြင်ရ၏။ ထိုစဉ် ဆိုင်းဝိုင်းနှင့် ခေတ်ပေါ်ဝိုင်းတို့နှစ်ဝိုင်းမှ ပြိုင်တာတီးမှုတ်နေပြီဖြစ်ရာ မကြာခင်ရုံခါတော့မည်မှန်း ကျွန်ုပ်သိလိုက်၏။ ထို့ကြောင့် . . .

"ကဲ . . မိန်းကလေး မကြာခင်ရုံခါတော့မယ်၊ မင်းဇာတ်ကမို့အတွက်လည်း ငါစီစဉ်ရဦးမယ်ဆိုတော့ မင်း ငါနဲ့လိုက်ခဲ့"

ကျွန်ုပ်က ပြောဆိုပြီးသည်နှင့် လက်မှတ်ရုံမှနေ၍ ဇာတ်



စင်ဘေးနောက်ပတ်လည်ရှိ ကျွန်ုပ်တို့ဇာတ်အဖွဲ့ရှိရာဆီသို့ လှမ်းလာခဲ့ရာ မိန်းမပျိုမှာလည်း ပခြုပ်ကိုဆွဲလျက် ကျွန်ုပ်နောက်မှ ထပ်ကြပ်မကွာလိုက်လာလေ၏။ ပြီးနောက် သူမအား ကျွန်ုပ်တို့ဇနီးမောင်နှံနေထိုင်ရာအခန်း၌ ခေတ္တနေကာ အလှပြင်စေလိုက်၏။ ကျွန်ုပ်မှာကား ယနေ့ညကပြရမည့် အော်ပရာ၊ ပြဇာတ်နှင့် နောက်ပိုင်းဇာတ်ထုပ်များကို အဖွဲ့သားများသိရှိစေရန်နှင့် သေချာစွာကြိုးစားကပြရန် လိုက်လံပြောဆိုရ၏။

ညသည်မိန်းမပျို တင်ဆက်ကပြမည့် တစ်ပင်တိုင်မြွေအကကိုမူ အော်ပရာအခန်းကဏ္ဍတွင် တင်ဆက်ကပြရန် ကြိုတင်စီစဉ်ထားရှိ၏။ ထိုအစီအစဉ်ကို ကျွန်ုပ်နည်းတူ ဇာတ်အဖွဲ့သူ၊ အဖွဲ့သားများမှလည်း အထူးစိတ်ဝင်စားလျက်ရှိ၏။ မိန်းမပျိုမှာကား အလှပြင်ဆင်ထားခြင်း အလျဉ်းမရှိပေ။

သို့သော် သူမဖျော်ဖြေတင်ဆက်ရမည့်အလှည့်ရောက်၍ ဇာတ်စင်ပေါ်သို့တက်သွားသောအခါတွင်မူ ထိုမိန်းမပျို၏ အလှကျက်သရေမှာ ဝင်းပတောက်ပြောင်၍ မြင်သူငေးလောက်ဖွယ်ဖြစ်နေလေ၏။ သူမတင်ဆက်ကပြသွားသည့် တစ်ပင်တိုင်မြွေအကမှာ ထူးဆန်းအံ့သြဖွယ်ဖြစ်သည့်အပြင် မှင်သက်နေမိကြရပြန်ရာ အသက်ရှူမှားမတတ်ပင်ဖြစ်ကြရ၏။ သူမနည်းတူ မြွေက,ကသွား သည့်မြွေကြီးကိုကြည့်ရသည်မှာလည်း မြွေနှင့်မတူ မိန်းမလေး တစ်ဦးကနေသည်နှင့်တူလှ၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ထိုညက ဇာတ်ပွဲလာရောက်ကြည့်ရှုကြသည့် ပရိသတ်မှာ ဇာတ်ပွဲကို လွန်စွာသဘောကျလျက်ရှိ၏။ ထို့ကြောင့် နောက်နေ့နံနက် အိမ်မဲဈေးကြီး၌ လူစည်ကားသောအချိန်တွင် ဇာတ်ပွဲကြည့်ပြီးသူတို့မှ ဇာတ်ပွဲကောင်းသတင်းကို တစ်ယောက်မှ တစ်ယောက်သို့ လက်ဆင့်ကမ်း၍ ကြေငြာမောင်းခတ်နေကြလေ၏။

ဤသို့ဖြင့် အိမ်မဲ၌ ဇာတ်ပွဲသုံးညကခဲ့ရာ ထိုသုံးညစလုံးပင် ပွဲကြည့်ပရိသတ် ရုံပြည့်ရုံလျှံအားပေးခြင်းကိုခံခဲ့ရ၏။ ထို့ကြောင့် ကျွန်ုပ်မျှော်လင့်တောင့်တခဲ့မိသည် လက်ဖျားငွေသီးခြင်းကိစ္စမှာလည်း အဆင်ပြေခဲ့ရ၏။ ဇာတ်သမားတို့ကိုလည်း ညကြေးရှင်းပေးနိုင်၍ ဇာတ်သမားတို့လက်ထဲ၌လည်း ငွေရွှင်နေကြ၏။

ထို့ပြင် ပေါင်နှံထားရသောပစ္စည်းများ ပြန်ရွေးနိုင်မည်ဖြစ်၍လည်း ကျွန်ုပ်ရင်ထဲမှာ တွေး၍ဝမ်းသာနေမိခဲ့၏။ ဤသို့ ကျွန်ုပ်အဆင်ပြေချောမွေ့ခဲ့ရခြင်းမှာ ကျွန်ုပ်ထံ အမှတ်မထင်ရောက်လာသည့် ဧည့်သည်မြွေမင်းသမီးလေး၏ကျေးဇူးဟု ကျွန်ုပ်ယုံကြည်မိ၏၊ သို့သော် ထိုမြွေမင်းသမီးလေးမှာ သုံးညမြောက် ဇာတ်ပွဲကပြီးပြီးချင်း ဇာတ်ရုံထဲမှ ပျောက်ခြင်းမလှပျောက်သွားခဲ့လေ၏။

ထို့ကြောင့် ကျွန်ုပ်မှာ မြွေမင်းသမီးလေးကို ကျေးဇူးတင်စကားမပြောလိုက်ရခြင်းအတွက် လွန်စွာစိတ်မကောင်းဖြစ်နေမိ၏။ ကျွန်ုပ်နည်းတူ ကျွန်ုပ်၏ဇာတ်သူဇာတ်သားတို့မှာလည်း ထိုမြွေမင်းသမီးလေးကိုကျေးဇူးတင်ကာ တမ်းတမ်းတတရှိနေကြလေ၏။



သို့သော် မြွေမင်းသမီးလေး၏အစအနကိုမျှ မမြင်မတွေ့ရချေ။

နောက်တစ်နေ့နံနက်တွင် အိမ်မဲမြို့မှ ကျွန်ုပ်တို့ဇာတ်အဖွဲ့ ထွက်သွားရမည်ဖြစ်၏။ ယနေ့ညမှာ ဇာတ်ပွဲမကရသောကြောင့် အေးအေးဆေးဆေးစွာအနားယူရ၏။ ယခင် ဇာတ်ပွဲသုံးညကခဲ့သည့်ရက်အတွင်း အိပ်ရေးပျက်ခဲ့သည်များကို ယနေ့ညအစားထိုးကာ တစ်ဝကြီးအိပ်စက်အနားယူလိုက်မိ၏။ ထိုသို့ ကျွန်ုပ်အိပ်ပျော်နေစဉ် ကျွန်ုပ်၏မျက်ဝန်းပုံရိပ်ထဲတွင် မြွေမင်းသမီးပုံရိပ်ပေါ်လာကာ. . .

"အစ်ကိုတော်ကို ခုလိုကူညီခွင့်ရတဲ့အတွက် နှမတော်ဝမ်းသာပါတယ်၊ သံသရာလည်နေကြတဲ့သူတွေမို့ တစ်နေ့နေ့တစ်ချိန်ချိန် ဘဝတစ်ခုမှာ ခုလိုပြန်ဆုံကြရင်လည်း မေတ္တာစေတနာထားပြီး ကူညီချင်ပါသေးတယ်၊ အစ်ကိုတော်အနေနဲ့လည်း နှမတော်လိုစိတ်ထားမျိုး ထားနိုင်မယ်ဆိုရင် တစ်ခုပဲ နှမတော်တောင်းဆိုချင်ပါတယ်၊ အစ်ကိုတော်ပြုခဲ့တဲ့ ကောင်းမှုကုသိုလ်အဖို့ဘာဂကို နှမတော်ကိုရည်စူးပြီး အမျှအတန်းပေးဝေပေးပါ၊ အလှူဒါနပြုပေးပါလို့ တောင်းဆိုပါရစေ"

တိုးညင်းချိုသာစွာပြောပြီးနောက် ရုတ်ချည်းပျောက်ကွယ်သွား၏။ ထိုအခါမှ ကျွန်ုပ်မှာ အိပ်ရာမှလန့်နိုးလာရ၏။ မိုးစင်စင်လင်းသည်ထိ ကျွန်ုပ်၏မျက်ဝန်းထဲ၌ မြွေမင်းသမီး၏ပုံရိပ်မှာ စွဲထင်ကာ မြင်ယောင်နေမိ၏။

နံနက်မိုးလင်းသောအခါ ကျွန်ုပ်တို့ဇာတ်အဖွဲ့ ပြောင်းရွှေ့

www.burmeseclassic.com

www.burmeseclassic.com



ရန် ဇာတ်ရုံမှ အိမ်မဲကမ်းနားဆိပ်သို့ ပစ္စည်းများရွှေ့ပြောင်းသယ်ယူကြရ၏။ ကျွန်ုပ်၏ပစ္စည်းများနှင့် ကုတင်ကတ်ပြားများကိုမူ နောက်ဆုံးမှသယ်ယူကြ၏။ ထိုအခါတွင် ကျွန်ုပ်တို့ဇနီးမောင်နှံအိပ်သော ကုတင်ကတ်ပြားအောက်တည့်တည့်တွင် မြွေတစ်ကောင်ခွေနေသည်ကို တွေ့လိုက်ကြရ၏။ ထိုမြွေမှာ ဧည့်သည်မိန်းမပျို၏ လက်ဆွဲတော်ပခြုပ်တဲမှမြွေနှင့် ချွတ်စွပ်တူလေ၏။ မြွေဟောက်အနွယ်ဖြစ်သည်ဟု ဇာတ်သမားအချို့က မှတ်ချက်ပေးကြ၏။

ကျွန်ုပ်မှာ ပစ္စည်းသယ်သူများအား ထိုမြွေကိုရိုက်နှက်ခြင်း၊ ဒုက္ခပေးခြင်းမပြုဘဲ သည်အတိုင်းထားခဲ့ရန်ပြော၍ မြွေကိုကြည့်ကာ အမျှအတန်းပေးဝေလိုက်၏။ ထိုစဉ် ဇာတ်ကားထွက်တော့မည်ဖြစ်ရာ ထိုမြွေမှာ နေရာမှမရွှေ့မပြောင်းဘဲ ခေါင်းထောင်လျက် ကျွန်ုပ်တို့ကိုကြည့်နေ၏။ ပါးပျဉ်းထောင်ထားသည့် သူ့မျက်ဝန်း၌မူ မျက်ရည်စများ ရွှန်းစိုနေသည်ဟု ကျွန်ုပ်ထင်မြင်မိနေမိပါလေ၏။

◆ ◆ ◆

# မော်ဝင်ကျား

ကျွန်ုပ်တည်ထောင်သော ပန်းကမ္ဘာဇာတ်အဖွဲ့သည် ဧရာဝတီတိုင်းအတွင်း၌ လှည့်လည်ကပြခဲ့ရာတွင် ပရိသတ်အားပေးမှုအထူးရခဲ့သော ဇာတ်အဖွဲ့တစ်ဖွဲ့ဖြစ်သည်။ ထို့ကြောင့် ဇာတ်ပွဲရာသီတွင် ကျွန်ုပ်၏ပန်းကမ္ဘာဇာတ်အဖွဲ့မှာ နားရက်မရှိကနေရသော၊ တစ်နည်းအားဖြင့် ပွဲခွင်ဆက်နေသော အောင်မြင်ကျော်ကြားလူကြိုက်များသည့်ဇာတ်ပွဲဟုဆိုရပေမည်။

ဤသို့ ကျွန်ုပ်၏ဇာတ်အဖွဲ့အောင်မြင်ရခြင်းမှာလည်း ဇာတ်ဆရာ (ဇာတ်တည်ထောင်သူ)တည်းဟူသော ကျွန်ုပ်မှ အစပြု၍ မင်းသား၊ မင်းသမီး၊ ယိမ်းသမမကျန် ကားဆွဲအထိ အားလုံးစည်းလုံးညီညွတ်ချစ်ခင်ကြသောကြောင့် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ဇာတ်အဖွဲ့တွင် ဇာတ်တည်ထောင်သူနှင့် အသုံးတော်ခံကပြရသည့် အနုပညာရှင်တို့မှာ တစ်ဦးနှင့်တစ်ဦး သွေးမကွဲကြ။ အလုပ်ရှင်နှင့် အလုပ်သမားဟူ၍သဘောမထား။

ငါတို့ဇာတ်အဖွဲ့ဟူ၍ တစ်စည်းတစ်လုံးတည်းညီညွတ်ကြကာ အစစအရာရာ တိုင်ပင်ညှိနှိုင်းဆောင်ရွက်တတ်ကြသည့် စိတ်ဓာတ်များက ဇာတ်အဖွဲ့အောင်မြင်ရန် တွန်းအားပေးသည်နှင့် တူလေသည်။ ထို့ပြင် ကျွန်ုပ်တို့ဇာတ်အဖွဲ့မှ ခေါင်းဆောင်မင်းသား ဇေမောင်မောင်နှင့် လက်ထောက်မင်းသား ချစ်မင်းကိုတို့မှာလည်း အခြေခံအနုပညာဗီဇ ကောင်းမွန်သူများဖြစ်သည်။ ရှေးမူမပျက် ဇာတ်သဘင်လောကကို ထိန်းသိမ်းစောင့်ရှောက်သူများဖြစ်သည်။

ခေတ်ရေစီးကြောင်းကို မျက်ခြေမပြတ်သကဲ့သို့ မြန်မာတို့၏ ရှေးမူသဘင်အနုပညာကိုလည်း ကြိုးပမ်းဖော်ထုတ် တင်ဆက်ကပြနေသူများဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်ဇာတ်ပွဲတွင် ခေတ်ကာလအကြိုက် စတိတ်ရှိုးအစီအစဉ်များပါဝင်သကဲ့သို့ ရှေးမူရှေးဟန် နောက်ပိုင်းဇာတ်ထုပ်ကြီးများ ကပြဖျော်ဖြေခြင်းမှာလည်း ပွဲခွင်တိုင်းမပျက်ခဲ့သော အစီအစဉ်ပင်ဖြစ်သည်။ အထူးသဖြင့် ခေါင်းဆောင်မင်းသား ဇေမောင်မောင်မှာ နတ်သမိုင်းကပြရာတွင် အလွန်ပီပြင်စွာကပြနိုင်သော မင်းသားတစ်လက်ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်၏ဇာတ်အဖွဲ့မှာ နောက်ပိုင်းဇာတ်ထုပ်များ ပီပြင်စွာကနိုင်ခြင်းဖြင့် ပို၍ထင်ပေါ်ကျော်ကြားရပေသည်။



အထူးအားဖြင့် နောက်ပိုင်းဇာတ်ထုပ်ဖြစ်သော 'ဦးရှင်ကြီး'ဇာတ်ထုပ်နှင့် 'အမေနံ့ကရိုင်း'ဇာတ်ထုပ်များမှာ ပရိသတ်အလွန်နှစ်ခြိုက်သော ကျွန်ုပ်၏အဖွဲ့မှ ဇာတ်ထုပ်များဖြစ်သည်။ ခေါင်းဆောင်မင်းသားချော ဇေမောင်မောင်မှာလည်း ထိုဇာတ်ထုပ်များကို ပီပြင်စွာကနိုင်သောကြောင့် ပို၍နာမည်ကျော်ရလေသည်။ သို့သော် ထိုဇာတ်ထုပ်များမှာ တစ်ဦးတစ်ယောက်တည်းက၍ရသော ဇာတ်ထုပ်မဟုတ်လေရာ ထိုဇာတ်ထုပ်၌ပါဝင်ကပြရသည့် အနုပညာရှင်တို့၏ကြိုးစားအားထုတ်မှုနှင့် စည်းလုံးညီညွတ်မှုကြောင့် ပိုအောင်မြင်ရသည်ဟုဆိုက ပို၍မှန်ပေသည်။

မည်သို့ဆိုစေ ကျွန်ုပ်၏ဇာတ်အဖွဲ့ ရောက်လေရာအရပ်တို့၌ မကမဖြစ် ကပြတင်ဆက်ရသောဇာတ်ထုပ်မှာ မင်းသားဇေမောင်မောင်ဦးစီးသည့် ဦးရှင်ကြီးဇာတ်ထုပ်ပင်ဖြစ်သည်။ ထိုဇာတ်ထုပ်တွင် မင်းသားဇေမောင်မောင်မှာ လေးတိုင်စင်ကျောင်းပေါ်တွင် မတ်တပ်ရပ်ပြခြင်း၊ စီးတော်ကျားပေါ်၌ မတ်တပ်ရပ်၍ လူပုံအလယ်သို့လျှောက်ပြခြင်း၊ စီးတော်ကျားမှလည်း အုန်းသီးအစိမ်းကိုကိုက်၍ အခွံချွတ်ပြခြင်း စသည့်ပြကွက်တို့မှာ ပရိသတ်အလွန်နှစ်ခြိုက်သောပြကွက်များဖြစ်သည်။

မင်းသားဇေမောင်မောင်မှာ ထိုဦးရှင်ကြီးဇာတ်ထုပ်ကို ကိုယ်တိုင် ပီပီပြင်ပြင်ကနိုင်သကဲ့သို့ အခြားသူများကိုလည်း ပီပြင်စွာကပြနိုင်ရန် စီစဉ်ညွှန်ကြားသင်ပြပေးနိုင်သူဖြစ်သည်။ ထိုဦးရှင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးဇာတ်ထုပ်၌ အမိကကျသောဇာတ်ရုပ်မှာ စီးတော်ကျားပင်ဖြစ်သည်။ ထို့ကြောင့် စီးတော်ကျားကို ပီပြင်စွာသရုပ်ဆောင်နိုင်မည့်သူကို အမြဲတမ်းလက်သပ်မွေးထားရသည်။ ကျွန်ုပ်တို့ဇာတ်အဖွဲ့မှာ ရန်ကုန်ဇာတ်အဖွဲ့ဖြစ်သောကြောင့် ရန်ကုန်မှ ဇာတ်စတင်မထွက်ခွာမီ ဇာတ်တိုက်စဉ်ကာလမှာပင် ဇာတ်အဖွဲ့သားများကို စရံကြိုပေး၍ စာချုပ်ချုပ်ဆိုထားရသည်။

ထိုကာလထဲ၌ပင် ဦးရှင်ကြီးဇာတ်ထုပ်၌ စီးတော်ကျားအဖြစ် သရုပ်ဆောင်မည့်သူကို စီစဉ်ရွေးချယ်၍ ဇာတ်တိုက်ထားပြီးဖြစ်သည်။ ထိုသူကို ဦးရှင်ကြီးဇာတ်ထုပ်ကပြသည့်ညတိုင်း ညကြေးနှစ်ဆပိုပေးရန်ကိုလည်း ဇာတ်ဆရာကျွန်ုပ်မှ သဘောတူလက်ခံထားပြီးသားဖြစ်ရသည်။ အဘယ်ကြောင့်ဆိုသော် စီးတော်ကျားအဖြစ် သရုပ်ဆောင်ရသူမှာ ကျားပုံသဏ္ဍာန်နှင့် ချွတ်စွပ်တူအောင် ကျားအဝတ်အစားဝတ်ဆင်၍ ဇာတ်ရုံအပြင်၌ မည်သူမျှမသိအောင် ပုန်းလျှိုးကွယ်လျှိုးထွက်စောင့်နေရသည်။

စင်ပေါ်မှ အဘိုးအဖြစ်သရုပ်ဆောင်သူမှ ကရင်သားအဖကို နတ်ကျားဖြင့်တိုက်သတ်ဖို့စေခိုင်းရန် သူ၏စီးတော်ကျားကို ကြိမ်လုံးဖြင့်ရိုက်၍ ခေါ်သည့်အချိန်တွင် ဇာတ်ရုံအပြင်၌ ပုန်းလျှိုးကွယ်လျှိုးထွက်စောင့်နေရသည့် ကျားလုပ်သူက ဇာတ်ရုံထဲသို့ ကွက်တိပြေးဝင်လာရမည်။ ပြီးလျှင် ဇာတ်စင်ပေါ်သို့ခုန်တက်၍ အုန်းပွဲ၊ ငှက်ပျောပွဲများကို သွားဖြင့် ကိုက်ခတ်စားသောက်ပစ်ရ



မည်။ ကျားအဖြစ်သရုပ်ဆောင်သူသည် ကျားသဏ္ဍာန် လေးဘက်တွား၍ ဝတ်ရုံအပြင်မှ ဇာတ်ရုံထဲသို့ အပြေးအလွှားဝင်လာရမည်ဖြစ်သဖြင့် အခန့်မသင့်လျှင် ခြေ၊ လက်များ ထိခိုက်ပွန်းရှသွားနိုင်သည်။

ထို့ပြင် ဇာတ်ခုံပေါ်သို့ အပြေးအလွှားခုန်တက်ပြီး အုန်းသီးစိမ်းကို သွားဖြင့် ကိုက်ဖြတ်နွာယူရသည့်ကိစ္စမှာလည်း လွယ်သည်တော့မဟုတ်။ အခန့်မသင့်လျှင် သွားကျိုးသွားနိုင်သည်။ နှုတ်ခမ်းပဲ့ရွဲ့သွားနိုင်သည်။ ထို့ကြောင့် စီးတော်ကျားနေရာ၌ သရုပ်ဆောင်ချင်သူ အလွန်ရှားပါး၏။ တစ်နည်းအားဖြင့် ဇာတ်ပိုးကြီးသူများနှင့် ကားဆွဲတချို့သာလျှင် လုပ်လေ့ရှိ၏။ လက်ချိုး၊ ခြေချိုးကတတ်သူများ၊ သီချင်းဆိုတီးမှုတ်တတ်သူများကား ထိုနေရာ၌ သရုပ်ဆောင်ရန် လုံးဝမစဉ်းစားပေ။

ကျွန်ုပ်ဇာတ် စစထွက်ချင်း ကျားအဖြစ်သရုပ်ဆောင်သူမှာ ကားဆွဲအောင်မိုးဖြစ်သည်။ အောင်မိုးမှာ အသက်(၂၅)နှစ်ခန့်ရှိ လူပျိုလူလွတ်ဖြစ်ပြီး ဇာတ်ပိုးအလွန်ကြီးသူဖြစ်သည်။ သန်မာထွားကျိုင်း၍ သွက်လက်ဖြတ်လတ်သူဖြစ်သည့်အပြင် ကျွန်ုပ်တို့ဇာတ်ဆရာအပေါ်၌လည်း ရိုသေကိုင်းညွတ်သူဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်မှ စီးတော်ကျားအဖြစ် သရုပ်ဆောင်ရန် သူ့ကိုရွေးချယ်ညွှန်ကြားရာတွင် ကျွန်ုပ်စကားအတိုင်း အောင်မိုးလက်ခံခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမနှစ် ဇာတ်ပွဲတစ်ရာသီလုံး အောင်မိုး ကျားအဖြစ် သရုပ်ဆောင်ခဲ့သည်မှာ ပီပြင်လွန်းလှသည်။

တစ်ခါတရံ ကျွန်ုပ်တို့ဇာတ်အဖွဲ့မှ ဇာတ်သူဇာတ်သားအချို့ပင် အောင်မိုးကို အံ့သြကြရသည်။ ကျားအဖြစ် အောင်မိုးသဏ္ဌာန်လုပ် သရုပ်ဆောင်နေသည်။ သို့သော်လည်း အောင်မိုးကို ကြည့်ရသည်မှာ ကျားတစ်ကောင် ဝင်ရောက်ပူးကပ်နေဘိအလားထင်မှတ်ရသည်။ ကျားဟန်၊ ကျားမာန်အပြည့်ဖြင့် ဇာတ်ရုံထဲ ကျားတစ်ကောင်ဝင်ရောက်နေသည်ဟုထင်မှတ်ကာ ကြောက်ရွံ့တုန်လှုပ်ထွက်ပြေးကြသည့် ပရိသတ်အချို့ပင်ရှိသည်ထိ အောင်မိုး၏သရုပ်ဆောင်ချက်က ပီပြင်သည်။ အောင်မိုးခမျာလည်း ထိုဇာတ်ထုပ်ကပြီးသည့်နောက်ပိုင်း မထနိုင်။ ပွန်းပဲ့သွားသော ခြေလက်တို့မှ အနာများကို ဆေးကုထည့်ပေးရသည့်အလုပ်မှာ ကျွန်ုပ်ဇာတ်ဆရာ၏အလုပ်ပင်ဖြစ်နေတော့သည်။

သည်လိုနှင့် ဒုတိယနှစ် ဇာတ်ရာသီသို့ရောက်ခဲ့သည့်တိုင် အောင်မိုး၏သရုပ်ဆောင်ချက်မှာ မပြောင်းလဲခဲ့။ ဇာတ်ထဲမှ လူအချို့ကပင် အောင်မိုးကို ကွယ်ရာတွင် ဇာတ်ကျားဟူ၍ပင် ကင်ပွန်းတပ်မှည့်ခေါ်ခဲ့ကြသည်။ အချို့ကမူ သူ့ကို 'မော်ဝင်ကျား'ဟု တင်စားခေါ်ဝေါ်ကြသည်။ ကျားဝတ်စုံ ဝတ်ရုံလိုက်သည်နှင့် ကျားဟန်ကျားမာန်အပြည့်ဖြစ်ကာ ကျားအသွင်သဏ္ဌာန်ပြောင်းလဲသွားသော အောင်မိုး၏စရိုက်သဘာဝကို ဇာတ်သူဇာတ်သားအားလုံးက



သိနားလည်ပြီးသားဖြစ်နေသည်။ အနုပညာသမားတိုင်း အနုပညာဈာန်သွင်းယူတတ်ရသည်မှာလည်း အနုပညာသမားတို့၏ ကျွမ်းကျင်သောအလုပ်တစ်ခုဖြစ်သည်ဟု ဇာတ်သူဇာတ်သားအားလုံး လက်ခံယုံကြည်ကြသည်။

ထို့ကြောင့်ပင် အနုပညာဈာန်သွင်းယူနိုင်သော အောင်မိုးကို မော်အောင်ပြီးသူတစ်ယောက်ကဲ့သို့ အသိအမှတ်ပြုကြသည်။ မော်ဝင်ကျားဟု တင်စားကြရသည်ထိလည်း အောင်မိုး၏သရုပ်ဆောင်ချက်တို့က ပီပြင်လှသည်။

"ဇာတ်ဆရာရယ်. . ညက,ကသွားတဲ့ နောက်ပိုင်းဇာတ်ထုပ်က အရမ်းပီပြင်တယ်ဗျာ၊ ကျုပ်တို့အရပ်မှာ ဒီလိုပွဲမျိုးမကြည့်ရတာ ကြာပြီဗျ၊ ကျုပ်တို့အရပ်ကလူတွေက အဲဒီလိုဇာတ်ထုပ်မျိုးကိုမှ ကြိုက်ကြတာ၊ နောက်ထပ် ကရက် နှစ်ရက်ထပ်တိုးဖို့ ကျုပ်ကို လာပြောနေကြတယ်"

ဇာတ်ငှားသူမှ ကျွန်ုပ်အား ဝမ်းသာအားရလာပြောနေသောကြောင့် ကျွန်ုပ်မှာလည်း ဝမ်းသာကြည်နူးမိရသည်။ ကျွန်ုပ်တို့ဇာတ်ပွဲ လာရောက်ကပြရသည့် ပိုးလောင်းရွာမှာ ရခိုင်ရိုးမနှင့်နီးကပ်စွာရှိနေသော ရွာကြီးတစ်ရွာဖြစ်သည်။ ပုသိမ်အနောက်ဘက်အရပ်တွင် တည်ရှိသည်။ ရိုးမနှင့်နီးကပ်စွာရှိနေသဖြင့် ရိုးမအငွေ့အသက်တို့ဖုံးလွှမ်းကာ ချမ်းချမ်းအေးအေး၊ ညို့ညို့ဆိုင်းဆိုင်းရှိလှသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီည တတိယညကိုတော့ ဦးရှင်ကြီးဇာတ်ထုပ် ကပေးဗျာ၊ ကျုပ်လည်း ပွဲငှားရတာ နာမည်တောင်းလိုချင်တယ်၊ အခြေအနေကောင်းရင် ခင်ဗျားတို့အဖွဲ့လည်း နောက်ထပ်ရက်တိုးပြီး ထပ်ကရတာပေါ့"

"စိတ်ချပါဗျာ. . ကျုပ်တို့ဇာတ်အဖွဲ့က ဘယ်တုန်းကမှ ညံ့အောင်မကကြပါဘူး၊ အကောင်းဆုံးနဲ့ ပရိသတ်အကြိုက်ဆုံးဖြစ်အောင် စီစဉ်တင်ဆက်ကပြကြမှာပါ၊ စိတ်သာချ. . ပွဲငှားတဲ့ခင်ဗျားနာမည်မပျက်စေရဘူး"

"ကဲ. . ဒီည နောက်ပိုင်းဇာတ်ထုပ် ဦးရှင်ကြီးဇာတ်ထုပ်ကမယ်ဆိုတဲ့အကြောင်း ရွာထဲကိုလျှောက်ပြီး ကျုပ်မောင်းခတ်လိုက်ဦးမယ်ဗျို့. . . သွားပြီ"

ပွဲငှားထွက်သွားပြီးနောက် ကျွန်ုပ်လည်း ဇာတ်အဖွဲ့သားများကို အစည်းအဝေးခေါ်ကာ ညပိုင်းကပြရမည့်အစီအစဉ်များကို အသေးစိတ်ဆွေးနွေးညွှန်ကြားရလေ၏။ ထိုညက ပွဲငှားကစေချင်သောဇာတ်ထုပ်၊ ပြဇာတ်များကို တင်ဆက်ကပြရာ ရွာလုံးကျွတ်မျှ အားပေးကြည့်ရှုကြသောကြောင့် ဇာတ်ရုံကွဲထွက်ရသည်ထိဖြစ်၏။ နံနက်မိုးလင်းသည်နှင့် ပွဲငှားနှင့် ရွာလူကြီးလေးငါးဦးခန့် ကျွန်ုပ်နှင့်တွေ့ဆုံစကားပြောရန် ဇာတ်ရုံထဲသို့ ရောက်လာကြလေသည်။

"ကဲ. . ဇာတ်ဆရာ၊ ကျုပ်တို့ရွာကလူကြီးတွေက ခင်ဗျားတို့ဇာတ်အဖွဲ့ကို အရမ်းကြိုက်သွားကြလို့ ပထမငှားထားတဲ့သုံးည

www.burmeseclassic.com



အပြင် နောက်ထပ်နှစ်ညထပ်ပြီး ငှားမလို့တဲ့၊ အဲဒါ ဇာတ်ဆရာနဲ့ ဇာတ်ကြေးနည်းနည်းညှိချင်တယ်ဗျာ၊ ခင်ဗျားတို့ဇာတ်အဖွဲ့ ခရီးဆက်ပြီး ကစရာမရှိသေးဘူးဆိုတာလည်း ကျုပ်က ဒီလူကြီးတွေကို ပြောပြထားလို့ အားလုံးက ခင်ဗျားတို့အဖွဲ့ကို ကူညီတာလည်း ပါတာပေါ့"

"အင်းပေါ့လေ. . ကျွန်တော်တို့အဖွဲ့ကို နှစ်ညတိုးပြီးငှားတော့လည်း ဇာတ်ကြေးလျှော့ပေးရတာပေါ့၊ တစ်ညနှစ်ထောင်လျှော့ပေးမယ်ဗျာ. . ဟုတ်ပြီလား"

"ကဲပါ. . ဇာတ်ကြေးကို ဘယ်လောက်လျှော့လျှော့ လျှော့တယ်ဆိုတာလောက်နဲ့ပဲ ကျေနပ်ပါတယ်၊ တစ်ခုတော့ရှိတယ်၊ ဒီညမှာတော့ ညတုန်းက,ကခဲ့တဲ့ ဦးရှင်ကြီးဇာတ်ထုပ်ကို ပြန်ပြီးကပေးဖို့ ကျုပ်တို့ရွာက ပရိသတ်တွေက တောင်းဆိုခိုင်းထားတယ်၊ အဲဒါတော့ ပီပြင်အောင်လုပ်ပေးပါ ဇာတ်ဆရာရေ၊ ကဲ. . ကျုပ်တို့ကို ခွင့်ပြုပါဦး"

ပွဲငှားအုပ်စုထပြန်သွားသည့်နောက် ကျွန်ုပ်မှာ ဘာဆက်လုပ်ရမည်မှန်းမသိ စိတ်အိုက်သွားကာ ခေါင်းကိုသာ တွင်တွင်ကုတ်နေမိ၏။ ထိုစဉ် အကြံတစ်ခုရလာသဖြင့် အနီးရှိ ယိမ်းသမလေးတစ်ဦးအား ကားဆွဲအောင်မိုးကို ခေါ်ခိုင်းလိုက်၏။ မကြာမီ ကျွန်ုပ်ထံသို့ ကားဆွဲအောင်မိုးရောက်လာသည်။ မောင်မိုး၏မျက်နှာမှာ ရှို့တွလျက် တညည်းညည်း တညူညူဖြစ်နေရှာ၏။

www.burmeseclassic.com

www.burmeseclassic.com



"အောင်မိုး . . မင်းကိုကြည့်ရတာ အားမရလိုက်တာကွာ၊ ဒီလောက်လည်း အဖြစ်သည်းမနေပါနဲ့"

"အဖြစ်သည်းတာမဟုတ်ဘူး ဇာတ်ဆရာရဲ့၊ ညက ဘာနဲ့ ဘယ်လိုခိုက်မိသွားတယ်မသိဘူး၊ လက်ကော၊ ခြေထောက်ကော စုတ်ပြသွားတာ အထိကိုမခံနိုင်တော့ဘူး၊ ကျွန်တော့်ကို ဘာမှမခိုင်းပါနဲ့တော့၊ ကျွန်တော် ဘာမှမလုပ်နိုင်တော့ဘူး"

အောင်မိုး ပြောပြောဆိုဆိုဖြင့် ကျွန်ုပ်အနီးမှ ထထွက်သွားသည်။ ကျွန်ုပ်မှာမူ တွေဝေငေးမောကာ ကျန်ရစ်ခဲ့သည်။ မကြာမီ ဇာတ်အဖွဲ့သားများနားနေသည့် ဇာတ်ရုံနောက်ဘက် အတွင်းထဲသို့ ရွာမှမိန်းမပျိုသုံးလေးဦးခန့်ဝင်လာလျက် ခေါင်းဆောင်မင်းသမီး အေးမိစံအခန်းဝ၌ ပြုံးတစ်ပြုံးတစ်လုပ်နေကြသည်ကို ကျွန်ုပ်လှမ်းမြင်တွေ့လိုက်ရ၏။ ခဏအကြာတွင် မင်းသမီးအေးမိစံနှင့် ရွာသူလုံမပျိုတို့ စကားပြောဆိုနေသံများက ဇာတ်ရုံအတွင်း၌ လွှင့်ပျံ့ထွက် လာ၏။

"ဒီည မမတို့ဇာတ်က နောက်ပိုင်းဇာတ်ထုပ်ကို ဦးရှင်ကြီးဇာတ်ထုပ်ကမယ်လို့ ရွာထဲမှာပြောနေသံကြားရတယ်၊ ပြဇာတ်ကလည်း ကျွန်မတို့ကြိုက်တဲ့ပြဇာတ်ဆိုတော့ ဒီည ဆက်ဆက်အားပေးမယ်နော်"

"မမကို ကျွန်မတို့က ညနေစာကျွေးချင်လို့ ထမင်းစားလာဖိတ်တာ၊ ဆက်ဆက်လာစားရမယ်နော်"



"ခုလို မမကိုအားပေးတာ၊ ချစ်ခင်တာ အရမ်းကျေးဇူးတင်ပါတယ်ကွယ်၊ ညီမရဲ့ခင်မင်မှုကို မမက အသိအမှတ်ပြုပေးရမှာပေါ့"

မကြာမီ မင်းသမီးအေးမိစံတစ်ယောက် ရွာသူလုံမပျိုတို့နှင့် ထလိုက်သွားသည်ကိုတွေ့လိုက်ရသည်။ ထိုအချိန်ထိ ကျွန်ုပ်ရင်မှာပူလောင်နေဆဲရှိ၏။ ညပိုင်း ဦးရှင်ကြီးဇာတ်ထုပ်ကရန် အောင်မိုးကိုခိုင်းမရနိုင်မှန်း ကျွန်ုပ်သိနေသည်။ စောစောက အောင်မိုးပြောသွားသည့်လေသံက သဟ်သေခံနေသည်။

ထိုဦးရှင်ကြီးဇာတ်ထုပ်မှာ မည်သည့်ဇာတ်ရုံမှာမှ နှစ်ညဆက်ကခဲ့ဖူးခြင်းမရှိခဲ့၊ အကယ်၍ ရက်ဆက်ကပြရစေဦးတော့ မင်းသားဇေမောင်မောင်မှအစပြု၍ အခြားသရုပ်ဆောင်တို့မှာ နှစ်ခါပြောစရာမလို။ ဝမ်းပန်းတသာပင် ကပြပေးကြမည်သာ။ ခက်နေသည်က စီးတော်ကျားအဖြစ် သရုပ်ဆောင်ရသော ဇာတ်ကျားအောင်မိုး၏ ငြင်းဆန်မှုပင်ဖြစ်သည်။

ဇာတ်ကျားအောင်မိုးအနေဖြင့် တစ်ညတာကျားသရုပ်လုပ်ရသည်နှင့် နောက်တစ်ရက်မထနိုင်တော့။ ဇာတ်ရုံတစ်ရုံ မပြောင်းမချင်း ထိုဇာတ်ထုပ်ကို ထပ်ကခိုင်း၍မရချေ။ ထို့ကြောင့် ဤဇာတ်ရုံ၌လည်း ဦးရှင်ကြီးဇာတ်ထုပ်ကို နှစ်ညဆက်ကရန်မစဉ်းစားနိုင်။ သို့သော် ဇာတ်ပွဲငှားတို့မှ အတင်းအကြပ်တောင်းဆိုလာမည်လော မဖြစ်မနေ လုပ်ဆောင်ပေးရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ကျားအောင်မိုးကို သွေးတိုးစမ်းကြည့်ရာ အဆင်မချော။ အောင်မိုးနေရာ၌ အခြားတစ်ယောက်ကို အစားထိုးကပြစေရန်မှာလည်းမဖြစ်နိုင်။ ကားဆွဲလေးယောက်ရှိသော်လည်း အောင်မိုးမှလွဲ၍ ကျန်သုံးယောက်မှာ ကလေးသာသာမျှဖြစ်သည့်ပြင် ဇာတ်ဝါသနာပါသူများလည်းမဟုတ်ကြ။ ထိုကလေးတို့မှာကားအဆိုအတီးမျှလောက်သာ ဝါသနာရှိသူများဖြစ်ကြ၏။ ကျန်သူများမှာလည်း သူ့ခွင်နှင့်သူ တာဝန်ယူရသောအလုပ်များ ကိုယ်စီရှိရာ ကျားလုပ်ရမည့်အလုပ်ကို မည်သူကမျှ စိတ်မဝင်စားကြပေ။

စဉ်းစားရသည်မှာ ကျွန်ုပ်ဦးခေါင်းကွဲထွက်လုမတတ် ခံစားရသောကြောင့် နေရာမှထကာ ဇာတ်ရုံအပြင်ဘက်သို့ ထွက်လာလိုက်၏။ ထိုမှတစ်ဆင့် ဦးတည်ရာမဲ့ လမ်းဆက်လျှောက်လာမိရာ ကျွန်ုပ်သတိပြုမိသောအချိန်တွင် ပိုးလောင်းရွာမြောက်ဘက်ရိုးမအစပ်သို့ ရောက်ရှိနေလေ၏။ ညို့ညို့ဆိုင်းဆိုင်းရှိနေသောရခိုင်ရိုးမတောကြီးမှာ ကျွန်ုပ်၏မျက်ဝန်းအမြင်တွင် ရှည်လျားသွယ်တန်းစွာတည်ရှိနေသည်။

ရိုးမတောကြီး၏မှိုင်းညို့သောအရောင်ကြောင့် ကျွန်ုပ်ရပ်တည်နေရာတစ်ဝိုက်မှာလည်း အမှောင်လွှမ်းလျက်ရှိ၏။ ထို့ကြောင့် ကျွန်ုပ်လက်မှနာရီကိုငုံ့ကြည့်ရာ နေ့လည်နှစ်ချက်တီးမျှသာရှိသေးကြောင်းသိရ၏။ သို့သော် အေးစိမ့်သောအရသာကို ခံစားရသည်ကတစ်ကြောင်း၊ အမှောင်သန်းနေသည်ကတစ်ကြောင်းနှင့်



လူသူကင်းဝေးနေရာဖြစ်သောကြောင့် ကျွန်ုပ်စိတ်ထဲ အားငယ်စိတ်ဝင်ကာ လာလမ်းကိုပြန်လှည့်ရန် စဉ်းစားမိ၏။ ထို့ကြောင့် ထိုနေရာမှ ခြေဦးလှည့်ကာ နောက်ကြောင်းသို့လှည့်ထွက်လိုက်၏။ ထိုစဉ်. .

"ဟေ့. . မောင်ရင် ခဏနေပါဦးကွ၊ မင်းကို ငါကူညီချင်လို့ပါ"

ကျွန်ုပ်နောက်ပါးမှ ခေါ်သံကြားရသဖြင့် ကျွန်ုပ်လှည့်ကြည့်မိရာ အသံရှင်မှာ ရုတ်ချည်း ကျွန်ုပ်အနီးသို့ နီးကပ်စွာရောက်လာ၏။ ထိုလူကို ကျွန်ုပ်အံ့အားသင့်စွာ ခေတ္တမျှငေးကြောင်ကြည့်နေမိ၏။ အတန်ကြာမှ အသက်ခုနစ်ဆယ်ကျော်၊ ရှစ်ဆယ်တွင်း အဘိုးကြီးတစ်ဦးဖြစ်၍ သူ၏တစ်ကိုယ်လုံးတွင် အဖြူရောင်လွှမ်းမိုးထားလျက်ရှိကြောင်း သတိပြုမိ၏။

ဆွတ်ဆွတ်ဖြူနေသောဆံပင်တို့ကို သျှောင်ထုံးထားလျက်အဖြူရောင်အင်္ကျီနှင့် အဖြူရောင်ပုဆိုးကိုဝတ်ဆင်ကာ လည်ပင်းတွင် အနက်ရောင်ပုတီးတစ်ကုံးကိုဆွဲထား၏။ လက်တစ်ဖက်၌မူ တောင်ဝှေးတစ်ချောင်းကိုကိုင်ထားလျက်ရှိ၏။ ထိုလူကြီး၏မျက်နှာသွင်ပြင်မှာ ခုနစ်ဆယ်ကျော်အရွယ်ရှိမည့်လူကြီးသဏ္ဌာန်ပေါက်နေသော်လည်း ထိုလူကြီး၏အသားအရေတို့မှာ စိုပြေဝင်းမွတ်ကာနေ၏။ ရှည်လျားသောမုတ်ဆိတ်မွေးဖြူဖြူတို့မှာလည်း သူ၏ရင်ဘတ်ပေါ်သို့ကျဆင်းလျက်ရှိလေ၏။ ခြေထောက်နှစ်ဘက်တွင်မူ လုံးဝဖိနပ်စီးထားခြင်းမရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင်က ကျုပ်ကို အံ့သြပြီးကြည့်နေတာကိုး၊ ဒီမှာ မောင်ရင် ကျုပ်ကိုကြည့်နေလို့ မောင်ရင့်ကိစ္စတွေက ပြီးမြောက်အောင်မြင်သွားမှာမို့လို့လား၊ ကဲ. . လာ. . မောင်ရင့်ဇာတ်ရုံကိုသွားလိုက်ကြရအောင်၊ မောင်ရင့်အဖွဲ့ကလူတစ်ယောက်ကို ကျုပ်ဆေးကုပေးစရာရှိတယ်. . လာ"

လူကြီးကို ကျွန်ုပ်ငေးကြောင်ကြည့်နေစဉ် ထိုလူကြီးမှ ကျွန်ုပ်အားပြောဆိုပြီး ကျွန်ုပ်လက်တိုဆွဲကာ နေရာမှထွက်လာခဲ့၏။ ကျွန်ုပ်မှာ တွေဝေငေးမောစွာ လူကြီးခေါ်ရာနောက် ပါးစပ်ပိတ်၍ ငြိမ်လိုက်ခဲ့ရာ မကြာမီဇာတ်ရုံသို့ပြန်ရောက်လာလေ၏။ လူကြီးသည် ကျွန်ုပ်၏လက်ကိုဆွဲလျက် ဇာတ်ရုံနောက်ဘက်ရှိ ကျွန်ုပ်နေထိုင်ရာအခန်းသို့ တန်းမတ်စွာဝင်ကာထိုင်လိုက်၏၊ ကျွန်ုပ်ကိုလည်း သူ့အနီး၌ထိုင်စေပြီးနောက်. . .

"ကဲ. . မောင်ရင့်ဇာတ်အဖွဲ့ထဲမှာ တညည်းညည်း တညူညူအော်ပြီး ငန်းတက်နေတဲ့လူနာကို ကျုပ်ဆီကိုခေါ်လာခဲ့"

ဟူ၍ပြောလိုက်ရာ ကျွန်ုပ်မှာ ခေတ္တမျှကြောင်သွား၏။ ပြီးမှ ဇာတ်ကျားအောင်မိုးကိုသတိရမိကာ အောင်မိုးနေထိုင်ရာအခန်းသို့သွားလိုက်ရ၏။ အောင်မိုးမှာ သူ၏အခန်းထဲ၌ ညည်းညူအော်ဟစ်နေသည်ကိုတွေ့ရရာ ကျွန်ုပ်မှာတွဲ၍ လူကြီးရှိရာသို့ ခေါ်လာခဲ့၏။

"မင်းတလည်းကွာ. . ကျားကြီးတစ်ကောင်လုပ်နေပြီး



ဒီလောက်တောင် ညည်းညူအော်ဟစ်ရသလားကွ၊ နာမည်ပျက်ပါတယ်၊ ဒီတော့ ဒီနေ့ကစပြီး မင်းတစ်သက်လုံး ကျားကျားလျားလျားဖြစ်ဖို့ မင်းကို ငါဆေးကုပေးလိုက်မယ်၊ ဘယ့်နှယ့်လဲ. . မင်းဆေးကုမယ်မဟုတ်လား"

လူကြီး၏စကားကြောင့် အောင်မိုးက လူကြီး၏မျက်နှာကို အတန်ကြာစူးစိုက်ကြည့်လိုက်၏။ ပြီးမှ. . .

"ကျွန်တော်ကတော့ တခြားဘာမှမသိဘူး၊ လောလောဆယ်ညကထိခိုက်ထားတဲ့ဒဏ်ရာတွေ အမြန်ဆုံးပျောက်ချင်တာပဲသိတယ်၊ ဒီဒဏ်ရာတွေကြောင့် ကျွန်တော် ဘယ်လိုမှငြိမ်နေလို့မရဘူးဖြစ်နေတယ်၊ ကျွန်တော့်တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေတယ်၊ ဒီရောဂါကို အမြန်ပျောက်ချင်လှပြီ"

"အေး. . အေး. . မင်းရောဂါ အမြန်ဆုံးပျောက်ကင်းသွားစေရမယ်၊ ငါ့မှာအချိန်သိပ်မရှိဘူး၊ ကဲ. . ကြာတယ်၊ လာခဲ့. . မင်းမျက်စိကိုမှိတ်ထား၊ ရတနာသုံးပါးကို အာရုံပြုထား"

လူကြီး၏ညွှန်ကြားမှုအတိုင်း အောင်မိုးလိုက်လုပ်၏။ လူကြီးကိုယ်တိုင်လည်း ဂါထာမန္တာန်များကို တလှုပ်လှုပ်တရွရွရွတ်ဆိုနေ၏။ ထိုသို့ရွတ်ဆိုနေစဉ် လူကြီး၏လက်တစ်ဖက်က အောင်မိုး၏ဦးခေါင်းပေါ်တင်ထားလျက် လက်သီးဆုပ်ထား၏။ ကွမ်းတစ်ယာညက်မျှရွတ်ဆိုပြီးသောအခါ လူကြီးက သူ၏လက်သီးဆုပ်ထားသောလက်ကိုရုတ်လိုက်ပြီး အောင်မိုးကို မျက်စိဖွင့်ခိုင်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အောင်မိုးမျက်လုံးဖွင့်ကြည့်သောအခါ လူကြီးက သူ၏ဆုပ်ထားသော်လက်သီးကိုဖြည်ပြ၏။ ထိုအခါ လက်ဝါးပြင်ပေါ်တွင် သေးငယ်သောကျားရုပ်လေးတစ်ရုပ်ရှိနေသည်ကို အံ့ဩစွာတွေ့မြင်ရ၏။ အောင်မိုးအနေဖြင့်ကား လူကြီး၏အပြုအမူ အလုပ်အကိုင်တို့ကို တိတိကျကျသိရသည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အောင်မိုးမှာ လူကြီး၏အမိန့်အတိုင်း မျက်စိမှိတ်ထားရသောကြောင့်ဖြစ်၏။

ကျွန်ုပ်မှာကား လူကြီးနှင့် အောင်မိုးဘေး၌ ထိုင်၍ကြည့်နေမိသောကြောင့် လူကြီးနှင့် အောင်မိုးတို့၏လှုပ်ရှားမှု၊ ဖြစ်ပျက်မှုအားလုံးကို မျက်မြင်သိရှိနေရသူဖြစ်၏။ ထို့ကြောင့် လူကြီးလက်ထဲသို့ ရုတ်တရက်ရောက်လာသောကျားရုပ်လေးကိုကြည့်ကာ ကျွန်ုပ်မှာ အံ့အားအသင့်ကြီးသင့်မိနေ၏။ အောင်မိုးသည်ကား သိပ်ပြီးအံ့ဩခြင်းမရှိလှ။ လူကြီးဘာဆက်လုပ်မည်ဆိုတာကိုသာလျှင်သိချင်သည့်ဆန္ဒဖြင့် လူကြီး၏လှုပ်ရှားမှုများကို မျက်တောင်မခတ်ကြည့်နေ၏။

"ကဲ. . လူကလေး၊ မင်းမျက်လုံးတွေကို ပြန်ပြီးမှိတ်ထားလိုက်ဦး၊ မင်းရဲ့ကျန်းမာရေးကောင်းဖို့နဲ့ ဆက်ပြီး မင်းအလုပ်လုပ်နိုင်ဖို့ အဘ မင်းကို အသက်ဆက်ပေးခဲ့မယ်၊ မင်းလက်ဝါးဖြန့်၊ ဟောဒီကျားရုပ်လေးကိုကိုင်ပြီး လက်သီးဆုပ်ထား၊ မျက်စိကိုမှိတ်ပြီး ရတနာသုံးပါးကို အာရုံပြုထား"



လူကြီး၏စကားကြောင့် အောင်မိုးမျက်စိမှိတ်ထားလိုက်၏။ လူကြီးကား ကျားရုပ်ဆုပ်ထားသော အောင်မိုး၏လက်အပေါ်မှနေ၍ သူ၏လက်တစ်ဖက်ဖြင့်ဆုပ်ကိုင်ကာ နှုတ်မှလည်း တလှုပ်လှုပ်တရွရွရွတ်ဆိုနေလေ၏။ ကွမ်းတစ်ယာညက်ကျော်ခန့်ကြာပြီးမှ ဂါထာမန္တာန်များရွတ်ဆိုခြင်းပြီး၏။

လူကြီး၏အသံသြဇာအောင်သောအသံကြီးက ကျယ်လောင်စွာထွက်ပေါ်လာ၏။ ထိုခဏအတွင်း အောင်မိုး၏ခန္ဓာကိုယ်မှာလည်း မယုံကြည်နိုင်ဖွယ် နောက်သို့ကျွမ်းထိုး၍ ခုန်ထွက်သွား၏။ ကျွန်ုပ်၏ဘေးအနီးမှ ရုတ်ချည်းခုန်ထွက်သွားသဖြင့် ကျွန်ုပ်မှာ အလန့်တကြားဖြစ်ကာ အောင်မိုးကို လိုက်လံကြည့်ရှုနေမိ၏။

အောင်မိုးကား နောက်ကျွမ်းထိုး၍ ကြောင်ကျ,ကျသည့်နေရာ၌ ကျားတစ်ကောင်အလား မာန်ဝင်လျက် ကျွန်ုပ်တို့အားစူးစိုက်ကြည့်နေ၏။ သူ့သဏ္ဌာန်မှာ ကျားတစ်ကောင်ပမာ သူ၏သားကောင်တို့ကို ခုန်အုပ်မည့်ဟန်ရှိ၏။ ထို့ကြောင့် ကျွန်ုပ်က လူကြီးကို အားကိုးကြီးစွာမော့ကြည့်ရာ လူကြီးက ကျွန်ုပ်အကြည့်ကိုသဘောပေါက်စွာဖြင့် ကျွန်ုပ်အားခေါင်းဆတ်ပြလေ၏။ အောင်မိုးကိုကြည့်ရသည်မှာ လူစိတ်ပျောက်နေသည့်အလားထင်ရ၏။

ချက်ချင်းပင် လူကြီးက ထိုင်နေရာမှထကာ အောင်မိုးအနီးသို့သွားလိုက်၏။ အောင်မိုးကား မျက်ထောင့်နီကြီးဖြင့် လူကြီးကိုစိုက်ကြည့်နေ၏။ ကျွန်ုပ်မှာကား အောင်မိုး၏သဏ္ဌာန်ကိုကြောက်

www.burmeseclassic.com

www.burmeseclassic.com



ရှိ့သောကြောင့် မလှုမ်းမကမ်းမှပင် အရိပ်အခြေကြည့်နေမိ၏၊ လူကြီးက တုန်လှုပ်ချောက်ချားခြင်းအလျဉ်းမရှိ။ အောင်မိုးအနီး ရောက်သောအခါ သူ၏လက်ထဲမှတောင်ဝှေးဖြင့် အောင်မိုး၏ ဦးခေါင်းကိုလှမ်းခေါက်လိုက်၏။ ပြီးနောက် သူ၏လက်တစ်ဖက်ဖြင့် အောင်မိုး၏ဦးခေါင်းနှင့် မျက်နှာတို့ကို ပွတ်သပ်ပေးလိုက်၏။

ထိုခဏအတွင်းမှာပင် အောင်မိုး၏မျက်နှာသွင်ပြင်ဟန်ပန်မှာ ချက်ချင်းပြောင်းလဲကာ ပတ်ဝန်းကျင်ကို အံ့သြစွာလိုက်လံကြည့်ရှုနေလေ၏။ ကျွန်ုပ်နှင့်အတူ ဇာတ်ရုံထဲရှိ ဇာတ်သူဇာတ်သားအချို့ ဝိုင်းအုံကြည့်နေသည်ကိုလည်း အောင်မိုးအံ့သြနေပုံရ၏။ ထို့ကြောင့် သူ့ကိုယ်သူပြန်၍ငုံ့ကြည့်ကာ အခြေအနေကို ပြန်လည်စဉ်းစားနေပုံရ၏။ ပြီးနောက် သူ့ရှေ့၌ရပ်နေသောလူကြီးကိုမော့ကြည့်ကာ တရိုတသေမေးမြန်းလိုက်၏။

"ဆရာကြီး . . ကျွန်တော်ဘာတွေဖြစ်တာလဲဟင်၊ ကျွန်တော် ဘာမှစဉ်းစားလို့မရဘူး"

"ဟား . . ဟား . . မင်းအံ့သြနေတာမဟုတ်လား၊ ဘာမှ အံ့သြမနေနဲ့၊ မင်းနဲ့ငါနဲ့က ဘဝအကြောင်းဆက်တွေရှိတယ်၊ အေး . . အခု မင်းနေမကောင်းတာသိလို့ ငါလာပြီးဆေးကုပေးတယ်၊ ဒီနေ့ကစပြီး မင်းကျန်းကျန်းမာမာနဲ့ မင်းအလုပ် မင်းဆက်ပြီးလုပ်ပေတော့၊ မင်းကို ငါအသက်ဆက်ပေးခဲ့တယ်၊ မင်းဖြစ်ချင်တာကို အာရုံပြုပြီးဆုတောင်းလိုက်၊ မင်းရဲ့ပါရမီရှိသလောက် ပြည့်စုံလာလိမ့်မယ်၊



မင်းရဲ့ခန္ဓာကိုယ်မှာ မင်းဖြစ်ချင်တာတွေ ပူးကပ်လာလိမ့်မယ်၊ ကဲ . . ငါသွားပြီ၊ အဓိက ငါမှာချင်တာကတော့ ကံငါးပါးကို မကျိုးပေါက်အောင်ထိန်းသိမ်းဖို့ပဲ"

လူကြီးက စကားစကိုအနားကပ်ကာ ထိုနေရာမှလှည့်ထွက်ရန် ဟန်ပြင်လိုက်၏။ ထို့ကြောင့် ကျွန်ုပ်မှာ လူကြီးအနီးသို့ အပြေးအလွှားလာကာ တစ်ခုခုတောင်းဆိုရန်ဟန်ပြင်လိုက်စဉ် . .

"ကဲ . . ဇာတ်ဆရာရေ၊ မောင်ရင့်ကိုပြောစရာ အကြောင်းကိစ္စက ခုထိမရှိသေးဘူး၊ ဘာမှလည်းမသိချင်နဲ့၊ အချိန်တန်မှ ကျုပ်လာပြောမယ်၊ ဒီနေ့ကစပြီး မောင်ရင်တို့အလုပ်တွေ အောင်မြင်လာလိမ့်မယ်၊ ကဲ . . ကျုပ်သွားပြီ"

လူကြီးက အတင်းလှည့်ထွက်သွားလိုက်သဖြင့် ကျွန်ုပ်တို့အားလုံး အလျင်အမြန်ဦးချကန်တော့လိုက်ကြ၏။ မည်မျှမြန်ဆန်သောခြေလှမ်းကျဲကြီးများဖြင့် ထွက်သွားလိုက်သည်မသိ၊ ကျွန်ုပ်တို့ ဦးချကန်တော့ပြီး ခေါင်းထောင်ကြည့်သောအချိန်တွင် ထိုလူကြီး၏ အရိပ်အယောင်မျှကိုပင် မမြင်မတွေ့ရတော့ချေ။ ထို့ကြောင့် ကျွန်ုပ်မှာ ဇာတ်ရုံအပြင်သို့ အပြေးအလွှားထွက်ကာ လိုက်ကြည့်မိ၏။ ဇာတ်ရုံအပြင်ဘက်၌လည်းကောင်း၊ မလှမ်းမကမ်း အဝေးပတ်ချာလည်၌လည်းကောင်း လူကြီးနှင့်သဏ္ဌာန်တူသူတစ်ယောက်တလေကို မှုန်ဝါးဝါးမျှပင် မြင်တွေ့ရခြင်းမရှိပါလေတော့။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ထိုညက ကယ်တင်ရှင်ပုဂ္ဂိုလ်ထူးကြီးတစ်ဦး၏ကူညီမှုကြောင့် အောင်မိုးတစ်ယောက် ဦးရှင်ကြီးဇာတ်ထုပ်ကိုကပြနိုင်ခဲ့သည်။ အောင်မိုးခံစားနေခဲ့ရသော ရောဂါဝေဒနာတို့မှာ ပုဂ္ဂိုလ်ထူးကြီးကုသပေးသွားသဖြင့် ချက်ချင်းလက်ငင်းပင် ပျောက်ကင်းသွားခဲ့ရသည်။ ထို့ပြင် ထိုညက ဦးရှင်ကြီးဇာတ်ထုပ်ကရာ၌ အောင်မိုး၏ကျားသဏ္ဌာန်သရုပ်ဆောင်ချက်တို့မှာ ပီပြင်သွက်လက်လွန်းလှသဖြင့် ကျားတစ်ကောင် ဇာတ်ရုံထဲဝင်လာသည့်အလား ထင်မှတ်များကာ ဇာတ်ရုံထဲမှ ဧည့်ပရိသတ်အချို့ ပြေးထွက်ရသည်ထိဖြစ်ခဲ့သည်။

ထိုမှုမက ထိုညက ပိုးလောင်းရွာသို့တိုင် ရိုးမထဲမှ ကျားတစ်ကောင်ဝင်ရောက်လာသည့် သတင်းနောက်ဆက်တွဲကပါ ပျံ့နှံ့ထွက်ပေါ်လာခဲ့လေရာ ရွာလူကြီးများ ခေါင်းရှုပ်သွားကြရသည်ထိဖြစ်ခဲ့လေ၏။ ပိုးလောင်းရွာ ငယ်မွေးဖွဲ့ပေါက်သားတို့ပြောစကားအရ ပိုးလောင်းရွာထဲသို့ တစ်ခါဘူးမျှ ကျားဝင်လာခဲ့ခြင်းမရှိဟုဆိုကြလေရာ နောက်ညတစ်ညဇာတ်ဆက်ကရန်ပင် အခက်အခဲဖြစ်ကြရလေတော့၏။ အဘယ်ကြောင့်ဆိုသော် နောက်ညဆက်၍ ရွာထဲသို့ ကျားဝင်လာမည်စိုး၍ဖြစ်လေသည်။ ၆

ထို့ပြင် ရွာသူရွာသားအချို့တို့မှ ကျွန်ုပ်တို့ဇာတ်အဖွဲ့ကသော ဦးရှင်ကြီးဇာတ်ထုပ်ထဲမှကျားမှာ ဇာတ်ကျားမဟုတ်။ ရွာထဲသို့ဝင်လာသော ရိုးမကျားအစစ်ဟူ၍ ငြင်းခုန်ပြောဆိုနေကြလေရာ



ရှင်းလေရှုပ်လေဖြစ်ရတော့၏။ ထို့ကြောင့် ရွာလူကြီးအချို့ ကျွန်ုပ်နှင့်တွေ့ဆုံရန် ဇာတ်ရုံထဲသို့လာခဲ့ကြပြန်၏။ ကျွန်ုပ်မှာ ရွာလူကြီးတို့လာသည့်အကြောင်းရင်းကို ကြိုသိထားပြီးဖြစ်လေရာ ဇာတ်ကျားအောင်မိုးကိုခေါ်၍ ရွာလူကြီးများနှင့်တွေ့ဆုံပေးရလေ၏။

"ကဲ. . အဲဒါ ကျွန်တော့်ဇာတ်ထဲ ဇာတ်ကျားလုပ်တဲ့ အောင်မိုးဆိုတာပဲ၊ သူက အလုပ်ကြိုးစားတယ်၊ ဝီရိယရှိတယ်၊ အဲဒါကြောင့် သူလုပ်တဲ့ဇာတ်ရုပ်က ပီပြင်လွန်းအားကြီးတော့ တချို့နေရာတွေမှာ တကယ့်ကျားအစစ်များဝင်လာသလားလို့ ထင်ကြတယ်၊ တကယ်တော့ သူ့ရဲ့အနုပညာမှော်အောင်ခြင်းလို့ပြောရင် ရပါတယ်၊ အနုပညာသမားတွေကို မှော်အတတ်ပညာရှင်တွေလို့ ဆိုချင်လည်း ဆိုတော့ဗျာ၊ ကျွန်တော်တို့လုပ်ရတဲ့အလုပ်က သဏ္ဌာန်လုပ် သရုပ်ဆောင်လုပ်ရတဲ့အလုပ်မဟုတ်လား၊ ဒါမှ ဝါးတီးကိုစွမ်းမှာလေ"

"အေးဗျာ. . ဇာတ်ကျားနဲ့ အရပ်ထဲကကျား တူတာ မတူတာက ပြဿနာမဟုတ်ပါဘူး၊ ခုလို ကျုပ်တို့ရွာထဲကိုကျားဝင်လာတာ အန္တရာယ်ရှိနိုင်တယ်၊ အခု အန္တရာယ်မဖြစ်သေးတာတောင် နောင်ကို အန္တရာယ်ဖြစ်လာနိုင်တယ်၊ ဒီအတွက် ကျုပ်တို့ရွာသူရွာသားတွေ သတိဝီရိယရှိဖို့လိုတယ်၊ အဲဒီအတွက် ရွာထဲမှာ အစည်းအဝေးခေါ်ပြီး လုံခြုံရေးကိစ္စ ကျုပ်တို့ဆွေးနွေးရဦးမယ်၊ လုံခြုံရေးကိစ္စအဆင်ပြေမှ ဒီည ဇာတ်ဆက်ပြီးကလို့ရမှာလေ၊ အဲဒီတော့ ဇာတ်ဆရာတို့အဖွဲ့အနေနဲ့ ဇာတ်ကရသည်ဖြစ်စေ၊ မကရသည်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



စေ ဒီည ဒီမှာဆက်ပြီးနေရဦးမှာဆိုတော့ ကျားရန်ကိုသတိထားဖို့ ကျုပ်တို့လာပြောတာပါ"

"ဇာတ်တဖြစ်အောင်လည်း ကျုပ်တို့လူကြီးတွေကြိုးစားကြမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ခုလိုနှစ်ညဆက်ကဖို့ ကျုပ်တို့က ဇာတ်ဆရာတို့အဖွဲ့ကို တောင်းဆိုခဲ့တာကိုး၊ နေ့လယ်စာစားပြီးလောက်ကို ဇာတ်ဆရာဆီလာပြီး အကြောင်းပြန်ပါ့မယ်၊ ကဲ. . ကျုပ်တို့ကို ခွင့်ပြုပါဦး"

ရွာထဲကလူကြီးသုံးလေးယောက်မှာ ကျွန်ုပ်နှင့်တွေ့ဆုံဆွေးနွေးပြီးမှ ထပြန်ရန်ဟန်ပြင်လိုက်၏၊ ထိုစဉ် ကျွန်ုပ်အနီးရှိ ဇာတ်ကျားအောင်မိုးက အလျင်အမြန်မတ်တပ်ထရပ်ကာ. . .

"ကျားအန္တရာယ်ကို ဘာမှမကြောက်ကြပါနဲ့၊ ကျွန်တော်တစ်ယောက်လုံးရှိတယ်၊ ရွာထဲဝင်လာတဲ့ကျားကို ကျွန်တော်လန့်ပြေးအောင်လုပ်နိုင်ပါတယ်၊ မယုံမရှိကြပါနဲ့၊ ဒီည ကျွန်တော်တို့ဇာတ်အဖွဲ့ ဇာတ်ကနိုင်အောင်သာ စီစဉ်ပေးကြပါ"

ပြောလိုက်သောစကားကြောင့် ရွာလူကြီးအချို့ ကျွန်ုပ်ကိုတစ်လှည့်၊ အောင်မိုးကိုတစ်လှည့်၊ သူတို့အချင်းချင်းကိုတစ်လှည့်စီကြည့်ကာ ဇာတ်ရုံထဲမှ ဖြည်းလေးစွာထွက်သွားကြလေ၏၊ ကျွန်ုပ်မှာ အောင်မိုးကိုငေးကြည့်ရင်းမှ ကျွန်ုပ်နှင့် အောင်မိုးထံသို့ မမျှော်လင့်ဘဲရောက်လာခဲ့သော ပုဂ္ဂိုလ်ထူးကြီးကိုပြန်၍ မြင်ယောင်နေမိလေ၏။ ထိုပုဂ္ဂိုလ်ထူးလူကြီးပြောသွားသော စကားသံများကလည်း



ကျွန်ုပ်နားထဲ ပဲ့တင်ထပ်မျှ ကြားယောင်လာနေမိပြန်၏။

"ဇာတ်ဆရာ. . ကျွန်တော့်ကို ညကြေးရှင်းပေးပါဦး၊ ကျွန်တော် တစ်ခုခုသွားစားချင်လို့"

ကျွန်ုပ်အတွေး ရေယာဉ်ကြောမျောနေစဉ် အောင်မိုးက ကျွန်ုပ်လက်မောင်းကိုလှုပ်ကိုင်၍ပြောလိုက်မှ ကျွန်ုပ်၏အတွေးများ ပြတ်တောက်သွားရ၏၊ ပြီးနောက် အောင်မိုးအား ညကြေးရှင်းပေးလိုက်ရာ ကျွန်ုပ်အနီးမှ အောင်မိုးထွက်သွား၏၊ ကျွန်ုပ်လည်း ကျွန်ုပ်နေထိုင်ရာအခန်းတွင်းဝင်ကာ ညကြေးရှင်းတမ်းများလုပ်ကိုင်နေလိုက်၏၊

ကျွန်ုပ်နေ့လယ်စာစားပြီးချိန်တွင် ရွာလူကြီးနှစ်ဦးရောက်လာကာ ညပိုင်းဇာတ်ဆက်ကရန် အကြောင်းလာပြန်လေ၏၊ ဇာတ်ပွဲဆက်ကရမည့်သတင်းရရခြင်း ကျွန်ုပ်မှာ ဇာတ်ရုံအတွင်းရှိ ဇာတ်သူဇာတ်သားတို့၏ဘဝမှာ ဇာတ်ကနေရမှ ပျော်ရွှင်ငြိမ်းချမ်းသာယာခြင်းရှိတတ်ကြ၏၊ ထိုသို့ ဇာတ်သူဇာတ်သားတို့ ပျော်ရွှင်ငြိမ်းချမ်းသာယာနေစေရန် ကျွန်ုပ်ဇာတ်ဆရာတွင် တာဝန်ရှိ၏။

ထိုအချိန်တွင် အောင်မိုးတစ်ယောက် ဇာတ်ရုံထဲ၌မရှိပေ။ ထို့ကြောင့် ဇာတ်ဆက်ကရမည့်အကြောင်း အောင်မိုးကိုပြောရန် ဇာတ်ရုံအပြင်ဘက် ပွဲဈေးတန်းဘက်သို့ ကျွန်ုပ်ထွက်လာလိုက်၏၊ ထိုပွဲဈေးတန်းတစ်လျှောက် အောင်မိုးကိုလိုက်ရှာကြည့်ရာ မတွေ့ရချေ။ ဤသို့ဖြင့် ကျွန်ုပ်မှာ အောင်မိုးကိုတွေ့ဆုံရန်စောင့်မျှော်ခဲ့ရာ

www.burmeseclassic.com

www.burmeseclassic.com



ညနေ နေဝင်ရီတရောအချိန်ရောက်မှ ဇာတ်ရုံသို့ အောင်မိုးပြန်ရောက်လာတာတွေ့ရသည်။ ထိုအခါမှ ကျွန်ုပ်ရင်၌တစ်ဆို့နေသောအမောအလုံးကြီးကျရလေ၏။ အဘယ်ကြောင့်ဆိုသော် ထိုညကရမည့်ဇာတ်ထုပ်မှာလည်း ဦးရှင်ကြီးဇာတ်ထုပ်ဖြစ်ကာ ထိုဇာတ်ထုပ်ကိုကပေးရန် တစ်ရွာလုံးမှ ထပ်မံတောင်းဆိုထားသောကြောင့်ပင်ဖြစ်လေ၏။

ညပိုင်း ဇာတ်ရုံမီးလင်းသည်နှင့် ရွာလူကြီးအချို့ရောက်သာ၏။ ထိုလူကြီးများနှင့်အတူ ရွာမှလူငယ်အချို့လည်း လိုက်ပါလာကြ၏။ ထိုလူငယ်တို့အား ဇာတ်ရုံအတွင်း၌လည်းကောင်း၊ ဇာတ်ရုံအပြင်၌လည်းကောင်း လုံခြုံရေးထားရန် ကျွန်ုပ်အား မိတ်ဆက်ပေး၍စီစဉ်ပေး၏။ ကျွန်ုပ်ကိုလည်း ညဦးပိုင်း၌ ဆောင်ရွက်ရမည့်ကိစ္စဘို့ကို အသေးစိတ်ညွှန်ကြားပြောဆိုစီမံပေးခဲ့ရာ ကျွန်ုပ်က သဘောတူခေါင်းညိတ်လက်ခံခဲ့ရ၏။

ဤသို့ဖြင့် ကျွန်ုပ်တို့ဇာတ်ပွဲစတင်ကပြရာ ရွာသူရွာသားတို့မှာ အားတက်သရော လာရောက်ကြည့်ရှုအားပေးကြလေ၏။ ကျွန်ုပ်တို့ဇာတ်အဖွဲ့ကို မည်မျှနှစ်ခြိုက်သည်မသိ။ ငါးညမြောက်သည်ထိ လူက ယခင်ပရိသတ်ထက်လျော့မသွားပေ။ ထို့ကြောင့်ကျွန်ုပ်တို့အဖွဲ့မှာ ပို၍သတိထားကပြကြရ၏။ ငါးညဆက်ကရသောကြောင့် ကျွန်ုပ်တို့ကြိုတင်တိုက်ထားသော အော်ပရာ၊ ပြဇာတ်တို့မှာ ကုန်သလောက်ရှိသွား၏။ ဇာတ်ထုပ်ကိုပင် ဦးရှင်ကြီးဇာတ်ထုပ်



ကို သုံးညဆက်ကပေးရ၍သာတော်တော့၏။ ဝမ်းစာကုန်အောင်ကရသောပွဲခွင်ဟူ၍ ဇာတ်သမားတို့ဆိုကြ၏။

ဦးရှင်ကြီးဇာတ်ထုပ်ကိုကပြရာ၌ ပထမပိုင်းကို အော်ပရာအဖြစ် တင်ဆက်ကပြ၍ ဒုတိယပိုင်းကို ပြဇာတ်၊ နှစ်ပါးခွင်ပြီးနောက်ပိုင်းမှဆက်၍ကပြရ၏။ ထိုဇာတ်ထုပ်၌ ပရိသတ်အထူးနှစ်ခြိုက်သော ကျား၏သရုပ်ဆောင်ချက်အခန်းများမှာ ပထမပိုင်းအော်ပရာခွင်၌ ပို၍များပြီး နောက်ပိုင်းဒုတိယပိုင်း၌ ဇာတ်ထုပ်ပြီးခါနီး တစ်ခန်းနှစ်ခန်းမျှသာ ပါဝင်လေ၏။ ထို့ကြောင့် ပထမပိုင်းအော်ပရာကသည့်အချိန်တွင်သာ ဇာတ်ကျားအောင်မိုးတစ်ယောက်အလုပ်လုပ်ချိန်များ၍ အော်ပရာပြီးပါက ကျားဝတ်စုံကိုဝတ်လျက်တရေးတမောပင်အိပ်၍ရသေး၏။

ဇာတ်ထုပ်ပြီးခါနီး ကိုယ့်အခန်းရောက်မှ အိပ်ရာမှလူးလဲထကာ က၍ရ၏။ နေ့တဓူဝကနေရသောအလုပ်ဖြစ်၍ တစ်ရေးနိုးထကသော်မှ မှားချက်မရှိ။ ပိပိရိရိရှိ၏။ ဇာတ်သူဇာတ်သားတိုင်းဤအကျင့်ရှိကြ၏။ အောင်မိုးတစ်ယောက် နောက်ဆုံးညဖြစ်၍အထူးကြိုးစားကသွားသည်ဟုဆိုရမည်။ ကျားဟန်၊ ကျားမာန်၊ ကျားစရိုက်ဖြင့် ပရိသတ်ကြားထဲသို့ ခုန်ပျံကျော်လွှားဝင်ရောက်လာခြင်း၊ ဇာတ်စင်ပေါ်၌ ပြေးလွှားကစားပြခြင်း၊ အုန်းသီးစိမ်းကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် ပါးစပ်ဖြင့်ကိုက်ဖြတ်ခြင်းများကို ပီပြင်စွာသရုပ်ဆောင်သွားသောကြောင့် ဇာတ်ရုံထဲတွင် လက်ခုပ်သံ

www.burmeseclassic.com

www.burmeseclassic.com



တဖြောင်းဖြောင်းဆူညံသွားရ၏။

ကျွန်ုပ်မှာ ဇာတ်ရုံအဝင်ပေါက်မှနေ၍ ဇာတ်စင်ပေါ်၌ ကပြသရုပ်ဆောင်နေသော ကျွန်ုပ်တို့ဇာတ်အဖွဲ့အောင်မြင်မှု လက်ခုပ်သံများကိုနားထောင်၍ ပီတိဖြစ်ကာ တစ်ယောက်တည်း ပြုံးနေစဉ်. . .

"ဇာတ်ဆရာ. . ကျုပ်တို့ပြောထားတဲ့အစီအစဉ်အတိုင်း တစ်နေရာကသွားစောင့်နေကြရအောင်လေ၊ တော်ကြာ ခင်ဗျားတို့ ကျုပ်တို့နဲ့လွဲသွားလိမ့်မယ်၊ ဒီဇာတ်ရုံမှာ ကျုပ်တို့လုံခြုံရေးအဖွဲ့ချထားတာမို့ ဇာတ်ဆရာ ဘာမှစိတ်မချမဖြစ်နဲ့၊ လာ. . ကျုပ်တို့နဲ့ သာလိုက်ခဲ့"

ရွာလူကြီးတစ်ဦးမှ အကျိုးအကြောင်းရှင်းပြကာ ကျွန်ုပ်အား လက်တို့ခေါ်ဆောင်မှုကြောင့် ကျွန်ုပ်မှာထလိုက်ခဲ့ရ၏။ ဇာတ်ရုံအပြင်ဘက် ပွဲဈေးတန်းတစ်ဝိုက်၌ မီးအလင်းရောင်ကြောင့် အရာရာကို သဲကွဲစွာမြင်တွေ့နိုင်၏၊ ပွဲဈေးတန်းအနောက်ဘက်သို့ ရောက်သောအခါတွင်ကား အလင်းနှင့် အမှောင်စည်းတားထားသကဲ့သို့ ချက်ချင်းအမှောင်လွှမ်းနေလျက်ရှိ၏။ ရွာလူကြီးလေးငါးဦးမှ လက်နှိပ်ဓာတ်မီးရောင်ကိုအသုံးပြုကာ ကျွန်ုပ်၏ရှေ့မှ ဦးဆောင်သွားလျက်ရှိ၏၊ ထိုလူကြီးလေးဦးတွင် နှစ်လုံးပြူးသေနတ် တစ်လက်နှင့် ဓားလေးတစ်ခုပါလာကြောင်းတွေ့ရ၏။

ကျွန်ုပ်၏ဘေးဘီဝဲယာမှာ အမှောင်အတိဖြစ်နေလေရာ



မည်သည့်နေရာရောက်နေသည်မှန်း ကျွန်ုပ်မသိပေ။ ကောင်းကင်သို့မော့ကြည့်သောအခါမှ လမိုက်ရက်ဖြစ်ကြောင်း သတိပြုမိ၏၊ ရွာလူကြီးတို့၏ခေါ်ဆောင်မှုနောက် လိုက်နေခဲ့ရသော်လည်း ကျွန်ုပ်တို့သွားနေသည့်နေရာမှာ ပိုးလောင်းရွာထဲမှ တစ်နေရာဖြစ်နေကြောင်းကိုမူ ကျွန်ုပ်ကြိုး၍သိပြီးဖြစ်၏။ အတန်ကြာသွားပြီးနောက် တစ်နေရာ၌ရပ်ကာ နားခိုလိုက်ကြ၏၊ ပတ်ဝန်းကျင်တွင်ကား မဲမဲမှောင်လျက်ရှိ၏။

"ကဲ. . ကျုပ်တို့တွေ ဒီနေရာကစောင့်ပြီးကြည့်မယ်၊ အားလုံး သတိတော့ထားမှဖြစ်မယ်၊ ဇာတ်ဆရာလည်းသတိထားပါ၊ ခင်ဗျားက တကယ့်ကျားကိုမြင်ဖူးချင်တယ်ဆိုလို့သာခေါ်ခဲ့ရတာ၊ တကယ်တော့ အန္တရာယ်များတယ်၊ ပြီးတော့ ဒီညလည်း ကျားက လာချင်မှ လာဦးမှာ၊ ကျုပ်တို့ကတော့ စောင့်ရမှာပဲ၊ ကျုပ်စိတ်ထဲ မနေ့ကလာတဲ့ကျား ဒီနေ့လည်းလာလိမ့်မယ်လို့ ယုံကြည်တယ်"

ခေါင်းဆောင်လုပ်သူ ရွာလူကြီးက ဦးဆောင်ပြောပြီးနောက် ကျွန်ုပ်တို့ငါးဦးသား ကျောချင်းကပ်လိုက်၍ တောင်မြောက်လေးပါး သို့ စောင့်ကြည့်နေလိုက်ကြ၏။ ကျွန်ုပ်မှာ အမှောင်ထဲ၌နေထိုင်မှု နည်းပါးသောကြောင့် အမှောင်ထဲမှာကြည့်မရဖြစ်ကာ ဘာကိုမျှ မမြင်မတွေ့ရပေ။ မျက်ဝန်းထဲ၌ မှောင်၍သာနေလေ၏။ ဆယ်မင်း နှစ်လုံးချက်ကျက်ခန့်အကြာတွင် ရွာလူကြီးနှစ်ဦး လှုပ်လှုပ်ရှားရှား ဖြစ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . ဟိုမှာ တို့တစ်တွေစောင့်မျှော်နေတဲ့ ကျားကြီးလာနေပြီ၊ ကျားဆိုတဲ့သတ္တဝါတွေက အနံ့ခံကောင်းတယ်၊ သတိဝီရိယကောင်းပြီး လျင်မြန်ဖျတ်လတ်တယ်၊ ကျုပ်တို့က ဒီတိရစ္ဆာန်ထက်ပိုပြီး သတိဝီရိယရှိပြီး လျင်မြန်ဖျတ်လတ်ဖို့အရေးကြီးတယ်၊ ဇာတ်ဆရာ. . ဒီကျားက ခင်ဗျားတို့ဇာတ်ထဲက ဇာတ်ကျားမဟုတ်ဘူးနော်၊ တကယ်ကိုက်သတ်တတ်တဲ့ ရိုးမကြီးထဲကကျားအစစ်၊ ကဲ. . အားလုံးအဆင်သင့်ပြင်ထားမယ်"

ခေါင်းဆောင်လူကြီးက လေသံတိုးတိုးဖြင့်ပြောကာ နှစ်လုံးပြူးသေနတ်ကို အသင့်ချိန်ရွယ်ထားလိုက်၏။ ကျောချင်းကပ်လျက်ရှိနေသောလူကြီးကလည်း ကျားကြီးလာရာလမ်းဆီသို့ဦးတည်ကာ သူ၏ဒူးလေးကို အသင့်ချိန်ရွယ်ထားလိုက်၏။ ကျန်ရွာလူကြီးနှစ်ဦးကားခေတ်မီးနှစ်လက်စီကိုင်လျက် ကျားလာရာလမ်းဆီသို့ စူးစိုက်ကြည့်လျက်နေ၏။ ကျွန်ုပ်သာလျှင် ဘာလုပ်လို့ ဘာကိုင်ရမည်မှန်းမသိဖြစ်ကာ မျက်စိသူငယ် နားသူငယ်ဖြစ်နေ၏။ ကျွန်ုပ်မျက်စိကိုဖွင့်သပ်၍လည်း ကျားကြီးလာရာနေရာသို့ အာရုံစိုက်၍လှမ်းကြည့်ရာ လှုပ်လီလှုပ်လဲ့ဖြင့် ရွေ့လျားလာနေသောကျားတစ်ကောင်ကို လှမ်းမြင်တွေ့ရ၏။

ကျွန်ုပ်နှင့် ကိုက်(၅၀)ကျော်မျှ ဝေးကွာသောနေရာဖြစ်သည်ကတစ်ကြောင်း၊ ညကာလ မှောင်မှောင်မည်းမည်းဖြစ်နေသည်ကတစ်ကြောင်းမို့ ကျားကြီးကိုမြင်တွေ့နေရသော်လည်း ကျွန်ုပ်



ဆုံးဖြတ်ရမည့်ဆုံးဖြတ်ချက်မှာ အတည်ပြု၍မရဖြစ်နေရ၏။ ထိုစဉ်ကျားကြီးမှာ ကျွန်ုပ်တို့နှင့် ကိုက်(၃၀)အနီးသို့ရောက်ရှိလာ၏။ ကျွန်ုပ်အနီးရှိ ရွာလူကြီးက နှစ်လုံးပြူးသေနတ်မောင်းကိုဖြုတ်ရန်ပစ်ကွင်းဝင်မဝင် ထပ်မံချိန်ရွယ်လိုက်၏။

ကျားကြီးကား သူ၏အန္တရာယ်ကိုသိနေသည့်အလားနေရာ တွင်ရပ်ကာ ပတ်ဝန်းကျင်ကို အကဲခတ်သလိုရှိနေ၏။ ထို့ကြောင့် ရွာလူကြီးတို့မှာလည်း အသာပင်ငြိမ်သက်နေလိုက်ကြ၏။ သို့သော် ရွာလူကြီးတစ်ဦးကမူ ကျားကြီး၏အခြေအနေကိုရိပ်မိကာလေသံ တိုးတိုးဖြင့် သတိပေးလိုက်၏။

"ကဲ. . ဒီကျားကြီးက ကျုပ်တို့တစ်တွေ ဒီမှာရှိနေတာကိုသိသွားပုံရတယ်၊ အချိန်မရွေး အန္တရာယ်ပေးနိုင်တယ်၊ ဒီတော့ကျုပ်တို့က သူ့ထက်အရင် လက်ဦးထားမှဖြစ်မယ်၊ ကဲ. . တစ်၊ နှစ်၊ သုံးဆိုရင် ကျုပ်တို့လုပ်ငန်းစမယ်"

ထိုစဉ် ကျွန်ုပ်အတွေးထဲသို့ ဇာတ်ကျားအောင့်မိုးအကြောင်းက ဝင်ရောက်လာ၏။ တစ်ဆက်တည်းမှာပင် ပုဂ္ဂိုလ်ထူးလူကြီး၏

အသံများကလည်း ကျွန်ုပ်နားတွင် ပဲ့တင်ထပ်မျှကြားယောင်နေပြန်၏။ ကျွန်ုပ်၏လှုပ်ရှားမှုအတွေးအာရုံများ ပြောင်းလဲမှုနှင့်အတူ ကျွန်ုပ်အနီးရှိ ရွာလူကြီးလေးယောက်တို့၏ လှုပ်ရှားမှုများမှာလည်း အလွန်လျင်မြန်စွာပြောင်းလဲဖြစ်ပေါ်နေလေ၏။

"တစ်. . နှစ်. . သုံး"

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကိုက်ခေါ်သံအဆုံးတွင် လက်နှိပ်ဓာတ်မီးကိုင် လူကြီးနှစ်ဦးက ပြိုင်တူလှုပ်ရှားလိုက်ကြ၏။ လက်နှိပ်ဓာတ်မီးလေးခု၏ အလင်းရောင်က ကျားကြီးရှိရာနေရာတစ်ဝိုက်၌ လင်းဖြာကျလျှက်ရှိရာ ထိုအလင်းရောင်ကြောင့် ကျားကြီးတွေဝေငေးကြောင်သွားသည်ကိုလည်း ကျွန်ုပ်တို့ထင်ရှားစွာ လှမ်းမြင်တွေ့နေရလေရာ ကျွန်ုပ်မှာ အလွန်အမင်းအံ့ဩသွားရ၏။ ကျွန်ုပ်၏မျက်ဝန်းအကြည့်တွင် ဇာတ်ကျားအောင်မိုးကိုသာ မြင်နေမိ၏။ ထိုစဉ်. .

"ဒိုင်း. ."

"ရွှတ်. ."

ညှိထားသည့်အချိန်အတိုင်း တိကျသည်ဟုဆိုရပေမည်။ ကျားကြီးရပ်နေရာ၌ လက်နှိပ်ဓာတ်မီးရောင်ထိုးကျသွားသည်နှင့်တစ်ဆက်တည်း ဒူးလေးနှင့် နှစ်လုံးပြူးသေနတ်ပစ်လွှတ်သံတို့မှာ ပြိုင်တူထွက်ပေါ်လာ၏။ ထိုအသံများကြောင့် ကျားကြီး လှုပ်လှုပ်ရှားရှားဖြစ်သွားကာ အလျှင်အမြန်ခုန်ထွက်ပြေးသွားသည်ကိုလည်း လှမ်းမြင်နေရ၏။ ကျားကြီးခုန်ထွက်ပြေးရာသို့ မီးရောင်ထိုး၍ရှာကြည့်ရာ မတွေ့ချေ။ မြေပြင်၌ သွေးအချို့ကိုသာတွေ့ရ၏။

"ဒီကောင် တစ်နေရာရာတော့ထိသွားမှာ ကျိန်းသေတယ်၊ ကျုပ်က အနှစ်နှစ်ဆယ်လောက် မုဆိုးလုပ်လာတာ ကျုပ်လက်ကို ကျုပ်ယုံပါတယ်ဗျာ"

နှစ်လုံးပြူးကိုင်လူကြီးက လေသံကျယ်ကြီးဖြင့် သူ့ကိုယ်သူ



အသိအမှတ်ပြုလိုက်သည်။ ဓာတ်မီးထိုးထားသောလူကြီးတို့က ဓာတ်မီးရောင်ကိုမှိတ်လိုက်သဖြင့် အပြင်ဝန်းကျင်သည် မှောင်မဲသွားပြန်သည်။ ကျွန်ုပ်မှာ မှောင်မဲလွန်းသည်ကတစ်ကြောင်း၊ ကျားကြီးရန်ကိုကြောက်သည်ကတစ်ကြောင်းနှင့် စိုးရိမ်သောကတစ်ခုရင်ထဲ၌ဝင်ရောက်လာသည့်အကြောင်းများကြောင့် စိတ်လှုပ်ရှားတာ နေရာမှထရပ်လိုက်သည်။

"ဘယ်လိုလဲဇာတ်ဆရာ၊ ခင်ဗျားမြင်တွေ့လိုက်ရတဲ့ကျားက ခင်ဗျားဇာတ်ထဲက ဇာတ်ကျားမဟုတ်ဘူးဆိုတာ ယုံပြီမဟုတ်လား"

"ကျွန်တော် ဇာတ်ရုံပြန်ချင်တယ်ဗျာ၊ မှောင်မှောင်မည်းမည်းဆိုတော့ ကျွန်တော်မပြန်တတ်ဘူး၊ ကျွန်တော့်ကို ဇာတ်ရုံရောက်အောင် တစ်ယောက်ယောက်လိုက်ပို့ပေးပါ၊ ကျွန်တော် ဇာတ်ရုံပြန်မှဖြစ်မယ်"

ကျွန်ုပ်က လူကြီး၏စကားကိုပြန်မဖြေဘဲ ကျွန်ုပ်၏ဆန္ဒကိုသာတောင်းဆိုလိုက်၏။ မကြာမီ လူကြီးလေးဦးစလုံး ကျွန်ုပ်အား ဇာတ်ရုံရောက်သည်ထိ ပြန်လိုက်ပို့ပေးကြ၏။ ကျွန်ုပ်တို့ဇာတ်ရုံရောက်သောအချိန်တွင် နှစ်ပါးသွားထွက်နေလေပြီ။

မည်သူမျှ ကျွန်ုပ်၏အဖြစ်အပျက်ကိုသိပုံမပေါ်။ သို့သော် ကျွန်ုပ်ကိုလိုက်ပို့ပေးသည့်ရွာလူကြီးတို့ကမူ သူတို့နှင့်တွေ့ဆုံကြသည့် ရွာသူရွာသားအချို့အား ကျွန်ုပ်တို့ရင်ဆိုင်တွေ့ကြုံရသည့်ကျားကြီး ဇာတ်လမ်းကို ဝတ္ထုတစ်ပုဒ်အလားခင်းကျင်းကာ အားပါးတရ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောနေကြလေ၏။ ကျွန်ုပ်မှာကား ရင်ထဲ၌ဖြစ်ပေါ်နေသော အပူသောကကြောင့် ဇာတ်ရုံအနောက်ဘက် ကျွန်ုပ်တို့ဇာတ်သူဇာတ်သားများနေထိုင်ရာသို့ အပြေးအလွှားလာလိုက်ရ၏။

"အောင်မိုးကို ငါတွေ့ချင်တယ်၊ ငါနဲ့အမြန်လာတွေ့ပါလို့ ပြောကွာ"

အောင်မိုးကိုရှာကြည့်ရာ မတွေ့သဖြင့် တွေ့သည့်ဇာတ်အဖွဲ့သားများကိုမှာထားလိုက်ကာ ကျွန်ုပ်၏အခန်းတွင်း၌ ခေတ္တလှဲကာ တွေးတောစဉ်းစားနေမိလေ၏။ ကျွန်ုပ် မည်မျှတွေးတော စဉ်းစားရင်း အိပ်ပျော်သွားသည်မသိ။ ကျွန်ုပ်ကိုယ်အား လှုပ်နိူးလာသော အထိအတွေ့ကြောင့် အိပ်ပျော်ရာမှ လန့်နိုးလာရ၏။ ကျွန်ုပ်အား လာရောက်လှုပ်နှိုးသူမှာ ဇာတ်မန်နေဂျာ ဦးတင်ဦးဖြစ်သောကြောင့် ကျွန်ုပ်မှာ အလန့်တကြားဖြစ်သွားမိပြန်၏။

"ဦးတင်ဦး ဘာကိစ္စဖြစ်လို့လဲ"

"ကိစ္စကတော့ အောင်မိုးကိစ္စပဲ၊ ဦးရှင်ကြီးဇာတ်ထုပ်က ဇာတ်သိမ်းတော့မယ်၊ မိုးလင်းနေပြီ၊ ဦးရှင်ကြီးက စီးတော်ကျားကို စီးပြီး ပရိသတ်တွေကြားမှာ အလှူခံထွက်မှာဆိုတော့ ခုချိန်ထိ အောင်မိုးကို ကျွန်တော်ရှာကြည့်တာမတွေ့သေးဘူး၊ အဲဒါ ဇာတ်ဆရာ ဘယ်လိုလုပ်မလဲလာမေးတာ"

"ကျုပ်လည်း ဘာလုပ်နိုင်မှာမို့လဲ၊ ကျားဝတ်စုံရှိရင်လည်း တစ်ယောက်ယောက်ကိုဝတ်ခိုင်းပြီး လုပ်ခိုင်းလို့ရတယ်၊ ခုဟာက



ကျားဝတ်စုံလည်းမရှိ၊ အောင်မိုးကလည်းမရှိဆိုတော့ ကျုပ်တော့ ရူးတောင်ရူးချင်လာပြီဗျာ၊ ဪ. . ဒီလိုလုပ်၊ မင်းသားကြီးကို အဲဒီလိုဇာတ်မသိမ်းဘဲ တစ်နည်းနည်းနဲ့ဇာတ်သိမ်းပေးဖို့ပြောလိုက်ဗျာ၊ သူ့ဇာတ်ထုပ်ဆိုတော့ သူနိုင်ပါတယ်၊ ကျုပ်လည်း ဒါပဲစဉ်းစားလို့ ရတယ်"

ကျွန်ုပ်၏စကားကြောင့် ဇာတ်မန်နေဂျာဦးတင်ဦးမှာ ခေါင်းကုတ်လျက် ကျွန်ုပ်အနီးမှထထွက်သွား၏။ မကြာမီ ဇာတ်ထုပ်ကြီး ဇာတ်သိမ်းပိုင်းခင်းကျင်းသံကိုကြားလိုက်ရရာ ကျွန်ုပ်မှာ သိချင်ဇောဖြင့် ဇာတ်ရုံပေါ်သို့တက်၍ တိုင်ဖုံးကြားမှလှေ့လာကြည့်နေမိ၏။ ထိုစဉ် တစ်ဖက်တိုင်ဖုံးကြားမှ စီးတော်ကျားထွက်လာသည်ကို မြင်ရရာ ကျွန်ုပ်မှာ အံ့အားသင့်လျက် လန့်ဖျန့်ကာ ခြေလှမ်းများပင် နောက်ဆွဲဆုတ်မိသည်ထိဖြစ်သွားရ၏။

ဇာတ်မင်းသားကြီးကား တည်ငြိမ်စွာဖြင့် ဦးရှင်ကြီးဝတ်စုံဝတ်လျက် သူ၏စီးတော်ကျားပေါ်သို့တက်ကာ မျက်စိမှိတ် ပုတီးစိပ်လျက်ရှိနေ၏။ မကြာမီ စီးတော်ကျားမှ ဦးရှင်ကြီးကို ကိုယ်ပေါ်တင်လျက် ဇာတ်စင်ပေါ်မှ ဇာတ်စင်အောက်သို့ဆင်းကာ ပရိသတ်ကြားသို့ တိုးဝှေ့ဝင်သွား၏။ လူရှင်တော်ကောင်းမွန်က အလှူခံပုံးကိုင်ကာ အလှူခံပေး၏။ ပွဲကြည့်ပရိသတ်တို့မှ အလုအယက် အလှူခံထည့်ဝင်နေကြသည်ကိုတွေ့ရ၏။

နောက်ပိုင်းဇာတ်ထုပ်သိမ်း၍ ပြည်ဖုံးကားချ၍ ပျောခေါက်

www.burmeseclassic.com

www.burmeseclassic.com



ချိန်တွင် မိုးစင်စင်လင်း၍နေလေပြီ။ ကျွန်ုပ်တို့ဇာတ်အဖွဲ့မှာ ပွဲကူ ရှိနေသောကြောင့် ဇာတ်ကပြီးချင်း ကားခွင်၊ မီးခွင်၊ ဆိုင်းခွင် တို့ကို သိမ်းဆည်းနေရ၏။ ဇာတ်သူဇာတ်သားတို့လည်း သူတို့ ပစ္စည်းပစ္စယများကို သယ်ဆောင်သွားကြ၏။ မကြာမီ ဇာတ်မော် တော်ဆိုက်ကပ်ထားရာ ပိုးလောင်းရွာကမ်းနားဆိပ်သို့ ပစ္စည်းများ သယ်ဆောင်သွားကြ၏။ ဇာတ်ရုံနှင့် ကမ်းနားဆိပ်မှာ ကိုက်(၁၀၀) နီးပါးမျှဝေး၏။ ထို့ကြောင့် ဇာတ်ပစ္စည်းထည့်ထားသောသေတ္တာ ကြီးများကို နွားလှည်းဖြင့်တိုက်၍ ပစ္စည်းသေးများကိုကား လူကိုယ် တိုင်သယ်မသွားကြရ၏။

"အောင်မိုးရေ. . ဒီမှာ ငါတို့ပစ္စည်းတွေ ဝိုင်းကူသယ်ပေ ပါဦးကွ"

ကျွန်ုပ်၏အော်ခေါ်သံကြောင့် ဇာတ်ကျားအောင်မို တစ်ယောက် အပြေးအလွှားရောက်လာကာ ကျွန်ုပ်၏ပစ္စည်းအ ကို ဆွဲမယူလိုက်၏။

"အား. . ကျွတ်. . ကျွတ်"

အောင်မိုး၏ညည်းညူသံကြောင့် ကျွန်ုပ်မျက်ခုံးကိုပင့်က အောင်မိုးကို သေချာစွာကြည့်လိုက်၏။ အောင်မိုး၏ဘယ်လ မောင်းတစ်ဖက်တွင် ပတ်တီးစည်းထား၍ ထိုပတ်တီးစ၌ သွေးရ စို့ထွက်နေသည်ကိုမြင်လိုက်ရရာ ကျွန်ုပ်မှာ အလွန်အံ့အားသင့်သွ မိ၏။ ထို့ကြောင့်. . .



"အောင်မိုး. . မင်းဒဏ်ရာက ဘာဖြစ်တာလဲ"

"ကျွန်တော်လည်းမသိပါဘူး ဇာတ်ဆရာရယ်၊ ညတုန်းက ဇာတ်ကရင်းရခဲ့တယ်ထင်တာပဲ၊ ဒီမနက်ကျမှ ဒီအနာကို ကျွန်တော် သတိထားမိတာ၊ အား. . ကျွတ်. . ကျွတ်"

အောင်မိုးက ချက်ချင်းပြန်ဖြေ၏။ သူ့မျက်နှာပြင်ပေါ်တွင် လိမ်လည်လှည့်ဖျားမှုများ ကင်းစင်နေသည်ကိုမြင်တွေ့ရရာ ကျွန်ုပ် မှာ အောင်မိုးကို လွန်စွာသနားမိသွား၏။ ထို့ပြင် အောင်မိုးနှင့် ပတ်သက်ယှက်နွယ်သောအကြောင်းများမှာလည်း ကျွန်ုပ်၏ခေါင်း တွင်း၌ အစီအရီဝင်လာတော့၏။

"ကျားသေကိုအသက်သွင်း ချက်ချင်းပြည့်စုံပြီးမြောက်စေ" ဟူသော ပုဂ္ဂိုလ်ထူးကြီး၏စကားသံများ။

"အောင်မိုးတစ်ယောက် ပုဂ္ဂိုလ်ထူးကြီးနဲ့တွေ့ပြီးနောက်ပိုင်း ကျားဝတ်စုံဝတ်လိုက်တာနဲ့ တကယ့်ကျားအစစ်လိုထင်ရတယ်၊ ဧကန္တ အောင်မိုးတစ်ယောက် မှော်ဝင်သွားပြီထင်တယ်"

ဟူသော ဇာတ်သမားအချို့၏ ထင်မြင်ယူဆချက်များ။

"ကျုပ်တို့ရွာထဲဝင်လာတဲ့ကျားက ဇာတ်ထဲကကျားနဲ့ တစ်ပုံစံ တည်းပဲဗျာ၊ ကျုပ်တို့ကြားဖူးတဲ့ သမန်းကျားတို့၊ မှော်ဝင်ကျားတို့ ဆိုတာမျိုး ဖြစ်ချင်ဖြစ်နေမှာပေါ့"

ဟူသော ပိုးလောင်းရွာသူရွာသားအချို့၏ တွေးမြင်ယူဆ

www.burmeseclassic.com

www.burmeseclassic.com



ဗဟုသုတစကားသံများက ကျွန်ုပ်၏အတွေးအာရုံတွင် ကြားယောင်မြင်ယောင်လာ၏။

"ကဲ. . ကျွန်တော် ဟောဒီလက်ဆွဲအိတ်တော့ သယ်သွားပေးမယ်၊ ဒီသေတ္တာကြီးကိုတော့ မောင်ချိုတို့အဖွဲ့ကို သယ်ခိုင်းလိုက်ပါ၊ ကျွန်တော့်လက်မောင်း အတော်နာနေလို့"

အောင်မိုးစကားသံကြားမှ ကျွန်ုပ်၏အတွေးစများ လွင့်စင်ပျောက်သွား၏။ အောင်မိုးကား ပြောပြောဆိုဆို လက်ဆွဲအိတ်ကို အနာမရှိသောလက်တစ်ဖက်ဖြင့် ဆွဲမယူ၍ ပခုံးပေါ်ထမ်းတင်ပြီးနောက် ကျွန်ုပ်အနီးမှ ထထွက်သွားလေ၏။ ကျွန်ုပ်ကား ဇာတ်ကျားအောင်မိုး၏ကျောပြင်ကိုငေးကြည့်ရင်းမှ အောင်မိုးကို သနားကြင်နာမိနေ၏။ ထိုစဉ်. . .

"ဇာတ်ဆရာ. . ဇာတ်ဆရာမွေးစားသား မော်ဝင်ကျားကြီး အောင်မိုးကိုကြည့်ရတာ သူ့ပုံက မော်မဝင်ဘဲ မော်ပျောက်နေပုံပေါ်နေတယ်၊ မော်ဝင်အားဆေးလေးကြီုပြီး ကျွဲးထားဦးနော်၊ ပွဲကူးတွေကဆက်နေတာ၊ တော်ကြာ ဇာတ်ဆရာပဲစိတ်ညစ်နေမှာ"

လက်ထောက်မင်းသမီး ဖြူပြာဝင်းက ကျွန်ုပ်နောက်မှနေ၍ ပြောလိုက်ရာ ကျွန်ုပ်မှာ စိတ်တိုစွာဖြင့် သူမကိုမျက်မှောင်ကြုံ၍ ပြန်ကြည့်လိုက်၏။ ကျွန်ုပ်၏အပြုအမူကြောင့် မင်းသမီးဖြူပြာဝင်းတစ်ယောက် ကျွန်ုပ်၏အနီးမှ ဇက်ကလေးပုကာ ရှောင်ထွက်သွားလိုက်၏။ ထို့ကြောင့် ကျွန်ုပ်မှာ ဇာတ်မော်တော်ရှိရာသို့သွားရန်



ဇာတ်ရုံထဲမှထွက်လာလိုက်၏။ ကျွန်ုပ်လျှောက်လာသည့်လမ်းတစ်လျှောက်လုံး ကျွန်ုပ်၏ဦးနှောက်အာရုံထဲ၌ ကြီးစိုးလာသော အကြောင်းအရာတစ်ခုရှိလေ၏။ ထိုအကြောင်းအရာကား 'မော်ဝင်ကျား'ပင်ဖြစ်တော့၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

# ကလပ်တောင်မှ မေတ္တာလက်ဆောင်

ကျွန်ုပ်တည်ထောင်ထားသော ပန်းကမ္ဘာဇာတ်အဖွဲ့ကြီးသည် ဧရာဝတီတိုင်း ပေတောမြို့၌ကပြရန် (၃)ရက်မျှကြို၍ရောက်ရှိသွားခဲ့၏။ ပေတောမြို့၌ကပြရမည့်ပွဲမှာ ဘုရားပွဲတော်ရက်မဟုတ်။ ကြားပွဲဖြစ်၏။ ထိုပွဲကို ပေတောမြို့နေ ပွဲကန်ထရိုက်ဦးဇော်ဝင်းမှ စီစဉ်ခြင်းဖြစ်၏။ ကန်ထရိုက်ငှားပွဲဖြစ်သောကြောင့် ကျွန်ုပ်တို့ ဇာတ်ဆရာဇနီးမောင်နှံမှာ သိပ်ပြီးစိတ်မညစ်ရချေ။

သို့သော် ဇာတ်ပွဲကရက်မတိုင်မီ ဇာတ်ရုံသို့ ကြိုတင်ရောက်ရှိနေခြင်းအတွက် အခက်အခဲအနည်းအကျဉ်းတော့ရှိ၏။ ပွဲကန်ထရိုက်များသည် ဇာတ်ပွဲကသည့်ရက်များအတွင်း၌သာလျှင် သူတို့တာဝန်ယူရမည့်ရေ၊ မီး၊ ထင်းစသည်များကို တာဝန်ယူပေးကြ၏။



ဇာတ်ပွဲမကသည့်ရက်များ၌မူ လှည့်ကြည့်ဖော်မရပေ။ ထိုရက်များတွင် ကန်ထရိုက်ကိုရှာတွေ့ရန် ခဲယဉ်းလှ၏။

ဇာတ်ဆရာနှင့် ပွဲကန်ထရိုက်တို့ ပွဲငှားစာချုပ်ချုပ်ဆိုကြသည့်စာချုပ်ထဲတွင် ပွဲကန်ထရိုက် အဓိကတာဝန်ယူရမည့်အချက်များမှာ ဇာတ်အဖွဲ့ကို ကရက်မတိုင်မီ တစ်ရက်ကြိုတင်၍ ကမည့်ဇာတ်ရုံသို့သယ်ယူခေါ်ဆောင်ရန် (အကယ်၍ ဇာတ်ဆရာမှ ထိုအကြိုခရီးအတက် ခရီးစရိတ်ထည့်တွက်တောင်းထားသော် ဇာတ်ဆရာ၏တာဝန်ဖြစ်သည်၊) ဇာတ်အဖွဲ့ ဇာတ်ရုံရောက်သည်နှင့် ဇာတ်အဖွဲ့သူ အဖွဲ့သားများအသုံးပြုရန် ရေ၊ မီး၊ ထင်းများကို ကန်ထရိုက်မှဖြည့်ဆည်းတာဝန်ယူရန် (ထိုကိစ္စကိုလည်း ကန်ထရိုက်အနေဖြင့် ဇာတ်ကရက်များတွင်သာ တာဝန်ယူမည်ဟု စာချုပ်တွင်ထည့်သွင်းချုပ်ဆိုကြသည်။) စသည်တို့ဖြစ်သည်။

ဇာတ်ဆရာဘက်မှ အဓိကတာဝန်ယူရသည့်အချက်မှာ စာချုပ်ချုပ်ဆိုထားပြီးသော ဇာတ်ကရက်အမီ ဇာတ်တစ်ဖွဲ့လုံး ထိုဇာတ်ရုံသို့ရောက်ရှိရန်ဖြစ်ပြီး ဇာတ်အဖွဲ့၌ပါရှိသော ခေါင်းဆောင်မင်းသား၊ မင်းသမီးနှင့် လူရွှင်တော်မှအစ ပညာရှင်စုံလင်အောင်ပါရှိရန်မှာ အရေးကြီးပေ၏၊ သို့မဟုတ်ပါက ကန်ထရိုက်နှင့် စာချုပ်ချုပ်ဆိုထားသည့်ဇာတ်ကြေး၏သုံးဆကို ဇာတ်ဆရာဘက်မှ ပြန်၍အလျော်ပေးရ၏။ ကန်ထရိုက်ဘက်မှ တစ်ခုခုချို့ယွင်းသော်

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ဆရာနှင့် စကားများ ရန်ဖြစ်ရုံမျှနှင့်သာ ပွဲပြီးသွားရသည်က များ၏။

ထို့ကြောင့် အချို့သောပွဲကန်ထရိုက်တို့နှင့် ပွဲငှားလိုက်ရသည်မှာ တစ်ခါတရံစိတ်ညစ်စရာကောင်း၏။ အများဆုံးစိတ်ညစ်ရသည်မှာ ရေကိစ္စဖြစ်၏။ လူပေါင်း(၅၀)နီးပါးမျှပါရှိသော ဇာတ်အဖွဲ့ဖြစ်သောကြောင့် လူအမျိုးမျိုး စိတ်အထွေထွေဖြစ်ကာ တစ်ယောက်တစ်ပေါက်ဖြင့် ထိန်းရန်ခက်လှ၏။ ဇာတ်အဖွဲ့အနေဖြင့် တစ်နေရာမှ တစ်နေရာသို့ နေ့တွင်းအမိ ပြောင်းရွှေ့ကြရသည်များရှိလေရာ ပင်ပန်းနွမ်းနယ်ကြပေ၏။ ထို့ကြောင့် ဇာတ်ရုံတစ်ရုံသို့ရောက်သည်နှင့် ရေမိုးချိုး၍ အနားယူချင်ကြသူကများ၏။ ထိုအခါ ရေကိစ္စအဆင်မပြေသောဇာတ်ရုံသို့ရောက်လျှင် ဇာတ်အဖွဲ့သူ အဖွဲ့သားများထံမှ ပူညံပူညံအသံကိုကြားရ၏။

ဤငပုတောဇာတ်ရုံသို့ ဇာတ်မကမီ (၃)ရက်ကြိုတင်၍ ဇာတ်အဖွဲ့ရောက်ရှိနေရာ အဓိကပြဿနာမှာ ရေကိစ္စပင်ဖြစ်၏။ ပွဲကန်ထရိုက် ဦးဇော်ဝင်းမှာ ငပုတော၌နေထိုင်သည်ဆိုသော်လည်း ဇာတ်မကမီရက်ဖြစ်သောကြောင့် ဇာတ်ရုံသို့မလာ၊ သူ၏အိမ်သို့ သွားရောက်မေးမြန်းသော်လည်း ပွဲပါမစ်ရရှိရေးကိစ္စလိုက်နေသည် ဖြစ်၍ မအားလပ်ကြောင်းသိရ၏။

ကျွန်ုပ်တို့ဇာတ်အဖွဲ့အနေဖြင့်လည်း ငပုတောကို ယခုတစ်ကြိမ်သာလျှင် ရောက်ရှိဖူးသေးသည်ဖြစ်ရာ ထိုအရပ်မှာစိမ်း



နေ၏၊ ဇာတ်ကရက်မဟုတ်သောကြောင့် ဇာတ်ရုံ၌မီးမလင်းသည်မှာလည်း ပြဿနာမရှိ။ ဇာတ်အဖွဲ့သားအားလုံး ညမှောင်သည်နှင့် ဖယောင်းတိုင်ထွန်းကာနေ၍ရသည်။ ထင်းအဆင်သင့်မရှိသည်မှာလည်း ပြဿနာမရှိ။ နီးစပ်ရာထင်းတိုထင်းစ သစ်ကိုင်းခြောက်တို့ကိုကောက်ကာ မီးစိုက်၍ရ၏။ အခက်အခဲအရှိဆုံးမှာ ရေဖြစ်၏။

ဇာတ်ရုံမှာ ကွင်းထီးထီးတွင်ဆောက်ထားသည်ဖြစ်ရာ လူနေ အိမ်ခြေနှင့် အနည်းငယ်လှမ်း၏။ ထို့ပြင် ရောက်ဖူးသောအရပ်ဒေသမဟုတ်၍ အစိမ်းသက်သက်ဖြစ်နေလေရာ ရေတွင်းရေကန်ဘယ်နားရှိမှန်း မည်သူမျှမသိကြ။ ထို့ကြောင့် နံနက်မိုးလင်းသည့်အခါ မျက်နှာသစ်စရာပင် ရေမရှိဖြစ်ရ၏။ သို့သော် ဤသို့နေရုံမျှဖြင့် ပြီးမည်မဟုတ်သောကြောင့် ကျွန်ုပ်တို့ဇနီးမောင်နှံမှာ ရေရှာပုံတော်ဖွင့်ရ၏။

ဇာတ်ထဲမှာ ကားဆွဲစိန်မိုးကို မုန့်ဖိုး (ညကြေးနှင့်မဆိုင်) သီးသန့်ပေး၍ ရေတစ်စည်ခပ်ပေးရန် ချော့မော့ခိုင်းရ၏။ စိန်မိုးခပ်သောရေတစ်စည်ကို မျက်နှာသစ်ရုံမှလွဲ၍ အသုံးမပြုရန်နှင့် ထမင်းဟင်းချက်သည့်အခါမှသာအသုံးပြုရန် အမိန့်ထုတ်ထားရလေ၏။ ဇာတ်အဖွဲ့သူ အဖွဲ့သားများရေမိုးချိုးရန်ကိုမူ မိမိတို့အစီအစဉ်ဖြင့်သာလျှင် အဆင်ပြေသလိုဆောင်ရွက်ရန်ပြောရ၏။ ထိုအစီအစဉ်ကို ဇာတ်သူဇာတ်သားအားလုံး လွှန်စွာသဘောတူလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် ဇာတ်သူဇာတ်သားအများစုမှာ တစ်မြို့တစ်ရွာရောက်သည့်အခါတိုင်း ထိုအရပ်ရှိလူတို့နှင့် ရင်းနှီးကျွမ်းဝင်စွာနေထိုင်လိုကြ၏၊ ရင်းနှီးကျွမ်းဝင်အောင်လည်း ကြိုးစားကြ၏။ ထိုသို့ရင်းနှီးပါမှ သူတို့၏ဗိုက်စို၏၊ ဇာတ်ဆရာချက်ကျွေးသော ဇာတ်ထမင်း၊ ဇာတ်ဟင်းကို ဇာတ်ထွက်သည်မှစ၍စားခဲ့ကြရာ စားချင်စိတ်နည်းကြ၏။ ဇာတ်ဆရာအနေဖြင့်လည်း ဇာတ်သူဇာတ်သားပေါင်း(၅၀)မျှကို နေ့စဉ် ထမင်း(၂)နပ်ကျွေးရသည်ဖြစ်ရာ သင့်တင့်သောဟင်းကိုသာ ချက်ကျွေးနိုင်၏။ ပုံမှန်ဟင်းတစ်ခွက်ကို တစ်ဦးလျှင် ဝေပုံကျစနစ်ဖြစ်သော အရေအတွက်ဖြင့်ပေး၏။

ထမင်းမဝလျှင် လိုက်ပွဲတောင်း၍ရသော်လည်း ဟင်းကိုကား လိုက်ပွဲထပ်၍မပေးချေ။ တစ်ခါတရံ ဇာတ်ဆရာအနေဖြင့် အုန်းမှိုင်းက၍ ဇာတ်ရှုံးသောအခါတွင် ဆီပြန်ဟင်းတစ်ခွက်ပင် ချက်မကျွေးနိုင်။ ငါးအခပ်မပါသော ချဉ်ပေါင်ရွက်၊ ကန်စွန်းရွက်ချဉ်ရည်ဟင်းဖြင့်သာ နှစ်ပါးသွားကြရ၏၊ ဝင်ငွေမရှိသော ဇာတ်နားသည့်နေ့များတွင်လည်း ဇာတ်ဆရာများ ပါမစ်နစ်ချက်ကျွေးသည့်ဟင်းမှာ ချဉ်ပေါင်နှင့် ကန်စွန်းရွက်ချဉ်ရည်များသာဖြစ်၏။ ထို့ကြောင့် ဇာတ်သူဇာတ်သားအချို့မှာ ဇာတ်ရုံတစ်ရုံကိုရောက်သည်နှင့် ထိုအရပ်ရှိလူတို့နှင့် ခင်မင်ရင်းနှီးအောင် မိတ်ဖွဲ့ကြ၏။ ထိုသူတို့နှင့် ရင်းနှီးခင်မင်သွားသည့်အခါ ထိုသူတို့ဖိတ်ကျွေးသောထမင်းစားပွဲကို မပျက်မကွက် သွားရောက်စားသောက်လေ့ရှိ၏၊ ထိုအခါမှ



သူတို့ဗိုက်မှာ ဝက်၊ ဘဲ၊ ကြက်၊ ငါးတို့နှင့် မိတ်ဖွဲ့ဖြစ်ရကာ ဗိုက်စိုတော့သည်။

ဇာတ်အဖွဲ့များမှာ ဤအတိုင်းဖြစ်၏။ အိမ်ထမင်းဟင်းကဲ့သို့ ချက်ကျွေးသော ဇာတ်အဖွဲ့ဟူ၍ ရှာမှရှားလေ၏။ သို့သော် ကျွန်ုပ်တို့ဇနီးမောင်နှံမှာ ဇာတ်ဆရာဟုဆိုသော်လည်း ဇာတ်သမားစစ်စစ်မဟုတ်လေရာ ဇာတ်အသာများကို ကောင်းစွာမသိထားကြချေ။ ထို့ပြင် ကျွန်ုပ်တို့ဇနီးမောင်နှံ၏စိတ်ရင်းမှာလည်း တစ်ပါးသူအား ကူညီချင်သောစိတ်နှင့် တန်းတူထားတတ်သောစိတ်များရှိကြရာ ကျွန်ုပ်တို့အဖွဲ့မှ ဇာတ်သူဇာတ်သားအားလုံးကို ကျွန်ုပ်တို့နှင့် တစ်စိတ်တစ်ဝမ်းတည်းထား၏၊ ထို့ကြောင့် ကျွန်ုပ်တို့စားသည့်နည်းတူ ဇာတ်အဖွဲ့ကိုလည်းကျွေး၏။ ကျွန်ုပ်တို့ကိုယ်တိုင်လည်း ဇာတ်အဖွဲ့မှချက်သောဟင်းကို ကျွန်ုပ်တို့၏ကိုယ်တာယူ၍ လောက်ငအောင်ချေတာစားသည်။

ဇာတ်ဆရာဟူ၍ ကျွန်ုပ်တို့ဇနီးမောင်နှံအတွက် သီးခြားချက်စားသောဟင်းမရှိချေ။ ရံဖန်ရံခါများမှသာလျှင် ကျွန်ုပ်တို့စားချင်သောဟင်းကို သီးခြားချက်စား၏။ များသောအားဖြင့် ဇာတ်အဖွဲ့နည်းတူ ဇာတ်ထမင်း၊ ဇာတ်ဟင်းကိုစားလေ့ရှိသောကြောင့် ဇာတ်အဖွဲ့သူ အဖွဲ့သားများက ကျွန်ုပ်တို့အား လေးစားချစ်ခင်ကြ၏၊ ကျွန်ုပ်တို့အနေဖြင့်လည်း ဇာတ်အဖွဲ့သားတို့အပေါ် ကြင်နာသက်ရောက်၏။ ထို့ကြောင့် အခြားဇာတ်အဖွဲ့များနည်းတူ အရပ်သူ

www.burmeseclassic.com

www.burmeseclassic.com



အရပ်သားတို့နှင့်ရောနှောခြင်းကို ကျွန်ုပ်တားမြစ်နိုင်ခဲ့သည်။ ယခု ပေတောမြို့တွင်ကား ရေကိစ္စအခက်အခဲဖြစ်သောကြောင့် အရပ်နှင့် အဆင်ပြေသလိုနေရန်ခွင့်ပြုခဲ့သည့် ကျွန်ုပ်တို့ဇနီးမောင်နှံအား ဇာတ်သူဇာတ်သားများမှာ ကျေးဇူးတင်မဆုံးရှိလှတော့၏။

ဤသို့ဖြင့် ကျွန်ုပ်၏ပန်းကမ္ဘာဇာတ်အဖွဲ့ကြီးသည် ပေတောမြို့၌ ဇာတ်ကရန် ကြိုတင်ရောက်ရှိနေခဲ့ရာ (၂)ညအိပ်ပြီးဖြစ်လေ၏။ နောက်တစ်ည နားနားနေနေအိပ်ပြီးသည့်နောက်တွင် ဇာတ်ပွဲကရန်ဖြစ်၏။ ပွဲကန်ထရိုက်မှလည်း ပွဲကရန် ပါမစ်ရရှိပြီဖြစ်ကြောင်း လာပြောသွား၏။ ထို့ကြောင့် ပထမညကပြရမည့်အစီအစဉ်များကို ဇာတ်အဖွဲ့အား ကြိုတင်မှာကြားထားပြီးနောက် စိတ်အေးလက်အေးပင် အနားယူလိုက်မိ၏။ အနားယူသည်ဟုဆိုနိုင်သော်လည်း ကျွန်ုပ်တို့ဇနီးမောင်နှံမှာ ဘုရား၊ တရားနှင့်သာလျှင် အချိန်ကုန်နေခဲ့၏။

ကျွန်ုပ်ထက် ကျွန်ုပ်ဇနီးက ဘုရား၊ တရားပိုမြဲ၏။ ဇာတ်ကရသည်ဖြစ်စေ၊ ဇာတ်မကရသည်ဖြစ်စေ ဘုရားအားရည်စူး၍ ဆွမ်းကပ်လှူခြင်း၊ ပန်းရေချမ်းကပ်လှူခြင်းများ အမြဲပြု၏။ ဇာတ်ရုံတစ်ရုံသို့ရောက်တိုင်းလည်း ကျွန်ုပ်တို့အိမ်မှပင့်ဆောင်သွားသော ဘုရားဆင်းတုတော်နှင့် ဘုရားကျောင်းဆောင်ကို ဇာတ်စင်ပေါ်တင်၍ ရှိသေစွာဝတ်ပြု၏။ နေ့စဉ် ညစဉ် ဆီမီးအမွှေးတိုင်ထွန်းညှိပူဇော်၏။ ပရိတ်၊ ပဋ္ဌာန်း၊ သုတ် စသည့်တရားများကို ရွတ်ဖတ်၏။



ဂုဏ်တော်ပုတီးကိုစိပ်၏။ ကျွန်ုပ်တို့ဇနီးမောင်နှံ၏မွေးနေ့တိုင်း သက်သတ်လွတ်စား၏။ ဝေနေယျသတ္တဝါအပေါင်းအား နေ့စဉ်မေတ္တာပို့၏။ အမျှပေးဝေ၏။

ဤသို့ပြုသည်မှာ တစ်ခါတရံ ကျွန်ုပ်အနေဖြင့်ပျက်ကွက်ခဲ့သော်လည်း ကျွန်ုပ်၏ဇနီးသည်မှာမူ တစ်ခါမှပျက်ကွက်ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် ကျွန်ုပ်တို့ဇနီးမောင်နှံနှင့်တကွ ကျွန်ုပ်တို့၏ ပန်းကမ္ဘာဇာတ်အဖွဲ့သူ အဖွဲ့သားများသည် ကြီးကြီးမားမား ဒုက္ခအန္တရာယ်ဟူ၍ တစ်ခါမှမကြုံဆုံခဲ့ရချေ။ ကျွန်ုပ်တို့ဇနီးမောင်နှံသည် မည်သူမျှရေမကူးတတ်။ သို့သော် ကျွန်ုပ်တို့ဇာတ်အဖွဲ့ သွားလာကပြနေသည့်နေရာမှာ ဧရာဝတီတိုင်းအတွင်း၌သာဖြစ်သောကြောင့် ရေလမ်းခရီးမှာ အများဆုံးသွားလာရ၏။ သို့သော် မည်သည့်အန္တရာယ်၊ မည်သည့်ဒုက္ခကိုမှ ကြုံတွေ့ရခြင်းမရှိခဲ့သည်မှာ ရတနာသုံးပါး၏ဂုဏ်ကျေးဇူးကြောင့်ဟု ကျွန်ုပ်တို့ဇနီးမောင်နှံ ယုံကြည်ထားခဲ့ကြလေ၏။

ထို့ကြောင့်ပေလားမပြောတတ်။ ကျွန်ုပ်၏ဇနီးသည်မှာ မကြာခဏအိပ်မက်မက်လေ့ရှိ၏။ သူမြင်မက်သောအိပ်မက်များမှာ တစ်ခါတရံကြိုတင်နိမိတ်များဖြစ်သကဲ့သို့ တစ်ခါတရံဖြစ်နေဆဲဖြစ်နေပြီး နိမိတ်ပြသည့်အိပ်မက်များဖြစ်ကြသည်ကများ၏။ ဥပမာအားဖြင့် သူ၏အိပ်မက်ထဲ၌ သူ၏မိခင်ကြီးအား ဆေးရုံပေါ်၌တွေ့ရသည်ဟု အိပ်မက်မက်ပါက မကြာမီ သူမ၏မိခင်ကြီးဆေးရုံတတ်

www.burmeseclassic.com

www.burmeseclassic.com



နေရကြောင်းသတင်းကို ကြားရတော့၏။ ထို့ကြောင့် သူမအိပ်မက် မက်လျှင် ကျွန်ုပ်မှာ သတိကြီးစွာထားလျက် ဆင်ခြင်ရ၏။

ကျွန်ုပ်ကား ထိုသို့မဟုတ်။ အိပ်မက်မက်ခဲ၏။ မက်ဖူးသည့် အိပ်မက်မှာလည်း တစ်ခါမျှရေရေရာရာမရှိလှ။ ထမင်းလုံးတစ္ဆေ ခြောက်သည့်အိပ်မက်မျိုးသာ ဖြစ်လေ့ဖြစ်ထရှိ၏။ ထူးထူးခြားခြား အိပ်မက်ဟူ၍ ကျွန်ုပ်၏အသက်လေးဆယ်ကျော်လာသည်အထိ တစ်ခါမျှမမက်ခဲ့ဖူးချေ။ သို့သော် ငပုတောရောက်ပြီး ဇာတ်နား နေရသည့် တတိယမြောက်ညတွင်ကား ထူးဆန်းသောအိပ်မက်ကြီး တစ်ခုကို ကျွန်ုပ်မြင်မက်ခဲ့ရလေသည်။ ထိုအိပ်မက်သည် ကျွန်ုပ် အဖို့ အမှန်တကယ်ဆုံတွေ့ခဲ့ရသောဖြစ်စဉ်တစ်ခုကဲ့သို့ ကျွန်ုပ်စိတ် ၌စွဲကာ မေ့ပျောက်မရအောင်ရှိနေခဲ့၏။

ကျွန်ုပ်၏အိပ်မက်အကြောင်းကို ဇနီးသည်အား ပြောပြရာ ကျွန်ုပ်၏ဇနီးသည်မှာလည်း တိုက်ဆိုင်စွာ သူမအိပ်မက်မက်သည့် အကြောင်းကိုပြောပြကာ ကျွန်ုပ်တို့ဇနီးမောင်နှံနှစ်ဦးစလုံး၏ အိပ် မက်များမှာ တစ်ခုတည်းဖြစ်၍ အကြောင်းအရာများလည်း တစ်ခု တည်း တစ်ပုံစံတည်းဖြစ်နေသောကြောင့် ကျွန်ုပ်တို့ဇနီးမောင်နှံ နှစ်ယောက်စလုံးအံ့သြကြရင်း တစ်ညထဲ၌ နှစ်ယောက်ပြိုင်တူအိပ် မက်မက်ခြင်းမှာ တိုက်ဆိုင်မှုဟုဆိုသော်ရ၏။ သို့သော် အိပ်မက် မက်သောအကြောင်းအရာပုံစံခြင်း ခွဲခြားမရအောင်တူညီနေပုံမှာ ကား တိုက်ဆိုင်မှုမဖြစ်နိုင်ဟု ကျွန်ုပ်ထင်မိ၏။ ထို့ကြောင့် ကျွန်ုပ်



တို့ဇနီးမောင်နှံနှစ်ယောက် ကိုယ်စီမက်သောအိပ်မက်များကို ခကြာ ခဏ စမြုံ့ပြန်ပြောဖြစ်ကြလေ၏။

"ငါ့ရဲ့အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်နဲ့အဘိုးအိုတစ်ယောက် ငါ့ရှေ့မှာ ကလပ်တစ်ခုကိုကိုင်ထားပြီး ငါ့ကိုလှမ်းပေးတယ်၊ ပြီးတော့ မင်းနဲ့ အဘနဲ့က အကြောင်းအကျိုးရှိတယ်တဲ့၊ ဒီနေ့ကစပြီး မင်းတို့ အဘကူညီမယ်တဲ့၊ ငါးပါးသီလကိုမြဲအောင်နေ၊ သတ္တဝါတွေအပေါ် မှာ မေတ္တာထား၊ သနားကြင်နာစိတ်မွေးပြီး သက်သတ်လွတ်စားတဲ့ ရတနာသုံးပါးနဲ့ အမိအဖ၊ ဆရာသမားကို ဘယ်တော့မှမမေ့ဘဲ ရိုးရိုးသားသားရှာ၊ ငါ့သားကြီးပွားလိမ့်မယ်လို့ပြောပြီး ပျောက်သွား တယ်"

"ကျွန်မအိပ်မက်ထဲမှာလည်း ဝတ်ဖြူစင်ကြယ်နဲ့ အသက် ရှစ်ဆယ်လောက်ရှိမယ်ထင်ရတဲ့ အဘိုးအိုတစ်ယောက် ကျွန်မရှေ့ မှာလာရပ်တယ်၊ ပြီးတော့ ငါ့သမီးနဲ့ အဘနဲ့က အကြောင်းအကျိုး တွေဆက်စပ်တယ်တဲ့၊ ရတနာသုံးပါးနဲ့ အမိအဖ၊ ဆရာသမားတို့ လည်း အမြဲဆည်းကပ်တယ်၊ ငါးပါးသီလစောင့်ထိန်းတယ်၊ သတ္တဝါ တွေအပေါ်မှာလည်း မေတ္တာထားပြီး သတ္တဝါတွေရဲ့အသားတို့ စားခြင်းမှရှောင်ကြဉ်တယ်၊ တရားဘာဝနာကိုလည်း ပွားများတယ် မေတ္တာပို့အမျှဝေတယ်၊ အဲဒီအတွက် ငါ့သမီးတို့ အဘကူညီစောင့် ရှောက်ရမယ့်တာဝန်ရှိတယ်တဲ့၊ အဲဒီလိုပြောပြီး အဘိုးအိုက သူလက် ထဲက ကလပ်တစ်ခုကို ကျွန်မကိုလှမ်းပေးတယ်၊ ပြီးတော့ ဒီကလပ်

www.burmeseclassic.com

www.burmeseclassic.com



ကို ရှိရှိသေသေထားပြီး ယုံယုံကြည်ကြည်နဲ့ဆုတောင်းပါ၊ ဆုတောင်းပြည့်လိမ့်မယ်လို့ပြောပြီး အဘိုးအိုပျောက်သွားတယ်”

ဤသို့ဖြင့် ကျွန်ုပ်တို့ဇနီးမောင်နှံမှာ ကျွန်ုပ်တို့နှစ်ဦး၏ ထူးဆန်းသောအိပ်မက်များအကြောင်းကို ကျွန်ုပ်တို့၏ဇာတ်အဖွဲ့ထဲမှ လူအချို့အားပြောပြဖြစ်သွားကြ၏။ ကျွန်ုပ်၏ဇာတ်အဖွဲ့ထဲမှ ဆိုင်းဝိုင်းပတ်မကြီးဆရာစိန်ဘာဘူမှာ ကျွန်ုပ်တို့ထက် အသက်အရွယ်ကြီး၏။ မီးခွင်တာဝန်ယူထားသူ အဘဦးလှမောင်မှာလည်း အသက်ခုနစ်ဆယ်တွင်းရှိ၏။ ထို့ကြောင့် ဦးစိန်ဘာဘူနှင့် ဦးလှမောင်တို့ကိုပြောပြရာ သူတို့နှစ်ဦးမှာလည်း အံ့ဩမဆုံးဖြစ်ကြလေ၏။ ဇာတ်အဖွဲ့ထဲမှ လူရွှင်တော်လူငယ်ပေါက်စများမှာကား ကျွန်ုပ်တို့၏ကွယ်ရာတွင် ကျွန်ုပ်တို့အားမျက်စပစ်၍. . .

“သူတို့ကို ကလပ်တွေလက်ဆောင်ပေးသွားတယ်လည်းဆိုသေးရဲ့၊ ဘယ်မှာလဲ အဲဒီကလပ်တွေ၊ ဟား. . ဟား. . ဇာတ်ဆရာမောင်နှံ ဇာတ်ရှုံးတာများလို့ ဇာတ်တစ္ဆေခြောက်ခံရတာနဲ့တူပါတယ်ကွာ”

ကျွန်ုပ်တို့ မကြားတကြားပြောဆိုကြလေ၏။ ကျွန်ုပ်တို့ဇနီးမောင်နှံကား ပြက်ရယ်ပြုသူတို့၏စကားကို မကြားဟန်ပြုလျက် ကျွန်ုပ်တို့၏အိပ်မက်အကြောင်းကိုလည်း မပြောတော့ဘဲ ဆိတ်ဆိတ်နေကာ မေ့ထားလိုက်ကြတော့၏။ ထိုနေ့မှာ ပထမညအဖြစ် ဇာတ်ပွဲစတင်ကပြမည်ဖြစ်ရာ ဇာတ်ပွဲအဆင်ပြေစွာကနိုင်ရေးအတွက်



လိုအပ်သည်များကိုဆောင်ရွက်နေရသောကြောင့် အိပ်မက်အကြောင်းများကို အလိုအလျောက်မေ့ပျောက်ပြီးသားဖြစ်သွားရတော့၏။

ဇာတ်ပွဲပထမည ကပြီးသည့်နောက်ပိုင်း ကျွန်ုပ်၏ပန်းကမ္ဘာဇာတ်ပွဲကောင်းသတင်းမှာ အရပ်ထဲ၌ ဟိုးလေးတကျော်ကျော်ဖြစ်သွား၏။ ထို့ကြောင့် ဇာတ်ကန်ထရိုက်မှ ကျွန်ုပ်တို့ဇာတ်အဖွဲ့ထဲသို့လာ၍ မျက်နှာချိုသွေး၏။ လိုအပ်သော ရေ၊ မီး၊ ထင်းစသည်များကိုလည်း ပြည့်စုံအောင်ဆောင်ရွက်ပေး၏။ ထို့ပြင် ကျွန်ုပ်တို့ ဇာတ်ဆရာနှင့် ခေါင်းဆောင်မင်းသား၊ မင်းသမီးတို့အတွက် ကြက်သားဟင်းတစ်ချိုင့်ပင်ပို့လိုက်သေး၏။ ဇာတ်ကန်ထရိုက်များနှင့် ဆက်ဆံခဲ့ဖူးသော ကျွန်ုပ်တို့ဇာတ်ဆရာအတွက်မူ ကြားဖူးပြီးသားပုံပြင်တစ်ပုဒ်ကို ပြန်နားထောင်နေရသကဲ့သို့ရှိ၏။

ဒုတိယညတွင် ပွဲကြည့်ပရိသတ်များပြားနေသရာ ဇာတ်ကန်ထရိုက် အနည်းငယ်မြတ်၏။ နောက်ဆုံးညတွင်ကား ရုံကွဲအောင် အားပေးကြည့်ရှုကြသောကြောင့် ကန်ထရိုက်ခမျာ အမြတ်ကြီးမြတ်ရလေတော့၏။ ကျွန်ုပ်တို့ဇာတ်ဆရာအတွက်မူ ထိုက်တန်သောဇာတ်ကြေးကိုရယူထားပြီးသားဖြစ်၍ ငွေကြေးအမြတ် နည်းပါးစွာသာရ၏။ သို့သော် ကျွန်ုပ်တို့ဇာတ်ပွဲ၏ကောင်းသတင်းမှာ ငပုတော မြို့နယ်မှတစ်ဆင့် ပျံ့နှံ့သွားလေရာ ပွဲငှားများအဖွဲ့ ရောက်ရှိလာခြင်းအမြတ်ကိုရရှိလေ၏။

ထိုငပုတောမြို့ဇာတ်ရုံမှာပင် နောက်ထပ်ကန်ထရိုက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ပွဲငှားရမ်းခံရ၍ တစ်ပွဲလျှင် ပွဲချိ(၃)ချိဖြစ်ရာ ပွဲချိ(၆)ချိကရန် အေးဆေးစွာရလိုက်၏။ ကျွန်ုပ်လိုချင်သောဇာတ်ကြေးကိုလည်း ညှိနှိုင်းတောင်းခံ၍ရလိုက်၏။ ကျွန်ုပ်တို့ဇာတ်ဆရာဇနီးမောင်နှံမှာ ကြည်နူးချမ်းမြေ့ရ၏၊ ဇာတ်အဖွဲ့သူ အဖွဲ့သားများလည်း ပွဲချိများ တိုးလာသောကြောင့် ဝမ်းသာကြလေ၏။

သို့သော် ငပုတောဇာတ်ရုံ၌ (၃)ညကပြီးပြီးချင်း ပွဲကူးဆက်သည်မဟုတ်။ ကြားထဲ၌ သုံးလေးရက်နားရဦးမည်ဖြစ်၏၊ ပွဲငှားသူတို့၏လုပ်နေ်းသဘောမှာ ဇာတ်အဖွဲ့ကို တစ်ခြမ်းကြို တစ်ခြမ်းပို့ တာဝန်ယူကြသည်ကများ၏။ အကြိုရော အပို့ပါ တာဝန်ယူသည့် ပွဲငှားကနည်း၏။ ဇာတ်ဆရာကလည်း အကြိုကိုသာလျှင် ဦးစားပေး စာချုပ်ချုပ်၏။ အပို့ကိုမူ ပွဲငှားကိုတာဝန်မပေး။ အဘယ်ကြောင့်ဆိုသော် ဇာတ်ရာသီတစ်နှစ်အတွင်း ရက်အစဉ်အလိုက် ပွဲငှားထားရသည်မှာ အလွန်နည်း၏။ တစ်ပွဲသွားကပြီး ထိုပွဲမှတစ်ဆင့် ပွဲငှားသူနောက်ရက်အားကိုကြည့်၍ အစဉ်လိုက်ကသွားကြရသည်ကများ၏။

ကျွန်ုပ်၏ဇာတ်အဖွဲ့မှာ သီတင်းကျွတ်ပွဲတော်မှစ၍ ငှားပွဲကပြီးသည့်နောက်ပိုင်း ပွဲတည်ရာရန်ကုန်သို့ ပြန်မဆင်းတော့။ ငှားပွဲရှိက ငှားပွဲက၍ ငှားပွဲမရှိက ရုံမဲမမြင်ပါက ရုံခပေးတာ အုန်းရှီးဝင်ကသောဇာတ်အဖွဲ့ဖြစ်၏၊ အမှန်က ငပုတောမှ ငှားပွဲကပြီးလျှင် အဘယ်သို့ဆက်ကရမည်ကိုမသိသေး။ ငှားပွဲမရှိပါမှ ဇာတ်ရုံရှိသော



အရပ်ကိုရှာ၍ အုန်းရှီးသွင်းရန် စိတ်ကူးထားခဲ့၏၊ သို့သော် ကံကောင်းထောက်မစွာဖြင့် ငပုတောဇာတ်ရုံ၌ပင် ကန်ထရိုက်ပွဲ နှစ်ပွဲ ပွဲချိ(၆)ချိငှားလိုက်ရ၏။ ထို့ကြောင့် ပွဲငှားသည့်သူများလာ အကြိုကို ငပုတောဇာတ်ရုံမှပင် ထိုင်စောင့်နေတော့မည်ဟု ကျွန်ုပ်တို့ဇနီးမောင်နှံတိုင်ပင်ကာ ဆုံးဖြတ်လိုက်ကြ၏။

ထုံးစံအတိုင်းပင် ဇာတ်ပွဲပြီးသွားသည်နှင့် ကန်ထရိုက်၏ မျက်နှာကိုမမြင်ရတော့ချေ။ သို့သော် ဇာတ်ရုံကိုချက်ချင်းမဖျက်သေးဘဲထားခြင်းကိုပင် ကျွန်ုပ်တို့စိတ်ထဲမှ ကြိတ်၍ကျေးဇူးတင်နေရ၏၊ ဇာတ်ရုံအနီးတစ်ဝိုက်ရှိ အုပ်ချုပ်ရေးလူကြီးအချို့ကို ဇာတ်အဖွဲ့ တစ်ရက်နှစ်ရက်နေဦးမည့်အကြောင်း ပြောထားပေးသည်နှင့်ပင် ကန်ထရိုက်ဦးဇော်ဝင်းကို အပြစ်မဆိုရက်တော့ပေ၊ သို့သော် ဇာတ်အဖွဲ့အတွက် ချိုးရေ၊ သုံးရေကိစ္စမှာကား အကြီးအကျယ် ပြဿနာတစ်ခုပင်ဖြစ်ရတော့၏။ အထူးသဖြင့် ကျွန်ုပ်တို့ဇာတ်ဆရာ ဇနီးမောင်နှံမှာ ပို၍ဒုက္ခရောက်ရ၏။

ဇာတ်သူဇာတ်သားတို့သည်ကား ဇာတ်ပွဲကသည့်ရက်များအတွင်း အရပ်သူအရပ်သားတို့နှင့် ရင်းနှီးခင်မင်သွားခဲ့ကြသည်မို့ သူတို့ခင်မင်ရာအိမ်များဆီသို့ အလည်အပတ်သွားရောက်ကြကာ ရေမိုးချိုး၊ ထမင်းစားနှင့် အဆင်ပြေနေကြလေ၏။ ကျွန်ုပ်တို့ဇာတ်ဆရာခိုင်းနေကျ တားဆွဲစိန်မိုးတစ်ယောက်ပင် ကျွန်ုပ်တို့အနား၌ မရှိတော့၊ ဇာတ်နားနေသည်မို့ သူ့ကိုလည်းအပြစ်မပြော၍မရ၊ ထို့

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကျွန်ုပ်တို့ဇနီးမောင်နှံအတွက် ရေခပ်ခိုင်းမည့်သူမှာ ရှားပါးနေ၏။

ရေမချိုးရသည်မှာ (၂)ရက်ရှိသွားပြီဖြစ်ရာ ကျွန်ုပ်မှာ မနေနိုင်တော့။ ထို့ကြောင့် ဇနီးသည်နှင့်တိုင်ပင်ရ၏။

"မိန်းမရေ. . ငါတော့ ရေမချိုးဘဲမနေနိုင်တော့ဘူးကွာ၊ အဲဒီတော့ ဇာတ်ရုံအရှေ့ဘက်နားက အိမ်တန်းဆီမှာသွားပြီး အကူအညီတောင်းပြီး ရေချိုးကြရအောင်ကွာ၊ မင်းလည်းလိုက်ခဲ့၊ သွားကြမယ်"

ကျွန်ုပ်၏အစီအစဉ်ကို ဇနီးဖြစ်သူက သဘောတူလေ၏။ ထို့ကြောင့် ဇာတ်ရုံအရှေ့ဘက် တစ်ခေါ်သာဝေးသည့်အိမ်တန်းဆီသို့သွားလိုက်ကြ၏။ အိမ်တန်းတွင် အိမ်ဆယ်လုံးကျော်ခန့်ရှိလေရာ မည်သည့်အိမ်သို့ဝင်ရမည်မှန်း ခက်နေပြန်၏။ ကျွန်ုပ်တို့နှင့် ရင်းနှီးကျွမ်းဝင်သောအိမ်များမဟုတ်၍ ဝင်ရမည့်အရေးမှာ မဝံ့မရဲရှိလှ၏။

အိမ်တိုင်းလိုလို ခြံနှင့်ဝင်းနှင့်ဖြစ်လေရာ ဦးစွာလူရိပ်လူခြေတွေ့သောအိမ်ကိုသာဝင်မည်ဟု စိတ်ကူးထား၏။ ထိုစဉ် အိမ်ခြံဝန်းတစ်ခုအတွင်းမှ အသက်နှစ်ဆယ်အရွယ် မိန်းကလေးတစ်ဦးထွက်လာ၏။ ထို့ကြောင့် ထိုမိန်းကလေးကိုလှမ်းခေါ်ကာ မိတ်ဖွဲ့လိုက်ရ၏။

"မိန်းကလေး. . ခဏကွယ်၊ ဦးတို့က ဧဟာဒီပန်းကမ္ဘာ ဇာတ်အဖွဲ့က ဇာတ်ဆရာပါ၊ ဇာတ်ရုံမှာ ရေအခက်အခဲရှိလို့ ရေမချိုးရတာ (၂)ရက်ရှိသွားပါပြီကွယ်၊ နောက်ပြီး သောက်ရေအတွက်



လည်း အခက်အခဲရှိနေလို့ ဦးတို့ကိုကူညီပါလားကွယ်"

"ဟုတ်ပါတယ်သမီးရယ်၊ အခေါ်တို့မှာ အခက်အခဲရှိနေလို့ ကူညီနိုင်ရင် ကူညီပါကွယ်"

ကျွန်ုပ်ရော ဇနီးသည်ကပါ ထိုမိန်းကလေးထံ အကူအညီတောင်းရာ လွယ်ကူစွာပင် အဆင်ပြေသွား၏။ မိန်းကလေးက ကျွန်ုပ်တို့ဇနီးမောင်နှံအား သူမ၏အိမ်ပေါ်သို့တက်ရန် ဖိတ်မန္တကပြုသောကြောင့် တက်လိုက်သွားရ၏။

"အဘရေ. . ဟောဒီမှာ ဧည့်သည်တွေပါလာတယ်"

မိန်းကလေး၏အသံကြောင့် လူကြီးတစ်ယောက် အိမ်ထဲမှထွက်လာကာ ကျွန်ုပ်တို့အား ပြုံးရွှင်စွာနှုတ်ဆက်၍ အိမ်ပေါ်တွင်နေရာထိုင်ခင်းပေးလေ၏။ မကြာမီ ရေနွေးကြမ်း၊ လက်ဖက်ပွဲများဖြင့် ကျွန်ုပ်တို့အား ဧည့်ခံကျွေးမွေးရင်း စကားပြောဖြစ်ကြလေ၏။

"ဒီလိုအခက်အခဲရှိတာများ စောစောကလာပြောရောပေါ့၊ တစ်ရပ်တစ်ရွာ၊ တစ်နယ်တစ်ကျေးဆိုတာ ကိုယ်မရောက်ဖူးသေးရင် ဒီလိုပဲဒုက္ခတွေ့တတ်တယ်ဗျ၊ ကဲ. . ကျုပ်တို့အိမ်မှာတော့ ဘာမှအားမနာနဲ့၊ ခုမှတွေ့ကြတယ်ဆိုပေမယ့် ဆွေမျိုးရင်းချာတွေလိုပဲ သဘောထား၊ အင်း. . ကျုပ်က ဇာတ်ပွဲဝါသနာမပါတော့ ပွဲ(၃)ညသာကပြီးသွားတယ်၊ ဘာမှန်းတောင်မသိလိုက်ဘူး၊ သမီးတို့ပါတော့ ဘာကြည့်သလဲမမေးနဲ့၊ (၃)ညစလုံးမိုးလင်းပဲတဲ့ဗျို. . ဟား. . ဟား"

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ကျွန်ုပ်တို့ဇနီးမောင်နှံ အခက်အခဲဖြစ်နေသော ရေချိုးရန်ကိစ္စမှာ အဆင်ပြေသွားခဲ့၏။ ကျွန်ုပ်တို့အားကူညီခဲ့သော အိမ်ရှင်ဦးဘကျော်မှာ ကျွန်ုပ်တို့ထက် အသက်အနည်းငယ်ကြီးကာ ငါးဆယ်ကျော်ရှိ၏။ မုဆိုးဖိုတစ်ဦးဖြစ်၍ သမီးပျိုနှစ်ယောက်နှင့် အတူနေထိုင်သူဖြစ်၏။

ဘာသာရေးကိုသာစိတ်ဝင်စား၍ သက်သတ်လွတ်စားပြီး အမြဲဥာန်ပုတီးစိပ်နေသူဖြစ်၏။ သူ၏သမီးပျိုနှစ်ဦးမှာလည်း သက်သတ်လွတ်စားကြ၏။ ယဉ်ကျေးသိမ်မွေ့ကြ၏။ ရုပ်ရည်ချောမော လှပသူများလည်းဖြစ်ကြ၏။ ထိုနေ့က ကျွန်ုပ်တို့ဇနီးမောင်နှံမှာ ဦးဘကျော်တို့အိမ်တွင်သာ တစ်နေကုန်နီးပါးနေဖြစ်ခဲ့ကြ၏။

နောက်တစ်နေ့တွင် ကံထရိုက်အဖွဲ့မှ ပွဲကြိုများရောက်လာကြ၏။ ညနေ(၅)နာရီတွင် မော်တော်ဖြင့်ပွဲကူးမည့်အကြောင်း ကျွန်ုပ်အားလာပြောပြသဖြင့် ကျွန်ုပ်မှတစ်ဆင့် ဇာတ်အဖွဲ့အား ကြို၍ပြောထားရင်း ဇာတ်ရုံထဲမှ ဇာတ်ပစ္စည်းများကိုသိမ်းဆည်းပြီးသည့်နောက် ကျွန်ုပ်တို့ဇနီးမောင်နှံသည် ရေချိုးရန် ဦးဘကျော်တို့အိမ်သို့လာခဲ့၏။ ကျွန်ုပ်ရောက်သည့်အချိန်တွင် ဦးဘကျော်မှာ ဝတ်ဖြူစင်ကြယ်ဝတ်လျက် ဘုရားစင်ရှေ့၌ ပုတီးစိပ်နေလေ၏။ အတန်ကြာပုတီးစိပ်နေပြီးမှထကာ ကျွန်ုပ်တို့အားစကားဆို၏။

"အင်း. . ခင်ဗျားတို့နဲ့ ကျုပ်တို့မိသားစု ခုလိုရင်းနှီးခင်မင်



ကြရတာ တကယ်တော့ ဘဝ,ဘဝရဲ့အကျိုးဆက် အကြောင်းဆက်တွေပဲဗျ၊ လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ပခုံးချင်းယှဉ်တိုက်ပြီးသွားနေကြတာတွေ အများကြီးရှိပါတယ်၊ ဒါပေမယ့် သူတို့တစ်တွေဟာ သူစိမ်းတွေလိုပဲနေကြတယ်၊ ဒါဟာ ဘာဖြစ်လို့လဲဆိုတော့ အကြောင်းအကျိုးအဆက်အစပ်မရှိလို့ပဲပေါ့ဗျာ၊ ခုလည်းကြည့်၊ ခင်ဗျားတို့က ရန်ကုန်မှာနေတယ်၊ ကျုပ်က ငပုတောရွာမှာနေတယ်၊ အမျိုးတွေလည်း မတော်စပ်ကြပါဘူး၊ ပြီးတော့ ခင်ဗျားတို့တစ်တွေ ဒီငပုတောကိုရောက်နေတာ တစ်ပတ်လောက်ရှိတော့မယ်၊ ကျုပ်ကလည်း ပွဲဝါသနာမပါတော့ ဇာတ်ရုံဘက် ခြေတောင်မလှည့်မိဘူး၊ ဖြစ်ချင်တော့ တိုက်တိုက်ဆိုင်ဆိုင် ခင်ဗျားတို့နဲ့ မမျှော်လင့်ဘဲလာတွေ့ကြရတယ်၊ ကျုပ်ကတော့ ဝမ်းသာပါတယ်ဗျာ၊ ဝမ်းသာတယ်"

ဦးဘကျော်က စကားစကိုဖြတ်ကာ မတ်တပ်ရပ်လိုက်သည်။ ပြီးနောက် ဘုရားစင်ရှေ့၌ လက်အုပ်ချီလျက် အုန်းငှက်ပျောပွဲရှေ့မှ ပစ္စည်းတစ်ခုကိုယူကာ ကျွန်ုပ်တို့ဘက်သို့လှည့်ကာပြော၏။ ဦးဘကျော်လက်ထဲမှပစ္စည်းကို ကျွန်ုပ်သေချာစွာလှမ်းကြည့်ရာ ကုလပ်ခွက်(၂)ခုဖြစ်ကြောင်းတွေ့မြင်ရ၏။

"တဲ. . ဟောဒီကုလပ်လေးတွေဟာ သိပ်ပြီးထူးခြားဆန်းကြယ်တယ်၊ လိုချင်တိုင်းလည်းမရဘူး၊ ငပုတောကနေ (၄)မိုင်ဝေးတဲ့ကုလပ်တောင်ပေါ်မှာ သွားပြီးတူးရတယ်၊ သွားကူးတိုင်းလည်း

www.burmeseclassic.com

www.burmeseclassic.com



အလွယ်မရဘူး၊ ဒီကလပ်တွေရဖို့ ပထမဦးဆုံး မတူးခင်(၇)ရက် သက်သတ်လွတ်စားရတယ်၊ ပြီးတော့ အဓိဋ္ဌာန်ပုတီး(၇)ရက်စိပ်ရတယ်၊ (၇)ရက်ပြည့်မှဆုတောင်းပြီး ကလပ်တောင်ကိုသွားရတယ်၊ ကံကောင်းရင်တော့ ဟောဒီကလပ်လေးတွေ ကြိုးစဉ်ငယ်လိုက် (၉) ခုထိရတတ်တယ်၊ အင်း. . ငါးပါးသီလမလုံခြုံရင်ဘဲဖြစ်ဖြစ်၊ သက်သတ်လွတ်အဓိဋ္ဌာန်မဝင်ရင်ဘဲဖြစ်ဖြစ် ကလပ်တောင်မှာသွားတူးသို့ကတော့ လက်ချည်းပြန်ခဲ့ရမှာပဲ၊ ဒီကလပ်လေးတွေဟာ ထူးထူးခြားခြားရတတ်တာမို့ စီးပွားရေးအတွက် အဖိုးတန်တယ်၊ ဒီကလပ်ကိုရသွားတဲ့သူတော်တော်များများဟာ ကြီးပွားချမ်းသာသွားကြတယ်၊ ဇာတ်ဆရာဇနီးမောင်နှံကို ကျုပ်က မြင်မြင်ချင်းသံယောဇဉ်ရှိမိပါတယ်၊ ဒါကြောင့် လွန်ခဲ့တဲ့(၂)ရက်လောက်ကမှ ကျုပ်ရလာတဲ့ ဟောဒီကလပ်(၂)ခုကို ကျုပ်ရဲ့လက်ဆောင်အဖြစ် ဇာတ်ဆရာ တို့ဇနီးမောင်နှံကိုပေးလိုက်ပါတယ်၊ ဒီနေ့ကစပြီး ချန်းမာချမ်းသာ ကြပါစေ၊ စီးပွားဥစ္စာ တိုးတက်ကြပါစေ"

ဦးဘကျော်က ရှည်လျားစွာရှင်းပြပြီးနောက် ကျွန်ုပ်တို့ဇနီးမောင်နှံအား ကလပ်တစ်ခုစီလှမ်းပေး၏။ ကျွန်ုပ်တို့ဇနီးမောင်နှံလည်း ဘုရားကိုဦးတိုက်ပြီးနောက် ဦးဘကျော်အား ကျေးဇူးတင်ကြောင်းပြောပြီး သူတို့မိသားစုကိုနှုတ်ဆက်၍ ဇာတ်ရုံသို့ပြန်လာခဲ့၏။ ဇာတ်ရုံသို့ပြန်ရောက်သည့်အချိန်တွင် မော်တော်ဆိပ်သို့ တက်ပစ္စည်းများသယ်ယူနေပြီကို တွေ့ရလေ၏။



ထို့နောက် ကျွန်ုပ်တို့ဇာတ်အဖွဲ့သည် ပွဲကြိုများလာခေါ်ရာနောက်သို့ လိုက်ပါခဲ့ရ၏။ ငပုတောမှ ငပုတောအနောက်ဘက်ကိုးသိန်းကိုးသန်းသို့ ဇာတ်ပွဲကူးရမည်ဖြစ်ရာ ညနေ(၅)နာရီတိတိတွင် ဇာတ်မော်တော်စထွက်၏၊ မော်တော်ပေါ်၌ အေးဆေးစွာလိုက်ပါစီးနင်းရင်း ဦးဘကျော်ပေးလိုက်သော ကလပ်ခွက်(၂)ခုကို ကျွန်ုပ်ထုတ်ယူကြည့်မိ၏။

ကလပ်(၂)ခုလုံးမှာ ရွယ်တူဆိုက်တူဖြစ်၏။ ကလပ်ခွက်များမှာ ကျောက်သားစစ်စစ်လည်းမဟုတ်၊ မြေသားသက်သက်လည်းမဟုတ်၊ ဂဝံကျောက်များဖြစ်ဟန်တူ၏၊ မာကျော၍ အပေါ်မျက်နှာစာမှာ ခွက်သဏ္ဌာန် ခွက်ခွက်လေးဖြစ်နေပြီး အောက်ပိုင်းတွင် ခြေထောက်သဏ္ဌာန် မနိမ့်မမြင့်ခြေတံသုံးခုပါရှိ၏၊ အချင်းအဝိုင်းမှာ လက်ဝါးခန့်ရှိ၏။ ကျွန်ုပ်သည် ကလပ်ခွက်(၂)ခုကို ဖင်ပြန်ခေါင်းပြန်ကြည့်၍ လေ့လာနေစဉ်. . .

"ဒီမှာ ကျွန်မ အခုမှမှတ်မိပြီ၊ ကျွန်မတို့အိပ်မက်ထဲကအတိုင်း တကယ်ဖြစ်လာတာ"

ဟူ၍ ကျွန်ုပ်ဇနီးက ရုတ်တရက်ထပြော၏။ ဇနီးသည့်စကားအရ ကျွန်ုပ်ပြန်လှန်တွေးကြည့်ရာ ကျွန်ုပ်ရော၊ ဇနီးသည်ပါ တစ်ညတည်းပြိုင်တူမက်ခဲ့သည့် အိပ်မက်ထဲကအတိုင်း ကလပ်(၂)ခုရရှိခဲ့သည်မှာ အမှန်အတိုင်းဖြစ်ကြောင်းတွေးမိတော့၏။ ထို့ကြောင့်. .

"အေး. . . မင်းပြောတာမှန်တယ်၊ မင်းနဲ့ငါတို့ ကလပ်တောင်

www.burmeseclassic.com

www.burmeseclassic.com



က သူတော်စင်ကြီးက အိပ်မက်ထဲမှာပြောတဲ့အတိုင်း လက်ဆောင်လာပေးလိုက်တာပဲကွ၊ ဒီနေ့ကစပြီး တို့တစ်တွေကြီးပွားချမ်းသာပြီ၊ ဟောဒီကလပ်လေးတွေကို ရိုရိုသေသေထားပြီး ဆီမီးထည့်ပူဇော်ကွာ၊ အမွှေးနံ့သာတွေနဲ့ သေချာဆေးကြောပြီး သန့်သန့်ရှင်းရှင်းထားကွာ၊ ပြီးတော့ အမိဋ္ဌာန်ပြုပြီး ဆုတောင်းကြတာပေါ့ကွာ"

ဟူ၍ ကျွန်ုပ်ကပြောလိုက်သည်တွင် ဇနီးသည်မှာ ခေါင်းတဆတ်ဆတ်ညိတ်လျက် ကလပ်ခွက်(၂)ခုအား သေချာကျနစွာသိမ်းဆည်းထားလိုက်လေ၏။ ထိုနောက်ပိုင်းတွင် ကျွန်ုပ်တို့ဇာတ်အဖွဲ့ရောက်ရှိရွာဇာတ်ရုံတိုင်းတွင် ဘုရားကျောင်းဆောင်ရှေ့၌ ထိုကလပ်(၂)ခုကိုထားရှိပြီး ဆီမီးအမွှေးနံ့သာများထည့်၍ ဘုရား၊ ရဟန္တာများကိုပူဇော်ခဲ့၏။ နေ့ညမပြတ် ဝတ်မပျက်ခဲ့ပေ။

ထိုအချိန်မှစ၍ ကျွန်ုပ်တို့၏ဇာတ်အဖွဲ့မှာ နားရက်မရှိ ဇာတ်ပွဲကရလေ၏။ ကျွန်ုပ်တို့ဇာတ်ဆရာသွင်းသော အုန်းရှိုးပွဲများမှာလည်း ဝင်ငွေသောက်သောက်လဲရလေ၏။ ထိုနှစ်က ဇာတ်ပွဲချိ(၁၅၀)ကျော်ကခဲ့ရ၍ ကျွန်ုပ်တို့ဇနီးမောင်နှံလက်ထဲတွင် ငွေသီးခဲ့ရ၏။ ကျွန်ုပ်၏ဇနီးသည်ကား ရတနာသုံးပါးကြည်ညို၍ အမြဲမပြတ်သက်သတ်လွတ်စားသူဖြစ်သောကြောင့် မကြာခဏ အိပ်မက်ကောင်းများမက်၏၊ ထိုအိပ်မက်များကလည်း အမြဲအကျိုးပေး၏။ ထိုသည်မှာလည်း ကလပ်ခွက်များ၏အကျိုးကျေးဇူးဟူ၍ ကျွန်ုပ်တို့ယုံကြည်၏။



ကျွန်ုပ်မှာကား တစ်ခါတရံ အပေါင်းအသင်းနှင့် အသောက်အစားမက်သောကြောင့် ငါးပါးသီလမမြဲရှိ၏။ ထို့ကြောင့်ပေလား မပြောတတ်၊ ကျွန်ုပ်ရရှိထားသော ကလပ်ခွက်(၁)ခွက်မှာ အစအန မရှိဘဲ ရှတ်ချည်းပျောက်သွားခဲ့ရလေ၏။ ကျွန်ုပ်ကား နှမြောတသ မဆုံးဖြစ်ရချေ၏။ ကျွန်ုပ်ဇနီး၏ ကလပ်ခွက်(၁)ခွက်ကား ယနေ့တိုင် ကျွန်ုပ်လက်ထဲတွင် ရှိနေဆဲဖြစ်၏။ ကျွန်ုပ်တို့အိမ်တွင်ထားရှိကာ ဘုရားနှင့် ရဟန္တာများအား ထိုကလပ်ခွက်ဖြင့် ဆီမီးအမွှေးနံ့သာများ ထည့်သွင်းပူဇော်မြဲရှိလေ၏။ ထိုကျေးဇူးကြောင့်ပင်ဖြစ်ပေလိမ့်မည်၊ ကျွန်ုပ်တို့မိသားစုမှာ ယခုတိုင် မပူမပင် မကြောင့်မကျဖြင့် နေထိုင်စားသောက်နိုင်ခဲ့ကြလေ၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## မနုဿမဟုတ်သော မနုဿ

ကျွန်ုပ်တည်ထောင်သော ပန်းကမ္ဘာဇာတ်အဖွဲ့သည် ပုသိမ်မြို့အနောက်ဘက်ရှိ သဲကုန်းကျေးရွာ၌ တပေါင်းဘုရားပွဲကပြနေစဉ်ဖြစ်သည်။ ထိုရွာဘုရားပွဲ၌ ကျွန်ုပ်တို့ဇာတ်ပွဲမှာ သုံးညကပြရမည်ဖြစ်၏။ ကန်ထရိုက်ပွဲဖြစ်သောကြောင့် ကျွန်ုပ်မှာ အနည်းငယ်စိတ်သက်သာရာရ၏။ ကန်ထရိုက်မှ အစစအရာရာ တာဝန်ယူထားပေးရသည်ဖြစ်ရာ ကျွန်ုပ်အနေဖြင့် ဇာတ်သုဇာတ်သားများနေ့စဉ် ထမင်းစားသောက်ရေးမျှကိုသာ စီစဉ်ဆောင်ရွက်ပေးရ၏။

ထိုရွာ၌ ဇာတ်ပွဲနှစ်ပွဲကပြီးသည်ထိ အစစအရာရာ အဆင်ပြေ၏။ သဲကုန်းကျေးရွာဘုရားပွဲတော်မှာ နှစ်စဉ်တပေါင်းလပြည့်ရောက်တိုင်း ကျင်းပမြဲအစဉ်အလာရှိ၏။ ကျွန်ုပ်တို့ဇာတ်အဖွဲ့အနေ



နှင့်မူ ထိုရွာဘုရားပွဲသို့ ပထမဆုံးတစ်ကြိမ်သာလျှင် လာရောက်ကပြဖူးခြင်းဖြစ်၏။ လွန်ခဲ့သောကာလများက တခြားဇာတ်သဘင်အဖွဲ့များ ဝင်ရောက်ကပြသွားကြ၏။ တောနေလူတန်းစားများဖြစ်၍ မြန်မာ့ရိုးရာ ဇာတ်သဘင်ကို နှစ်သက်မြတ်နိုးကြသူများ၏။

ကျွန်ုပ်တို့ဇာတ်အဖွဲ့ကိုလည်း လွန်စွာနှစ်သက်အားပေးကြ၏။ အစပထမ ထိုရွာသို့ ကျွန်ုပ်တို့ဇာတ်အဖွဲ့ စရောက်စဉ်ကမူ ရွာသူရွာသားအချို့မှာ ကျွန်ုပ်တို့ဇာတ်အဖွဲ့အား မကြည့်ဖူးရှုမျှမတကြားဖူးခြင်းပင်မရှိဟု နောက်ပြောင်ပြောဆိုခဲ့ကြ၏။ ထို့ကြောင့် ကျွန်ုပ်မှာ ဇာတ်အဖွဲ့သူ အဖွဲ့သားများအား မိမိတို့၏အနုပညာကို မခိုမကတ်ဘဲ စည်းစည်းလုံးလုံးဖြင့် အစွမ်းကုန်ကပြရစေရန် အားစိုက်ပြောဆိုခဲ့ရ၏။

ကျွန်ုပ်တို့ဇာတ်အဖွဲ့ ပထမညကပြပြီးသည့်နောက်ပိုင်း၌ကား သဲကုန်းကျေးရွာတွင်း၌ပင်မက ထိုရွာနှင့်နီးစပ်လျက်ရှိသော ရွာရိုးကိုးပေါက်တစ်လျှောက်တွင် ကျွန်ုပ်တို့ ပန်းကမ္ဘာဇာတ်အဖွဲ့၏ ကောင်းသတင်းမှာ ချက်ချင်းပျံ့နှံ့သွားတော့သည်။ သို့ဖြစ်ရာ ဒုတိယညတွင် လူကြိတ်ကြိတ်တိုးစည်ကားလျက် ဇာတ်ရုံကွဲလုခမန်းထိဖြစ်သွားရ၏။ ကျွန်ုပ်တို့ဇာတ်အဖွဲ့အား လာရောက်ငှားကြသည့် ဘုရားပွဲတော်ဖြစ်မြောက်ရေးအဖွဲ့မှ အဖွဲ့ဝင်လူကြီးများမှာ ထိုအခါမှ ပြုံးပျော်ရွှင်မြူးနိုင်ကြသည်ကိုတွေ့ရ၏။

ထို့ကြောင့် တတိယည ဇာတ်တပြနေစဉ် ရွာလူကြီးတချို့မှာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ထံသို့ လာရောက်၍ညှိနှိုင်းကြ၏။ အကြောင်းမှာ ကျွန်ုပ်တို့ ဇာတ်အဖွဲ့အား ရက်တိုး၍ကပြပေးရန်ဖြစ်၏။

"ကဲ. . ဇာတ်ဆရာ၊ ကျုပ်တို့ဘုရားပွဲကပြီးရင် ဇာတ်ဆရာတို့အဖွဲ့ ပွဲကူးမရှိသေးဘူးလို့ကြားတယ်၊ အဲဒီတော့ ဇာတ်ဆရာတို့လည်း အဆင်ပြေ၊ ကျုပ်တို့လည်း အဆင်ပြေအောင် နောက်နှစ်ည ဆက်ကပေးဗျာ၊ ဘယ့်နှယ့်လဲ"

"ကျွန်တော်တို့ဇာတ်အဖွဲ့ကို အခုလိုအားပေးတော့လည်း လုပ်ပေးရတော့မှာပေါ့"

"တစ်ခုတော့ရှိတယ်ဇာတ်ဆရာ၊ ဇာတ်ဆရာတို့အဖွဲ့ နားနေရမယ့်အချိန်မှာ ကျုပ်တို့တစ်တွေက ဇာတ်ပွဲဆက်ကလို့ရအောင် စီစဉ်ပေးရတာဆိုတော့ ညကြေးကိုတော့ ခါတိုင်းထက်လျှော့ယူမှ ဖြစ်မယ်"

"ဗျာ. . "

အဖွဲ့ဝင်လူကြီးတစ်ဦး ဝင်ရောက်ပြောဆိုလိုက်သည့်စကားကြောင့် ကျွန်ုပ်မှာ အံ့အားသင့်သွားရသည့်အပြင် စိတ်လည်းတိုသွားမိ၏။ ထို့ကြောင့် ကျွန်ုပ်မှာ ထိုလူကြီးအား စေ့စေ့ကြည့်ကာ တည်ငြိမ်စွာပြန်ပြောလိုက်ရသည်။

"ဒါက ဒီလိုရှိပါတယ်၊ ကျွန်တော်တို့ဇာတ်အဖွဲ့ဟာ ဇာတ်ပွဲကရရင်ပြီးရောဆိုပြီး ကတဲ့ဇာတ်ပွဲမဟုတ်ပါဘူး၊ တစ်နှစ်လုံးမှာ ဆယ်ချီပဲကရ ကရ၊ အဲဒီ ကျွန်တော်တို့ကရတဲ့ပွဲချိတိုင်းမှာ ပရိသတ်



လက်ခံသဘောကျအောင် ကြိုးစားပမ်းစားကပြကြတဲ့ဇာတ်ပွဲပါ။ ဒီတော့ နှစ်ရက်တိုးပြီး ဦးကြီးတို့ဆက်ကခိုင်းလည်း ကျွန်တော်တို့ အဖွဲ့အနေနဲ့ ပြီးခဲ့တဲ့ညတွေထက် မလျော့မနည်းအောင်ကပြရမှာ ကျွန်တော်တို့တာဝန်ပါ၊ ကျွန်တော်တို့အဖွဲ့မှာပါတဲ့ အနုပညာရှင်တွေရဲ့ သုခုမအနုပညာကြေးကို ကျွန်တော်လျှော့နည်းပေးလို့မဖြစ်ပါဘူး၊ အဲဒါကြောင့် ဦးကြီးတို့ပြောတဲ့ ဇာတ်ကြေးလျှော့ဖို့ဆိုတာကိုတော့ ကျွန်တော်လက်ခံစဉ်းစားပေးလို့မရပါဘူး၊ ယခင်ညကြေးအတိုင်းပေးမှသာ ဦးကြီးတို့တောင်းဆိုတဲ့ရက်နှစ်ရက်ကို ကျွန်တော်တို့ ဆက်ကပေးလို့ရပါလိမ့်မယ်"

"ကဲ. . ဒါဆိုရင် ကျုပ်တို့တစ်တွေ တိုင်ပင်ညှိနှိုင်းလိုက်ကြဦးမယ်ဗျာ၊ ပြီးတော့မှ ဇာတ်ဆရာဆီ လာအကြောင်းပြန်ပါ့မယ်"

အဖွဲ့ဝင်လူကြီးများမှာ ကျွန်ုပ်စကားကြောင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အကဲခတ်လျက် ကျွန်ုပ်အားနှုတ်ဆက်ပြီးနောက် အလျှိုလျှိုထွက်သွားကြ၏။ ထိုနေ့တစ်နေကုန်သည် ထိုအဖွဲ့ဝင်လူကြီးများထံမှ ကျွန်ုပ်ထံသို့ ဇာတ်ပွဲဆက်ကရေး၊ မကရေးကိစ္စ အကြောင်းပြန်ကြားချက်ပေါ်မလာ။ ကျွန်ုပ်လည်း စိတ်ထဲ ဒေါသဖြစ်ဖြစ်ရှိသည်နှင့် ဇာတ်ရုံထဲမှ အပြင်သို့ပင်မထွက်ဘဲ ထိုလူကြီးများအလာကိုသာ စိတ်ရှည်ရှည်ထား၍ မျှော်နေမိလေ၏။

ညနေစောင်း၍ နေဝင်မိုးချုပ်သည်နှင့် ဇာတ်ရုံမီးထွန်းရ၏။ ကျွန်ုပ်တို့ဇာတ်ပွဲတွင် ကိုယ်တိုင်ကူဘိုတာမီးစက်ပါရှိရာ ကန်ထရိုက်

www.burmeseclassic.com

www.burmeseclassic.com



ပွဲဆိုလျှင် ကန်ထရိုက်မှ မီးစက်မောင်းရန်ကုန်ကျမည့် ဒီဇယ်ကို ပေးရသည်။ ဇာတ်ဆရာသွင်းသောအုန်းရှိုးပွဲဆိုလျှင် မီးစက်ဒီဇယ်ဖိုးကို ဇာတ်ဆရာက ကုန်ကျခံရ၏၊ မည်သို့ဆိုစေ ဇာတ်၏ထုံးစံမှာ ညနေမှောင်ရီသန်းသည်နှင့် ဇာတ်ရုံထဲတွင် မီးလင်းရန် မီးစက်ကို မောင်းပေးရသည်သာဖြစ်၏။

သို့မှသာ ဇာတ်သူဇာတ်သားများအနေဖြင့် မိတ်ကပ်လိမ်းခြယ်ခြင်း၊ အဝတ်အစားများ ရွေးချယ်စီစဉ်ထားနိုင်ကြမည်ဖြစ်၏။ တီးမှုတ်သည့် မြန်မာ့ဆိုင်းဝိုင်းနှင့် ခေတ်ပေါ်ဝိုင်းများမှ တူရိယာပညာရှင်များမှလည်း ပတ်စာထည့်ခြင်း၊ သံစဉ်များကိုက်ညီနေအောင် ကြိုးများ (အော်ဂင်နှင့် ဂီတာကြိုးများညီအောင်ညှိခြင်း) ကို ကြိုတင်ဆောင်ရွက်နိုင်မည်ဖြစ်၏။ တူရိယာပညာရှင်များအနေနှင့်မှု ဇာတ်မထွက်မီ ကြိုတင်၍ ဖျော်ဖြေပေးလေ့ရှိရာ ဇာတ်ရုံမီးလင်းသည်နှင့် ဦးစွာအလုပ်ရှုပ်ကြရသူများမှာ တူရိယာပညာရှင်များပါဝင်သောတီးဝိုင်းနှင့် ဆိုင်းဝိုင်းအဖွဲ့သားများပင်ဖြစ်၏။

ထို့ကြောင့် ထိုနေ့က ဇာတ်ရုံမီးစလင်းသည်နှင့် ဆိုင်းဝိုင်းမှ စည်တော်သံပေးကာ ယနေ့ည ဇာတ်ပွဲကပြမည့်အကြောင်း ကြိုတင်အသံပေး၍နေလေ၏။ ပတ်မသံနှင့် လင်းကွင်းသံတို့မှာ ညံထွက်နေသဖြင့် အဝေးမှကြားရသူ လူငယ်ကလေးတစ်သိုက်မှာ ဆိုင်းဝိုင်းအနီးသို့ အပြေးလာကာ ဝိုင်းအုံကြည့်ရှုနေကြ၏။

မကြာမီ ဇာတ်ရုံနောက်ဘက် ကျွန်ုပ်တို့ ဇာတ်သူဇာတ်သား



များနေထိုင်ရာ ကျွန်ုပ်ဇာတ်ဆရာအခန်းတွင်းသို့ လူကြီးအချို့ရောက်လာကြ၏၊

"ကဲ. . ဇာတ်ဆရာ၊ ကျုပ်တို့အနေနဲ့ကလည်း ဇာတ်ဆရာတို့အဖွဲ့ကို သံယောဇဉ်ရှိပါတယ်၊ ပြီးတော့ ဒီနယ်တစ်ဝိုက်ကလည်း ဇာတ်ဆရာတို့အဖွဲ့ကို သဘောကျနှစ်ခြိုက်ကြပါတယ်၊ အဲဒါကြောင့် နှစ်ဦးနှစ်ဘက်အဆင်ပြေအောင် ဇာတ်ဆရာဘက်က ဇာတ်ကြေးနည်းနည်းလျှော့ပြီး နောက်နှစ်ညကို ဆက်ကပေးစေချင်ပါတယ်"

ဦးဆောင်ဦးရွက်ပြုသူ ဦးကြီးတစ်ယောက်က စတင်၍ပြော၏၊ ကျန်လူကြီးသုံးဦးကမူ ကျွန်ုပ်၏ခွန်းတုံ့ပြန်စကားကို မျှော်လင့်ကြီးစွာဖြင့် ကျွန်ုပ်အား စူးစူးစိုက်စိုက်ကြည့်ကာ ငြိမ်၍နားထောင်နေကြ၏။

"ကျွန်တော်ပြောပြီးပါပကောလား ဦးကြီးတို့ရယ်၊ ကျွန်တော်တို့အနုပညာသမားတွေဆိုတာက အနုပညာနဲ့ ဝမ်းစာရေးအတွက် အလုပ်လုပ်စားနေကြရလို့သာ မပြောမပြီး မတီးမမြည်ဆိုသလို တန်ဖိုးထားလို့ရအောင် ငွေကြေးသတ်မှတ်ထားတာပါ၊ တကယ်တော့ ဘယ်အနုပညာမဆို ဘယ်အရာနဲ့မှ တန်ဖိုးဖြတ်နိုင်းယှဉ်လို့မရပါဘူး၊ ဘာကြောင့်လဲဆိုရင် အနုပညာရှင်တစ်ယောက်ဖြစ်လာဖို့ဆိုတာ စိတ်ကူးယဉ်သလောက်မလွယ်လို့ပါ၊ အဲဒါကြောင့် ဦးကြီးတို့ပြောတဲ့ ဇာတ်ကြေးလျှော့ပေးဖို့ကိုတော့ ဈေးမဆစ်ပါနဲ့လို့ ကျွန်တော်တောင်းပန်ပါရစေဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏စကားကြောင့် ဦးကြီးလေးယောက်မှာ တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ကာ တစ်ဦးနားတစ်ဦးကပ်၍ တိုးညှင်းစွာပြောကာ တိုင်ပင်နေကြ၏။ ခဏမျှကြာလျှင်. . .

"ကဲ. . ဇာတ်ဆရာ၊ ကျုပ်တို့တစ်တွေ ညှိနှိုင်းလို့မရဘူးဆိုရင်တော့ ဒီညကို နောက်ဆုံးညလို့သတ်မှတ်ပြီး ပွဲသိမ်းကြတာပေါ့ ကဲ. . ကျုပ်တို့သွားမယ်"

ဈေးဆစ်သောလူကြီးတစ်ဦးက ဦးဆောင်ပြောကာ လေးယောက်သား ပြိုင်တူထ၍ ကျွန်ုပ်၏အခန်းတွင်းမှထွက်သွားကြ၏။ ထိုလူကြီးများထွက်သွားသည်နှင့် ကျွန်ုပ်တို့ဇာတ်အဖွဲ့မှ ၂၀ရာနှုန်း မမောင်စိမ်းနွဲ့အောင်ဝင်လာ၏။

"ဘယ်လိုလဲဇာတ်ဆရာ၊ နောက်ည ဇာတ်ဆက်ကဖို့ လာပြောတာမဟုတ်လား"

"ဟုတ်တယ် ကိုစိမ်းအောင်ရေ၊ ဒါပေမယ့် ပွဲပျက်သွားတယ် ဘယ့်နှယ့်ဗျာ. . ညကြေးကို အတင်းလာလျှော့ခိုင်းနေတယ်၊ ကျုပ်တို့က ပြီးခဲ့တဲ့နှစ်ညလုံးလည်း ရုံပြည့်တာပဲ၊ ပြီးတော့ ဇာတ်ထဲသွင်းထားတဲ့ လေးကောင်ဂျင်ဝိုင်းတွေကလည်း ပိုက်ဆံရသေးတယ် မကာရရင်နေပလေ့စေဗျာ၊ တစ်ပဲခြောက်မူးနဲ့တော့ မကနိုင်ဘူး အကျင့်ပါတယ်"

"အင်း. . ဇာတ်ဆရာကတော့ အနုပညာမာနနဲ့ပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ခက်တာက မာနက ထမင်းလာမကျွေးဘူး



ဇာတ်ဆရာ၊ တကယ်တော့ ကျွန်တော်တို့လိုဇာတ်သမားတွေအတွက် ဇာတ်တနေရမှ ထမင်းနပ်မှန်နေတာမဟုတ်လား၊ အေးပေါ့လေ. . ဇာတ်ဆရာဘာသာ စဉ်းစားပြီးဆုံးဖြတ်ပါ"

ကိုစိမ်းအောင်က ကျွန်ုပ်အား နှုတ်သံနှော၍ပြောပြီးနောက် စကားသိမ်းလေပြည်ထိုးကာ ကျွန်ုပ်အနီးမှထထွက်သွားလေ၏။ ကျွန်ုပ်မှာ ကိုစိမ်းအောင်စကားကြောင့် ခေါင်းရှုပ်သလိုဖြစ်သွား၏။ တကယ်လည်း ဇာတ်ဆရာလုပ်ရသူကျွန်ုပ်မှာ အမြဲတမ်း ခေါင်းနားပန်းကြီးနေရသူဖြစ်ပါ၏။ အဘယ်ကြောင့်ဆိုသော် ငွေအရင်းအနှီး သိန်းငါးဆယ်ကို ရင်းနှီးမြှုပ်နှံထားရသည့်အပြင် အသွင်၊ စရိုက်၊ စိတ်ထားခြင်းမတူညီနိုင်ကြသော လူပေါင်းငါးဆယ်ကျော်မျှကို တစ်စုတစ်ဝေးတည်းဖြစ်အောင် စုစည်းထားရခြင်းကြောင့်ဖြစ်၏။ ထိုလူပေါင်းငါးဆယ်ကျော်သည် အနုပညာဝါသနာပါသော စိတ်ဓာတ် တစ်ခုတည်းသာလျှင် တူညီကြ၏။

ထို့ကြောင့် ထိုလူပေါင်းငါးဆယ်ကျော်မျှကို တစ်စုတစ်ဝေးတည်းဖြစ်အောင်နေထိုင်ကြစေရန် စီစဉ်ပေးရခြင်း၊ ထိုလူတို့၏ တစ်ဦးချင်းစီ၌ တတ်ကျွမ်းပါရှိသောအနုပညာကို သူ့နေရာနှင့်သူ အံဝင်ခွင်ကျဖြစ်စေရန် စီစဉ်နေရာပေးရခြင်းနှင့် ထိုအဖွဲ့သားငါးဆယ်၏စားဝတ်နေရေး (ဇာတ်ရာသီတစ်နှစ်တာအတွင်း)ကို တာဝန်ယူစီစဉ်ပေးရခြင်းတို့မှာ ကျွန်ုပ်တို့ဇာတ်ဆရာတာဝန်ဖြစ်၏။ ဇာတ်ရာသီမှာ သီတင်းကျွတ်လဆန်း(၁၃)ရက်မှ တန်ဆုန်လပြည့်

www.burmeseclassic.com

www.burmeseclassic.com



ထိုဖြစ်လေရာ ထိုကာလအတွင်း ဇာတ်ပွဲမရပ်မနားကနေရအောင် စီစဉ်ရသည်မှာလည်း ဇာတ်ဆရာတစ်ယောက်အတွက် လွယ်သည့် ကိစ္စမဟုတ်ပေ။

ထို့ပြင် ဇာတ်အဖွဲ့မှာ မြန်မာပြည်အနှံ့အပြားရှိ နေရာဒေသ အသီးသီးသို့ လှည့်လည်ကပြနေသည်ဖြစ်ရာ သွားရေးလာရေး ခက်ခဲပင်ပန်းမှုရှိသည်ကတစ်ကြောင်း၊ ဇာတ်ပွဲနာမည်ရခြင်း မရ ခြင်း၏အကြောင်းရင်းတို့အပေါ်တွင် တည်သည်ကတစ်ကြောင်းဖြင့် ဇာတ်ပွဲမရပ်မနားကရခြင်း၊ မကရခြင်းမှာ မူတည်ပေသည်။ အထူး သဖြင့် ဇာတ်ပွဲကြည့်ကြသည့်အလေ့အထမှာ မြို့ကြီးများထက်တ လျှင် ေဘာရွာဒေသတို့ကများ၏။ ထိုကျေးလက်ဒေသတို့မှာလည်း ဘုရားပွဲတော်ကိုအခြေခံပြုလျက် ဇာတ်ပွဲထည့်ဝင်ကပြကြခြင်းပင် ဖြစ်သည်။

ယခု ကျွန်ုပ်တို့လာရောက်ကပြကြသည့် သဲကုန်းရွာမှာလည်း ရွာဦးစေတီတော်၌ ဘုရားပွဲတော်ကိုအခြေခံ၍ ရွာလူကြီးများမှ ဇာတ်ပွဲသွင်းခြင်းဖြစ်၏။ ထိုအရပ်ဒေသတို့တွင် ဇာတ်ပွဲသွင်းလျှင် ဇာတ်ပွဲနှင့်အတူ ကစားဝိုင်းများပါလေ့ရှိ၏။ အချို့နေရာ၌မူ ကစား ဝိုင်းများကို ဇာတ်ရုံအပြင်၌ထား၍ အချို့နေရာ၌မူ လောင်းကစား ဝိုင်းများကို ဇာတ်ရုံထဲသို့ထည့်သွင်းတစားစေ၏။ ဇာတ်ရုံထဲသို့ ကစားဝိုင်းထည့်သွင်းထားခြင်းအားဖြင့် ကစားဝိုင်းမှအကောက်ရ၏။



တစ်ခါတရံ၌မူ လောင်းကစားသမားများကိုယ်တိုင် ဇာတ်ပွဲငှားသွင်း ကြ၏။

ထိုအခါ လောင်းကစားပွဲကန်ထရိုက်တို့မှာ ဇာတ်ပွဲကြည့်ချင် သူများထက် လောင်းကစားမည့်သူများကိုသာလျှင် မျှော်လင့်စောင့် စားကာ ဇာတ်ရုံတွင်းသို့သွင်းတတ်ကြ၏။ ဇာတ်အဖွဲ့အနေဖြင့်လည်း သိပ်ပြီးကြိုးစားပမ်းစားကရန်မလို။ တကယ်တမ်း ကြိုးစားပမ်းစား ကမည်ဆိုသော်လည်းရ၏။ သို့သော် ဇာတ်ရုံထဲ၌ ဇာတ်ပွဲကြည့်သူ ထက်စာလျှင် လောင်းကစားသူတို့သာလျှင် ဇာတ်ရုံထဲ၌များပြား နေလေရာ ဇာတ်စင်၏အရှေ့ဘက်၊ ဇာတ်ရုံ၏အဝင်ဝပတ်ချာလည် ၌ရှိသော လောင်းကစားဝိုင်းမှ လောင်းကစားသူတို့၏ အော်ဟစ် ဆူညံသံမှာ ဇာတ်စင်ပေါ်၌ကပြနေသော အနုပညာသည်တို့အား အနှောင့်အယှက်ပေးလျက်ရှိမြဲသာဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့ ဇာတ်ပွဲလာငှားသည့်ကန်ထရိုက်တို့နှင့် စာချုပ်ချုပ်ဆိုသည့်အခါတိုင်း မိမိတို့ဇာတ်ပွဲမနစ်နာစေရန် ကြိုတင်ပြောဆိုစီစဉ်ရ၏။

တတ်နိုင်လျှင် (ဇာတ်ပွဲတရက်စိပ်နေလျှင်) ထိုထိုသော လောင်းကစားထည့်သည့်ဇာတ်ပွဲငှားများကို လက်ခံခြင်းမရှိပေ။ ပွဲကရက်နည်းပါးမှသာလျှင် ဇာတ်သူဇာတ်သားတို့အရေး မျှော်တွေး ကာလက်ခံလေ့ရှိ၏။ သို့သော် ကျွန်ုပ်တို့ဇာတ်အဖွဲ့ ပုသိမ်မြို့ နားနေခဲ့ရသည်မှာ ဆယ်ရက်ကျော်မျှရှိပြီဖြစ်ရာ ကျွန်ုပ်ရော ဇာတ် အဖွဲ့သားများပါ ရှိစုမဲ့စုငွေများကုန်ခန်း၍ စိတ်ညစ်နေမိနေချိန်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ထို့ကြောင့် ဇာတ်ပွဲတရသော် အဖွဲ့သားများရော၊ ကျွန်ုပ် ဇာတ်ဆရာပါ ငွေရှင်မည့်အရေးတွေးကာ သဲကုန်းရွာဘုရားပွဲ၌ ကပြရန် လက်ခံခဲ့ခြင်းဖြစ်၏။

သဲကုန်းရွာဘုရားပွဲတော်မှာ လူစည်ကားလွန်းလှ၏။ ကစားဝိုင်းများပါရှိသောကြောင့် ဘုရားပွဲစည်ကားသည်ဟုပြောရမည်ဆိုသော်လည်း ဘုရားပွဲလာပရိသတ်မှာ ဇာတ်ပွဲကြည့်သူပို၍များ၏။ ထို့ကြောင့် ကျွန်ုပ်မှာ ကျွန်ုပ်ဇာတ်အဖွဲ့သားများကို ကြိုးစားပမ်းစားကရန် မေတ္တာရပ်ခံခဲ့ရ၏။ အဖွဲ့သူ အဖွဲ့သားအားလုံးကလည်း မခိုမကတ်ဘဲ ကျရာအခန်းကဏ္ဍမှနေ၍ ကြိုးစားကပြပေးကြ၏။ ဤသို့ဖြင့် ကျွန်ုပ်တို့ဇာတ်အဖွဲ့မှာ ပထမညကပြီးသည်နှင့် သဲကုန်းရွာအနီးတစ်ဝိုက်တွင် ဇာတ်ပွဲကောင်းကြောင်းသတင်းကြီးသွားရ၏။ ဒုတိယညတွင်မူ ပွဲကြိုက်သူပရိသတ် ပိုမိုများပြားလေရာ ဇာတ်ရုံနှင့်ပေးရမတတ်ဖြစ်၏။ ကစားဝိုင်းများမှ ပွဲကြိုက်သူများပြားနေခြင်းကြောင့် ခြောက်ကပ်ကပ်ဖြစ်နေရတော့သည်။

ပွဲငှားလူကြီးများအနေဖြင့် ကျွန်ုပ်တို့ဇာတ်ပွဲကိုငှားရမ်းကစေခြင်းဖြင့် အရှုံးမဖြစ်သည့်အပြင် အမြတ်အစွန်းများပါရှိနေကြသည်ကို ကျွန်ုပ်၏ဇာတ်ပွဲအတွေ့အကြုံအရသိပြီးဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့ဇာတ်အဖွဲ့အား နောက်ထပ်နှစ်ရက်ဆက်ကရန် ထပ်မံတောင်းဆိုနေကြခြင်းပင်ဖြစ်လေ၏။

ကိုစိမ်းအောင်ပြောသွားသည့်စကားကို ပြန်၍စဉ်းစားကြည့်



သည့်အခါတွင် အမှားမရှိကြောင်း ကျွန်ုပ်စဉ်းစားမိ၏။ တကယ်လည်း ဆက်၍ကပေးသင့်သည်မှာအမှန်။ ပွဲခွင်ရွှေ့စရာမလို။ လူမပင်ပန်းသဖြင့် ပွဲရက်တိုးရမည်မို့ ငွေရနိုင်မည်မှာလည်း ကျိန်းသေ၏။ သို့ကြား ပွဲငှားလူကြီးတို့၏စကားက နိုင်ထက်ကလူပြုမှုခြင်းသဘောဆောင်နေသည်ဟု ကျွန်ုပ်ခံစားရ၏။ သို့အတွက် ပွဲခွင်ဆက်ရသော် ဇာတ်အဖွဲ့အားထိုင်ကျွေးရမည့်အရေးတွေးကာ ကျွန်ုပ်မှာ ရင်မောမိကာ သက်ပြင်းအခါခါချမိနေတော့၏။

ကျွန်ုပ်၏အတွေးကိုဖြတ်တောက်၍ ပတ်ဝန်းကျင်သို့ ကျွန်ုပ် လေ့လာအကဲခတ်ကြည့်မိသောအချိန်တွင် ဇာတ်ရုံထဲ၌ မီးထိန်ထိန်လင်းလျက် ရှိနေလေပြီ။ ဆိုင်းဝိုင်းကြီးမှပင် ဧည့်ခံတီးလုံးစ၍တီးနေ၏။ ဇာတ်သူဇာတ်သားအချို့ကား ကိုယ်စီအခန်းများ၌ မိတ်ကပ်များလိမ်းခြယ်နေကြ၏။ ဆိုင်းဝိုင်းကြီးဘေး၌ လူတော်တော်များများ ဝိုင်းအုံကြည့်ရှုနေသည်ကို ကျွန်ုပ်တို့ဇာတ်သူဇာတ်သားများနေထိုင်ရာ ဇာတ်စင်ဘေးတစ်ဖက်တစ်ချက်ရှိ အတွင်းဘက်မှ လှမ်းကြည့်က မြင်နေရ၏။ မကြာမီ ဆိုင်းဝိုင်းနှင့် ခေတ်ပေါ်တီးဝိုင်းတို့ နှစ်ဝိုင်း ပြိုင်တီးရန် ခေတ်ပေါ်တီးဝိုင်းသားတို့ ပြင်ဆင်နေကြသည်ကိုမြင်ရ၏။ ဆိုင်းဝိုင်းကြီးနှင့် ခေတ်ပေါ်တီးဝိုင်းတို့ နှစ်ဝိုင်းပြိုင်တီးသည်နှင့် မကြာခင် ဇာတ်ပွဲစထွက်မည်ကို ကျွန်ုပ်သိရှိပြီးဖြစ်၏။

ဇာတ်စင်အတွင်းဘက်ရှိ ဇာတ်သူဇာတ်သားတို့မှာလည်း

www.burmeseclassic.com

www.burmeseclassic.com



ပွဲထွက်ရန် ကြိုတင်သိရှိကြပြီးသည့်အတိုင်း ဇာတ်မင်းသမီးနှင့် ယိမ်းသမလေးအချို့မှာ ဇာတ်စင်ပေါ်တက်၍ပင် နေရာယူနေကြပြီကို တွေ့နေရ၏။ ကျွန်ုပ်လည်း ဇာတ်စင်ဘေးပတ်လည်သို့ လမ်းလျှောက်ကာ ဇာတ်သူဇာတ်သားတို့ကို အကဲခတ်ကြည့်ရှုလိုက်၏။ ဤသည်မှာ ကျွန်ုပ်၏ဇာတ်ပွဲကသည့်နေ့ရက်တိုင်းလုပ်ဆောင်သည့် အလုပ်တစ်ခုဖြစ်၏။ တစ်နည်းအားဖြင့် ကျွန်ုပ်မှာ ဇာတ်ဦးစီးခေါင်းဆောင်ပီပီ ဇာတ်၏လုပ်ငန်းတာဝန်များကို အမြဲတစေ လမ်းညွှန်သတိပေးနေရသူဖြစ်၏။ ညစဉ်ညတိုင်း တင်ဆက်ကပြမည့်ဇာတ်ပရာ၊ ပြဇာတ်နှင့် ဇာတ်ထုပ်ကြီးများကို ကျွန်ုပ်ကိုယ်တိုင် ရွေးချယ်ညွှန်ကြားပေးရ၏။ ထို့ပြင် ပွဲစသည့် ဘုရားကန်တော့ခန်း၊ နတ်ကတော်ယိမ်းမှအစပြု၍ နောက်ဆုံးပိတ်ဇာတ်ထုပ်ကြီးများ ကသည့်အစီအစဉ်များအပြင် ထိုဆိုင်ရာအခန်းကဏ္ဍတွင် မည်သူမည်ဝါပါဝင်ကြောင်းနှင့် ထိုသူတို့အဆင်သင့်ဖြစ်မဖြစ်ကို ကျွန်ုပ်မှာ လိုက်လံကြည့်ရှုစစ်ဆေးရ၏။

တစ်ခါတရံ ထိုအစီအစဉ်ကို ကျွန်ုပ်၏လက်ကသုံးတောင်ဝှေး ဖြစ်သည့် လူရွှင်တော်ထင်ကျော်အားခိုင်းရ၏။ ထိုစဉ်က ထင်ကျော်ကို ဇာတ်ရုံထဲ၌မတွေ့။ ထင်ကျော်မှာ အနည်းငယ်သောက်စားတတ်သူဖြစ်၏။ သောက်စားပြီးပါမှ ထင်ကျော်တစ်ယောက် စကားပြောထွက်၏။ ထို့ကြောင့် ထင်ကျော်မှာ ဇာတ်ကရန်အချိန်နီးလာသည်နှင့် ဇာတ်ရုံပြင်ပသို့ထွက်ကာ ပွဲဈေးတန်းရှိ အရက်ပုန်းဆိုင်သို့



သွား၍ အရက်အနည်းငယ်သောက်လေ့ရှိ၏။ ကျွန်ုပ်မှာ ထင်ကျော်ကိုမမြင်မတွေ့သောကြောင့် ဇာတ်စင်အတွင်း ဘေးဘက်သို့ တစ်ပတ်လှည့်ကာ အခြေအနေကြည့်ပြီးနောက် ကျွန်ုပ်အခန်းတွင်းသို့ဝင်ကာ ခေတ္တမျှထိုင်နေလိုက်၏။

မကြာမီ ဇာတ်ပွဲစတင်ကရန် ဆိုင်းဝိုင်းနှင့် ခေတ်ပေါ်ဝိုင်းတို့မှ ပဏာမတေးတီးလုံးသံထွက်လာလေ၏။ ကျွန်ုပ် အခန်းအပြင်သို့ထွက်ကာ ဇာတ်စင်ပေါ်သို့ လှမ်းကြည့်အကဲခတ်လိုက်၏။ ပြည်ဖုံးကားကြီးကိုဖွင့်ကာ ဇာတ်သူဇာတ်သား၊ မင်းသားမင်းသမီးများ ပဏာမတေးကို သီဆိုကခုန်နေကြ၏။ ဇာတ်စတင်ထွက်နေပြီမို့ ကျွန်ုပ်၏အခန်းတွင်း၌ ဝင်၍လဲလျောင်းကာ အနားယူတော့မည်ဟု စိတ်ကူး၍ အခန်းအတွင်းဝင်ရန်ဟန်ပြင်လိုက်စဉ် ကျွန်ုပ်တို့နေထိုင်ရာ ဇာတ်စင်ဘေးပတ်လည်အတွင်းဘက်ဆီသို့ သူစိမ်းနှစ်ဦးဝင်ရောက်လာသည်ကို ကျွန်ုပ်လှမ်းမြင်လိုက်ရ၏။

သူစိမ်းနှစ်ဦးဟုဆိုရသော်လည်း တစ်ဦးမှာ ရွှေးလူကြီးဆန်ဆန် သျှောင်ထုံးဆံပင်နှင့် ယောကျ်ားတစ်ဦးဖြစ်၍ ကျန်တစ်ဦးမှာ အမျိုးသမီးတစ်ဦးဖြစ်လေ၏။ ထိုအမျိုးသမီးမှာလည်း ဘီးဆံပတ်ထုံးနှင့် ရင်ဖုံးအင်္ကျီကိုဝတ်ဆင်ထားကာ ကြီးကြီးရိုတ်ထမီနှင့်ဖြစ်၏။ ထိုအမျိုးသားကြီးနှင့် အမျိုးသမီးကြီးတို့အသက်မှာ ငါးဆယ်ဝန်းကျင်မျှရှိမည်ဟု ခန့်မှန်းရ၏။ ထိုလူစိမ်းနှစ်ဦးသည် ကျွန်ုပ်မြင်တွေ့နေရစဉ် ဇာတ်စင်အတွင်းဘက်သို့ရောက်နေပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်စင်အနောက်ဘက်ပေါက်မှ ကျွန်ုပ်တို့ဇာတ်သူဇာတ်သားတို့နေရာ၏ အလယ်အပေါက်မှနေ၍ ဝင်ခဲ့ဟန်တူလေ၏။ ထိုအပေါက်တွင် ပွဲဌားကန်ထရိုက်တို့၏ကိုယ်စားလှယ်တစ်ယောက်ကို အစောင့်ထား၏။

ထိုအစောင့်၏ခွင့်ပြုချက်ဖြင့် ဇာတ်စင်အောက်ရုံအတွင်းဘက်သို့ ဝင်လာကြခြင်းပင်ဖြစ်လိမ့်မည်ဟု ကျွန်ုပ်တွေးလိုက်မိ၏။ ထိုအကြောင်းမှာ ကျွန်ုပ်နှင့် တိုက်ရိုက်မသက်ဆိုင်။ သို့သော် ကျွန်ုပ်တို့ဇာတ်သူဇာတ်သားနေထိုင်ရာနေရာဖြစ်၍ လူစိမ်းဝင်လာပါက သတိထားကြည့်ရန်မှာ ကျွန်ုပ်တို့တာဝန်ဖြစ်၏၊ ဇာတ်သူဇာတ်သားတို့မှာ ဇာတ်ကနေရသည်ဖြစ်ရာ စင်ပေါ်သို့တက်လိုက်၊ ဆင်းလိုက်၊ အဝတ်အစားလဲလိုက်ဖြင့် အလုပ်ရှုပ်နေချိန်ဖြစ်၏။ ထိုအခွင့်အရေးကိုယူကာ အချို့နေရာများတွင် ဇာတ်သမားတို့၏ပစ္စည်းများ မကြာခဏ အခိုးခံရ၏၊ ထို့ကြောင့် ကျွန်ုပ်တို့ဇာတ်အဖွဲ့နေထိုင်ရာဇာတ်စင်အတွင်းဘေးပတ်လည်သို့ လူစိမ်းဝင်သည်နှင့် မျက်တောင်မခတ်ကြည့်ကြရတော့၏။

ကျွန်ုပ်မှာ ထိုလူစိမ်းနှစ်ဦးကြောင့် ကျွန်ုပ်၏အခန်းအတွင်းသို့မဝင်နိုင်သေးဘဲ နေရာတွင်မတ်တပ်ရပ်လျက် လှမ်းကြည့် အကဲခတ်နေမိ၏၊ ထိုလူကြီးနှင့် အမျိုးသမီးကြီးတို့သည် ဦးစွာဇာတ်စင်၏လက်ယာဘက်ရှိ မင်းသားကြီး၊ ပြဇာတ်မင်းသားနှင့် လူရွှင်တော်များနေထိုင်ရာဘက်သို့လျှောက်ကာ ကြည့်နေကြ၏၊ အချို့မှာ



ဇာတ်စင်ပေါ်ကနေ၍ အချို့မှာ မိမိတို့နေထိုင်ရာအခန်း၌ အဝတ်အစားလဲနေကြ၏။

ပြီးနောက် ကျွန်ုပ်ရပ်လျက်ရှိနေသည့် ဇာတ်စင်၏ဝဲဘက်သို့လှည့်လာကြ၏။ ကျွန်ုပ်တို့ဇာတ်ကရာ၊ နေထိုင်ရာဘက်တွင် မင်းသမီးကြီးနှင့် ယိမ်းသမငယ်များနှင့် အိမ်ထောင်သည် ဇာတ်သူဇာတ်သားအချို့ရှိ၏၊ ထိုသူတို့မှာလည်း ဇာတ်စင်ပေါ်တက်တနေသူရှိ၍ အောက်၌မိတ်ကပ်လိမ်းသူ၊ အဝတ်အစားပြင်ဆင်ဝတ်နေသူများရှိကြ၏၊ ထိုလူကြီးနှင့် အမျိုးသမီးကြီးနှစ်ဦးသည် ဣန္ဒြေရစွာဖြင့် ဇာတ်သမများ၏အခန်းများ၌ ခေတ္တမျှရပ်ကာ လှေ့လာကြည့်ရှုနေကြလေ၏။ စကားတစ်ခွန်းမျှပြောဆိုခြင်းမပြု ငြိမ်သက်စွာပင် လှည့်လည်ကြည့်ရှုနေရာ မကြာခင် ကျွန်ုပ်၏အခန်းသို့ရောက်လာ၏။

ထိုစဉ် ကျွန်ုပ်နှာခေါင်းဝတွင် မွှေးကြိုင်သောပန်းရနံ့များတို့ရှူရှိုက်မိလာ၏။ တစ်ခါမျှ မရှူရှိုက်ဖူးသောအမွှေးရနံ့များဖြစ်သောကြောင့် ကျွန်ုပ်မှာ အမွှေးရနံ့လာရာသို့မှန်းဆ၍ လှေ့လာကြည့်ရာ ထိုညှော်စိမ်းလူကြီးနှင့် အမျိုးသမီးကြီးထံမှဖြစ်ကြောင်း သတိပြုမိလေ၏၊ ထိုအခါ ကျွန်ုပ်ကိုယ်တွင် ကြက်သီးမွေးညင်းများထသွားမိ၏၊ ထို့ပြင် ထိုလူကြီးနှင့် အမျိုးသမီးကြီးတို့ကိုကြည့်ရသည်မှာ ရှေးခေတ်ဟောင်းအဝတ်အစားများ ဝတ်ဆင်ထားခြင်းကြောင့် ကျွန်ုပ်စိတ်ထဲ တစ်မျိုးဖြစ်ကာ ဘဝင်မကျဖြစ်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်ုပ်ထပ်မံစဉ်းစားမိပြန်သည်မှာ ကျွန်ုပ်တို့ရောက်ရှိနေသောအရပ်ဒေသမှာ ကျေးလက်တောရွာအရပ်ဖြစ်နေသည်ကတစ်ကြောင်း၊ ကျေးတောရွာနေ လူကြီးသူမတို့သည် မြန်မာ့ရိုးရာအမွေအနှစ်များကို နှစ်သက်မြတ်နိုးတတ်ကြသည့်အကြောင်းကိုတွေးကာ ဆွေစဉ်မျိုးဆက် ရိုးသားစွာဖြင့် ရှေးမူမပျက် မိမိတို့နှစ်သက်ရာ ဝတ်စားဆင်ယင်နေကြတာပဲဟူ၍သတ်မှတ်ကာ ကျွန်ုပ် ၏စိတ်ကိုဖြေလျှော့လိုက်မှ ကျွန်ုပ်မှာ သက်သာစွာနေရ၏။ ထိုစဉ် ထိုညွှန်စိမ်းနှစ်ဦးသည် ကျွန်ုပ်အနီးသို့ရောက်လာကာ ကျွန်ုပ်ရှေ့၌ ရိုကျိုးစွာမတ်တပ်ရပ်လိုက်ကြ၏၊ ပြီးမှ ကျွန်ုပ်မျက်နှာအား သေချာစွာကြည့်ကာ. . .

“ဒီက ညီအစ်ကိုတော်က ဒီဇာတ်ပွဲရဲ့ ဇာတ်ဆရာဟုတ်ပါတယ်နော်”

ဟူ၍ပြောလိုက်ရာ ကျွန်ုပ်၏ခြေလှမ်းမှာ နောက်သို့အသာ အယာတွန့်ဆုတ်မိသွား၏၊

“ဩော်. . ဒီက ညီအစ်ကိုတော်က ကျုပ်တို့ကိုအံ့ဩနေတယ်ထင်ပါ့၊ ဇာတ်ဆရာဆိုတာ ဇာတ်အဖွဲ့မှာခေါင်းဆောင်လေ၊ ဒီဇာတ်အဖွဲ့မှာ ဇာတ်ဆရာဆိုလို့ ညီအစ်ကိုတော်တစ်ယောက်ပဲရှိတာမဟုတ်လား၊ ကဲ. . ဒါတွေထားပါလေ၊ လာရင်းကိစ္စလေးပြောရအောင်၊ ဒါနဲ့ ဟောဒီက ကျုပ်ရဲ့နှမနဲ့ မိတ်ဆက်ပေးရဦးမယ်၊ သူ့နာမည်က မြကြာဖြူတဲ့၊ ကျုပ်နာမည်ကတော့ သျှောင်တစ်ထုံးနဲ့



မောင်ဘုန်းလို့ပဲမှတ်လိုက်ပါ၊ ဇာတ်ဆရာအမည်က ဦးမိုးကျော်မဟုတ်လားဗျာ”

“ဩော်. . ဟုတ်. . ဟုတ်ကဲ့ပါခင်ဗျ”

ကျွန်ုပ်မှာ သျှောင်တစ်ထုံးနှင့် မောင်ဘုန်းဟုခေါ်တွင်သောလူကြီး၏ နှုတ်သွက်အာသွက်စကားများကို အံ့အားသင့်နေမိရာ အလန့်တကြားပင် ပြန်၍ဖြေလိုက်ရ၏။ ထိုအခါ ဦးမောင်ဘုန်းက ဆက်၍ပြော၏။ ကျွန်ုပ်မှာကား တွေတွေငေးငေးဖြစ်နေမိ၏။ အိပ်မက်မက်နေသည်အလားထင်မိ၏။

“ကဲ. . ဒါဆိုရင် လိုရင်းကိစ္စပဲပြောကြရအောင်၊ ကျုပ်တို့မောင်နှမလာရတဲ့ကိစ္စကတော့ ညီအစ်ကိုတော်ရဲ့ဇာတ်ပွဲကိုငှားချင်တဲ့ကိစ္စပါပဲ”

“ဟုတ်ပါတယ် မောင်ကြီးရယ်၊ ကျွန်မတို့က မောင်ကြီးတို့ရဲ့ဇာတ်ပွဲကို ကြည့်ရတာမဝနိုင်ဖြစ်နေတယ်၊ ပြီးတော့ ကျွန်မတို့နဲ့အတူနေကြတဲ့ ရွာသူရွာသားတွေကိုလည်း ကြည့်စေချင်လို့ပါ၊ ဘယ့်နှယ့်လဲ၊ ကျွန်မတို့ပွဲငှားတာကို လက်ခံမယ်မဟုတ်လားဟင်”

မြကြာဖြူဆိုသောအမျိုးသမီးကြီးက ပြောဆိုရင်းမှ တွေငေးနေမိသော ကျွန်ုပ်၏လက်တစ်ဖက်ကို သူ၏လက်ဖြင့်ပုတ်ခတ်ပြောဆိုလိုက်မှ ကျွန်ုပ်မှာ အိပ်မက်မက်နေရာမှနိုးလာသူတစ်ဦးပမာသတိပြန်ဝင်လာလေ၏။ ထို့ကြောင့်. . .

“ဩော်. . အားနာစရာကောင်းလိုက်တာဗျာ၊ လမ်းမှာ

www.burmeseclassic.com

www.burmeseclassic.com



မတ်တတ်ရပ်ပြီးပြောနေရတယ်၊ လာပါ. . ကြွပါ၊ ကျွန်တော့်အခန်းထဲမှာ အေးအေးဆေးဆေးဆွေးနွေးကြတာပေါ့၊ နောင်ကြီးတို့ပြောတဲ့ကိစ္စကို ကျွန်တော်ကူညီဆောင်ရွက်ပေးနိုင်မှာပါ. . လာပါ"

ကျွန်ုပ်က ပြောပြောဆိုဆိုဖြင့် အနီးရှိ ကျွန်ုပ်အခန်းထဲသို့ ဝင်ရန် ကာထားသောလိုက်ကာစကိုဖွင့်ပေးကာ ထိုလူကြီးနှင့် အမျိုးသမီးကြီးနှစ်ဦးအား ဝင်စေလိုက်၏။ အခန်းတွင်း၌ဝင်ထိုင်မိကြသောအခါ ကျွန်ုပ်ကပင် စတင်ကာ ဇာတ်လမ်းပြန်စရ၏။ ထိုစဉ်က ပွဲငှားမည်ဟူသောစကားသံကြားမိသည်နှင့် ကျွန်ုပ်မှာ ဝမ်းသာနေခဲ့ရ၏။ သို့သော် ကျွန်ုပ်ကိုယ်မှာ သွက်လက်လန်းဆန်းခြင်းမရှိဘဲ ထုံထိုင်းမှုဝေလျက်ရှိနေ၏။ ထို့ကြောင့် ပွဲငှားမည့်ကိစ္စပျက်သွားမည်စိုးသောကြောင့် ကျွန်ုပ်ကပင် ပွဲငှားမည့်ကိစ္စကို ပြန်၍အစဖော်ရခြင်းဖြစ်ပေ၏။

"ဒီည နောက်ဆုံးညဆိုတော့ မနက်ဖြန်ဆိုရင် ကျွန်တော်တို့ဇာတ်အဖွဲ့အားပါပြီ"

"ဒီလိုဆိုရင် မနက်ဖြန် ကျုပ်တို့ဆီမှာကဖို့ မနက်စောစောကျုပ်တို့လာကြိုပါ့မယ်"

"ကျွန်တော်တို့အဖွဲ့က နောင်ကြီးတို့ဆီမှာ ဘယ်နှစ်ညကပေးရမှာလဲခင်ဗျ"

"ဒါကတော့ ညီအစ်ကိုတော်တို့ပေါ်မှာ မူတည်ပါတယ်၊



ညီမောင်တို့ကမယ်ဆိုရင် ကျုပ်တို့ဆီက ကြည့်မယ့်သူတွေများပါတယ်"

"ပွဲကြည့်ပရိသတ်နည်းမှာကိုတော့ မပူပင်မကြောင့်ကြပါနဲ့ရှင်၊ ပြီးတော့ မောင်ကြီးတို့အဖွဲ့အတွက် သွားရေးလာရေး၊ စားရေးသောက်ရေးကအစ ကျွန်မတို့မောင်နှမက တာဝန်ယူပါတယ်"

"ဟုတ်ကဲ့. . ကျွန်တော်တို့ဇာတ်အဖွဲ့ရဲ့ညကြေးက တစ်ညကို ငါးသောင်းခွဲပါ၊ ညကြေးအဆင်ပြေအောင်ပေးနိုင်မယ်ဆိုရင်တော့ ကျွန်တော်တို့လိုက်ကဖို့ဝန်မလေးပါဘူး"

"ဟုတ်ပေသားပဲ. . ဇာတ်ကြေးပိုက်ဆံပေးရမှာပေါ့၊ ရပါတယ်. . ရပါတယ်"

သျှောင်တစ်ထုံးနှင့် မောင်ဘုန်းဆိုသူလူကြီးက ခေါင်းတဆတ်ဆတ်နှင့်ညိတ်၍ပြောရင်းမှ ကျွန်ုပ်၏အခန်းတွင်းမှ ရုတ်ချည်းထကာ အပြင်သို့ထွက်သွားလေ၏။ မကြာမီ ကျွန်ုပ်တို့ရှိရာအခန်းသို့ပြန်ရောက်လာ၏။ သူ၏လက်ထဲတွင် ငွေစက္ကူအထုပ်လိုက်ပါလာသည်ကို ကျွန်ုပ်လှမ်းမြင်တွေ့ရရာ ကျွန်ုပ်မှာ အံ့အားသင့်ကာ ကြောင်ငေးကြည့်နေမိ၏။

"ကဲ. . ရော့.ယောဒီက ညီအစ်ကိုတော်တို့ဇာတ်အဖွဲ့အတွက် ညကြေး၊ လိုတာကတော့ နောက်မှရှင်းကြတာပေါ့၊ မနက်ဖြန်မနက်မှာ ကျုပ်တို့ မောင်ရင်တို့အဖွဲ့ကိုလာခေါ်မယ်၊ အဆင်သင့်သာပြင်ထားကြပေတော့၊ ကဲ. . ညီမလေး တို့တစ်တွေပြန်ကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် အစ်ကိုကြီးတို့လာခေါ်ရင် လိုက်ဖြစ်အောင် လိုက်ခဲ့ကြပါနော်၊ ကျွန်မတို့ကတော့ မောင်ကြီးတို့ဇာတ်အဖွဲ့ လာကမယ်ဆိုတဲ့အကြောင်း ကျွန်မတို့ဆီကလူတွေသိအောင် ကြိုပြီးပြောထားလိုက်မယ်၊ သွားပြီနော် မောင်ကြီး"

သျှောင်တစ်ထုံးမောင်ဘုန်းနှင့် မြကြာဖြူဆိုသော မောင်နှမနှစ်ဦးမှာ ကျွန်ုပ်ကိုနှုတ်ဆက်ပြီးနောက် ကျွန်ုပ်၏အခန်းတွင်းမှ ချက်ချင်းထထွက်သွားလေ၏။ စက္ကန့်ပိုင်းမျှသာရှိလိမ့်မည်၊ ကျွန်ုပ်စိတ်ထဲ သက်ာမကင်းဖြစ်မိ၍ အခန်းတွင်းမှ ချက်ချင်းထွက်ကာ စောစောကထွက်သွားသည့် မောင်နှမ နှစ်ဦး၏နောက်သို့ လိုက်ကြည့်မိ၏၊ ဇာတ်ရုံထဲ၌မတွေ့ရ၍ ဇာတ်ရုံနောက်ပေါက်မှထွက်ကာ ဘေးဘီဝဲယာသို့လှမ်းမျှော်ကြည့်၏၊ ထိုသူတို့၏အရိပ်အယောင်ကိုမျှ မမြင်ရတော့။ မြင်းတစ်ကောင်၏ပြေးသွားနှုန်းထက်ပင် မြန်ဆန်သောခြေလှမ်းပိုင်ရှင်များဖြစ်လိမ့်မည်ဟူ၍သာ ကျွန်ုပ်စိတ်ထဲတွေးကျန်ခဲ့မိပါလေ၏၊

◆ ◆ ◆

ကျွန်ုပ်တို့ဇာတ်အဖွဲ့ နောက်ပိုင်းဇာတ်ထုပ်ကြီးကနေစဉ်မှာပင် သျှောင်တစ်ထုံးမောင်ဘုန်းဆိုသောလူကြီးနှင့်အတူ လူလေးငါးယောက်မျှပါရှိသော ပွဲကြိုများရောက်နှင့်နေကြ၏။ ထို့ကြောင့် ကျွန်ုပ်တို့ဇာတ်အဖွဲ့သူ အဖွဲ့သားအချို့မှာ မိမိတို့၏ပစ္စည်းပစ္စယများကိုသိမ်းဆည်းထားကြရ၏၊ ဇာတ်စင်ပေါ်၌ကပြနေကြသော ဇာတ်သူ



ဇာတ်သားအချို့မှာလည်း ပွဲကူးရမည်ကို ကြိုတင်သိရှိထားသောကြောင့် ဇာတ်ထုပ်ကို အမြန်ပြီးစီးအောင် တက်သုတ်ရိုက်ကာ ကပြနေကြ၏။

အရှေ့ယွန်းယွန်းဆီမှ ရောင်နီဦးက ပို့အန်ထွက်လာမည့်အရိပ်အယောင်များပြနေ၏။ မကြာမီ ဇာတ်ထုပ်ကြီးကပြပြီးစီးသွားပြီဖြစ်ကြောင်း ဗျာခေါက်ကာ ဇာတ်ပွဲပြီးကြောင်း သင်္ကေတသံပေး၍နေ၏၊ ဇာတ်သူဇာတ်သားအားလုံးမှာလည်း ပွဲကူးရမည်မို့ ပျော်ရွှင်ကာ မိမိတို့၏အထုပ်အပိုးများကိုပြင်ဆင်ကာ အသင့်စောင့်နေကြ၏။ ဇာတ်ရုံနောက် အပြင်ဘက်တွင်ကား ပွဲကြိုလာသည့် နွားလှည်းတန်းကြီးကို ကြည့်မဆုံးအောင်မြင်ရ၏။ ထိုစဉ် . . .

"ဇာတ်ဆရာ . . ကျွန်တော်တို့ အခု ဘယ်ရွာမှာသွားပြီးကရမှာလဲ"

ပြဇာတ်မင်းသား ကိုစိမ်းအောင်က ကျွန်ုပ်၏အနီးသို့ကပ်၍ တီးတိုးမေး၏။ ထိုအခါမှ ကျွန်ုပ်မှာ ခေါင်းနားပန်းကြီးသွားရ၏၊ မနေ့ကလာသော ပွဲငှားသူဦးမောင်ဘုန်းတို့မောင်နှမမှာ ဇာတ်ကြေးစရန်ငွေပေးသွားခဲ့သော်လည်း စာချုပ်ချုပ်ဆိုသွားခြင်းမရှိ။ ရွာအမည်ကိုလည်း ပြောမသွားခဲ့၊ ထို့ပြင် ဘယ်နှစ်ညကပြပေးရမည်ကိုလည်း အတိအကျပြောမသွားဘဲ ဇာတ်ပွဲလိုက်ကပေးရန်သာ တတွတ်တွတ်ပြောပြီးပြန်သွားခဲ့၏၊ ထိုသူတို့ပြန်သွားမှ ကျွန်ုပ်မှာ ရွာအမည်မေးရန်မေ့သွားမှန်း သတိရ၏၊

www.burmeseclassic.com

www.burmeseclassic.com



သို့စေကာမူ စရန်ငွေကြိုပေးသွားသည့်အပြင် ပွဲကြိုလာသည် ဖြစ်လေရာ ရွာအမည်မသိသော်လည်း အရေးမကြီးမှန်းသိ၍ ကျွန်ုပ်မှာစိတ်ပေါ့ပေါ့ပင်ထားလိုက်၏။ ယခု ကိုစိမ်းအောင် ထပ်လာပြောမှ ကျွန်ုပ်စိတ်ထဲ တစ်မျိုးတစ်မည်ထင့်သွား၏။ ထို့ကြောင့် ဦးမောင်ဘုန်းအနီးသို့သွားကာ. . .

"နောင်တော်ကြီး. . အခု ကျွန်တော်တို့သွားကရမယ့် နောင် တော်ကြီးတို့ရွာအမည်က ဘယ်လိုခေါ်ပါသလဲခင်ဗျ"

"ကုက္ကိုလ်ကုန်း"

ဦးမောင်ဘုန်းစကားသံကြားပြီးသည့်နောက်ပိုင်း ကျွန်ုပ်မှာ တွေဝေသွားရ၏။ ထို့ကြောင့် နောက်ပိုင်းဆက်မေးမည့်စကားတို့မှာ နှုတ်ပိတ်သွားရ၏။ သူ့အမိန့်သံကိုသာ နားစွင့်နေမိ၏။

"ကဲ. . ကဲ. . ကျုပ်တို့ အချိန်ရှိတုန်း သွားကြရအောင်၊ အဆင်သင့်ဖြစ်ရင် လှည်းပေါ်တက်ကြ၊ ဒီက ညီအစ်ကိုတော် ဇာတ်ဆရာလည်း လှည်းပေါ်တက်၊ ကဲ. . သွားကြမယ်ဟေ့"

သျှောင်တစ်ထုံးမောင်ဘုန်းဆိုသူက နွားလှည်းပေါ်သို့ စတင် တက်ရင်း ကျွန်ုပ်ကိုလည်း တက်စေလိုက်၏။ ပြီးနောက် စီတန်းရပ် ထားသည့် ကျွန်ုပ်တို့နောက်ဘက်ရှိ နွားလှည်းမောင်းသမားတို့အား ကျယ်လောင်စွာအော်ပြော၍ အမိန့်ပေးလိုက်၏။ သူ၏အမိန့်ပေး သံဆုံးသည်နှင့် ကျွန်ုပ်စီးသော ရှေ့ဆုံးမှနွားလှည်း စတင်မောင်းနှင် လိုက်ရာ နောက်မှနွားလှည်းများလည်း မောင်းလိုက်လာကြ၏။



"တောက်. . ဒီနွားတွေ တယ်နှေးပါလား. . တယ်"

နွားလှည်းမောင်းသူ၏ကြိမ်းမောင်းသံမဆုံးမီမှာပင် ပြေး ထွက်သွားသော နွားလှည်း၏အမြန်နှုန်းကြောင့် နွားလှည်းစီးရသည် နှင့်မတူတော့၊ လေယာဉ်ပျံစီး၍ သွားရသည့်နှယ်ထင်ရ၏။ တစ်ခါ တရံ လေဟာပြင်တစ်ခုခုကို ဖြတ်သွားသလိုခံစားရ၏။ သို့သော် ကျွန်ုပ်ကိုယ်ကား ယိုင်လဲမသွား။ ထို့ကြောင့် ကြောက်စိတ်ဝင်မိကာ ကျွန်ုပ်နောက်ဘက်ရှိ နွားလှည်းတန်းကိုလှမ်းမျှော်ကြည့်မိ၏။

ကျွန်ုပ်စီးသောနွားလှည်းနောက်မှကပ်ပါလာသော နွားလှည်း တန်းကြီးမှာလည်း နွားလှည်းပေါင်းအစီးနှစ်ဆယ်ကျော်၊ သုံးဆယ် နီးပါးမျှရှိမည်ထင်ရ၏။ ထိုနွားလှည်းအားလုံးသည်လည်း ကျွန်ုပ် စီးသောနွားလှည်းနောက်မှ ထပ်ကြပ်မခွာလိုက်လာနေကြ၏။ မကြာမီ တောအုပ်၊ လွင်ပြင်၊ တောင်ကုန်းများကို အဆင့်ဆင့်ဖြတ်ကျော်ပြီး နောက် ကုက္ကိုလ်ပင်များအုံ့ဆိုင်းလျက် သာယာမွေ့ယော်ကောင်းသော ရွာတစ်ရွာသို့ ဆိုက်ရောက်လာ၏။

"ကဲ. . ကျုပ်တို့ရွာတော့ရောက်ပြီ ညီအစ်ကိုတော်တို့အဖွဲ့က ဇာတ်ပစ္စည်းတွေယူပြီး ဇာတ်ပွဲကဖို့ပြင်ဆင်မပေတော့၊ မကြာခင်မှာ အားလုံးနံနက်စာစားဖို့ ကျုပ်တို့လာပို့ပေးပါမယ်၊ ကျုပ်တို့ကိုတော့ ခေတ္တခွင့်ပြုကြဦး၊ ညီအစ်ကိုတော်တို့အားလုံးအတွက် စီစဉ်ပေးစရာ လေးတွေရှိသေးလို့"

"ကောင်းပါပြီခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း ဦးမောင်ဘုန်း၏ပြောစကားအရ လှည်းပေါ်မှ တတ်ဝန်စည်းများကိုချပေးကာ တတ်စင်ရှိရာသို့ တတ်သမားတို့ကို လာစေလိုက်၏။ တတ်စင်ထိုးပေးထားသော်လည်း တတ်ခုံဆောက်ထားခြင်းမရှိပေ။ ထို့ကြောင့် ကျွန်ုပ်တို့ကပြရမည့် တတ်ပွဲမှာ ဗလာပွဲ ဖြစ်ကြောင်း ကျွန်ုပ်သိလိုက်ရ၏။ ကျွန်ုပ်နည်းတူ ကျွန်ုပ်၏အဖွဲ့သားအားလုံးလည်း သိပြီးဖြစ်၏။

ကျွန်ုပ်တို့တတ်အဖွဲ့မှာ ဗလာပွဲကသောတတ်အဖွဲ့မဟုတ်ပေ။ သို့သော် တစ်ခါတရံ ပွဲငှားသူ၏အကြိုက်ကိုလိုက်၍လည်းကောင်း၊ လှူမှုရေးအရလည်းကောင်း ဗလာပွဲကပေးခြင်းတော့ရှိခဲ့ဖူး၏။

ယခုလည်း ကျွန်ုပ်တို့တတ်အဖွဲ့အား မြတ်နိုးစွာကြည့်ချင်မြင်ချင်သည်ဟု တောင်းဆိုသည်ကတစ်ကြောင်း၊ ကျွန်ုပ်တို့တတ်အဖွဲ့၏တတ်ကြေးကိုလည်း ကျွန်ုပ်တောင်းဆိုသမျှပေးရေးသည်ကတစ်ကြောင်းဖြင့် ကျွန်ုပ်မှာ ဘုမသိဘမသိ တတ်ကရန်လိုက်လာခဲ့ခြင်းဖြစ်၏။ ကရမည့်နေရာရောက်မှ ဗလာပွဲကပြရမည်ဖြစ်ရာမြင်၍မရတော့မှန်းသိတော့၏။

ထို့ကြောင့် တတ်စင်အောက်ရာလည်တွင် တတ်သူတတ်သားများအတွက် နေရာထိုင်ခင်းပေးခြင်း၊ ညမိုးချုပ် တတ်ကရန်အတွက် တတ်ခွင် (ကန့်လန့်ကာ၊ မီးတတ်၊ ဆိုင်းဝိုင်း၊ စော်ပေါ် တီးဝိုင်း)တို့ သူ့နေရာနှင့်သူ ခင်းဝင်ခွင်ကျဖြစ်စေရန် နေရာပေး



စီစဉ်ရ၏။ ထိုသို့ ကျွန်ုပ်တတ်ခွင်စီစဉ်နေစဉ်မှာပင် မိန်းမပျိုငါးဦး ရောက်လာကာ ကျွန်ုပ်တို့အားလုံးစားသောက်ရန် အစားအသောက်များစီစဉ်ပေး၏။ ရောက်လာသည့်မိန်းမပျိုငါးဦးစလုံးသည် ကျွန်ုပ်တို့တတ်အဖွဲ့ထဲမှ မိန်းမပျိုများထက်ပင် အစေအရာရာသာ၍ ချောမောပြေပြစ်လှပနေ၏။

တတ်သူတတ်သားအားလုံးမှာ ထိုအမျိုးသမီးငါးဦးကိုကြည့်၍ ငေးကြွစွာငေးသက်နေမိကြ၏။ အထူးသဖြင့် ယောက်ျားတတ်သားများက ပို၍ငေးမောကာ သဘောအကျကြီးကျနေလေ၏။ ထိုအမျိုးသမီးငါးဦးလုံးမှာ မနေ့က ကျွန်ုပ်ဆီသို့လာသွားသည့် မြိုင်ကြာမြိုင်ဆို သောအမျိုးသမီးကြီး၏ ဝတ်စားဆင်ယင်ပုံအတိုင်း၊ ရှေးခေတ်အဝတ်အစားများ ဝတ်ဆင်ထားကြ၏။ ထိုမိန်းမပျိုလေးများ၏ အသားအရေမှာ ဝင်းစိုနေ၏။ သူတို့ကိုယ်မှ မွှေးကြိုင်သောရနံ့များကိုရှူရှိုက်ရ၏။ ထိုမိန်းမပျိုများမြင်ဆင်ကျွေးမွေးသော ထမင်းဟင်းတို့မှာလည်း လွန်စွာမြိန်ယှက်မွှယ်ကောင်း၍ စားချင်စဖွယ်ဖြစ်ကာ စား၍လည်းအရသာရှိ၍ စားကောင်းလှ၏။

ကျွန်ုပ်တို့တတ်အဖွဲ့သူ အဖွဲ့သားများမှာ ထိုသို့သော မြိန်ယှက်မွှယ်ကောင်းသည့်အစားအစာများ စားသောက်ခဲ့ရသည်မှာ ကြာမြင့်ဖြစ်ရာ အားလုံးလိုလို ဝေါင်းမမော်အောင်စားကြတော့၏။ ထမင်းစားပြီးသည့်အခါ အချိုတည်းစရာ သစ်သီးများလည်းကျွေး မြိန်ရာ ကျွန်ုပ်တို့အဖွဲ့သည် နတ်သုဓာစားနေရသည့်ပမာ ထင်

www.burmeseclassic.com

www.burmeseclassic.com



မှတ်မှားကြတော့၏၊ မိန်းမပျိုငါးဦးကား ကျွန်ုပ်တို့အဖွဲ့အားကျွေးမွေးပြီး မကြာခင်မှာပင် ဇာတ်ရုံမှပြန်သွားကြ၏။ ကျွန်ုပ်တို့အဖွဲ့သားအားလုံးကား စားကောင်းသောက်ဖွယ်များစားပြီးသည့်ခဏငိုက်မျှေးလာကြကာ မကြာမတင်မှာပင် အလျှိုလျှိုအိပ်ပျော်သွားကြတော့၏။

"ဇာတ်ဆရာ . . ဇာတ်ဆရာ . . ထကြည့်ပါဦး"

ဆူဆူညံညံအသံများနှင့် ကျွန်ုပ်အား လှုပ်နှိုးခေါ်နေသောအသံကြောင့် ကျွန်ုပ်အိပ်ရာမှလန့်နိုးလာရ၏။ ကျွန်ုပ် မည်မျှအိပ်ပျော်သွားသည်ကို ကျွန်ုပ်မမှတ်မိချေ။ ကျွန်ုပ်အိပ်ရာမှထ၍မျက်လုံး ဖွင့်ကြည့်မိသောအခါတွင် ဇာတ်အဖွဲ့သူအဖွဲ့သားများမှာဟိုတစ်စု သည်တစ်စုဖြင့် အိပ်ပျော်နေကြဆဲရှိ၏။

ကျွန်ုပ်အား လာရောက်နှိုးခေါ်သည့် တားဆွဲမောင်အောင်နှင့် လူရှင်တော်ကောင်းမွန်တို့နှစ်ဦးသာလျှင် အိပ်ရာမှနိုးနေသည်ကိုတွေ့ရ၏။ ထို့ပြင် ကျွန်ုပ်နှင့်မနီးမဝေးတွင် ရွာသူရွာသားအချို့ဝိုင်းအုံကြည့်နေသည်ကိုလည်း မြင်တွေ့ရပြန်ရာ ကျွန်ုပ်မှာ အိပ်ရာမှ အလျင်အမြန်ထလိုက်ရလေ၏။

"မောင်အောင် . . တို့တွေ ဘယ်လိုဖြစ်ကြတာတုန်း"

"ကျွန်တော်တို့လည်း ဘာမှမသိဘူး၊ ဇာတ်ဆရာလိုပဲ ကျွန်တော်တို့လည်း ဟောဟိုနေရာလေးမှာ အိပ်ပျော်နေပြီး အခုမှနိုးလာခဲ့ကြတာ၊ အိပ်ရာကနိုးတော့ ခုလိုလူတွေဝိုင်းအုံကြည့်နေလို့



ဇာတ်ဆရာကိုနှိုးလိုက်ရတာ"

လူရွှင်တော်ကောင်းမွန်က ကျွန်ုပ်အားရှင်းပြ၏။ သို့သော်မောင်အောင်ရော၊ ကောင်းမွန်ပါ ဂယနဏမသိကြလေရာ ကျွန်ုပ်မှာအကျိုးအကြောင်းစုံလင်စွာသိရှိရန် ရွာသူရွာသားအုပ်စုရှိရာသို့မေးမြန်းစုံစမ်းရန်သွားလိုက်၏။

"ခင်ဗျားက ဒီဇာတ်ပွဲက ဇာတ်ဆရာလား"

"ဟုတ်ပါတယ်၊ ကျွန်တော်က ဒီဇာတ်ပွဲက ဇာတ်ဆရာပါ၊ ကျွန်တော်တို့ ဒီကို ဘယ်လိုလုပ်ရောက်ခဲ့ကြတာပါလဲခင်ဗျာ"

ရွာသားတစ်ဦးက ဆီးကြိုမေးလိုက်သဖြင့် ကျွန်ုပ်ကပြန်ပြောကာ ထိုသူကိုပင် ကျွန်ုပ်သိချင်သောအကြောင်းကိုမေးမြန်းခြင်းပြုရ၏။ ကျွန်ုပ်၏အမေးကို ချက်ချင်းပြန်မဖြေ၊ ကျွန်ုပ်အား အတန်ကြာသည်ထိ မျက်မှောင်ကြုံ့ကြည့်နေပြီးမှ . . .

"ဒီရွာကို ခင်ဗျားတို့ကို ဘယ်သူခေါ်လာမှန်း ကျုပ်တို့လည်းမသိဘူး၊ ဒါပေမယ့် ခင်ဗျားတို့ ဟောဒီနေရာကိုရောက်နေတာတော့နှစ်ရက်ရှိသွားပြီ"

"ဗျာ . . ဒီနေရာမှာရောက်နေတာ နှစ်ရက်ရှိသွားပြီ . . ဟုတ်လား"

ရွာသား၏စကားကြောင့် ကျွန်ုပ်မှာအံ့အားသင့်ကာ သူစကားအတိုင်း လိုက်၍ညည်းတွားမိလေ၏။ ပြီးသော် ကျွန်ုပ်နောက်တော်ဘက်ရှိ ကျွန်ုပ်ဇာတ်အဖွဲ့သူ အဖွဲ့သားများထံသို့ လှည့်ကြည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



စူးစမ်းအကဲခတ်လိုက်၏။ ဇာတ်သူဇာတ်သားအချို့မှာ အလန့်တကြား နိုးလာကြကာ ကျွန်ုပ်တို့လူအုပ်စုရှိရာသို့ အပြေးလာနေကြ၏။ အချို့ကား အိပ်ပျော်ကောင်းဆဲရှိနေလေ၏။ ထို့ကြောင့် . . .

"ဟော့ . . မောင်အောင်နဲ့ ကောင်းမွန်၊ တို့အဖွဲ့က အိပ်ပျော်နေတဲ့လူတွေကို သွားပြီးနိုးလိုက်ကြကွာ၊ ပြီးရင် တို့အဖွဲ့သား အားလုံးတစ်စုတစ်ဝေးတည်း တစ်နေရာတည်းမှာစုနေကြပါလို့ ပြော . . ကြားလား"

ကျွန်ုပ်၏ခိုင်းစေမှုကြောင့် မောင်အောင်နှင့် ကောင်းမွန်တို့နှစ်ဦး ကျွန်ုပ်အနီးမှထွက်သွားကြကာ အိပ်ပျော်နေသည့်ဇာတ်အဖွဲ့သားများကို လိုက်လံနှိုးနေကြလေ၏။ ကျွန်ုပ်ကမူ အကျိုးအကြောင်းစုံလင်စွာသိရှိနိုင်ရန်အတွက် ကျွန်ုပ်ရှေ့ရှိ ရွာသူရွာသားများထံ ထပ်မံ၍စုံစမ်းမေးမြန်းခြင်းပြုရပြန်လေ၏။

"ဒါနဲ့ ဒီရွာက ဘယ်လိုခေါ်ပါသလဲခင်ဗျာ"

"ကုက္ကိုလ်ကုန်းရွာ"

"ဗျာ . . ကုက္ကိုလ်ကုန်းရွာ"

ကျွန်ုပ်ထံမှ အံ့အားသင့်သည့်စကားသံကြောင့် ရွာသူတစ်ဦးက လူအုပ်ကြားမှ ရှေ့သို့တိုးထွက်တာ ကျွန်ုပ်မျက်နှာအား စူးစိုက်စွာကြည့်လျက်ပြောလေ၏။

"ဒီနေရာက ကုက္ကိုလ်ကုန်းလေ၊ ကြည့်ပါလား . . ကုက္ကိုလ်ပင်



တွေအများကြီး၊ လူကြီးတွေတတော့ ဒီနေရာကို သိုက်တုန်းလို့ပြောကြတယ်"

"ဟုတ်တယ် . . ဒီနေရာအမည်တိုအစွဲပြုပြီး ကျုပ်တို့ရွာကို ကုက္ကိုလ်ကုန်းရွာလို့ခေါ်ခဲ့ကြတာပဲ၊ ဒါပေမယ့် ဒီနေရာက သိုက်တုန်းဖြစ်လို့ ကျုပ်တို့ရွာကလူတွေ ဒီကုန်းနေရာမှာနေဖို့နေနေသာသာ ဖြတ်တောင်မလျှောက်ကြဘူး၊ ဒီကုက္ကိုလ်ကုန်းနေရာကို ကြောက်ကြတယ်ဗျ"

"အေးဗျာ . . ဒီနေရာမှာမှ ခင်ဗျားတို့ဇာတ်ပွဲက လာနားရတယ်လို့၊ ကျုပ်တို့ရွာကသူတွေက ခင်ဗျားတို့ဇာတ်ပွဲရောက်လာကတည်းက ဘယ်နေ့ဇာတ်ပွဲကမလဲလို့ စောင့်ကြည့်နေကြတာ၊ လက်စသတ်တော့ ခင်ဗျားတို့ဇာတ်သူဇာတ်သားတွေက ဒီနေရာမှာလာပြီး အိပ်စက်အနားယူနေကြတာတိုး၊ တစ်ခုတော့ရှိတယ်နော်၊ ဒီနေရာမှာ ခင်ဗျားတို့ကြာကြာနေဖို့မသင့်ဘူး"

ရွာသူရွာသားတို့ တစ်ယောက်တစ်ပေါက်ဝင်ရောက်ပြောဆိုနေသံများကြောင့် ကျွန်ုပ်ဦးခေါင်းမှာ နောက်ကျိလာသကဲ့သို့ ကျွန်ုပ်ရင်မှာလည်း ပူလောင်လာရ၏။ ထို့ကြောင့် . . .

"ကျွန်တော်တို့ကတော့ ဒီနေရာကို ပွဲကဖို့ရောက်လာတာပါ၊ ကျွန်တော်တို့အဖွဲ့ကိုခေါ်လာတဲ့သူကို ကျွန်တော်တောင်းရောင်းမှတ်မိနေပါတယ်၊ ဒါပေမယ့် ဦးကြီးတို့ရွာက ရွာသားမတွေ့တာတို့တော့ ကျွန်တော် အခုမှသဘောပေါက်တယ်၊ သူတို့ပြောတွေ့ဖို့လည်း

www.burmeseclassic.com

www.burmeseclassic.com



လွယ်မယ်မထင်ပါဘူး၊ ဒါပေမယ့် အဲဒီလူ အမှတ်တရပေးထားခဲ့တဲ့ ပစ္စည်းတစ်ခု ကျွန်တော့်ဆီမှာရှိတယ်"

ကျွန်ုပ်က ပြောပြောဆိုဆို ကျွန်ုပ်၏အိပ်ရာလိပ်နှင့် သေတ္တာများထားရှိရာနေရာသို့သွားကာ ကျွန်ုပ်သိမ်းဆည်းထားခဲ့သော ပစ္စည်းတစ်ခုကို အမြန်ရှာယူလိုက်၏။ ထိုအချိန်တွင် ကျွန်ုပ်အနီးတစ်ဝိုက်သို့ ရွာသူရွာသားများနှင့် ဇာတ်သူဇာတ်သားများ ဝိုင်းအုံရောက်ရှိကာ ကျွန်ုပ်ကို အထူးအဆန်းသဖွယ် ဂရုတစိုက် ဝိုင်း၍ကြည့်ရှုနေကြလေ၏။ ထို့ကြောင့် သေတ္တာထဲမှ သိမ်းဆည်းထားသော ပစ္စည်းထုပ်ကိုကိုင်ကာ ကျွန်ုပ်လက်ဝါးပြင်ပေါ်တွင်တင်လျက် လူအများရှေ့တွင် တဖြည်းဖြည်းနှင့်ဖြည်ပြကာ နှုတ်မှလည်းပြောလိုက်၏။

"ဟောဒါ ကျုပ်တို့ကို ပွဲလာငှားသွားတဲ့ ဟောဒီကုက္ကိုလ်ကုန်းရွာကဆိုတဲ့ သျှောင်တစ်ထုံးမောင်ဘုန်းပေးသွားတဲ့ ရွှေမန်ကျည်းတောင့်တွေပဲ"

"ဘယ်မှာလဲ. . ရွှေမန်ကျည်းတောင့်၊ ဒါရွှေမန်ကျည်းတောင့်မှမဟုတ်ဘဲ၊ ရွှံ့မန်ကျည်းတောင့်တွေ"

"ဟုတ်တယ်. . ဒါရွှံ့မန်ကျည်းတောင့်တွေ"

အလန့်တကြားဝင်ရောက်ပြောဆိုလိုက်သော ရွာသူရွာသားများ၏စကားသံနှင့်အတူ ကျွန်ုပ်လက်ဝါးပြင်ပေါ်၌ရှိနေသော



မန်ကျည်းတောင့်များကိုကြည့်တာ ကျွန်ုပ်မှာ ရုတ်တရက်မှင်သက်မိကာ ရပ်ကြည့်နေမိလေ၏။

"ဇာတ်ဆရာ. . သူတို့ပြောတာမှန်တယ်၊ ဇာတ်ဆရာလက်ထဲကပစ္စည်းတွေက ရွှေမှမဟုတ်တာ၊ ရွှံ့မန်ကျည်းတောင့်တွေလေ၊ ခုတလော ဇာတ်ဆရာတစ်ယောက် အလွဲလွဲအချော်ချော်တွေဖြစ်နေတယ်"

"ဘာကွ"

ကျွန်ုပ်ဘေး၌ရပ်နေသော လူရွှင်တော်ထင်ကျော်၏စကားသံကြောင့် ကျွန်ုပ်မှာ ဒေါသဖြစ်မိကာ အလန့်တကြားအော်လိုက်မိ၏။ ထို့ကြောင့် ကျွန်ုပ်အနီးမှလူအချို့မှာ ကြောက်လန့်ကာ နောက်သို့ခြေလှမ်းဆုတ်သွားကြလေ၏။ ကျွန်ုပ်မှာ မည်သူ့ကိုမျှ စကားမပြောဘဲ ကျွန်ုပ်လက်ဝါးပြင်ပေါ်၌ရှိနေသော ရွှံ့မန်ကျည်းတောင့်များကို ဒေါသဖြစ်ဖြစ်နှင့် ဆုပ်နယ်ပစ်ကာ အနီးရှိမြေပေါ်သို့ပစ်ပေါက်လိုက်၏။ ပြီးနောက် မျက်မှောင်ကြုတ်စဉ်းစားကာ. . .

"ကဲ. . ငါကိုရူးတယ်လို့ပဲပြောပြော၊ နှမ်းတယ်လို့ပဲပြောပြော ငါကတော့ ဖြစ်ပျက်ခဲ့တာတွေကို အားလုံးမှတ်မိနေတယ်၊ အိပ်မက်လား၊ တကယ်လားဆိုတာကိုပဲ ငါခွဲခြားမရတာ၊ ဒီတော့ ငါ့အဖွဲ့ကလူတွေကို ငါမေးမယ်၊ မင်းတို့အမှန်အတိုင်းဖြေကြ"

ကျွန်ုပ်က စကားစတိုဖြတ်လျက် ကျွန်ုပ်အနီးရှိ ဇာတ်သူဇာတ်သားတစ်ဦးစီကို လိုက်လံကြည့်လိုက်၏။ ရွာသူရွာသားများ

www.burmeseclassic.com

www.burmeseclassic.com



ကမူ ကျွန်ုပ်၏အပြုအမူနှင့် အပြောအဆိုကို သိချင်ဇောဖြင့် အာရုံစိုက်လျက် ငေးကြည့်နေလေ၏။

"မနေ့ညက မင်းတို့တွေ ပွဲကလား၊ မကဘူးလား. . ဗျော"

ကျွန်ုပ်၏အသံက ကျယ်လောင်စွာထွက်ပေါ်သွား၏၊ ကျွန်ုပ်စကားကြောင့် ဇာတ်သူဇာတ်သားတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် အတန်ကြာတိတ်ဆိတ်နေကြ၏၊ စင်စစ် သူတို့အားလုံး အိပ်မက်မှ ရုတ်တရက်နိုးထလာသူများပမာ ဝေဝေဝါးဝါးဖြစ်နေကြသည်ကို ကျွန်ုပ်သတိပြုမိ၏၊ ထိုစဉ် ကျွန်ုပ်တို့ဇာတ် ထဲ၌ အသက်အကြီးဆုံးဖြစ်သော မိးဆရာကြီးဦးလှမောင်တဝင် ပြောလိုက်၏၊

"အင်း. . အဖြစ်အပျက်က အတော်တော့ထူးဆန်းတယ်၊ ကျုပ်တို့အားလုံး မနေ့ညက ဇာတ်ပွဲကရတယ်ဆိုတာတော့ အားလုံး သိနေတယ်၊ ဒါပေမယ့် အဲဒါ တကယ်လား၊ အိပ်မက်မက်နေခဲ့တာလားဆိုတာတော့ အတော်ခွဲခြားရခက်နေတယ်၊ တဲ. . ဇာတ်ဆရာ၊ ဒီကိစ္စကို ဒီမှာတင်ရပ်လိုက်ပါတော့၊ အရေးကြီးတာက ကျုပ်တို့အဖွဲ့ ဒီနေရာက အမြန်ဆုံးထွက်သွားကြဖို့ပဲ၊ ဒီနေရာက သိုက်တွန်းဖြစ်တာရယ်၊ ပြီးတော့ မြေကြမ်းတာရယ်ဆိုတော့ ကျုပ်တို့ဆက်နေဖို့မသင့်ဘူး"

"ဟုတ်တယ်. . ခင်ဗျားတို့ဇာတ်အဖွဲ့ ဒီနေရာက အမြန်ပြောင်းတာ အကောင်းဆုံးပဲ၊ ကျုပ်တို့ရွာထိပ်က ရွာဦးကျောင်း



ဓာက်မှာ ဓာတည်းလို့ရပါတယ်၊ ကျုပ်တို့ ဆရာတော်ကြီးကို ဝိုင်းပြီးလျှောက်ပေးမယ်"

"ဟုတ်တယ်. . အဲဒီအစီအစဉ်ကောင်းတယ်၊ ဖြစ်နိုင်ရင် ဆရာတော်ကြီးကျောင်းမှာပဲ ဇာတ်ပွဲတစ်ညကသွားပေးရင် ပိုတောင် အဆင်ပြေတယ်"

"အံမယ်လေးဟယ်. . သူများတွေဒုက္ခရောက်နေတာ၊ ညည်း တို့မှာလို ပျော်ဖို့စဉ်းစားကြတယ်၊ ဟင်း. . မပြောလိုက်ချင်ဘူး"

"တဲ. . တော်ကြတော့၊ တော်ကြတော့၊ ဇာတ်ဆရာ ကျုပ်တို့ အားလုံး ခင်ဗျားတို့အဖွဲ့ကို ကူပြီးသယ်ပေးပါ့မယ်၊ တဲ. . ကျုပ်တို့ ရွာသူရွာသားအားလုံး ဟောဒီဇာတ်အဖွဲ့ကို ရွာဦးကျောင်းအရောက် ဝိုင်းပြီးသယ်ပေးလိုက်ကြဟေ့"

တစ်ယောက်တစ်ပေါက်ပြောဆိုနေကြရာမှ ရွာလူကြီးတစ်ဦးက ရွာသူရွာသားများဘက် လှည့်ကာဆိုလိုက်၏၊ ထို့ကြောင့် ရွာသူရွာသားတို့မှာ အနီးအနားရှိ ဇာတ်သူဇာတ်သားတို့၏ အဝတ်အစားထုပ်၊ အိပ်ရာလိပ်များကို သယ်သူသယ်၍ ဇာတ်ပစ္စည်း (ကားခွင်၊ မီးခွင်၊ ဆိုင်းခွင်)တို့ ထမ်းပိုးကာ သယ်ဆောင်သွားကြလေ၏၊

ထို့ကြောင့် ကျွန်ုပ်နှင့် ဇာတ်သူဇာတ်သားတို့မှာ ပစ္စည်းများ သယ်ဆောင်သွားနေကြသော ရွာသူရွာသားများနောက်မှ ကပ်လျက် လိုက်ပါသွားကြရ၏၊ ဤသို့လိုက်ပါနေရင်းမှ ကျွန်ုပ်၏အာရုံထဲတွင် ကျွန်ုပ်တို့ဇာတ်အဖွဲ့အား ဤကုက္ကိုလ်တုန်းရွာသို့ခေါ်ဆောင်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြသည့် သျှောင်တစ်ထုံးမောင်ဘုန်းဆိုသောလူကြီးနှင့် သူ၏ညီမ မြကြာဖြူဆိုသောအမျိုးသမီးတို့၏ပုံရိပ်များမှာ အထင်းသားပေါ် လာလေ၏။

ထိုအခါ ကျွန်ုပ်တစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်းထသွားမိ၏။ ထို့ကြောင့် ထိုလူကြီးတို့မောင်နှမကို တွေ့လိုတွေ့ငြား လမ်းသွားရင်း အောဘီသို့ရှာဖွေကြည့်သော်လည်း ရွာဦးကျောင်းသို့ ရောက်သည့်တိုင်မတွေ့ရချေ။ ရွာဦးကျောင်း၌ ရွာသူရွာသားတို့ တောင်းဆိုမှုကြောင့် ဇာတ်ပွဲတစ်ညကပေးပြီး ထိုကုက္ကိုလ်ကုန်းရွာမှ ထွက်ခွာလာခဲ့သည့်တိုင် သျှောင်တစ်ထုံးမောင်ဘုန်းနှင့် မြကြာဖြူ တို့၏အရိပ်အယောင်ကိုမျှ မမြင်ခဲ့ရပါလေ။ သို့သော် ကျွန်ုပ်၏ မျက်စိအာရုံထဲတွင်ကား သျှောင်တစ်ထုံးမောင်ဘုန်းနှင့် မြကြာဖြူ တို့၏သဏ္ဌာန်မှာ လုံးဝကွယ်ပျောက်၍မရနိုင်လောက်အောင် ထင် ထင်ရှားရှား ပေါ်လွင်လျက်ရှိနေပါတော့သည်။

◆ ◆ ◆

## ကိုးသိန်းကိုးသန်းမှ ပွဲကြိုက်သူ

ကျွန်ုပ်တည်ထောင်သော ပန်းကမ္ဘာဇာတ်အဖွဲ့ ငပုတောမြို့ တွင် ကပြနေစဉ်အတွင်း ပွဲငှားများထပ်မံရောက်ရှိလာခဲ့ကြသည်။ ငပုတောအနောက်ဘက် ကိုးသိန်းကိုးသန်းဘုရားပွဲ၌ကရန် ပွဲငှား လာကြခြင်းဖြစ်၏။ ပွဲချိုသုံးချိုဖြစ်သည်။ ဇာတ်ပွဲကြေးကို ကျွန်ုပ်နှင့် ပွဲငှားတို့ညှိ၍ ပွဲငှားစာချုပ်ချုပ်ဆိုလိုက်ကြသည်။ ကျွန်ုပ်အားလည်း ဇာတ်ပွဲတစ်ညကြေး စရန်ပေးသွားကာ ပွဲငှားများပြန်သွားကြသည်။

ထို့ကြောင့် ကျွန်ုပ်တို့ဇာတ်အဖွဲ့သည် ငပုတောမြို့၌ သုံးည ဆက်ကပြီးနောက် ကိုးသန်းကိုးသန်းသို့ ဆက်၍ကူးလာခဲ့ကြသည်။ ကိုးသိန်းကိုးသန်းဘုရားမှာ ကိုးသိန်းကိုးသန်းတောင်ပေါ်တွင်တည် ထားခြင်းဖြစ်၏။ တောင်ခြေတွင် ရွာစုလေးများ ပြန့်ကျဲလျက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကိုးသိန်းကိုးသန်းတောင်မှာ ပြေလျှောစွာမြင့်တက်သွားခြင်းရှိရာ ရေဆိပ်မှ နှစ်မိုင်ခန့်သွားရ၏။ ထို့ကြောင့် ဇာတ်အဖွဲ့အနေဖြင့် ဝပုတောမှ ကိုးသိန်းကိုးသန်းရေဆိပ်သို့ မော်တော်ဖြင့်လာခဲ့ရ၏။

ကိုးသိန်းကိုးသန်းရေဆိပ်မှ တောင်ပေါ်ဘုရားသို့ ဇာတ်ပစ္စည်းများ တစ်ဆင့်သယ်ယူရန် ပွဲငှားအဖွဲ့မှ လှည်းအစီးပေါင်း (၂၆)စီးဖြင့်စောင့်နေလေသည်။ နွားလှည်းများစီတန်းရပ်ထားသည်ကို မြင်ရသည့်ခဏ ကျွန်ုပ်တို့ဇာတ်အဖွဲ့သားများမှာ ပျော်ရွှင်မြူးထူးသွားကြသည်။ အဘယ်ကြောင့်ဆိုသော် တစ်နှေလုံး ဇာတ်ပွဲလိုက်လာခဲ့ကြသည့်အဖွဲ့သားများမှာ ကားလမ်း၊ ရေလမ်းခရီးတို့တွင် မော်တော်ကား၊ လှေသမ္ဗာန်များစီး၍သာလျှင် ခရီးသွားခဲ့ကြရ၏။ ယခုကဲ့သို့ နွားလှည်းစီးခွင့်မှာ မကြုံဖူးခဲ့ပေ။

ကျွန်ုပ်တို့ဇာတ်အဖွဲ့အား လာရောက်ကြိုဆိုသည့် နွားလှည်း(၂၆)စီးနှင့် ပွဲကြိုလူများ၊ ကျွန်ုပ်တို့ဇာတ်အဖွဲ့မှ အဖွဲ့သားများဖြင့် ကိုးသိန်းကိုးသန်းရေဆိပ်မှာ အလွန်စည်ကားသွားလေသည်။ တောရွာဆန်သော ဘုရားပွဲတစ်ခု၏မြင်ကွင်းကို ရှားပါးစွာတွေ့မြင်ရခြင်းကြောင့် ကျွန်ုပ်ရင်မှာ ကြည်နူးသွားရ၏။ ကိုးသိန်းကိုးသန်းရေဆိပ်သို့ ကျွန်ုပ်တို့ဇာတ်အဖွဲ့ရောက်သွားသည့်အချိန်မှာ ညနေသုံးနာရီထိုးလေပြီ။

"ဇာတ်ဆရာကို ကျွန်တော်တစ်ခုတော့ မှာထားရဦးမယ်၊



ဇာတ်ဆရာရဲ့အဖွဲ့သားတွေကိုတော့ ဇာတ်ဆရာ သေသေချာချာ မှာထားပေးပါ၊ ဒီကိုးသိန်းကိုးသန်းနယ်မြေက အမှားမခံဘူး၊ သွားတာလာတာ၊ စားတာသောက်တာတအစ အပြောအဆို၊ အနေအထိုင်အားလုံးကို ဆင်ဆင်ခြင်ခြင်နေကြပါလို့၊ ဘာဖြစ်လို့လဲဆိုတော့ ဒီနယ်မြေဟာ သိုက်နန်းနယ်မြေဖြစ်လို့ပဲ၊ တော်ကြာ ကျွန်တော်ကြိုမပြောဘူးဖြစ်မှာစိုးလို့ ခုလိုကြိုပြောရတာ၊ ခုလိုပြောလို့လည်း ဘာမှမကြောက်နဲ့၊ ကိုယ်က ဘာမှမလုပ်ရင် ဘာမှမဖြစ်ဘူးပေါ့ဗျာ"

ပွဲငှား၏သတိပေးစကားကြောင့် ကျွန်ုပ်မှာ ကြက်သီးမွေးညင်းပင်ထသွားရ၏။ မကြာမီပင် ရေဆိပ်မှ လှည်းတန်းကြီးသည် ကိုးသိန်းကိုးသန်းတောင်ပေါ်သို့ ဦးတည်မောင်းနှင်လာလိုက်ကြ၏။

နွားလှည်းစီးခွင့်ကြုံရခြင်းကြောင့် ပျော်ရွှင်ကြည်နူးနေကြသော ဇာတ်အဖွဲ့သားများကို နွားလှည်းအသီးသီးပေါ်၌ လှမ်းမြင်နေရ၏။ ကျွန်ုပ်မှာကား ပွဲငှား၏စကားကြောင့် ရတက်မအေးနိုင်ဖြစ်ရ၏။ ကျွန်ုပ်၏ဇာတ်အဖွဲ့တွင် လူပေါင်း(၅၀)ကျော်ခန့်ပါရှိရာ တစ်ဦးနှင့်တစ်ဦးမှာ အပြောအဆို၊ အနေအထိုင်မှအစ အကျင့်စရိုက်များကလည်း မတူညီကြသည်ကများ၏။ အချို့မှာယဉ်ကျေးသိမ်မွေ့၍ ဘာသာရေးကိုင်းရှိုင်း၏။ အချို့မှာကား အပြောအဆိုကြမ်းတမ်း၍ အသောက်အစားဖက်၏။

ကျွန်ုပ်အနေဖြင့် ကျွန်ုပ်ဇာတ်အဖွဲ့မှ ဇာတ်အဖွဲ့သားတစ်ဦးချင်းစီ၏ အကျင့်စရိုက်ကိုသိထား၏။ သို့သော် သူတို့၏ကိုယ်ရေး

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တာကိစ္စတို့၌ ဝင်ရောက်စွက်ဖက်ပြောဆိုခြင်းဟာ မသင့်ဖြစ်၏။ ကျွန်ုပ်ဇာတ်အဖွဲ့နှင့်ပတ်သက်သော ကိစ္စအချို့ကိုသာလျှင် ပြောဆိုရန်သင့်လေရာ တချို့သောကိစ္စကြီးငယ်တို့ကို မသိကျိုးကျွံပြုနေရသည်များလည်းရှိ၏။ ယခုကိစ္စတွင်ကား အဖွဲ့နှင့်ပတ်သက်၍ အခက်အခဲအန္တရာယ်များ မမျှော်လင့်ဘဲ ဖြစ်ပေါ်လာနိုင်သည့်အတွက် ထိုကိစ္စကို ဇာတ်ရုံရောက်သည်နှင့် အဖွဲ့သားများကိုခေါ်၍ပြောပြရန် ကျွန်ုပ်စဉ်းစားလာခဲ့ရလေ၏။

ဤသို့ဖြင့် ကျွန်ုပ်တို့ဇာတ်အဖွဲ့သည် ကိုးသိန်းကိုးသန်းတောင်ပေါ်ဘုရားရှိ ကျွန်ုပ်တို့ကရမည့်ဇာတ်ရုံသို့ ညနေ နေဝင်ရီတရောအချိန်တွင် ရောက်ရှိလာခဲ့ကြ၏။ ဇာတ်ရုံအတွင်းသို့ ဇာတ်ပစ္စည်းများ သယ်ယူနေရာချပြီးသည့်အချိန်တွင် ပတ်ဝန်းကျင်တစ်ခွင်လုံး မှောင်မည်းမည်းအသွင်ကို ဆောင်နေလေပြီ။ ထိုညက ဇာတ်မကရသေးသောကြောင့် ဇာတ်အဖွဲ့မှာ အေးဆေးစွာအနားယူခွင့်ရကြ၏။

ထို့ကြောင့် ဇာတ်ရုံအတွင်းထဲမှာပင် ဇာတ်အဖွဲ့သားအားလုံးကို အစည်းအဝေးခေါ်လိုက်၏။

"တဲ. . မပြောမပြီး မတီးမမြည်မို့ ကျုပ်ကတော့ ကြိုပြီးသတိပေးရမှာပဲ၊ ခင်ဗျားတို့လည်း မြန်မာပြည်အနှံ့အပြားကို ရောက်ခဲ့ဖူးကြတဲ့သူတွေဆိုတော့ ဗဟုသုတရှိကြမှာပါ၊ ယုံကြည်လို့ပဲဖြစ်စေ မယုံကြည်လို့ဘဲဖြစ်စေ ကြားဖူးနားဝရှိတဲ့အကြောင်းတွေကိုတော့



အလေးအနက်ထားကြရမှာအမှန်ပဲ၊ လောကမှာ မြင်ရ ကြားရတဲ့အကြောင်းတွေရှိသလို မမြင်ရ မကြားရဘဲဖြစ်ပေါ်လာတတ်တဲ့အကြောင်းတွေရှိတယ်ဆိုတာ ခင်ဗျားတို့လည်း ကြားဖူးနားဝ ဗဟုသုတတွေရှိကြမှာပါ၊ အခု ကျုပ်တို့ဇာတ်အဖွဲ့ရောက်နေတဲ့ ကိုးသိန်းကိုးသန်းနယ်မြေဟာ ဟိုတုန်းက နာမည်ကြီးသိုက်နန်းတစ်ခုပဲ၊ အဲဒါကြောင့် အပြောအဆို၊ အနေအထိုင်၊ အသွားအလာဆင်ခြင်ကြပါ၊ ကျုပ်ကတော့ ဒီလောက်ပဲပြောချင်တယ်၊ ကျုပ်တို့အားလုံးဟာ တစ်ခရီးထဲသွားနေကြတဲ့သူတွေဆိုတော့ ကိုယ့်ကြောင့် တစ်ပါးသူတွေ ဒုက္ခမဖြစ်စေနဲ့ပေါ့ဗျာ"

ကျွန်ုပ်မှာ ဇာတ်အဖွဲ့သားများအား ထိုမျှသာပြောဆိုမှာကြား၏။ ပြီးသော် ကိုးသိန်းကိုးသန်းတောင်ပေါ်ရှိ စေတီသို့သွားကာ ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာများ ဆက်တပ်လှူဒါန်း၏။ ငါးပါးသီလဆောက်တည်၏။ ပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ပြီးနောက် ထိုအရပ်၌ရှိကြကုန်သော ဝေနေယျများစွာ သတ္တဝါတို့နှင့် (၃၁)ဘုံကျင်လည်ကြကုန်သော သတ္တဝါအပေါင်းတို့အား မေတ္တာပေးပို့ အမျှအတန်းပေးဝေခဲ့လေ၏။ ထိုညက အားလုံးအဆင်ပြေလျက် နောက်တစ်နေ့နံနက်မိုးသောက် အလင်းရောက်သည့်တိုင်အေးချမ်းသာယာစွာရှိနေခဲ့လေ၏။

ကျွန်ုပ်တို့ဇာတ်အဖွဲ့မှာ ကိုးသိန်းကိုးသန်းသို့ တစ်ရက်ကြာ၍ရောက်ရှိလာခဲ့ရာ ပထမတစ်ညအိပ်ပြီး နောက်တစ်နေ့ညတွင်

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ပွဲစတင်ကပြရမည်ဖြစ်၏။ ထို့ကြောင့် ညဘက်ကပြရမည့် ဇာတ်ပွဲအစီအစဉ်ကို ဇာတ်ဦးစီးမင်းသား၊ မင်းသမီးများနှင့် ညှိနှိုင်း၍စီစဉ်ရ၏။ ပြီးနောက် ဇာတ်အဖွဲ့ စားရေးသောက်ရေးကို စီစဉ်ရ၏။ ထိုသို့စီစဉ်ရာတွင် ပထမဦးစွာ ရေအခက်အခဲကို စတင်ခံစားကြရ၏။

ကိုးသိန်းကိုးသန်းတောင်ပေါ်တွင် ဘုန်းကြီးကျောင်းတစ်ကျောင်းသာရှိ၍ သံဃာဦးရေမှာလည်း လေးငါးပါးမျှသာရှိ၏။ ထိုသံဃာများအတွက် သောက်သုံးရန်ရေကို တောင်အောက်ရေဆိပ်မှသယ်ယူကြရ၏။ တောင်ပေါ်တွင် ရေစက်မရှိ။ ထို့ကြောင့် ဇာတ်အဖွဲ့သူ အဖွဲ့သား(၅၀)ကျော် သောက်သုံးရန်အတွက် ကန်ထရိုက်(ပွဲငှား)ကိုခေါ်ကာ စီစဉ်ခိုင်းရ၏။ ထိုအခါမှ ပွဲငှားမှာ ရေသယ်ပေးမည့်သူကိုရှာဖွေကာ ပိုက်ဆံပေး၍ခိုင်း၏။ သို့သော် တောင်အောင်ရေဆိပ်နှင့် တောင်ပေါ်မှာ နှစ်မိုင်မျှဝေးကွာသည့်ခရီးဖြစ်ရာ ရေကိုသယ်ပေးမည့်သူကို တော်တော်နှင့်ရှာ၍မရပေ။ ပွဲငှားလည်း အလွန်စိတ်ညစ်သွားဟန်ရှိ၏။

ကျွန်ုပ်နှင့် ပွဲငှားလည်း ထိုရေကိစ္စနှင့်ပတ်သက်၍ အကြီးအကျယ်စကားများရလေ၏။ နောက်ဆုံးတွင် ရေနှစ်စည်ကို လှည်းဖြင့်သယ်ပေးရန် ပိုက်ဆံအဆမတန်ပေး၍ခိုင်းမှရ၏။ ပွဲငှားအနေဖြင့် သူ၏အိတ်ကပ်ထဲမှ ပိုက်ဆံအပိုထွက်သွားသဖြင့် မကျေမနပ်ဖြစ်ကာ ထိုနေ့တစ်နေ့လုံး ကျွန်ုပ်တို့ဇာတ်ရုံသို့ပင် အနားမသီဘဲ



နေ၏။ ကျွန်ုပ်တို့၏ဇာတ်အဖွဲ့သားတို့မှာ ရလာသည့် ရေနှစ်စည်ကို ကိုယ်တာဖြင့်သုံးစွဲရ၏။ အချို့ဇာတ်အဖွဲ့သားတို့မှာ ရေမချိုးရသောကြောင့် ပူညံပူညံလုပ်ကြ၏။ ကျွန်ုပ်ကို မကြားတကြားပြောဆိုကြ၏။

"ဇာတ်ဆရာ. . ကျွန်မကတော့ ရေမချိုးဘဲမနေနိုင်ဘူးနော်၊ ကျွန်မအတွက်တော့ ရေရအောင်စီစဉ်ပေးပါ၊ ပိုက်ဆံပေးဆိုရင် ကျွန်မအိတ်ထဲကစိုက်ပေးမယ်"

ကျန်ဇာတ်အဖွဲ့သားများကို နှစ်သိမ့်ရသော်လည်း ခေါင်းဆောင်မင်းသမီး ချယ်ရီကိုကား မည်သို့မျှတောင်းပန်မရ၍ ကျွန်ုပ်မှာ စိတ်အညစ်ကြီးညစ်ရ၏။ ရေသယ်ပေးမည့်သူကိုရှာဖွေသော်လည်း မတွေ့နိုင်ဖြစ်ရ၏။ ထိုအခါ ကျွန်ုပ်မှာ အကြံတစ်ခုရလာ၏။ ထို့ကြောင့် တောင်ပေါ်ဘုရားသို့သွားကာ ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာများကပ်လှူလိုက်၏။ ပြီးနောက် သရဏဂုံဆောက်တည်ကာ ထိုအရပ်ရှိ ဝေနေယျများစွာ သတ္တဝါတို့အားတိုင်တည်၍ မေတ္တာပေးပို့ အမျှဝေကာ ကျွန်ုပ်လိုရာဆုကိုတောင်းလိုက်၏။

"ဤမြို့၊ ဤရွာ၊ ဤအရပ်ဒေသ၌ရှိကြကုန်သော၊ စောင့်ရှောက်ကြကုန်သော တောစောင့်နတ်၊ တောင်စောင့်နတ်တို့နှင့် တကွ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုးနတ်မင်းတို့အပါအဝင်၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီနှင့် သိုက်နန်းရှင်တို့အပါအဝင် ဝေနေယျများစွာ သတ္တဝါအပေါင်းတို့အား ကျွန်ုပ် ယနေ့ယခုပြုသမျှသော ကောင်းမှု

www.burmeseclassic.com



အစုစုကို ကျွန်ုပ်နှင့်ထပ်တူထပ်မျှ အမျှပေးဝေပါ၏၊ အမျှရကြသည် ဖြစ်၍ ကျန်းမာခြင်း၊ ချမ်းသာခြင်းအတိ ဖြစ်ကြပါစေကုန်သော်၊

ဤသို့ မေတ္တာပေးပို့ အမျှအတန်းဝေငှရသောအကျိုးကြောင့် ကျွန်ုပ်နှင့်တကွ ကျွန်ုပ်၏ဇာတ်အဖွဲ့သားများအတွက် အခက်အခဲ ဖြစ်ပေါ်နေရသော ရေအခက်အခဲသည် ပြေလည်ပါစေသတည်း။ ကျွန်ုပ်အားကူညီစောင့်ရှောက်တော်မူကြပါကုန်လော့၊ ဝေနေယျ များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲကြပါစေ"

ကျွန်ုပ်မှာ စိတ်ညစ်ညစ်ရှိသည်ကတစ်ကြောင်း၊ စိတ်ကူး အကြံတစ်ခုရလာသည်ကတစ်ကြောင်းဖြင့် တောင်ပေါ်စေတီ၌ ဘုရားရှိခိုးပြီး မေတ္တာပို့၊ အမျှအတန်းပေးဝေကာ ကျွန်ုပ်လိုရာဆု ကိုလည်းတောင်းလိုက်၏။ ကျွန်ုပ်၏ဆုတောင်းခန်းပြီးသည့်နောက် ကျွန်ုပ်ဇာတ်ရုံသို့ပြန်လာခဲ့၏။ ကျွန်ုပ်ဇာတ်ရုံသို့ပြန်ရောက်သော အခါတွင် ဇာတ်ရုံနောက်ဘက် ရေတိုင်ကီအနီးတွင် မင်းသမီး ချယ်ရီတစ်ယောက် ရေချိုးနေသည်ကိုတွေ့လိုက်ရ၏။ ထို့ကြောင့် ကျွန်ုပ်မှာ မင်းသမီးအနီးသို့သွားကာ စူးစမ်းမည်ပြုစဉ်. . .

"ဇာတ်ဆရာ. . အဖွဲ့သုံးဖို့ရေကို ကျွန်မသုံးတာမဟုတ်ဘူး နော်၊ ဒါ ကျွန်မအတွက် သီးသန့်လာခပ်ပေးထားလို့ ကျွန်မ ရေချိုး နေတာ"

မင်းသမီးကဦးအောင် ကျွန်ုပ်အား လှမ်း၍ပြောသဖြင့် ကျွန်ုပ်မှာ ကိုယ်ရှိန်သတ်ကာ ဇာတ်ရုံအတွင်းသို့ ပြန်ဝင်လာခဲ့ရ၏။



မကြာမီ မင်းသမီး ရေချိုး၊ အလှပြင်ပြီးသည့်အချိန်တွင် မင်းသမီး နေရာအခန်းသို့သွားကာ ကျွန်ုပ်စိတ်ထဲ ဘဝင်မကျသောအကြောင်း များကိုမေးကြည့်မိ၏။

"နေပါဦးမင်းသမီးရဲ့၊ မင်းသမီးအတွက် ရေလာခပ်ပေးတာ ဘယ်လောက်ပေးရလဲ၊ အဲဒီလူရော. . ဘယ်မှာလဲ"

"တစ်ပြားမှမပေးရပါဘူး၊ ကျွန်မလည်း ဘယ်သူ့ကိုမှ ရေ မခပ်ခိုင်းပါဘူး၊ သူဟာသူရေလာခပ်ပေးသွားပြီး ကျွန်မကို ရေချိုး လို့ရပြီလို့ လာပြောသွားတယ်၊ ပြီးတော့ သူပြန်ထွက်သွားတာပဲ၊ ကျွန်မက ဇာတ်ဆရာရေခပ်ခိုင်းထားတဲ့သူထင်ပြီး ဘာမှမမေး လိုက်ဘူး၊ သူ့ကိုလည်း ကျွန်မမတွေ့ဖူးဘူး၊ မှတ်လည်း မမှတ်မိဘူး"

"ဗျာ. ."

ကျွန်ုပ်မှာ မင်းသမီး၏အပြောစကားကြောင့် အံ့အားသင့် ကာ ငူတ်ဆိတ်၍နေခဲ့ရ၏။ ပြီးနောက် ဇာတ်ရုံနောက်ဘက်သို့ လျှောက်ကာ ရေတိုင်ကီနှစ်လုံးဆီသို့ လာကြည့်လိုက်၏။ ရေတိုင်ကီ တစ်လုံးထဲတွင် ရေတချို့တစ်ဝက်ကျန်နေသေး၍ ကျန်တစ်လုံးတွင် ရေအပြည့်ရှိနေ၏။ နံနက်ပိုင်းဆီက ရေတိုင်ကီတစ်လုံးထဲမှ ရေများ အား ဇာတ်အဖွဲ့သားများကိုဝေငှပေးလိုက်ရာ ကုန်စင်သွားခဲ့ပြီ ဖြစ်၏။ ကျန်ရေတိုင်ကီတစ်လုံးမှရေများကိုမူ ညနေပိုင်း ထမင်း ဟင်းချက်ပြုတ်ရန်နှင့် ဇာတ်အဖွဲ့သားများ ဆေးကြောသုတ်သင် ရန် သတ်မှတ်ထားခဲ့၏။ မည်သူ့ကိုမျှ ရေချိုးခွင့်မပြုခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်မှာ မင်းသမီးရေချိုးရန်ပူဆာနေသဖြင့် ရေခပ်ပေးမည့်သူရှာဖွေရင်း မတွေ့သည့်အဆုံးတွင် တောင်ပေါ်စေတီသို့တက်ကာ စိတ်ထဲမှဖြစ်ပေါ်လာသည့်အကြံအတိုင်း ဆုတောင်းမေတ္တာပို့သခဲ့ခြင်းဖြစ်၏။

ယခုကား ကျွန်ုပ်၏ဆုတောင်းပြည့်ခဲ့သည်လား၊ သို့တည်းမဟုတ် မည်သို့သောအကြောင်းဆက်များကြောင့်ဖြစ်သည်ကို ကျွန်ုပ်မှာ မစဉ်းစားတတ်အောင်ဖြစ်ရ၏။ သို့သော် ရေခန်းနေသောတိုင်ကီတစ်လုံးအတွင်းသို့ မည်သူမျှမခိုင်းစေရပါဘဲ ရေလာထည့်ပေးသွားသည့်ကိစ္စသည်ကား လွန်စွာထူးဆန်းအံ့သြဖွယ်ဖြစ်ရလေ၏။

ထိုအချိန်မှစ၍ ကျွန်ုပ်မှာ သွားရာ၊ စားရာ၊ နေရာ၊ ထိုင်ရာတို့၌ သတိမပြတ်စောင့်ကြည့်နေခဲ့ရာ ဇာတ်ပွဲသုံးညကပြီးသည့်တိုင် ဘာကိုမျှကွဲပြားစွာ မတွေ့ခဲ့ရချေ။ သို့သော် နေ့စဉ် ရေတစ်တိုင်ကီ ရေပြည့်လျက်ရှိနေသည်ကိုတော့ ကျွန်ုပ်ကောင်းစွာသတိထားမိခဲ့၏။ ကျွန်ုပ်၏ဇာတ်အဖွဲ့သားတို့မှာ စားလိုက်သောက်လိုက်၊ ကလိုက်ခုန်လိုက်နှင့်သာလျှင် အချိန်ကုန်နေခဲ့ကြရာ ရေကိစ္စကို မည်သူမျှအရေးမထားခဲ့ကြပေ။ ရေတိုင်ကီထဲ၌ ရေမပြတ်ရှိနေသည်မှာ ဇာတ်ဆရာကျွန်ုပ်၏ စီစဉ်မှုဟူ၍သာ နားလည်ထားကြပုံရပေ၏။

ဤသို့ဖြင့် ဇာတ်ပွဲသုံးညကပြပြီးနောက် ကျွန်ုပ်တို့ဇာတ်အဖွဲ့သည် ကိုးသိန်းကိုးသန်းတောင်ပေါ်မှ အခြားတစ်နေရာသို့ ရွှေ့



ပြောင်းရန် တောင်အောက်ရေဆိပ်သို့ ဇာတ်ပစ္စည်းများနှင့် အဖွဲ့သားများကို သယ်ယူကြရပြန်လေ၏။ နွားလှည်း(၂၆)စီးဖြင့်ပင် ကျွန်ုပ်တို့ဇာတ်အဖွဲ့သားများနှင့် ဇာတ်ပစ္စည်းများကို သယ်ယူပေးကြ၏။ တောင်ဆင်းလမ်းဖြစ်၍ ပြေလျှောစွာဆင်းရ၏၊ နွားလှည်းတန်းကြီးမှာ ရှေ့နောက်စီတန်းနေ၍ အလွန်ပင်ကြည့်ကောင်းလှ၏။ နွားလှည်းတစ်စီးနှင့်တစ်စီးမှာ အလှမ်းမကွာလှ ကပ်လျက်ရှိကြ၏။

ကျွန်ုပ်မှာ ဇာတ်ပွဲကပြီးသည်ထိ မည်သည့်အခက်အခဲ၊ အနှောင့်အယှက်မျှ မဖြစ်ပေါ်ခဲ့ခြင်းကို လွန်စွာစိတ်ချမ်းသာနေမိ၏။ သို့သော် ကျွန်ုပ်အား အကူအညီပေးခဲ့သည့် ရေအလှူရှင်ကိုယ်ပျောက်ကိုမူကား သိချင် မြင်ချင်စိတ်မှာ ကျွန်ုပ်စိတ်ထဲလိပ်ခဲတင်းတင်းဖြစ်နေခဲ့ရ၏။ ထိုအကြောင်းတို့ ကျွန်ုပ်မှာ မည်သူကိုမျှပြောမပြခဲ့လေရာ ကျွန်ုပ်တစ်ဦးတည်းပင် အာရုံနောက်နေမိ၏။ ကျွန်ုပ်မှာ စဉ်းစား၍မရသော ထိုအကြောင်းကိုတွေးရင်း လှည်းပေါ်၌ငြိမ်ထိုင်၍လိုက်လာ၏။ လှည်းတန်းကြီးသည် ကိုးသိန်းကိုးသန်းတောင်ပေါ်မှဆင်းလာခဲ့ရာ ခရီးတစ်ဝက် တစ်မိုင်နီးပါးမျှရောက်လာခဲ့ပြီဖြစ်၏။ ထိုစဉ် ကျွန်ုပ်စီးလာသောလှည်းမှာ ရုတ်ချည်းရပ်တန့်သွား၏။

ကျွန်ုပ်၏နွားလှည်းမှာ ရှေ့ဆုံးမှဦးဆောင်လာသော နွားလှည်းဖြစ်လေရာ ကျွန်ုပ်၏နွားလှည်းရပ်တန့်လိုက်ခြင်းကြောင့်

www.burmeseclassic.com

www.burmeseclassic.com



နောက်၌အစီအရီလိုက်ပါလာကြသော နွားလှည်းများမှာလည်း တုံ့ခနဲရပ်ကာ တစ်စီးနှင့်တစ်စီး တိုက်မိမည်သို့ဖြစ်သွားကြ၏။ ထို့ကြောင့် နောက်နွားလှည်းများမှ လှည်းမောင်းသမားတို့၏ ပူညံဆူညံအသံများထွက်လာ၏။

"ဘာဖြစ်လို့ ရှေ့ကနွားလှည်းက ရပ်ပစ်ရတာလဲ၊ ဒါတောင်ဆင်းလမ်းကွ၊ နားမလည်ဘူးလား"

ကျွန်ုပ်၏နွားလှည်းမောင်းသမားမှာ ဇက်ကြိုးကိုကိုင်၍ မတ်တတ်ထရပ်ကာ သူ၏နွားနှစ်ကောင်အား ကြိမ်တံဖြင့်တို့ကာ တို့ကာ မောင်းနေ၏၊ နွားနှစ်ကောင်ကား ရှေ့သို့သွားရမည့်လမ်းကြောင်းကို သွေဖယ်၍ တောင်မြောက်ဆန့်ကျင်ရပ်လျက် ခွာကို နောက်ကိုကန်ထားပြီး မရွေ့မလျားနေ၏၊

"ဒီကောင်တွေ ဘာချိုဖောက်သလဲမသိဘူး၊ ကဲ. . သားတို့ တောင်ဆင်းလမ်းပဲကွာ၊ မင်းတို့မပင်ပန်းပါဘူး၊ သွားကြ. . သွားကြ"

ကျွန်ုပ်၏နွားလှည်းမှ လှည်းမောင်းသမားက ချိုသာစွာပြောလျက် ကြိမ်တံဖြင့် နွားတို့၏ဖင်ကိုတို့၏၊ နွားနှစ်ကောင်ကား လုံးဝ မရွေ့လျား၊ ခြေကိုကန်လျက် မလှုပ်မယှက်ငြိမ်လျက်ပင် ရပ်နေ၏၊

"ဟေ့ကောင်. . ထွန်းမောင်၊ မောင်းလေကွာ၊ ဘာရပ်လုပ်နေတာလဲ"



နောက်ဘက်လှည်းမောင်းသမားက လှမ်းအော်၍ပြော၏၊ ကျွန်ုပ်၏လှည်းမောင်းသမား ထွန်းမောင်ဆိုသူကား ထိုအသံများကို ဂရုမစိုက်၊ နွားနှစ်ကောင်တို့စိုက်ကြည့်လျက်မှ တိုးညင်းစွာ ပြောလိုက်သံကိုမူ ကျွန်ုပ်တောင်းစွာကြားလိုက်ရ၏၊

"ကဲ. . မနှောင့်ယှက်ကြပါနဲ့ကွာ၊ မင်းတို့ ဘာဖြစ်ချင်တာလဲ၊ ဘာ. . မင်းသမီးနဲ့မိတ်ဆက်ချင်လို့၊ ဒါလေးများကွာ၊ ကဲ. . ကဲ. . မင်းတို့ဖြစ်ချင်တာ ငါလုပ်ပေးမယ်၊ ရေဆိပ်ကျရင် မင်းတို့နဲ့ မင်းသမီးကို ငါမိတ်ဖွဲ့ပေးမယ်. . ကြားလား၊ ခုတော့ ဘာမှမလုပ်ကြပါနဲ့ကွာ၊ ငါတောင်းပန်ပါတယ်"

လှည်းမောင်းသမား ထွန်းမောင်တစ်ယောက်တည်း စကားပြောနေသည်ကိုကြည့်ကာ ကျွန်ုပ်မှာ အံ့အားသင့်ရ၏၊ ထို့ကြောင့်လည်း ပတ်ဝန်းကျင်ကို ကျွန်ုပ်မျက်လုံးဝေ့ကြည့်ကာ ထွန်းမောင်နှင့် အပြန်အလှန်စကားပြောနေသူတို့ကို ရှာကြည့်မိ၏၊ မည်သူ့ကိုမျှ အရိပ်အယောင်မတွေ့ရသောကြောင့် ကျွန်ုပ်၏ဦးခေါင်းမှာ ချာချာလည်ကာ ခေါင်းနားပန်းကြီးသွားရပြန်၏၊

ထိုစဉ် စောစောကပေရပ်နေသော နွားနှစ်ကောင်မှာ ခြေထောက်ကို ချက်ချင်းရွေ့ပြောင်းကာ ရှေ့ခရီးသို့ သော့သော့နှင်သွားလိုက်ကြ၏၊ မကြာမီ တောင်အောက်ရေဆိပ်သို့ နွားလှည်းအားလုံး ရောက်လာခဲ့ကြ၏၊

"ကဲ. . ဇာတ်ဆရာ၊ ကျွန်တော်တို့နဲ့ မင်းသမီးကိုမိတ်ဆက်

www.burmeseclassic.com

www.burmeseclassic.com



ပေးစမ်းပါဗျာ၊ ဒါလေးတော့ ဇာတ်ဆရာကူညီနိုင်ပါတယ်"

ရေဆိပ်သို့လှည်းဆိုက်သည်နှင့် လှည်းမောင်းသမား ထွန်းမောင်၏စကားကြောင့် ကျွန်ုပ်မှာ လှည်းပေါ်မှဆင်းကာ နောက်လှည်း၌ပါလာသည့်မင်းသမီးထံသို့ အကျိုးအကြောင်းသွား ပြောပေးရင်း မင်းသမီးလည်း ကျွန်ုပ်နှင့်အတူ လိုက်ပါလာကာ မိတ်ဆက်လိုသူများနှင့်တွေ့၏။

"မင်းသမီး. . ဟောဒီက မင်းသမီးနဲ့မိတ်ဆက်ချင်လို့တဲ့၊ သူက မင်းသမီးကို အရမ်းသဘောကျနေတာ၊ မင်းသမီးကတော့ သိမှာမဟုတ်ဘူး၊ သူက မင်းသမီးအတွက် လိုလေသေးမရှိအောင် ကူညီပေးနေတာ"

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မကို ခွင့်မြုပါဦးနော်"

မင်းသမီးက ဖော်ရွေပျူငှာစွာ ပြောဆိုဆက်ဆံသဖြင့် ထွန်းမောင်နှင့် တျွန်လူတစ်ယောက်မှာ သဘောကျစွာပြုံးလျက် ရှိကြ၏၊ နှုတ်ဆက်စကားကိုဆိုပြီးနောက် မင်းသမီးမှာ မော်တော် ပေါ်သို့တက်သွား၏၊ ကျွန်ုပ်မှာကား ထွန်းမောင်နှင့်အတူ မင်းသမီး အားမိတ်ဆက်သည့် လူစိမ်းတစ်ယောက်ကိုကြည့်ကာ အံ့အားသင့် ရလေ၏။

အတယ်ကြောင့်ဆိုသော် မင်းသမီးနှင့် ထွန်းမောင် မိတ် ဆက်ပေးသောသူမှာ ကျွန်ုပ်တစ်ခါမျှမမြင်ဖူးသောလူတစ်ယောက် ဖြစ်နေခြင်းကြောင့်ဖြစ်၏၊ ကျွန်ုပ်တို့အဖွဲ့အား တိုးသိန်းကိုးသန်း



တောင့်ပေါ်မှ ရေဆိပ်သို့ လှည်းဖြင့် လိုက်ပါပို့ဆောင်ကြသည့်လူ ဆို၍ လှည်းမောင်းသမားများချည်းသာလျှင်ပါ၏။ ထိုရွာခံအားလုံး ကို ကျွန်ုပ်မြင်ဖူး၏၊ မှတ်မိ၏၊ ကျွန်ုပ်မတွေ့ဖူးသည်မှာ ထွန်းမောင် မိတ်ဆက်ပေးသော လူစိမ်းပင်ဖြစ်သည်၊ ဘယ်အချိန်က ဘယ်လို ရောက်နေသည်ကို ကျွန်ုပ်မတွေးတတ်။

ထို့ကြောင့် လှည်းသမားထွန်းမောင်အား အနားတိုးကပ်၍ မေးမည်ပြုစဉ် ရေဆိပ်ကမ်းနားရှိ မော်တော်မှ ကျွန်ုပ်အား ခေါ်သံ ကြားလိုက်ရ၏။

"ဗျို့. . ဇာတ်ဆရာ၊ ဒီမှာ ပစ္စည်းတွေ လုပြီးတင်နေကြတယ်၊ နေရာလာချပေးပါဦးဗျို့"

မော်တော်ပေါ်မှ ပြဇာတ်မင်းသား ကိုစိမ်းအောင် လှမ်း ပြောလိုက်သံကြောင့် ကျွန်ုပ်မှာ မော်တော်ဆီသို့ အပြေးလာခဲ့ရ၏၊ ပြီးနောက် ဇာတ်ပစ္စည်းများကို ဦးစွာနေရာချပေးပြီးနောက် အဖွဲ့ သားများတို့လည်း နေရာအသီးသီးချပေးလိုက်၏၊ ပြီးလျှင် ထွန်း မောင်ဆီသို့သွားရန် ကမ်းပေါ်သို့ အလျှင်အမြန်တက်လိုက်၏။

"ဇာတ်ဆရာ. . ကုန်းပေါ်ကိုမတက်နဲ့တော့လေ၊ ရေတက် ချိန်မို့ မော်တော်ထွက်ရတော့မယ်၊ တော်ကြာ ရေမြန်ကျသွားရင် မော်တော်ထွက်မရဘဲဖြစ်နေမယ်"

မော်တော်ဆရာ၏စကားကြောင့် ကျွန်ုပ်မှာ ကမ်းပေါ်သို့ တက်မည့်ခြေလှမ်းကိုပြန်ရုတ်ကာ မော်တော်ပေါ်မှနေ၍ လှည်း

www.burmeseclassic.com

www.burmeseclassic.com



သမားထွန်းမောင်ရှိရာသို့ လှမ်းကြည့်လိုက်၏။ ထွန်းမောင်က အဝေးမှနေ၍ လက်ယမ်းပြရင်း နှုတ်ဆက်နေလေ၏။ ထွန်းမောင်ဘေးတွင်မူ စောစောက မင်းသမီးနှင့်မိတ်ဆက်ပေးသော လူစိမ်းကိုမတွေ့ရတော့။ အခြားနွားလှည်းမောင်းသမားများကလည်း လက်ပြနှုတ်ဆက်နေဆဲရှိကြ၏။

ထိုစဉ် ကျွန်ုပ်တို့အဖွဲ့ စီးနင်းလိုက်ပါသည့်မော်တော်မှာ ကမ်းမှ စတင်ခွာနေလေပြီ။ ကျွန်ုပ်မှာ လှည်းသမားထွန်းမောင်ကို ပြန်၍လက်ပြနေသည့်တိုင် ကျွန်ုပ်၏စိတ်အတွေးထဲတွင် စောစောက ကျွန်ုပ်မြင်တွေ့ခဲ့ရသည့် လူစိမ်း၏အကြောင်းများက စိုးမိုးနေလေ၏။ ထိုလူစိမ်းသည် အဘယ်ကနည်း။ အဘယ်သူနည်း။ အဘယ်ကြောင့် မင်းသမီးကို လာ၍နှုတ်ဆက်ရသနည်း။ မင်းသမီးနှင့်နှုတ်ဆက်စဉ် ထိုလူစိမ်းသည် ဘာစကားမျှမပြော။ ရေငုံနှုတ်ပိတ်၍ ပြုံးရုံသာပြုံးနေရသနည်း။ ပြီးသောအခါ ချက်ချင်း အဘယ်ကြောင့်ပျောက်ကွယ်သွားရသနည်း။

ကျွန်ုပ်တို့ ကိုးသိန်းကိုးသန်းတောင်ပေါ်မှာ နေခဲ့ကြစဉ်က နေ့စဉ် ရေတိုင်ကီတစ်လုံး ရေသယ်ပေးဖူးသူသည် အဘယ်သူနည်း။ မင်းသမီးအား ကူညီပေးခဲ့သူဟု ထွန်းမောင်မိတ်ဆက်ပေးသော ထိုလူစိမ်းသည်ပင်လျှင် ရေအလှူရှင်ဖြစ်လေရော့သလား စသည့် အတွေးများမှာ ကျွန်ုပ်၏အာရုံတွင် ဦးနှောက်ချောက်ချားရစေရန် နေရာယူစိုးမိုးခဲ့ပါ၏။ သို့တိုင် ထိုအကြောင်းကို အလုံးစုံသိသော



လှည်းသမားထွန်းမောင်အား မမေးခဲ့ရခြင်းကပင်လျှင် ကျွန်ုပ်၏ စိတ်အတွေးတွင် မတင်မကျ မရှင်းမလင်းဖြစ်နေခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်ပါတော့သည်။ ကျွန်ုပ်ကား ထိုအချိန်မှစ၍ ကိုးသိန်းကိုးသန်းအရပ်သို့ ယနေ့တိုင် တစ်ခေါက်တစ်ခါပင် ပြန်မရောက်ဖြစ်ခဲ့ပါလေတော့။

ချမ်းမင်းသူ

BURMESE CLASSIC .com

www.burmeseclassic.com